# လေယာဉ်ပျံလာပြီ (ကဘောယူဟဲလီး)

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံလူထုအသိုက်
အဝန်းအပေါ် လေကြောင်းတိုက်ခိုက်မှုကြောင့်ကြုံတွေ့နေရသော ဆိုးကျိုးသက်ရောက်မှုများ
နှင့် ရွာသားများ၏ကာကွယ်မှုနည်းလမ်းများ



KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

# လေယာဥ်ပျံလာပြီ *(ကဘောယူဟဲလီး)*

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်နေ
လူထုအသိုက်အဝန်းအပေါ် လေကြောင်းတိုက်ခိုက်မှုကြောင့်ကြုံတွေ့နေရသောဆိုးကျိုး
သက်ရောက်မှုများနှင့် ရွာသားများ၏ကာကွယ်မှုနည်းလမ်းများ

ကရင်လူ့အခွင့်အရေးအဖွဲ့
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ

**လေယာဉ်ပျံလာပြီး *(ကဘောယူဟဲလီး)***

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်နေလူထုအသိုက်အဝန်းအပေါ် လေကြောင်းတိုက်ခိုက်မှုကြောင့်ကြုံတွေ့နေရသောဆိုးကျိုးသက်ရောက်မှုများနှင့် ရွာသားများ၏ကာကွယ်မှုနည်းလမ်းများ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ရေးသားထုတ်ဝေသည်။
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ။ KHRG #2024-01

အရှေ့နှင့်အနောက်မျက်နှာဖုံးရှိဓာတ်ပုံများအကြောင်းကို ဤအစီရင်ခံစာ၏ နောက်ဆုံးစာမျက်နှာတွင် ကျေးဇူးပြု၍ကြည့်ပါ။

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အား ၁၉၉၂ ခုနှစ်တွင်စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသ များရှိရွာသားများနှင့် ဒေသခံလူထုများ၏အခြေအနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ ဓာတ်ပုံနှင့် အခြားအထောက်အထားများဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ KHRG သည် သီးခြားလွတ်လပ်စွာ ရပ်တည်သော အဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွယ်ခြင်းမရှိပါ။ ကျွန်ုပ်တို့၏ လုပ်ငန်းများကိုသိရှိလိုပါက အင်တာနက်စာမျက်နှာဖြစ်သည့် www.khrg.org တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ KHRG မှပုံနှိပ်ထုတ်ဝေပြီးသော အစီရင်ခံစာများကိုရယူလိုပါက အီးမေးလ်လိပ်စာ khrg@khrg.org သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဤအစီရင်ခံစာအား ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ၂၀၂၄ ခုနှစ်တွင် ထုတ်ဝေပြီးအဖွဲ့၏မူပိုင်ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင်ပါရှိသောအကြောင်း အရာများကို မိမိကိုယ်ပိုင်အကျိုးအမြတ်အတွက်မဟုတ်ပဲ အများအကျိုးအတွက် သို့မဟုတ် သတင်းမီဒီယာများတွင် ဖော်ပြလို သည့်ရည်ရွယ်ချက်များအတွက် ထပ်မံကူးယူအသုံးပြုခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများလုပ်ဆောင်နိုင်ပါသည်။ သို့သော် စီးပွားဖြစ်အကျိုးအမြတ်အတွက် ပြန်လည်အသုံးပြုထုတ်ဝေလိုပါက KHRG ထံမှ ဦးစွာခွင့်ပြုချက် ရယူရန် လိုအပ်ပါသည်။ KHRG မှ ဤအစီရင်ခံစာအား မူလအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်ပါသည်။

**ဤအစီရင်ခံစာသည် ရောင်းရန်မဟုတ်ပါ။**

# မာတိကာ

**စကားဦး ................................................................ ၆**

**နိဒါန်း ................................................................ ၈**

အဓိကရှာဖွေတွေ့ရှိချက်များ................................................ ၁၀

အကြံပြုချက်များ ................................................ ၁၁

အစီရင်ခံစာရေးသားပြုစုပုံနည်းစနစ်................................................ ၁၂

ဝေါဟာရများနှင့်အတိုကောက်အသုံးအနှုန်းများ................................................ ၁၄

မြေပုံ ၁ - KHRG ၏လှုပ်ရှားရာနယ်မြေ (KNU- သတ်မှတ်ထားသောကော်သူးလေနှင့်
မြန်မာအစိုးရ-သတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းဒေသကြီး နယ်နိမိတ်များ) ................................ ၁၅

**အခန်း ၁။ မြန်မာပြည်အရှေ့တောင်ပိုင်း ပဋိပက္ခ၏ နောက်ခံသမိုင်းကြောင်းနှင့် အကြောင်းအရာ .............. ၁၆**

မြေပုံ ၂ - ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဇွန်လအထိ SAC လေကြောင်းတိုက်ခိုက်မှုများကြောင့်
ဖြစ်ပွားခဲ့သော KNU (KNU မှ သတ်မှတ်ထားသော ကော်သူးလေပြည် မြို့နယ်နှင့် ခရိုင်နယ်နိမိတ်များ)
မြို့နယ်အလိုက် အရပ်သားထိခိုက်သေဆုံးမှုများ................................................ ၁၉

**အခန်း ၂။ လေကြောင်းတိုက်ခိုက်မှုကြောင့် ကရင်ပြည်နယ်ရှိ ရွာသူရွာသားများအပေါ်သက်ရောက်မှုများ ... ၂၀**

အခန်း ၂.၁။ မြန်မာပြည်အရှေ့တောင်ပိုင်းအတွင်း လေကြောင်းတိုက်ခိုက်မှုများကြောင့်
သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ................................................ ၂၁

၂.၁.၁။ SAC မှ ကျေးရွာများအပေါ် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခြင်း ................................ ၂၁

၂.၁.၂။ SAC လေကြောင်းတိုက်ခိုက်မှု၏ အခြားလက္ခဏာများ................................................ ၂၅

၂.၁.၃။ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီနိုင်မှုမရှိခြင်း ................................................ ၄၁

၂.၁.၄။ အရပ်သား ထိခိုက်သေဆုံးမှုမဖြစ်စေသော လေကြောင်းတိုက်ခိုက်မှုများ................................ ၄၁

အခန်း ၂.၂။ အရပ်သားပိုင်ဆိုင်မှုများနှင့် လူမှုအသိုက်အဝန်းများ ထိခိုက်ပျက်စီးခြင်း................................ ၄၂

၂.၂.၁. ကျေးရွာများနှင့်လူမှုဘဝများ ဖျက်ဆီးခံရခြင်း ................................................ ၄၃

၂.၂.၂. အသက်မွေးဝမ်းကျောင်းပြုမှုအား ဖျက်ဆီးခြင်း................................................ ၅၃

အခန်း ၂.၃။ လေကြောင်းတိုက်ခိုက်မှုကြောင့် စိတ်ပိုင်းဆိုင်ရာနှင့် ကျန်းမာပျော်ရွှင်ရေးအပေါ်
သက်ရောက်မှုများ................................................ ၅၇

၂.၃.၁ အကြောက်တရားနှင့် အမြဲတမ်းသတိဖြင့်နေထိုင်ရခြင်း ................................................ ၅၈

၂.၃.၂. စုပေါင်းနာကျင်ခံစားရမှုများကိုဖော်ပြခြင်း ................................................ ၆၅

၂.၃.၃. အခြားသော စိတ်ခံစားမှုဆိုင်ရာတုံ့ပြန်မှုများ................................................ ၆၈

အခန်း ၂.၄ ။ နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်း ................................................ ၆၈

၂.၄.၁။ နေရပ်ရွှေ့ပြောင်းနေထိုင်ရသည့် အချိန်ကာလ ................................................ ၆၉

၂.၄.၂။ နေရပ်ရွှေ့ပြောင်းနေထိုင်စဉ် ကြုံတွေ့ရသော ထိခိုက်နာကျင်မှုများနှင့် စိန်ခေါ်မှုများ ............ ၇၄

**အခန်း ၃။ ရရှိနိုင်သော အထောက်အပံ့များ၊ အကာအကွယ်ပေးမှုလိုအပ်ချက်များနှင့်
ရွာသားများ၏လိုအပ်ချက်များ ................................................ ၈၀**

အခန်း ၃.၁။ လေကြောင်းတိုက်ခိုက်မှုများအတွင်း ရရှိနိုင်သော ပံ့ပိုးကူညီမှုများ ................................ ၈၀

၃.၁.၁။ ကျေးလက်စွမ်းရည်နှင့် ဒေသခံအသိုက်အဝန်း၏ ပံ့ပိုးမှုများ ................................................ ၈၀

၃.၁.၂။ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဒေသတွင်း အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများ ........ ၈၄
၃.၁.၃။ ဒေသတွင်း အာဏာပိုင်များထံမှရရှိသော ကူညီပံ့ပိုးမှုများ ........ ၈၆
၃.၁.၄။ နိုင်ငံတကာ ပံ့ပိုးကူညီမှုများ........ ၈၆
အခန်း ၃.၂။ အခြားသော အကာအကွယ်ပေးမှုဆိုင်ရာ လိုအပ်ချက်များနှင့် ရွှာသားများ၏လိုအပ်ချက်များ ........ ၈၇
၃.၂.၁။ ကလေးသူငယ်များ၏ လိုအပ်ချက်များနှင့် ကလေးသူငယ်အခွင့်အရေးချိုးဖောက်မှုများ ........ ၈၇
၃.၂.၂။ ရွှာသားများ၏ ကျားမအလိုက်လိုအပ်ချက်များ ........ ၈၈
၃.၂.၃။ အခြားသော အထူးအကူအညီလိုအပ်သည့်သူများ၏ လိုအပ်ချက်များ........ ၉၀
၃.၂.၄။ ရွှာသားများ၏ လိုအပ်ချက်များအား ပိုမိုဆိုးရွားစေသည့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများ........ ၉၁
**အခန်း ၄။ ။ရွာသားများ၏ အမြင်များနှင့် တောင်းဆိုချက်များ ........ ၉၃**
**နိဂုံးချုပ်နှင့် ဆွေးနွေးချက်များ ........ ၉၇**

# စကားဦး

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းသည့်အချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)သည် အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျတိုက်ခိုက်မှုများ ကျူးလွန်ခဲ့ပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မြန်မာစစ်တပ်မှ 'ဖြတ်လေးဖြတ်' ဗျူဟာအား ပြန်လည်အသက်သွင်းခဲ့ပြီး အရပ်သားများနှင့် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်လျက်ရှိပါသည်။ ယခင်အချိန်များတွင် တော်လှန်ပုန်ကန်မှုနှိမ်နင်းရေးစစ်ဆင်ရေးများအား မြေပြင်တပ်ဖွဲ့များမှတဆင့် အဓိကလုပ်ဆောင်ခဲ့သော်လည်း ၂၀၂၁ ခုနှစ်မှစ၍ SAC သည် လေကြောင်းတိုက်ခိုက်မှုများအား မရပ်မနားပြုလုပ်ခဲ့ပါသည်။ အရပ်သားများသည် ဤကဲ့သို့သောလျင်မြန်၍ ဖျက်အားပြင်းသော တိုက်ခိုက်မှုများမှ ထွက်ပြေးလွတ်မြောက်နိုင်ရန် သို့မဟုတ် အကာအကွယ်ယူရန် မတတ်နိုင်တော့ပါ။ ဤတိုက်ခိုက်မှုများအား ပစ်မှတ်နှင့် အရပ်သားခွဲခြားမှုမရှိပဲ လုပ်ဆောင်လျက်ရှိပြီး ဖြစ်စဉ်အများအပြားတွင် ရွာသားများနှင့် ၎င်းတို့၏အသိုက်အဝန်းများအား တိုက်ရိုက်ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ပါသည်။

၂၀၂၁ ခုနှစ်မှစ၍ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများ၏ သဘောသဘာဝသည် သတိပေးခြင်းမရှိပဲ၊ ရွာများ၊ အိမ်များနှင့် စာသင်ကျောင်းများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းနှင့် တိုက်ခိုက်မှုများသည် ရုတ်တရက်ဖြစ်ပွား၍ ဖျက်အားပြင်းထန်ခြင်းတို့ပါဝင်ပါသည်။ အချို့သောရွာများအား လေကြောင်းဖြင့်တိုက်ခိုက်ရာတွင် ဗုံးအရေအတွက်အကန့်အသတ်ဖြင့် တိုက်ခိုက်ခဲ့သော်လည်း အခြားသောနေရာများတွင် တိုက်ခိုက်မှုအားကြိမ်ဖန်များစွာပြုလုပ်ခဲ့သည်။ အချို့သောလေကြောင်းတိုက်ခိုက်မှုများသည် တိုက်ပွဲများ သို့မဟုတ် အခြားစစ်ရေးလှုပ်ရှားမှုများနှင့် ဆက်စပ်မှုရှိသော်လည်း အခြားသောလေကြောင်းတိုက်ခိုက်မှုများသည် လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်မှုရှိသည်ဟု ယူဆ၍မရပါ။ လေကြောင်းတိုက်ခိုက်မှုပုံစံများနှင့် အခြေအနေများသည် ကွဲပြားမှုများရှိသော်လည်း၊ ဒေသအလိုက်သတ်မှတ်ထားသော ကရင်ပြည်နယ်တစ်ဝှမ်းရှိ အရပ်သားများအပေါ် ဤတိုက်ခိုက်မှုများ၏ အတိုင်းအတာနှင့် ပြင်းအားသည်တသမတ်တည်းရှိနေသည်။

ဤအစီရင်ခံစာတွင် KHRG မှ ရွာသားများ၏ အတွေ့အကြုံများနှင့် ရှုထောင့်များမှတဆင့် ရွာသားများနှင့် ၎င်းတို့၏ အသိုက်အဝန်းများအပေါ် SAC လေကြောင်းတိုက်ခိုက်မှု၏ များစွာသော၊ ကျယ်ပြန့်သော အပြန်အလှန်ဆက်နွယ်နေသော သက်ရောက်မှုများကို တင်ပြထားသည်။ အစီရင်ခံသည့်ကာလ (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ) အတွင်း စုဆောင်းထားသော အစီရင်ခံစာများသည် အသက်အိုးအိမ်ဆုံးရှုံးရခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်း၊ ရွာလုံးကျွတ် နေရပ်စွန့်ခွာရခြင်း၊ လူမှုအသိုက်အဝန်းတစ်ခုလုံးကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများအပါအဝင် SAC ၏ ပစ်မှတ်ထားတိုက်ခိုက်မှုများနှင့် ခွဲခြားမှုမရှိသော လေကြောင်းတိုက်ခိုက်မှုများ၏ ဆိုးရွားသော သက်ရောက်မှုများကို ဖော်ပြထားပါသည်။ လက်ရှိအချိန်အထိ ရွာသူရွာသားများနှင့် ကလေးသူငယ်အများအပြားသည် ၎င်းတို့၏ကျေးရွာများသို့မပြန်နိုင်ပဲ ဆက်လက်နေရပ်စွန့်ခွာနေရဆဲဖြစ်ပြီး စားနပ်ရိက္ခာမလုံလောက်မှုအပြင် ကျန်းမာရေး၊ ပညာရေးနှင့် စားဝတ်နေရေးဆိုင်ရာစိန်ခေါ်မှုများကိုလည်း ဆိုးရွားစွာ ရင်ဆိုင်နေရဆဲဖြစ်ပါသည်။

ရွာသားများသည် အဆိုပါသက်ရောက်မှုများနှင့် စိန်ခေါ်မှုများကို ဆက်လက်တည်ရှိနေသော လေကြောင်းတိုက်ခိုက်မှုအန္တရာယ်များကြားတွင် ရင်သန်ရုန်းကန်နေကြရပါသည်။ ၎င်းတို့သည် ကတုတ်ကျင်းများအသုံးပြုခြင်း၊ အခြားသူများမှ လေယာဉ်ပျံဝဲသွားလာသည့်အကြောင်း သတိပေးချက်များကြားသိရသည့်အချိန်တွင် ဒေသအတွင်းမှထွက်ပြေးခြင်း၊ ပစ်မှတ်ထားမခံရစေရန် ပုန်းအောင်းခြင်းနှင့် ရွှေ့လျားသွားလာမှု လျှော့ချခြင်းကဲ့သို့သော မိမိကိုယ်ကိုကာကွယ်မှုနည်းဗျူဟာများကို အသုံးပြုကြသည်။ လက်နက်ကိုင်ပဋိပက္ခအခြေအနေအောက်တွင် အရင်းအမြစ်များရှားပါးလာခြင်း၊ SAC ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီများပိတ်ဆို့ခြင်း၊ နိုင်ငံတကာ၏ထောက်ပံ့မှုမရှိခြင်းများကြားတွင် ရပ်ရွာခေါင်းဆောင်များ၊ ရွာသားများနှင့် ဒေသခံအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများသည် စိန်ခေါ်မှုများကို လျှော့ပါးသက်သာစေရန် ရပ်ရွာဖွံ့စည်းပုံများကို တတ်နိုင်သမျှ အသုံးချကြပါသည်။ အထူးသဖြင့် ကလေးများ၊ ကိုယ်ဝန်ဆောင်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် အကာအကွယ်ပေးရာတွင် သိသာထင်ရှားသော လိုအပ်ချက်များ ရှိနေပါသည်။

နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေများအား ပြင်းပြင်းထန်ထန်ချိုးဖောက်နေသည့် SAC ၏ တိုက်ခိုက်မှုများ၏ သဘောသဘာဝနှင့် အတိုင်းအတာကို မီးမောင်းထိုးပြခြင်းအားဖြင့် KHRG သည်

မြန်မာပြည်အရှေ့တောင်ပိုင်းအခြေအနေနှင့်ပတ်သက်သော သတင်းအချက်အလက်နည်းပါးမှု အခြေအနေကို ပြန်လည်ကုစားရန်နှင့် မြန်မာစစ်တပ်မှကရင်ပြည်နယ်အတွင်း နှစ်ရှည်လများစွာကျူးလွန်လာသော ဖိနှိပ်မှုသမိုင်း အတွင်းမှ လေကြောင်းတိုက်ခိုက်မှုများကို ခြုံငုံသုံးသပ်နိုင်စေရန် ရည်ရွယ်ပါသည်။ ၂၀၂၁ ခုနှစ်မှစ၍ မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ရွာသားများ၏ဘဝအပေါ် လေကြောင်းတိုက်ခိုက်မှုများ၏ သက်ရောက်မှုများ၊ မျက်မြင်သက် သေများနှင့် အသက်ရှင်ကျန်ရစ်သူများ၏အသံများကို ဖော်ပြခြင်းဖြင့် SAC ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာသောရွာသားများ၏ အရေးပေါ်လိုအပ်ချက်များနှင့် လတ်တလောအခက်အခဲများကို အာရုံစိုက်လာ စေရန်ရည်မှန်းထားသည့်အပြင် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အရပ်သားများအား အကာအကွယ်ပေး ရန် ပြတ်သားသည့်ဆောင်ရွက်မှုများ ပြုလုပ်သွားရန် တိုက်တွန်းလိုပါသည်။ ဤအစီရင်ခံစာသည် ဒေသခံရွာသား များ၏ မျှော်လင့်ချက်များနှင့် အနာဂတ်ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် လွတ်လပ်မှုများအတွက် တောင်းဆိုချက် များအား အသိအမှတ်ပြုရန် ဖိတ်ကြားချက်လည်းဖြစ်ပါသည်။

# နိဒါန်း

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်း[1] သည့်အချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)[2] သည် အာဏာတည်တံ့ခိုင်မြဲရန်နှင့် အတိုက်အခံများအားနှိမ်နှင်းရန်ကြိုးပမ်းရာတွင် မြန်မာပြည်တစ်ဝှမ်းရှိ အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျတိုက်ခိုက်မှုများ ပြုလုပ်လာခဲ့ပါသည်။ ဤကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် SAC သည် ဒေသအလိုက်သတ်မှတ်ထားသော ကရင်ပြည်နယ်[3] အတွင်းအပါအဝင် ဒေသအများအပြားတွင် လေကြောင်းတိုက်ခိုက်မှုများကို အားကိုးအားထားရာအဖြစ် ပိုမိုအသုံးပြုလာခဲ့ပါသည်။ SAC မှ အရပ်သားများအပေါ် တိုက်ခိုက်မှုများအားရပ်တန့်ရန် နိုင်ငံတကာမှတောင်းဆိုထားသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ရွာသားများနှင့် ၎င်းတို့၏လူမှုအသိုင်းအဝိုင်းအပေါ် လေကြောင်းတိုက်ခိုက်မှုများ၏ ဆိုးရွားသောသက်ရောက်မှုများသည် စိုးရိမ်စရာအတိုင်းအတာအထိ မြင့်တက်လာခဲ့ပါသည်။

လေကြောင်းတိုက်ခိုက်မှုအသုံးပြုခြင်းသည် မြန်မာစစ်တပ်[4]မှ ကာလကြာရှည်စွာကျင့်သုံးလာခဲ့သည့် ခုခံတော်လှန်ရေးလှုပ်ရှားမှုများလျော့ပါးလာစေရန်၊ အကြောက်တရားစိုးမိုးစေရန်နှင့် အရပ်သားများအား ၎င်းတို့၏ထိန်းချုပ်မှုအောက်သို့သွတ်သွင်းရန် အရပ်သားများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းထုံးစံနှင့်ကိုက်ညီပါသည်။ မြေပြင်တိုက်ခိုက်မှုများအား 'ဖြတ်လေးဖြတ်'(လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ အစားအစာ၊ တပ်သားသစ်စုဆောင်းရေး၊ ရန်ပုံငွေနှင့် ထောက်လှမ်းရေးဆိုင်ရာလမ်းကြောင်းများအား ဖြတ်တောက်ရန်ရည်ရွယ်၍ အရပ်သားများကိုတိုက်ခိုက်ခြင်း)ဗျူဟာဖြင့်ပြုလုပ်ခဲ့သော်လည်း ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် စစ်တပ်၏လေကြောင်းတိုက်ခိုက်မှုများသည် ယခင်စစ်ဆင်ရေးများထက် ပိုမိုအားကောင်းသည့်အပြင် ပို၍လည်းပြင်းထန်လာခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှုများသည် ရုတ်တရက်ဖြစ်ပွား၍ ဖျက်အားပြင်းခြင်းနှင့် မှန်းဆရခက်ခဲခြင်းများကြောင့် ရွာသူရွာသားများသည် မိမိကိုယ်ကိုကာကွယ်မှုနည်းလမ်းများ နည်းပါးလာခြင်း၊ ရပ်ရွာများကို ကျယ်ကျယ်ပြန့်ပြန့် ထိခိုက်ပျက်စီးစေခြင်းနှင့် နေ့စဉ်လူနေမှုဘဝ၏ကဏ္ဍအားလုံးအပေါ် ခြိမ်းခြောက်ခြင်းများကို ဖြစ်စေပါသည်။ ကရင်ပြည်နယ်တွင် မည်သည့်နေရာမှ လုံခြုံမှုမရှိပါ။

SAC ၏ လေကြောင်းတိုက်ခိုက်မှုများသည် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် SAC အကြား တိုက်ပွဲများဖြစ်ပွားနေသည့်အခြေအနေတွင် အရပ်သားများအပေါ် ခွဲခြားမှုများမရှိပဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုမရှိသည့်နေရာများ၊ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ဝင်များနှင့် ဝေးကွာသည့်နေရာများတွင်

---

1 ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဗမာ(မြန်မာ)စစ်တပ်မှ ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ခံရသည့် အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သောအစိုးရအား ဖယ်ရှားခဲ့သည်။ စစ်တပ်သည် ဗမာလက်နက်ကိုင်တပ်များ၏ စစ်ဦးစီးချုပ် မင်းအောင်လှိုင်ထံ အာဏာလွှဲအပ်ခဲ့သည်။ သက်သေမပြနိုင်သော လိမ်လည်စွပ်စွဲချက်များအရ ဗမာစစ်တပ်သည် NLD အဖွဲ့၏ ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိမှုများအား တရားမဝင်ပြုလုပ်ခဲ့ပြီး အရေးပေါ်ကာလပြီးနောက်တွင် ရွေးကောက်ပွဲအသစ်များ ထပ်မံကျင်းပပေးမည်။ ရွေးကောက်ခံသမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဝန်ကြီးများ၊ ၎င်းတို့၏ ဒုဝန်ကြီးများနှင့် လွှတ်တော်အဖွဲ့ဝင်များနှင့်အတူ ဖမ်းဆီးထိမ်းသိမ်းခံခဲ့ရသည်။

2 နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အစိုးရ၏အုပ်ချုပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းခဲ့သည်။ ဤအစိုးရအဖွဲ့ကိုဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် တပ်မတော်အစိုးရအရာရှိရှစ်ဦးနှင့် အရပ်သားရှစ်ဦးတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌမှ မြန်မာနိုင်ငံအစိုးရ၏အကြီးအကဲအဖြစ်သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏ စစ်ဘက်ဆိုင်ရာဝန်ကြီးအဖွဲ့ကိုသော်လည်းကောင်း ဦးစီးဦးဆောင်မှုပြုသည်။ မင်းအောင်လှိုင်သည် အာဏာသိမ်းပြီးနောက်ပိုင်းတွင် SAC ၏ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

3 ဒေသတွင်းသတ်မှတ်ထားသည့် ကရင်ပြည်နယ်တွင် အောက်ပါနေရာဒေသများဖြစ်သည့် မြန်မာပြည်အရှေ့တောင်ပိုင်းမှ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး၏ အစိတ်အပိုင်းများ ပါဝင်သည်။ ကရင်ပြည်နယ်သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင်တည်ရှိပြီး တိုင်းရင်းသားကရင်လူမျိုးများမှ အဓိကအားဖြင့် မှီတင်းနေထိုင်ကြသည်။ ကရင်လူမျိုး အများစုသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသအများစုတွင် အခြားတိုင်းရင်းသားများဖြစ်သည့် ဗမာ၊ ရှမ်း၊ မွန်၊ ပအို့ဝ်အပါအဝင် တိုင်းရင်းသားလူမျိုးစုများနှင့်အတူ နေထိုင်ခဲ့ကြသည်။

4 ဗမာစစ်တပ်၊ ဗမာတပ်မတော်၊ တပ်မတော်နှင့် SAC (နစက/စစ်ကောင်စီ)သည် ဤအစီရင်ခံစာတွင် ဗမာတို့၏ လက်နက်ကိုင်တပ်ဖွဲ့များကို ရည်ညွှန်းရန်အတွက် ဤအစီရင်ခံစာတလျှောက်တွင် အပြန်အလှန်ပြောင်းလဲအသုံးပြုထားသည်။ ရွာသားများကိုယ်တိုင်က ဗမာစစ်တပ်၊ ဗမာစစ်သားများ သို့မဟုတ် အာဏာသိမ်းပြီးနောက် ဗမာစစ်အစိုးရမှ ကိုယ်တိုင်ပြောင်းလဲခေါ်ဆိုခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) သုံးနှုန်းခဲ့သည်။

ရွာသားများအား တိုက်ရိုက်ပစ်မှတ်ထားတိုက်ခိုက်သည့် ဖြစ်စဉ်များစွာလည်းရှိပါသည်။ ဤကဲ့သို့အရပ်သားများ အပေါ် တိုက်ခိုက်မှုများ၏ သဘောသဘာဝမှာ ကွဲပြားမှုများရှိပါသည်။ အချို့သောတိုက်ခိုက်မှုများတွင် ကျေးရွာ တစ်ရွာ သို့မဟုတ် ရပ်ရွာအဆောက်အဦးတစ်ခုခုအား ပစ်မှတ်ထားခြင်းဖြစ်ပြီး အချို့သောတိုက်ခိုက်မှုများမှာ အချိန်ကြာမြင့်စွာ ဖုံးကြဲတိုက်ခိုက်ခြင်းဖြစ်သဖြင့် ရွာအများအပြားအပေါ် သက်ရောက်မှုရှိပါသည်။ ဤအခြေအ နေများနှင့် မြန်မာစစ်တပ်မှ ရွာသားများအား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်သည့်အမြင်နှင့်အတူ ခြုံငုံဆန်းစစ်ကြည့်ရာတွင် ကရင်ပြည်နယ်အတွင်းပြုလုပ်သည့် လေကြောင်းတိုက် ခိုက်မှုများသည် စုပေါင်းပြစ်ဒဏ်ပေးသည့်ပုံစံအဖြစ် ပြုလုပ်သည်ဟုသုံးသပ်နိုင်ပါသည်။ မြန်မာ ပြည်အရှေ့တောင် ပိုင်းတစ်ဝှမ်းတွင် ကျူးလွန်သည့် ဤတိုက်ခိုက်မှုများသည် စစ်ရာဇဝတ်မှုမြောက်ပြီး လူသားမျိုးနွယ်အပေါ် ကျူး လွန်သည့် ရာဇဝတ်မှုလည်းမြောက်နိုင်သောကြောင့် ဤကဲ့သို့သော ရာဇဝတ်မှုများကို ကာကွယ်တားဆီးရန်နှင့် အရပ်သားများ၏ လိုအပ်သည့်အရေးပေါ်အကာအကွယ်များကို ကူညီဆောင်ရွက်ပေးရန် နိုင်ငံတကာအသိုက်အ ဝန်းမှ တာဝန်ရှိပါသည်။

နိုင်ငံတကာအသိုက်အဝန်းမှ တစ်စုံတစ်ရာလုပ်ဆောင်ခြင်းမရှိဖြစ်နေစဉ်တွင် SAC ၏ လေကြောင်းတိုက်ခိုက်မှု များကြောင့် အရပ်သားထိခိုက်သေဆုံးမှုများ များပြားလာခြင်း၊ ကျေးရွာများနှင့် လူမှုအသိုက်အဝန်းတစ်ခုလုံးပျက် စီးခြင်း၊ အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာရခြင်း၊ စားနပ်ရိက္ခာမလုံလောက်ခြင်း၊ ကျန်းမာရေးဆိုင်ရာစိုးရိမ်မှုများ တိုးမြင့်လာခြင်းနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ပြင်းထန်လာခြင်းများ ဆက်လက်ရင်ဆိုင်ကြုံတွေ့နေကြရပါ သည်။ SAC သည် ပြစ်ဒဏ်ကင်းလွတ်ခွင့် ဆက်လက်ရရှိနေသဖြင့် ဤအကျိုးဆက်များသည် ပိုမိုဆိုးရွားလာကာ ဒေသတွင်းရှိ ပါဝင်ပတ်သက်သူများသည် နိုင်ငံတကာမှ ပံ့ပိုးကူညီမှုမရှိပဲ လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခအတွင်းတွင် စိန်ခေါ်မှုများအား လျော့နည်းလာစေရန်အတွက် ရုန်းကန်နေကြရပါသည်။ နိုင်ငံတကာအ သိုင်းအဝိုင်းမှ အရပ်သားများအပေါ် SAC ၏တိုက်ခိုက်မှုများကို ရပ်တန့်ရန်နှင့် လိုအပ်သည့်အရေးပေါ်ကာကွယ် မှုများကို ထိရောက်စွာကူညီပေးရန်အတွက် မြေပြင်အခြေအနေများကို ပိုမိုရှင်းလင်းစွာ ပုံဖော်ရန်လိုအပ်ပါသည်။

ရည်မှန်းချက်ကိုရှေးရှု၍ ဤအစီရင်ခံစာမှ SAC လေကြောင်းတိုက်ခိုက်မှု၏ ကျယ်ပြန့်၍ ပြင်းထန်သော အကျိုး သက်ရောက်မှုများကို မီးမောင်းထိုးပြရန်ရည်ရွယ်ထားပြီး တိုက်ရိုက်သက်ရောက်မှုများဖြစ်သည့် ထိခိုက်သေဆုံး ခြင်း၊ ထိခိုက်ပျက်စီးခြင်းနှင့် နေရပ်စွန့်ခွာရခြင်းများကိုသာမက နောက်ဆက်တွဲသက်ရောက်မှုများဖြစ်သည့် အ သက်မွေးဝမ်းကြောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစိန်ခေါ်မှုများကိုလည်း မီးမောင်း ထိုးပြလိုပါသည်။ ဤသက်ရောက်မှုများအား လျော့နည်းလာစေရန် ရွာသားများမှအသုံးပြုသည့် ကျေးလက်စွမ်း ရည်မြင့်တင်ရေးနည်းလမ်းများအားဖော်ပြရန်၊ ရရှိနိုင်သော ပြည်တွင်းနှင့် နိုင်ငံတကာအထောက်အပံ့များကိုဖော် ထုတ်ရန်နှင့် အလွန်အရေးကြီးသည့်ကာကွယ်မှုတွင် ကွာဟချက်များကို ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။ ဤအ ချက်အလက်များကိုရရှိရန် KHRG မှ ၂၀၂၁ စစ်အာဏာသိမ်းမှု (နှင့် ၂၀၂၄ ခုနှစ် ဖွန်လအထိ) SAC လေကြောင်း တိုက်ခိုက်မှုများကို ကြုံတွေ့ခဲ့ရသော ရွာသားများထံမှ အချက်အလက်များကို စုဆောင်းခဲ့ပါသည်။ ဤရွာသား များ၏ အမြင်များသည် ဤအစီရင်ခံစာ၏အခြေခံဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ အလေးပေးမှုကို ချက် ချင်းလိုအပ်နေပါသည်။ ၎င်းတို့၏ အတွေ့အကြုံများအား အစီရင်ခံစာတစောင်လုံးတွင် ထည့်သွင်းဖော်ပြထားပြီး SAC ၏ လေကြောင်းတိုက်ခိုက်မှုများ အဆုံးသတ်ရေး၊ ရပ်ရွာလူထုများနေရပ်ပြန် နိုင်ရေးနှင့် ပြန်လည်ပေါင်းစည်း နိုင်ရေး၊ ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် တရားမျှတမှု ပြီးမြောက်အောင်မြင်ရေး စသည့် ၎င်းတို့၏တောင်း ဆိုချက်များကို နောက်ဆုံးအခန်းတွင် တွေ့မြင်ရမည်ဖြစ်ပါသည်။

# အဓိကရှာဖွေတွေ့ရှိချက်များ

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးသည့်အချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)သည် 'ဖြတ်လေးဖြတ်' ဗျူဟာ၏ အစိတ်အပိုင်းတစ်ခုအဖြစ် လေကြောင်းတိုက်ခိုက်မှုများအား မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသူရွာသားများနှင့် လူမှုအသိုက်အဝန်းများအပေါ် မကြာခဏနှင့် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်လာခဲ့ပါသည်။ ဤတိုက်ခိုက်မှုများအား ပြစ်ဒဏ်ကင်းလွတ်ခွင့်အပြည့်အဝဖြင့် ကျူးလွန်နေပါသည်။ ဤတရားမဝင်တိုက်ခိုက်မှုများအား စုပေါင်းပြစ်ဒဏ်ပေးသည့်ပုံစံဖြင့် အရပ်သားများအပေါ် ခွဲခြားမှုမရှိပဲ တိုက်ရိုက်ပစ်မှတ်ထားလုပ်ဆောင်ခြင်းဖြစ်ပြီး အရပ်သားသေဆုံးမှုနှင့် လူထုအခြေခံအဆောက်အဦးများ ပျက်စီးဆုံးရှုံးမှုများစွာဖြစ်စေသည်။ ဤတိုက်ခိုက်မှုများသည် စစ်ရာဇဝတ်မှုမြောက်ပြီး လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုလည်းမြောက်နိုင်သည်။

SAC လေကြောင်းတိုက်ခိုက်မှုများသည် အသုံးပြုသည့် လက်နက်အမျိုးအစားများနှင့် တိုက်ခိုက်သည့်နည်းလမ်းများသည် ကွဲပြားမှုများရှိနေသော်လည်း ရွာများနှင့်ရွာသားများကို ပစ်မှတ်ထားလေ့ရှိခြင်း၊ အရပ်သားများအား အန္တရာယ်မဖြစ်စေရန် SAC မှ သတိပေးချက် သို့မဟုတ် အခြားသောကြိုတင်သတိပေးချင်းများ ပြုလုပ်မှုမရှိခြင်း၊ လေကြောင်းတိုက်ခိုက်မှုများမပြုလုပ်မီ ကင်းထောက်ခြင်းများအား လုပ်ဆောင်လေ့ရှိခြင်း၊ တစ်ခါတစ်ရံတွင် တိုက်ခိုက်မှုများသည် ညဘက်တွင်ဖြစ်ပွားခြင်း စသည်တို့ဖြင့် အချို့သောလက္ခဏာများကို ဖော်ထုတ်နိုင်ပါသည်။ ဤ SAC လေကြောင်းတိုက်ခိုက်မှုများမှ ဖြစ်ပေါ်လာသော သက်ရောက်မှုများသည် ဘက်ပေါင်းစုံ၊ ကျယ်ပြန့်၊ ပြင်းထန်ပြီး ကရင်ပြည်နယ်ရှိ လူနေမှုဘဝကဏ္ဍအားလုံးကို ထိခိုက်စေပါသည်။

ကရင်ပြည်နယ်အတွင်း ရွာသားများအပေါ် အရပ်သားနှင့်စစ်ရေးပစ်မှတ်ခွဲခြားမှုမရှိခြင်းနှင့် ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ ထိခိုက်သေဆုံးမှုများအပါအဝင် ရွာသားများအသက်ဆုံးရှုံးရမှုနှင့် ပြင်းထန်စွာဒဏ်ရာရရှိမှုများ အများအပြားရှိခဲ့ပါသည်။ ဤကဲ့သို့သောလေကြောင်းတိုက်ခိုက်မှုများ၏ ရုတ်တရက်ဖြစ်ခြင်း၊ ဖျက်အားပြင်းထန်ခြင်းနှင့် မှန်းဆရခက်ခဲခြင်းများကြောင့် ရွာသားများသည် ထိရောက်သောကာကွယ်ရေးနည်းလမ်းများအား အကောင်အထည်ဖော်နိုင်ခြင်းမရှိပဲ ထိခိုက်သေဆုံးမှုများစွာဖြစ်စေပါသည်။ ထို့အပြင် SAC မှ ဆေးခန်းများနှင့် ကျန်းမာရေးလုပ်သားများအပေါ် တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာစိန်ခေါ်မှုများကြောင့် အရေးပေါ်ကုသမှုများနှင့် လုံလောက်သောထောက်ပံ့မှုမရှိခြင်း အခြေအနေများကိုလည်း ဖြည့်လောင်းဖြစ်ပေါ်စေပါသည်။

လေကြောင်းတိုက်ခိုက်မှုများကြောင့် ကရင်ပြည်နယ်ရှိ နေအိမ်များ၊ စာသင်ကျောင်းများ၊ ဆေးခန်းများ၊ ဘုန်းကြီးကျောင်းများ၊ ဘုရားကျောင်းများ၊ အစားအသောက်သိုလှောင်သည့်နေရာများနှင့် အခြားအရပ်သားအဆောက်အဦးများ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ ရပ်ရွာအဆောက်အဦးများအား တိုက်ခိုက်မှုများသည် ရွာသားများအား ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် ဝတ်ပြုရာနေရာများသို့ လက်လှမ်းမီနိုင်ခွင့်များကို အဟန့်အတားဖြစ်စေပါသည်။ စိုက်ခင်းများနှင့် လယ်မြေများပျက်စီးမှု၊ ငွေကြေးဖောင်းပွမှုနှင့် ကုန်ကျစရိတ်များ မြင့်တက်လာမှုများကြောင့် ရွာသားများသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာစိန်ခေါ်မှုများနှင့် စားနပ်ရိက္ခာ မဖူလုံမှုများအား ဆိုးရွားစွာရင်ဆိုင်နေကြရပါသည်။

SAC လေကြောင်းတိုက်ခိုက်မှုများသည် ရွာသူရွာသားများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအပေါ် ပြင်းထန်သောသက်ရောက်မှုများ ဖြစ်စေပါသည်။ လေကြောင်းတိုက်ခိုက်မှုများသည် လူမှုအသိုက်အဝိုင်းအတွင်း ခိုင်မာသည့်အကြောက်တရားကိုဖြစ်ပေါ်စေပြီး ရွာသားများ၏ ဘဝကဏ္ဍတိုင်းအပေါ်သက်ရောက်မှုရှိစေသည့်အပြင် ရွာသားများအနေဖြင့် တိုက်ခိုက်မှုများကို အမြဲသတိထားနေရအခြေအနေအထိ ဖြစ်လာစေခဲ့ပါသည်။ အိပ်ရေးပျက်ခြင်း၊ တုန်လှုပ်ခြင်း၊ ငိုကြွေးခြင်းနှင့် ထိတ်လန့်ခြင်းအပါအဝင် ရွာသားများ၏ ပြင်းထန်သောရုပ်ပိုင်းဆိုင်ရာတုံ့ပြန်မှုများမှတစ်ဆင့် လေကြောင်းတိုက်ခိုက်မှု၏ စိတ်ဆင်းရဲဖွယ်ရာ သဘောသဘာဝကို သိသာထင်ရှားစေပါသည်။ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်လုံးပန်းနေရသည့်ကြားမှ လေကြောင်းတိုက်ခိုက်မှုများသည် ကျယ်ပြန့်သော စိတ်ပိုင်း၊ရုပ်ပိုင်းဆိုင်ရာနှင့် ဆင်းရဲဒုက္ခပေါင်းများစွာကိုလည်း ဖြစ်ပေါ်စေခဲ့သည်။

SAC ၏လေကြောင်းတိုက်ခိုက်မှုများသည် အစုလိုက်အပြုံလိုက်နှင့် အချိန်ကြာမြင့်စွာ နေရပ်စွန့်ခွာရမှုများ ဖြစ်ပေါ်စေခဲ့သည်။ သတိပေးချက်များမရှိခြင်းတို့ကြောင့် မိသားစုများသည် မကြာခဏကွဲကွာနေရပြီး ရွာသူရွာသား

များသည် ၎င်းတို့လိုအပ်သည့်အရာများမသယ်ယူနိုင်ပဲ နေရပ်စွန့်ခွာရလေ့ရှိပါသည်။ နေရပ်စွန့်ခွာနေရသည့် ရွာသားများသည် စားနပ်ရိက္ခာမလုံလောက်မှု၊ အသက်အန္တရာယ်ဖြစ်စေနိုင်သော ကျန်းမာရေးပြဿနာများ၊ အမိုးအကာမလုံလောက်မှုနှင့် ပညာရေးအပေါ်သက်ရောက်မှုများအပါအဝင် သိသာထင်ရှားသော စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရပါသည်။ ရွာသားများသည် ၎င်းတို့ပုန်းခိုနေသည့်နေရာများအား သတိမထားမိစေရန် ပြင်ဆင်မှုများ လုပ်ဆောင်ရန်လိုအပ်ပြီး ရွာသားအများအပြားသည် တိုက်ခိုက်မှုများကိုရှောင်ရှားရန် တစ်နေရာမှတစ်နေရာသို့ ဆက်လက်ပြောင်းရွှေ့နေရပါသည်။

ရွာသားများ၊ ဒေသခံအရပ်ဘက်အဖွဲ့အစည်းများနှင့် ဒေသခံခေါင်းဆောင်များသည် ဆိုးရွားသောအခြေအနေများအတွင်း SAC လေကြောင်းတိုက်ခိုက်မှုများ၏သက်ရောက်မှုများအား လျော့ချရန် မရပ်မနားလုပ်ဆောင်နေကြပါသည်။ ၎င်းတို့သည် လက်နက်ကိုင်ပဋိပက္ခများ၊ အရင်းအမြစ်အကန့်အသတ်များ၊ SAC မှ အကူအညီများအား ပိတ်ဆို့ထားမှုများ၊ တိုက်ခိုက်မှုများနှင့် နိုင်ငံတကာ၏ပံ့ပိုးကူညီမှု ပျက်ပြယ်နေသည့်ကြားတွင် ဆက်လက်လုပ်ဆောင်နေရပါသည်။ ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှု၊ စားနပ်ရိက္ခာဖူလုံမှု၊ ပညာရေးနှင့် သီးခြား ကျားမဆိုင်ရာ လိုအပ်မှုများအပါအဝင် သိသာသောအကာအကွယ်ဆိုင်ရာလိုအပ်ချက်များ ရှိနေသေးသည်။ ကလေးများ၊ ကိုယ်ဝန်ဆောင်များနှင့် သက်ကြီးရွယ်အိုများသည် အထူးစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။

SAC မှ အရပ်သားများအပေါ် လေကြောင်းတိုက်ခိုက်မှုများပြုခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာမှ အရေးယူဆောင်ရွက်မှု အားနည်းနေပါသည်။ ရွာသားများမှ ဤတိုက်ခိုက်မှုများအား ရပ်တန့်ရန်နှင့် လိုအပ်သည့်အကာအကွယ်နှင့် ပံ့ပိုးကူညီမှုများပေးရန် တောင်းဆိုထားပါသည်။ ၎င်းတို့သည် ရွာသို့ပြန်လည်နေထိုင်ရန်၊ ငြိမ်းချမ်းစွာနေထိုင်နိုင်ရန်နှင့် မြန်မာစစ်တပ်၏ ဖိနှိပ်မှုမှလွတ်မြောက်ရန် တောင့်တနေကြပါသည်။

## အကြံပြုချက်များ

နိုင်ငံတကာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO) နှင့် ဒေသဆိုင်ရာနှင့် နိုင်ငံခြားအစိုးရများ

- မြန်မာပြည်အပေါ်ပြည့်စုံသည့် လက်နက်ရောင်းချမှုတားမြစ်ချက် ချမှတ်ပြီး လေကြောင်းလောင်စာဆီ၊ လေယာဉ်၊ လေယာဉ်အစိတ်အပိုင်းများ၊ ပြုပြင်ထိန်းသိမ်းရေးအထောက်အပံ့များ၊ ခဲယမ်းများ၊ နည်းပညာများ၊ လေ့ကျင့်ရေး သို့မဟုတ် အခြားသော နည်းပညာပိုင်းဆိုင်ရာအကူအညီများ သို့မဟုတ် ဝန်ဆောင်မှုများအပါအဝင် မြန်မာစစ်တပ်သို့ လက်နက်နှင့်စစ်ဘက်ဆိုင်ရာပစ္စည်းများ ထောက်ပံ့မှုအပေါ် လုံလောက်သည့် ပိတ်ဆို့အရေးယူမှုများ လုပ်ဆောင်ရန်။
- ရေနံနှင့်သဘာဝဓာတ်ငွေ့ ဝင်ငွေများအပေါ် ထပ်မံ၍ ညှိနှိုင်းပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုများ အကောင်အထည်ဖော်ရန်နှင့် အရပ်သားများအပေါ် တိုက်ခိုက်မှုများလုပ်ဆောင်ရာတွင် ငွေကြေးထောက်ပံ့နိုင်မှု အားနည်းလာစေရန် စစ်ကောင်စီအရာရှိများအား ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန်။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)၏ လေကြောင်းတိုက်ခိုက်မှုများ၏ ပြင်းထန်သောသက်ရောက်မှုဒဏ်မှ ပြန်လည်တည်ဆောက်ရန်နှင့် ရင်ဆိုင်ဖြေရှင်းရန် ရွာသားများအား ကူညီဆောင်ရွက်ပေးနေသော ဒေသခံအရပ်ဘက်အဖွဲ့အစည်း(CSOs)၊ လူထုအခြေပြုအဖွဲ့အစည်းများ(CBOs)နှင့် တိုင်းရင်းသားဝန်ဆောင်မှုပေးသူများထံသို့ ကူညီထောက်ပံ့မှုများအား တိုးမြှင့်၍ပေးဆောင်ရန်။ ထိခိုက်ခံစားရသော လူမှုအသိုက်အဝန်းများအတွက် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုအပါအဝင် ဘက်စုံပံ့ပိုးကူညီမှုယန္တရားများ ဖွဲ့စည်းကူညီဆောင်ရွက်ပေးရန်။
- အထူးသဖြင့် ကုန်းတွင်းနယ်နိမိတ်မှတစ်ဆင့် နယ်စပ်ဖြတ်ကျော်အကူအညီပေးရေးအဖွဲ့အစည်းများနှင့် ဒေသအတွင်းလှုပ်ရှားနေသော ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများမှတဆင့် မြန်မာပြည်သို့ အကူအညီများ ထိရောက်စွာဖြတ်သန်းနိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ထိတွေ့ဆက်ဆံရန်။
- စစ်ကောင်စီသည် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများအား အဓိကဖြစ်ပေါ်စေသည့်အဖွဲ့ဖြစ်ကြောင်း၊ အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့်၊ အရပ်သားနှင့်စစ်ရေး

ပစ်မှတ်ခွဲခြားမှုမရှိပဲ ပစ်မှတ်ထားတိုက်ခိုက်မှုများအား ကျူးလွန်နေသည့်အဖွဲ့ဖြစ်ကြောင်းနှင့် မြန်မာပြည်တွင် အစုလိုက်အပြုံလိုက်နေရပ်စွန့်ခွာရခြင်း၏ ဖြစ်စေသည့်အဖွဲ့ဖြစ်ကြောင်း အသိအမှတ်ပြုရန်။ SAC သည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအား ကျူးလွန်ကြောင်း အသိအမှတ်ပြုရန်။

- SAC နှင့် သဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်းနှင့် တရားဝင်မှုပေးခြင်းအပါအဝင် SAC အား တရားဝင်အသိအမှတ်ပြုမှုတစ်စုံတစ်ရာပေးခြင်းမှ ရှောင်ကြဉ်ရန်။ အလားတူစွာပင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အရပ်သားများအပေါ် ဥပဒေမဲ့တိုက်ခိုက်မှုများအား ဆက်လက်ကျူးလွန်ရန် အထောက်အပံ့ဖြစ်စေမည့် စစ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအပါအဝင် မည်သည့်ပုံစံဖြင့်မဆို SAC နှင့် ပူးပေါင်းဆောင်ရွက်မှုများအား ရှောင်ကြဉ်ရန်။
- နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) ကဲ့သို့သော နိုင်ငံတကာတရားရုံးများတွင် SAC ခေါင်းဆောင်များအား တရားစွဲဆိုခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးဆိုင်ရာ တရားစီရင်မှုများမှတစ်ဆင့် မြန်မာပြည်ရှိ အရပ်သားများအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် SAC မှ တာဝန်ခံရန် နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုများအား ပံ့ပိုးကူညီရန်။
- ကရင်ပြည်နယ်အတွင်း နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေများအား စနစ်တကျချိုးဖောက်မှုများ၊ အထူးသဖြင့် ရွာသားများအား အကြမ်းဖက်ရန်နှင့် ဆင်းရဲဒုက္ခဖြစ်စေရန် လေကြောင်းတိုက်ခိုက်မှုများ အသုံးပြုခြင်းများအား နိုင်ငံတကာစုံစမ်းစစ်ဆေးမှု များအတွင်း ပါဝင်လာစေရန် စုံစမ်းစစ်ဆေးမှုနယ်ပယ်အား ကျယ်ပြန့်အောင်လုပ်ဆောင်ရန်။
- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းတင်ရန်၊ ခံစားရသူများ၏ အခွင့်အရေးအတွက် စည်းရုံးလှုံ့ဆော်ရန်နှင့် ၎င်းတို့၏ ဘေးကင်းရေးအတွက် ပြည့်စုံသည့်ပံ့ပိုးကူညီမှုများ ပေးရန်ကြိုးစားနေသည့် ပြည်တွင်းနှင့်အရပ်ဘက်အဖွဲ့အစည်းများ၏ ကြိုးပမ်းမှုများအား ပံ့ပိုးကူညီပြီး ၎င်းတို့၏အသံအား နားထောင်ရန်။
- SAC ၏လေကြောင်းတိုက်ခိုက်မှုကြောင့် အပြီးအပိုင် အိုးမဲ့အိမ်မဲ့ဖြစ်သွားရသည့် ရွာသားအရေအတွက် တိုးလာသည့်အခြေအနေတွင် ထိုင်းနိုင်ငံတွင်ခိုလှုံခွင့်ရှာဖွေနေသူများ၏ သုခချမ်းသာ၊ အသက်မွေးဝမ်းကျောင်းမှုနှင့် လွတ်လပ်ခွင့်များတိုးတက်ကောင်းမွန်လာစေရန် ထိုင်းနိုင်ငံရှိ တရားဝင်ဒုက္ခသည်စခန်းများတွင် လုပ်ငန်းလုပ်ဆောင်နေသော အာဏာပိုင်များနှင့် အဖွဲ့အစည်းများအား ပံ့ပိုးကူညီရန်။

## အစီရင်ခံစာရေးသားပြုစုပုံနည်းစနစ်

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် SAC ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများရင်ဆိုင်ခဲ့ရသည့် စိန်ခေါ်မှုများအား နားလည်လာစေရန် KHRG မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လအတွင်း လေကြောင်းတိုက်ခိုက်မှုများကြုံတွေ့ခဲ့ရသော ရွာသားများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ KHRG သည် ဒေသအလိုက် သတ်မှတ်ထားသော ကရင်ပြည်နယ်၏ ခရိုင်ခုနစ်ခုမှ (ကျေးရွာအုပ်ချုပ်ရေးမှူး ခြောက်ဦးအပါအဝင်) ရွာသား (၂၂) ဦးအား ၂၀၂၄ ခုနှစ်၊ မေလတွင် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများသည် သီးသန့်တွေ့ဆုံမေးမြန်းမှု ပုံစံဖြစ်ပြီး KHRG ကွင်းဆင်းဝန်ထမ်းများအတွက် လေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး ပြင်ဆင်ထားသည့် မေးခွန်းလွှာအပေါ်အခြေခံ၍ မေးမြန်းခဲ့ခြင်းဖြစ်ပါသည်။ ဒေသတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးတွင်ပါဝင်သည့် ဒေသဆိုင်ရာလူမှုအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းအဖွဲ့ဝင်များနှင့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် တွေ့ဆုံမေးမြန်းမှုသုံးခုကို ထပ်မံပြုလုပ်ခဲ့ပါသည်။

KHRG သည် မှတ်တမ်းပြုစုထားသည့်အချက်အလက်မှတ်တမ်းများအတွင်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ ဒေသခံရွာသားများနှင့် တွေ့ဆုံမေးမြန်းမှု ၁၄၁ ခု (နှင့် ဒေသခံတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်နှစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု နှစ်ခု)ကို ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ပါသည်။ အဆိုပါ တွေ့ဆုံမေးမြန်းမှုများကို KHRG မှ ၎င်းတို့၏ လူမှုအသိုက်အဝန်းအတွင်း ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရန် သင်တန်းပေးထားသည့် ဒေသခံ

သတင်းအချက်အလက်ကောက်ခံသူများမှ ပြုလုပ်ခဲ့ပါသည်။[5] ပါဝင်ဖြေကြားသူအားလုံးအား တွေ့ဆုံမေးမြန်းမှု၏ ရည်ရွယ်ချက်ကို အသိပေးပြီး ၎င်းတို့၏အချက်အလက်များအား KHRG ၏ အစီရင်ခံစာထုတ်ဝေမှုများတွင်အသုံးပြုရန် သဘောတူညီချက်ပေးခဲ့ပါသည်။ ဤအစီရင်ခံစာသည် အထက်ပါတွေ့ဆုံမေးမြန်းမှုနှစ်မျိုးအပြင် ၂၀၂၁ ခုနှစ်၊ မတ်လမှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း ရရှိခဲ့သည့် KHRG ၏ ကွင်းဆင်းအစီရင်ခံစာ (၆၆) ခု (မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ အစီရင်ခံစာများ၊ နောက်ဆုံးရဒေသတွင်းသတင်းတိုများနှင့် ဒေသတွင်းနောက်ဆုံးရအခြေအနေတင်ပြချက်များ)တွင် မှတ်တမ်းတင်ထားသော အကြောင်းအရာများကိုလည်း အခြေခံထားပါသည်။

တွေ့ဆုံမေးမြန်းမှုများနှင့် ကွင်းဆင်းအစီရင်ခံစာများသည် KHRG ၏ လုပ်ငန်းဆောင်ရွက်မှုနယ်မြေအတွင်းရှိ ခရိုင်(၇)ခုလုံးဖြစ်သည့် ဒူးသထူ(သထုံ)၊ တောအူး(တောင်ငူ)၊ ခလယ်လွီထူ(ညောင်လေးပင်)၊ မြိတ်-ထားဝယ်၊ မူတြော် (ဖာပွန်)၊ ဒူးပလာယာနှင့် ဘားအံခရိုင်[6] အားလုံးမှ အချက်အလက်များပါဝင်ပါသည်။ အဆိုပါဒေသများကို 'ခရိုင်များ' ဟု အများအားဖြင့် ရည်ညွှန်းခေါ်ဝေါ်ကြပြီး ထိုအခေါ်အဝေါ်များသည် ကရင်အမျိုးသားအစည်းအရုံး (KNU)[7]၊ ဒေသခံကရင်အဖွဲ့အစည်းအများအပြားနှင့် ဒေသခံရွာသားများအသုံးပြုသည့် အမည်များဖြစ်သည်။ KHRG မှ ဤ ခရိုင်အမည်နာမများကို အသုံးပြုခြင်းသည် နိုင်ငံရေးဆက်နွယ်မှုကြောင့်မဟုတ်ပဲ ဤသတ်မှတ်ချက်များကို ဒေသခံလူထုမှ အများဆုံးအသုံးပြုသည့်အချက်တွင် အခြေခံသောကြောင့်ဖြစ်ပါသည်။

ဒေသတွင်းမလုံခြုံမှုများကြောင့် တွေ့ဆုံမေးမြန်းမှုဖြေဆိုသူနှင့် ကွင်းဆင်းအစီရင်ခံစာများကို လက်ခံရရှိသည့် အရေအတွက်မှာ ခရိုင်(၇) ခုစလုံးတွင် တူညီမှုမရှိပါ။ မရှိပေ။ တွေ့ဆုံမေးမြန်းမှုအများစုကို ဒူးပလာယာနှင့် မူတြော်ခရိုင်များတွင် ပြုလုပ်ခဲ့ပြီး ကွင်းဆင်းအစီရင်ခံစာအများစုမှာ ဒူးပလာယာ၊ မူတြော်နှင့် မြိတ်-ထားဝယ်ခရိုင်များမှ ရရှိခဲ့ပါသည်။ ကိုယ်စားပြုမှု မညီမျှမှုသည် ကရင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရာတွင် KHRG ကွင်း ဆင်းဝန်ထမ်းများကြုံတွေ့နေရသော လုံခြုံရေးပြဿနာများ၊ ခရီးသွားလာရေးအခက်အခဲများနှင့် အန္တရာယ်များ၏ ရလဒ်ဖြစ်သည်။ ဥပမာအားဖြင့် လုံခြုံရေးအန္တရာယ်မြင့်မားမှုကြောင့် ခလယ်လွီထူခရိုင်မှ တွေ့ဆုံမေးမြန်းမှု ၁၄ ခုနှင့် ကွင်းဆင်းအစီရင်ခံစာ ၁၄ ခုသာ ရရှိခဲ့သည်။ အလားတူပင် အစီရင်ခံခြင်းနှင့် မှတ်တမ်းပြုစုခြင်းတွင် ရပ်ရွာအဖွဲ့ဝင်များ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကြောင့် ဤအစီရင်ခံစာတွင် ပါဝင်သော SAC လေကြောင်းတိုက်ခိုက်မှု အရေအတွက်သည် ဖြစ်ပွားခဲ့သောအရေအတွက်အစစ်အမှန်ထက် အလွန်နည်းပါးပါသည်။

တွေ့ဆုံမေးမြန်းမှုဖြေဆိုသူများနှင့် ထိခိုက်ခံစားရသောရွာသားများ၏ လုံခြုံရေးကို ကာကွယ်ပေးရန်အတွက် ၎င်းတို့၏အမည်များနှင့် နေထိုင်ရာနေရာများကို သင့်လျော်သောနေရာတွင် အက္ခရာတစ်လုံးနှင့် အက္ခရာနှစ်လုံး ပါသော ကုဒ်များဖြင့် အစားထိုးထားပါသည်။ ဤကုဒ်များသည် ဤအစီရင်ခံစာနှင့်သာ သက်ဆိုင်ပြီး ရွာသားများ၏ အမည်အရင်းများ သို့မဟုတ် ယခင်ထုတ်ဝေခဲ့သော KHRG အစီရင်ခံစာများတွင်အသုံးပြုခဲ့သည့် အမည်ကုဒ်များနှင့် ဆက်စပ်မှုမရှိပါ။ ဆင်ဆာဖြတ်ထားသောအမည်များနှင့် တည်နေရာအားလုံးသည် KHRG မှ တည်းဖြတ်ထား

5 KHRG ၏ သတင်းအချက်အလက်မှတ်တမ်းပြုစုပုံအပြည့်အစုံနှင့် အစီရင်ခံစာရေးသားမှုနည်းလမ်းများကို စာဖတ်သူများသိရှိလိုပါက KHRG ထံသို့ ခွင့်တောင်းရယူနိုင်ပါသည်။

6 ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း နယ်မြေ ၇ ခု ဖြစ်သော **ဒူးသထူ** (**သထုံ**)၊ **တောအူး** (**တောင်ငူ**)၊ **ခလယ်လွီထူ** (**ညောင်လေးပင်**)၊ **မြိတ်-ထားဝယ်၊ မူတြော်** (**ဖာပွန်**)၊ **ဒူးပလာယာ နှင့် ဘားအံ စသည့် နေရာများ**တွင် လုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။ KHRG မှ ကွင်းပိုင်းမှ သတင်းအချက်အလက်များ ရရှိသည့်အခါတွင် ၎င်း၏ သတင်းအချက်အလက်များကို ဒေသအလိုက် စုစည်းသည်။ ထိုဒေသများကို ခရိုင်များအဖြစ် သတ်မှတ်ထားပြီး ၎င်းအား ကရင်အမျိုးသားအစည်းအရုံး အပါအဝင် ၎င်းနှင့်သက်ဆိုင်သည်ဖြစ်စေ မသက်ဆိုင်သည် ဖြစ်စေ ထိုသို့ အသုံးပြုကြသည်။ KHRG ၏ ကျွန်ုပ်တို့၏ သုတေသနပြုလုပ်သည့် ဒေသများအား ခရိုင်အမည်များ အသုံးပြုခြင်းသည် နိုင်ငံရေးအရ ပတ်သက်ဆက်နွယ်ခြင်းကြောင့်မဟုတ်ပဲ ကျေးလက်ဒေသရှိ ပြည်သူများမှ ဤအမည်များကို အသုံးပြုလျက် ရှိသောကြောင့်ဖြစ်သည်။ ရှင်းလင်းချက်အနေဖြင့် ဤခရိုင်များအတွက် ဗမာအသုံးအနှုန်းများကို ကွင်းထဲတွင် ထည့်သွင်းထားသော်လည်း ဗမာ (မြန်မာ) အစိုးရ၏ စီမံအုပ်ချုပ်မှု နယ်မြေများနှင့် ဆက်စပ်ခြင်းမရှိပါ။


7 ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ - KNU) သည် အဓိက ကရင်နိုင်ငံရေး အဖွဲ့အစည်းဖြစ်သည်။ ၎င်းအား ၁၉၄၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၄၉ ခုနှစ်မှစတင်၍ ဗမာအစိုးရနှင့် ပဋိပက္ခပဲ လိုခဲ့သည်။ KNU သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ နေရာဒေသကြီးများတွင် အာဏာစွဲကိုင်နိုင်ခဲ့ပြီး ၁၉၇၆ ခုနှစ်မှ စတင်၍ ဒီမိုကရေစီ ဖယ်ဒရယ် စနစ် တည်ဆောက်ရေးအတွက် တောင်းဆိုခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ်အား လက်မှတ်ထိုးခဲ့သော်လည်း ၂၀၂၁ ခုနှစ် မြန်မာ့တပ်မတော်မှ အာဏာသိမ်းပြီးနောက် KNU သည် NCA ပျက်ပြယ်သွားပြီဟု တရားဝင်ထုတ်ပြန်ခဲ့သည်။

သော အမည်အရင်းများ၊ တည်နေရာများနှင့်သာ ဆက်စပ်ပါသည်။

## ဝေါဟာရများနှင့်အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| AAPP | နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း |
| BGF | နယ်ခြားစောင့်တပ် |
| CBO | လူထုအခြေပြုအဖွဲ့အစည်း |
| CDM | အာဏာဖီဆန်ရေးလှုပ်ရှားမှု |
| CSO | အရပ်ဖက်အဖွဲ့အစည်း |
| DKBA | ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် |
| FBR | Free Burma Rangers |
| ICC | အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး |
| ICRC | အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ |
| IDP | ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ |
| IHL | အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ |
| KDHW | ကရင်ကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာန |
| KECD | ကရင်ပညာရေးနှင့်ယဥ်ကျေးမှုဌာန |
| KHRG | ကရင်လူ့အခွင့်အရေးအဖွဲ့ |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| LIB | ခြေမြန်တပ်ရင်း |
| LID | ခြေမြန်တပ်မ |
| MOC | စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် |
| NCA | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NUG | အမျိုးသားညီညွတ်ရေးအစိုးရ |
| PDF | ပြည်သူ့ကာကွယ်ရေးတပ် |
| R2P | Responsibility to Protect |
| SAC | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| UDHR | လူ့အခွင့်အရေးကြေညာစာတမ်း |
| UN | ကမ္ဘာ့ကုလသမဂ္ဂ |

## မြေပုံ ၁ - KHRG ၏လုပ်ရှားရာနယ်မြေ (KNU- သတ်မှတ်ထားသောကော်သူးလေနှင့် မြန်မာအစိုးရ-သတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းဒေသကြီး နယ်နိမိတ်များ)



# အခန်း ၁။ မြန်မာပြည်အရှေ့တောင်ပိုင်း ပဋိပက္ခ၏ နောက်ခံသမိုင်းကြောင်းနှင့် အကြောင်းအရာ

ဤအခန်းသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေများကို ခြုံငုံသုံးသပ်ထားပြီး အရပ်သားများအပေါ် ဖိနှိပ်မှုနှင့် တိုက်ခိုက်မှုများ၏သမိုင်းကြောင်းကို သုံးသပ်ထားပါသည်။ ဤအခန်းတွင် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းသည့်အချိန်မှစ၍ SAC ၏ လေကြောင်းတိုက်ခိုက်မှုအသုံးပြုခြင်းအပါအဝင် မြန်မာပြည်ရှိအရပ် သားများအပေါ် တိုက်ခိုက်မှုအခြေအနေအကြောင်းအရာများ ကိုလည်း ဖော်ပြထားပါသည်။

## နောက်ခံသမိုင်းကြောင်း - မြန်မာစစ်တပ်၏ဖိနှိပ်မှုများနှင့် တိုင်းရင်းသားများ၏ ခုခံတွန်း လှန်မှု

၁၉၄၈ ခုနှစ် မြန်မာပြည်လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားမျိုးဆက်အဆက်ဆက်သည် မြန်မာစစ်တပ်၏လက်အောက်တွင် အကြမ်းဖက်မှု၊ ဖိနှိပ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ခံစားခဲ့ရသည်။ ထိုအခြေအနေများကို တုံ့ပြန်သည့်အနေဖြင့် ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ၎င်း၏လက်နက်ကိုင် တပ်ဖွဲ့ဖြစ်သည့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)[8] တို့မှ မြန်မာစစ်တပ်ကို ဆန့်ကျင်တိုက်ပွဲဝင်ခြင်း၊ နိုင်ငံရေးအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တောင်းဆိုခြင်း၊ ရွာသားများကို ကာကွယ်ခြင်းနှင့် ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေးနှင့် တရားရေးဌာနများမှတဆင့်မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ ပေးအပ်ခြင်းများကို ပြုလုပ်ခဲ့သည်။ ကရင်ပြည်နယ်အတွင်းဖြစ်ပွားနေသည့် ပဋိပက္ခများသည် နှစ် ၇၀ ကျော် ကြာမြင့်လာခဲ့ပြီး ရွာသားများအပေါ် ထိခိုက်နစ်နာမှုများစွာရှိစေခဲ့သည်။

၁၉၆၀ ခုနှစ်များတွင် မြန်မာစစ်တပ်သည် 'ဖြတ်လေးဖြတ်' ဗျူဟာကို အကောင်အထည်ဖော်ခဲ့သည်။ ဤဗျူဟာသည် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများကို ၎င်းတို့၏အသိုက်အဝန်းများမှ အဆက်ဖြတ်ရန်နှင့် စားနပ်ရိက္ခာ၊ ငွေကြေး၊ ထောက်လှမ်းရေးနှင့် တပ်သားသစ်စုဆောင်းနိုင်မှုများကို ဖြတ်တောက်ရန်အသုံးပြုသည့် မြေလှန်စစ်ဆင်ရေးတစ်ခုဖြစ်သည်။[9] မြန်မာစစ်တပ်မှ အတိုက်အခံအဖွဲ့များကို ပစ်မှတ်ထားသည်ဟုဆိုသော်လည်း လက်တွေ့တွင် အရပ်သားများအပေါ် နှစ်ရှည်လများစွာ စစ်ရေးအရပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ပြီး မတရားဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ တရားလက်လွတ်သတ်ဖြတ်ခြင်း၊ လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခြင်း၊ ရပ်ရွာများကိုမီးရှို့ခြင်း၊ အဓမ္မနေရပ်ရွှေ့ပြောင်းစေခြင်း၊ အစားအစာနှင့် ဆေးဝါးပစ္စည်းများ ဖျက်ဆီးခြင်းနှင့် နေရပ်စွန့်ခွာရခြင်းအပါအဝင် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်မှုများသို့ ဦးတည်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ်နှင့် ၂၀၀၀ ခုနှစ်ကျော်ကာလအတွင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ အာဏာတည်မြဲရန် ကြိုးပမ်းခဲ့သောအချိန်တွင် ကြီးမားသော ထိုးစစ်ဆင်မှုများနှင့် နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးများကြောင့် ထောင်နှင့်ချီသော ရွာသူရွာသားများ နေရပ်စွန့်ခွာခဲ့ရပြီး[10] နိုင်ငံတကာအသိုင်းအဝိုင်းမှ ထိရောက်စွာ ကူညီဖြေရှင်းခြင်းများမရှိခဲ့ပါ။ ဤကာလအတွင်း အဆိုပါစစ်ဆင်ရေးများတွင် မြေပြင်ခြေလျင်တပ်ဖွဲ့များမှ အဓိကလုပ်ဆောင်ခဲ့ပြီး လေကြောင်းတိုက်ခိုက်မှုများသည် အဓိကကျသည့် စစ်ဆင်ရေးအစိတ်အပိုင်းတစ်ခုမဟုတ်ခဲ့ပါ။

၂၀၁၂ ခုနှစ်တွင် KNU အရာရှိများနှင့် မြန်မာစစ်အစိုးရတို့အကြား ပဏာမအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်

---

8 ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ လက်နက်ကိုင်အဖွဲ့ဖြစ်သည်။

9 *See* Martin Smith မှ ၁၉၉၉ ခုနှစ်တွင်ထုတ်ဝေသည့် "Burma: Insurgency and the Politics of Ethnicity", New York: St. Martin's Press ကိုကြည့်ပါ။

10 Thailand Burma Border Consortium (TTBC) မှ ၂၀၁၁ ခုနှစ်တွင်ထုတ်ဝေသည့် *Displacement and Poverty in South East Burma/Myanmar* တွင် ကြည့်ပါ။

(NCA)[11] ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ခုမှ လက်မှတ်ရေးထိုးခဲ့သည်။ ထိုနှစ်တွင်ပင် အမျိုးသားဒီ မိုကရေစီအဖွဲ့ချုပ်(NLD)[12] ဦးဆောင်သော အရပ်သားတစ်ပိုင်းအစိုးရတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။ သို့သော်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် လူမှုရေးမူဝါဒများတွင် တိုးတက်မှုအချို့ရှိခဲ့သော်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားနေခဲ့ပြီး ဆယ်စုနှစ်များစွာသော ချိုးဖောက်မှုများအတွက် တာဝန်ရှိသူများသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် ဆက်လက်ခံစားနေကြရသည်။[13]

## ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းနောက် လူ့အခွင့်အရေးချိုးဖောက်မှုများ များပြားလာခြင်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်တပ်မှအာဏာသိမ်းပြီးနောက် အာဏာရှင်အုပ်ချုပ်ရေးကို ပြန်လည်ကျင့်သုံးလာခဲ့သဖြင့် လူ့အခွင့်အရေးအခြေအနေသည် ပို၍ဆိုးရွားလာခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)သည် ဖြတ်လေးဖြတ်[14] ဗျူဟာအပါအဝင် ယခင်ကအာဏာရှင်များအသုံးပြုခဲ့သည့် ဆင်တူနည်းဗျူဟာများကိုအသုံးပြုကာ နိုင်ငံအနှံ့အပြားတွင် အကြမ်းဖက်မှုအရှိန်အဟုန် တိုးမြင့်စေခဲ့ပါသည်။ ထိုအချိန်မှစ၍ မြန်မာစစ်တပ်သည် အရပ်သားများကို လက်နက်ကိုင်တိုက်ခိုက်ခြင်း၊ တရားလက်လွတ်သတ်ဖြတ်ခြင်း၊ အစုလိုက်အပြုံလိုက် မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အဓမ္မပျောက်ဆုံးစေခြင်းများဖြင့် နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေကို ဆက်လက်ချိုးဖောက်လာခဲ့သည်။ လက်နက်ကိုင်တိုက်ခိုက်မှုများတွင် လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများနှင့် မြေမြှုပ်မိုင်းများကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုမှုများ ပါဝင်ပါသည်။ ကရင်ပြည်နယ်ရှိ ပြည်တွင်းနေရပ်စွန့်ခွာရသူ (IDP) ဦးရေမှာ တစ်သန်းကျော်ခန့်ရှိပြီး[15] အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအပေါ် စစ်ကောင်စီ၏ ပြင်းထန်စွာကန့်သတ်မှုများကြောင့် အခြေခံအဆောက်အဦးများ၊ စားသောက်ကုန်များနှင့် ဆေးဝါးထောက်ပံ့မှုများ ဖျက်ဆီးခံရမှုများနှင့်အတူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်း ပိုမိုဆိုးရွားလာခဲ့ပါ

---

11 တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA)ကို တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ အများအပြား ပါဝင်မှု မရှိသော အငြင်းပွားဖွယ်ရာဖြစ်စေသည့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီးနောက်ပိုင်း ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ၊ ၁၅ ရက်နေ့တွင် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် ၁၅ ဖွဲ့အနက် KNU အပါအဝင် ၈ဖွဲ့သာ ဖိတ်ကြားခံရသော တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များအကြား လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါသဘောတူစာချုပ်မှ ပြဋ္ဌာန်းထားသော လေးစားလိုက်နာရမည့် ကတိကဝတ်များကို လက်မှတ်ရေးထိုးသည့်အဖွဲ့အစည်းများက ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ကျင့်သုံးရပါသည်။ မြန်မာအစိုးရ၏ ဖိအားပေးမှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ နောက်ထပ် ၂ဖွဲ့မှလည်း အဆိုပါ (NCA) စာချုပ်အား ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလတွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပါသည်။

12 အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအထိ မြန်မာနိုင်ငံအား အုပ်ချုပ်သော နိုင်ငံရေးပါတီတစ်ခုဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ဒီချုပ်ပါတီသည် ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်တပ်မှ အာဏာသိမ်းပြီး ရွေးကောက်ခံ သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ နှင့်အတူ ဝန်ကြီးများ၊ လက်ထောက်ဝန်ကြီးများနှင့် လွှတ်တော်အမတ်များ ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် ဒီချုပ်အစိုးရအား ဖယ်ရှားခဲ့သည်။

13 KHRG မှ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော *"လက်လှမ်းမမှီနိုင်သေးသောအမှန်တရားများ-မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ငြိမ်းချမ်းရေး၊တရားမျှတမှုနှင့်တာဝန်ယူမှုတာဝန်ခံမှုအပေါ် ဒေသခံများ၏အမြင်သဘောထားများ"* နှင့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော *"အကြောက်တရား၏အုတ်မြစ်- ၂၅ နှစ်အတွင်းမှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှရွာသားများ၏ အသံများ"* တွင် ကြည့်ပါ။

14 KHRG မှ ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော *"ကျွန်တော်တို့ကိုဘာကြောင့်ပစ်မှတ်ထားရတာလဲ? မြန်မာစစ်တပ်မှမြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများအပေါ် ပစ်မှတ်ထားအကြမ်းဖက်မှုပုံစံများကို ဖော်ထုတ်ခြင်း"* တွင် ကြည့်ပါ။

15 လူ့အခွင့်အရေးကောင်စီမှ ၂၀၂၃ ခုနှစ်၊ မတ်လတွင်ထုတ်ဝေသည့် , Situation of human rights in Myanmar since 1 February 2022 – Report of the United Nations High Commissioner for Human Rights, A/HRC/52/21 တွင် ကြည့်ပါ။

သည်။[16] ဤချိုးဖောက်မှုများစွာအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် ဆက်ရှိနေပါသည်။[17]

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)မှ ပြုလုပ်သော လေကြောင်းတိုက်ခိုက်မှုများ

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးချိန်မှစ၍ SAC သည် ဒေသခံလူထုများနှင့် တိုင်းရင်းသားတော်လှန်ရေးတပ်ဖွဲ့များကို ပစ်မှတ်ထားရန် မြေပြင်ထိုးစစ်များနှင့်အတူ လေကြောင်းစစ်ဆင်ရေးကို ပိုမိုအားကိုးလာခဲ့သည်။[18] အဆိုပါ ကျယ်ပြန့်သောတိုက်ခိုက်မှုများကြောင့် အရပ်သားများသေဆုံး သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိမှု အရေအတွက်များ ပြားခဲ့ပြီး လူမှုအသိုက်အဝန်းတစ်ခုလုံး ပျက်စီးမှုများလည်းရှိလာခဲ့ပါသည်။[19] ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာပြည်ဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် Thomas H. Andrews မှ *"မြန်မာစစ်တပ်က ရွာတွေ၊ IDP စခန်းတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ၊ ဆေးခန်းတွေ၊ ဘုရားကျောင်းတွေနဲ့ ဘုန်းကြီးကျောင်းတွေကို လေကြောင်းတိုက်ခိုက်မှုတွေ အကြိမ်ကြိမ်လုပ်ပြီး အရပ်သားတွေကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားနေပုံရတယ်။ ဖြစ်ရပ်တော်တော်များများမှာ အတိုက်အခံလက်နက်ကိုင်တပ်ဖွဲ့တွေက SAC တပ်ဖွဲ့တွေကိုတိုက်ခိုက်ပြီးတဲ့နောက်မှာ ရွာတွေကို လေကြောင်းတိုက်ခိုက်တာတွေလုပ်တဲ့အတွက်ကြောင့် ဒီတိုက်ခိုက်မှုတွေကို စုပေါင်းအကြမ်းဖက်မှုပုံစံအဖြစ် အသုံးပြုတယ်လို့ ယူဆလို့ရပါတယ်"* ဟုဆိုခဲ့ပါသည်။[20]

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဇွန်လအထိ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှု စုစုပေါင်း ၁၉၇၇ ကြိမ် ဖြစ်ပွားခဲ့ပြီး ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင်ပင် ၉၅၆ ကြိမ် (၄၈.၃၅ ရာခိုင်နှုန်း) ဖြစ်ပွားခဲ့ပါသည်။[21] ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင်ထုတ်ဝေသော အစီရင်ခံစာအရ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ မြန်မာပြည်တစ်ဝှမ်းလုံးတွင် လေကြောင်းတိုက်ခိုက်မှုများ သိသာထင်ရှားစွာ တိုးမြင့်လာခဲ့ပြီး ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးမှု ၉၅ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်ဟု ဆိုခဲ့ပါသည်။[22] ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် 'Bellingcat' သုတေသနအဖွဲ့မှ မြန်မာစစ်တပ်သည် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များထံသို့ နယ်မြေများ လက်လွတ်လိုက်ရခြင်းများကြောင့် စစ်ရေးတုံ့ပြန်မှုအဖြစ် အရပ်သားများအပေါ် တိုက်ခိုက်မှုများ ပိုမိုလုပ်ဆောင်လာပြီး ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ မြန်မာပြည်တွင် SAC မှ အနည်း ဆုံး လေကြောင်းတိုက်ခိုက်မှု အကြိမ် ၁၀၀ ပြုလုပ်ခဲ့သည်ဟု ဆိုခဲ့ပါသည်။[23]

---

16 ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအထိ ကရင်ပြည်နယ်တွင် IDP ဦးရေ ၁၀၀၂၃၃၇ ရှိသည်ဟု ခန့်မှန်းထားပါသည်။ ပြည်တွင်းနေရပ်စွန့်ခွာရသူ ကရင်ပြည်သူများဆိုင်ရာကော်မတီ(CIDKP)မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင်ထုတ်ဝေသည့် "ကော်သူးလေ-နေရပ်စွန့်ခွာရမှုမြေပုံ" [အချက်အလက်များ] တွင်ကြည့်ပါ။

17 KHRG မှ ၂၀၂၂ ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေသော *"ငြင်းပယ်ခံပြည်သူများ၏ဘဝများ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံလူမှုအသိုက်အဝန်းများရင်ဆိုင်ရသောအကာကွယ်ပေးမှုဆိုင်ရာစိန်ခေါ်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြပ်အတည်းများ"* တွင် ကြည့်ပါ။ ထိုနည်းတူစွာ ကုလသမဂ္ဂအထွေထွေညီလာခံမှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင်ထုတ်ဝေသည့် *Situation of human rights in Myanmar, Report of the Special Rapporteur on the situation of human rights in Myanmar* A/78/527၊ စာပိုဒ် ၂၀ တွင်ကြည့်ပါ။

18 လူ့အခွင့်အရေးကောင်စီမှ ၂၀၂၃ ခုနှစ်၊ မတ်လတွင်ထုတ်ဝေသည့် A/HRC/52/21 စာပိုဒ် ၅ တွင်ကြည့်ပါ။

19 Amnesty International မှ ၂၀၂၂ ခုနှစ်၊ မတ်လတွင်ထုတ်ဝေသည့် "Bullets rained from the sky": War crimes and displacement in eastern Myanmar တွင်ကြည့်ပါ။


20 ကုလသမဂ္ဂအထွေထွေညီလာခံမှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင်ထုတ်ဝေသည့် A/78/527, စာပိုဒ် ၂၉ တွင်ကြည့်ပါ။

21 KNU မှ မှျဝေထားသော အများပြည်သူသတင်းအချက်အလက်များအရ SAC မှ ကရင်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုများအား ၂၀၂၁ ခုနှစ်တွင် ၁၅ ကြိမ်၊ ၂၀၂၂ ခုနှစ်တွင် ၂၁၅ ကြိမ်၊ ၂၀၂၃ ခုနှစ်တွင် ၇၉၁ ကြိမ်နှင့် ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် ၉၅၆ ကြိမ် ပြုလုပ်ခဲ့သည်။ KNU သည် ရေဒီယိုသတင်းပို့မှုများမှတဆင့် လေကြောင်းတိုက်ခိုက်မှုဆိုင်ရာ အချက်အလက်များကို စုဆောင်းပြီး၊ လေယာဉ်မှ ပစ်ခတ်မှု/တိုက်ခိုက်မှု အရေအတွက်ဖြင့် လေကြောင်းတိုက်ခိုက်မှုများကို ရေတွက်သည်။

22 လူ့အခွင့်အရေးကောင်စီမှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင်ထုတ်ဝေသည့်, Situation of human rights in Myanmar - Report of the United Nations High Commissioner for Human Rights - Advance unedited version, A/HRC/57/56, စာပိုဒ် ၁၂ မှ ၁၄၊ ၁၇ တွင်ကြည့်ပါ။

23 Bellingcat မှ ၂၀၂၄ ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေသည့် Burning Villages: Violence Escalates as Myanmar Military Reacts to Territorial Losses, တွင်ကြည့်ပါ။

## မြေပုံ ၂ - ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဇွန်လအထိ SAC လေကြောင်းတိုက်ခိုက်မှုများကြောင့် ဖြစ်ပွားခဲ့သော KNU (KNU မှ သတ်မှတ်ထားသော ကော်သူးလေပြည် မြို့နယ်နှင့် ခရိုင်နယ်နိမိတ်များ) မြို့နယ်အလိုက် အရပ်သားထိခိုက်သေဆုံးမှုများ



# အခန်း ၂။ လေကြောင်းတိုက်ခိုက်မှုကြောင့် ကရင်ပြည်နယ်ရှိ ရွာသူရွာသားများအပေါ် သက်ရောက်မှုများ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အရပ်သားများကို လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် (ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအပါအဝင်) အစုလိုက်အပြုံလိုက်သေဆုံးမှုများ၊ အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာရမှုများ၊ နေအိမ်များ၊ ကျောင်းများ၊ ဘုရားကျောင်းများနှင့် ဆေးခန်းများအပါအဝင် ကျေးရွာတစ်ခုလုံး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးမှုများအပြင် SAC ၏ လေကြောင်းတိုက်ခိုက်မှုများသည် အကြောက်တရားစိုးမိုးခြင်းနှင့် အစဉ်အမြဲသတိထားနေရခြင်းများအပါအဝင် စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားပိုင်းဆိုင်ရာ ကျန်းမာရေးအပေါ် ထိခိုက်မှုများ၊ ရွာသားများ၏ စားဝတ်နေရေး လုပ်ငန်းလုပ်ဆောင်နိုင်ခွင့်အား ပိတ်ပင်တားဆီးမှု၊ ကလေးငယ်များ ကျောင်းမတက်ရောက်နိုင်မှု၊ မိသားစုများကွဲကွာနေရမှု၊ ရွာသားများ၏ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီနိုင်စွမ်းကို နှောင့်နှေးစေမှုနှင့် ရပ်ရွာလူထု၏ဘဝကို အနှောင့်အယှက်ဖြစ်စေမှုများကိုလည်း ဖြစ်စေပါသည်။ အခြားရွာသားများထံမှ သတိပေးချက်များရရှိပြီးနောက် နယ်မြေအတွင်းမှ ထွက်ပြေးခြင်း သို့မဟုတ် ယာယီကတုတ်ကျင်းများအသုံးပြုခြင်းကဲ့သို့သော မိမိကိုယ်ကို ကာကွယ်မှုနည်းလမ်းများ နည်းပါးသောကြောင့် SAC လေကြောင်းတိုက်ခိုက်မှုများသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများ၏ နေ့စဉ်ဘဝကဏ္ဍအသီးသီးအပေါ် သက်ရောက်မှုရှိစေပါသည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးချိန်မှစ၍ ဒေသအလိုက် သတ်မှတ်ထားသော ကရင်ပြည်နယ်အတွင်းရှိ ဒေသခံရွာသားများမှ အရပ်သားထိခိုက်သေဆုံးမှု သို့မဟုတ် ထိခိုက်ပျက်စီးမှုဖြစ်စေသည့် SAC ၏လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်ပေါင်း ၂၂၇ ခုကို[24] KHRG မှသတင်းလက်ခံရရှိခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှု အားလုံး၏ ၄၁ ရာခိုင်နှုန်းသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဖွန်လအတွင်းတွင် ဖြစ်ပွားခဲ့ပါသည်။[25] မှတ်တမ်းတင်ထားသော တိုက်ခိုက်မှုအားလုံးနီးပါးသည် (ကျေးရွာများ၊ လုပ်ငန်းခွင်များ၊ စိုက်ခင်းများနှင့် လယ်ယာမြေများအပါအဝင်)အရပ်သားနေရာများတွင် ဖြစ်ပွားခဲ့ပါသည်။ ထိုလေကြောင်းတိုက်ခိုက်မှုများသည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခဲ့ပြီး ဒူးသထူခရိုင်တွင် ဖြစ်စဉ် ၁၁ ခု၊ တောအူးခရိုင်တွင် ၁၃ ခု၊ ခလယ်လွိဳထူခရိုင်တွင် ၈၉ ခု၊ မြိတ်-ထားဝယ်ခရိုင်တွင် ၂၃ ခု၊ မူတြော်ခရိုင်တွင် ၅၅ ခု၊ ဒူးပလာယာခရိုင်တွင် ၃၄ ခုနှင့် ဘားအံခရိုင်တွင် ၂ ခု ဖြစ်ပွားခဲ့ကြောင်း သိရှိခဲ့ရပါသည်။ အရပ်သားထိခိုက်သေဆုံးမှုများကို ရှောင်ရှားရန် သို့မဟုတ် လျှော့ချရန် SAC မှ ထိရောက်သော ကြိုတင်သတိပေးမှုများ သို့မဟုတ် အခြားကြိုတင်ကာကွယ်မှုအစီအမံများ တစ်စုံတစ်ရာ မရှိခဲ့ပါ။ 'ဖြတ်လေးဖြတ်' ဗျူဟာ၏ တိုးချဲ့ထားသောအစိတ်အပိုင်းတစ်ခုအဖြစ် စစ်ကောင်စီမှ အရပ်သားများအား အတိုက်အခံများအဖြစ် ယူဆသောကြောင့် ကရင်ပြည်နယ်ရှိအရပ်သားများအပေါ် တိုက်ခိုက်မှုများသည် ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်ဟု ရွာသားများမှ ယုံကြည်ကြသည်။

ဤအခန်းတွင် SAC လေကြောင်းတိုက်ခိုက်မှုများ၏ သက်ရောက်မှုများအပါအဝင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ SAC လေကြောင်းတိုက်ခိုက်မှုများ၏ အကျိုးသက်ရောက်မှုများကို ဆန်းစစ်ခြင်း (အခန်း ၂.၁)၊ အရပ်သားအိုးအိမ်ပိုင်ဆိုင်မှု၊ ရပ်ရွာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဖျက်ဆီးခြင်း (အခန်း ၂.၂)၊ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားပိုင်းဆိုင်ရာ ကျန်းမာရေးအပေါ်သက်ရောက်မှုများ (အခန်း ၂.၃)၊ နှင့် အစုလိုက်အပြုံလိုက် နေရပ်စွန့် ခွာရမှု (အခန်း ၂.၄) များအားဆန်းစစ်ထားပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု၊ အသက်မွေးဝမ်းကြောင်းနှင့် ပညာရေးအပေါ် ဆက်စပ်သက်ရောက်မှုများအား အထက်ပါအခန်းများအားလုံးတွင် ထည့်သွင်းဆွေးနွေးထားပါသည်။

---

[24] KHRG သည် လေယာဉ်မှ ပစ်ခတ်မှု/တိုက်ခိုက်မှု အရေအတွက်အစား ဖြစ်စဉ်ဖြစ်ပွားရာနေရာအလိုက် တိုက်ခိုက်မှုများကို ရေတွက်ခြင်းဖြင့် ဖြစ်စဉ်အရေအတွက်ကို တွက်ချက်သည်။ ထို့ကြောင့် KHRG အချက်အလက်များအရ လေကြောင်းတိုက်ခိုက်မှုတစ်ခုသည် ဒေသတစ်ခုအတွင်းတွင် အချိန်အတိုင်းအတာတစ်ခုအတွင်း လေယာဉ်အများအပြားမှ ဗုံးအများအပြားကြဲချခြင်း ပါဝင်နိုင်သည်။

[25] ၂၀၂၁ ခုနှစ် တွင် ၁၃ ကြိမ်၊ ၂၀၂၂ ခုနှစ် တွင် ၅၇ ကြိမ်၊ ၂၀၂၃ ခုနှစ် တွင် ၆၄ ကြိမ်နှင့် ၂၀၂၄ ခုနှစ် ပထမသုံးလတွင် ၉၃ ကြိမ်။

## အခန်း ၂.၁။ မြန်မာပြည်အရှေ့တောင်ပိုင်းအတွင်း လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ

အစီရင်ခံသည့်ကာလအတွင်း (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဇွန်လအထိ) KHRG သည် ကရင်ပြည်နယ်တွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံးအရပ်သား ၄၁၇ ဦး ထိခိုက်ခဲ့ကြောင်း မှတ်တမ်းရရှိခဲ့ပြီး ရွာသား ၁၆၈ ဦး သေဆုံးပြီး ၂၄၉ ဦး ဒဏ်ရာရရှိခဲ့သည်။ ရွာသားများသည် ၎င်းတို့၏ မွေးမြူတိရစ္ဆာန်များကိုအစာကျွေးနေခြင်း၊ လယ်ယာစိုက်ပျိုးနေခြင်း၊ အိပ်စက်နေခြင်း၊ ရပ်ရွာအဆောက်အဦးများ ဆောက်လုပ်နေခြင်း သို့မဟုတ် မိသားစု၊ သူငယ်ချင်းများနှင့်အတူ အိမ်၌စုရုံးနေခြင်းစသည့် နေ့စဉ်လုပ်ငန်းဆောင်တာများ လုပ်ဆောင်နေချိန် လေကြောင်းတိုက်ခိုက်မှုကြောင့် ထိမှန်ပြီး သေဆုံး ဒဏ်ရာရရှိရခဲ့ပါသည်။ သေဆုံးသူ သို့မဟုတ် ဒဏ်ရာရရှိသူများအနက် အနည်းဆုံး ၆၇ ဦးမှာ ကလေးများဖြစ်ကာ ၂၉ ဦးမှာ သက်ကြီးရွယ်အိုများဖြစ်ကြသည်။ အလားတူကာလအတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားမဟုတ်သူ ၂၂ ဦးသာ ထိခိုက်ဒဏ်ရာရ သို့မဟုတ် သေဆုံးခဲ့ကြောင်း မှတ်တမ်းရရှိခဲ့သည်။

ဤအခန်း၏ ပထမပိုင်းတွင် ကရင်ပြည်နယ်အတွင်း လူအသေအပျောက်များစေသော လေကြောင်းတိုက်ခိုက်မှုများ၏ သဘောသဘာဝကိုဆန်းစစ်ခြင်းဖြစ်ပြီး ဤတိုက်ခိုက်မှုများသည် သတိပေးခြင်းမရှိပဲ ရွာများအပေါ်လုပ်ဆောင်ခြင်းနှင့် တိုက်ခိုက်မှုများသည် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဖော်ပြထားသောရွာသားများ၏အမြင်များကို သုံးသပ်ထားပါသည်။ ဒုတိယပိုင်းတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ SAC လေကြောင်းတိုက်ခိုက်မှု၏ အခြားသောလက္ခဏာရပ်အချို့ကို (က) မိသားစုများနှင့် ကလေးငယ်များ အတူတကွထိမှန်သေဆုံးခြင်း၊ (ခ) အရပ်ဘက်ဒေသများတွင် ညအချိန်၌ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခြင်း၊ (ဂ) ဗုံးကြဲတိုက်ခိုက်ခြင်း၊ (ဃ) အခြားသောပဋိပက္ခနှင့်ဆက်စပ်သည့် တိုက်ခိုက်မှုများနှင့် (င) ပေါက်ကွဲမှုအားပြင်းပြီးသေဆုံးစေနိုင်သောလက်နက်ခဲယမ်းကြီးများ အသုံးပြုခြင်းများကို သုံးသပ်ထားပါသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကရင်ပြည်နယ်ရှိ ဒွေ့ပူနို့ဒေသဖြစ်ပွားခဲ့သော ပထမဆုံးလေကြောင်းဗုံးကြဲတိုက်ခိုက်မှု ဖြစ်ရပ်ကိုလည်း ဤအခန်းတွင် ဖြစ်ရပ်မှန်လေ့လာဆန်းစစ်ခြင်းတစ်ခုအဖြစ် ဖော်ပြထားပါသည်။ တတိယပိုင်းတွင် သေဆုံးမှုအရေအတွက်နှင့် ဒဏ်ရာပြင်းထန်မှုတို့အပေါ် သက်ရောက်မှုရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ခွင့် အားနည်းမှုကို သုံးသပ်ထားပါသည်။ လေကြောင်းတိုက်ခိုက်မှုများ၏ အခြားဆက်စပ်သက်ရောက်မှုများဖြစ်မှာ ဒဏ်ရာရရှိမှုကြောင့်စိတ်သောကရောက်ခြင်း၊ ထိခိုက်နစ်နာမှုများ ပြန်လည်ကုစားရန် သို့မဟုတ် ရင်ဖွင့်ရန်အခြေအနေနှင့်အချိန်အခါမရရှိခြင်း၊ ရွာသားများ၏ ကိုယ်စိတ်ကျန်းမာရေးအပေါ် သက်ရောက်မှုများအား အထက်ပါအပိုင်းများအားလုံးတွင် ထည့်သွင်းဆွေးနွေးထားပါသည်။

### ၂.၁.၁။ SAC မှ ကျေးရွာများအပေါ် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခြင်း

မှတ်တမ်းတင်ထားသော SAC လေကြောင်းတိုက်ခိုက်မှုများ၏ (၈၉.၄ ရာခိုင်နှုန်း) သည် ကရင်ပြည်နယ်ရှိ ကျေးရွာများအပေါ်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အရပ်သားများအစုလိုက်အပြုံလိုက် ထိခိုက်သေဆုံးခြင်းနှင့် လူမှုအသိုက်အဝန်းများ ပျက်စီးဆုံးရှုံးမှုအများအပြားဖြစ်ပေါ်ခဲ့သည်။ ကျေးရွာများပေါ်ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှု ၂၀၃ ဖြစ်စဉ်အတွင်း ၈၉ ခုမှာ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဘုရားကျောင်းများနှင့် ဆေးခန်းများကဲ့သို့သော ရပ်ရွာအဆောက်အဦးများပျက်စီးသွားသည့် အခြေအနေကိုတွေ့ရှိရသည်။ အခြား လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်များအနက် စိုက်ခင်းများနှင့်လယ်မြေများတွင် ၉ ခု၊ ရွှေ့ပြောင်းနေရာတွင် ၂ ခု၊ ကျေးရွာနယ်မြေများအကြားတွင် ၁၁ ခုနှင့် မိုင်းတူဖော်သည့်နေရာများတွင် ၂ ခု ဖြစ်ပွားခဲ့သည်။ ကျေးရွာများနှင့် ရပ်ရွာအဆောက်အဦးများသည် ရွာသားများ၏ လူမှုဘဝနှင့် မိသားစုဘဝသာယာဝပြောရေးအတွက် စုဝေးရာနေရာများဖြစ်ပါသည်။ သို့သော် KHRG မှတ်တမ်းပြုစုချက်များအပေါ်အခြေခံ၍ SAC သည် ကျေးရွာဒေသများအား ဆက်လက်တိုက်ခိုက်နေသောကြောင့် လုံခြုံမှုမရှိသေးပါ။

ကရင်ပြည်နယ်ရှိ ကျေးရွာများတွင် ဆောက်လုပ်ထားသောအိမ်များနှင့် ဘုရားကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးခန်းများကဲ့သို့သော ရပ်ရွာအဆောက်အဦးများ ဝေဟင်မှကောင်းစွာခွဲခြားတွေ့မြင်နိုင်ပါသည်။ အချို့သောဖြစ်စဉ်များတွင် စစ်ရေးလှုပ်ရှားမှု သို့မဟုတ် တော်လှန်ရေးတပ်ဖွဲ့ဝင်များမရှိသည့်

တိုင် တိုက်ခိုက်မှုများမဖြစ်မီအချိန် လေကြောင်းဖြင့် ထောက်လှမ်းမှု ပြုလုပ်ခြင်းနှင့် ကျေးရွာနားကပ်၍ လေယာဉ် များပျံဝဲပြီး လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ကြောင်း ရွာသားများမှ အစီရင်ခံတင်ပြကြပါသည်။ အခြားဖြစ်စဉ် များတွင် SAC အနေဖြင့် ဝေဟင်အမြင့်မှ ကျေးရွာပေါ်သို့ ဗုံးများပစ်ချခြင်း သို့မဟုတ် မှုမမှန်သော လေယာဉ်ပျံ သန်းခြင်းအစရှိသော မှားယွင်းသည့်နည်းလမ်းများကို အသုံးပြုသည့်အခြေအနေကို ရွာသားများက အထောက် အထားများနှင့်တကွ ဖော်ပြခဲ့ကြသည်။ SAC မှပြုလုပ်သည့် လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်များအားလုံးတွင် တူညီသောအချက်များမှာ ရွာသားများအား အသိပေးမှုမရှိခြင်း သို့မဟုတ် အရပ်သားများနှင့် အရပ်သားများ၏ အိုးအိမ်ပိုင်ဆိုင်မှုများ ထိခိုက်မှုမရှိအောင် အခြားသောကြိုတင်ကာကွယ်မှုနည်းလမ်းများ[26] မရှိခြင်းတို့ဖြစ်ပါသည်။ ဤအချက်များသည် အရပ်သားများကို အန္တရာယ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ် သည်ဟူသော ရွာသားများ၏အမြင်နှင့် ကိုက်ညီပါသည်။

## SAC မှ ရွာသားများအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း

ရွာသားများမှ ကျေးရွာဒေသများအပေါ် လေကြောင်းဖြင့် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်သည့် အကြောင်းနှင့်ပတ် သက်ပြီးငင်းတို့၏ အမြင်အမျိုးမျိုးကို ပြောပြခဲ့သည်။ ဘားအံခရိုင်၊ တနေဆား(နဘူး)မြို့နယ်၊ ထီးဝါ့ဘလောကျေး ရွာအုပ်စု၊ ဈအ---ကျေးရွာရှိ နော်အ--- မှ *"သူတို့က ကရင်လူမျိုးတွေကို ဖိနှိပ်ချင်တယ်လို့ ကျွန်မထင်ပါတယ်။ အရပ်သားတွေကို ဖိနှိပ်တဲ့အခါ ကျွန်မတို့စိတ်မကောင်းဘူး"* ဟု ပြောခဲ့ပါသည်။ ဒူးပလာယာခရိုင်၊ နို့တကော(ကြာ အင်းဆိပ်ကြီး)မြို့နယ်၊ ယော်ကဒေါကျေးရွာအုပ်စု၊ ဈဘ---ကျေးရွာရှိ စောဘ--- မှ *"ကျွန်တော်တို့ SAC ကိုမ ထောက်ခံလို့ လေကြောင်းကနေတိုက်ခိုက်တာလို့ထင်ပါတယ်။ ပြီးတော့ သူတို့[SAC]က အရပ်သားတွေကို 'ရန်သူ' လို့ တံဆိပ်တပ်ရင် ကျွန်တော်တို့ ကရင်တိုင်းရင်းသားတွေကလည်း သူတို့ရဲ့ ရန်သူဖြစ် လိမ့်မယ်ထင်ပါတယ်။ အဲ ဒါကြောင့် သူတို့က [လေကြောင်းတိုက်ခိုက်မှုတွေ] လုပ်တာပါ။"* ဟုဆိုခဲ့ပါသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဈဆ--- ကျေးရွာနေ နော်ဆ--- မှ *"အကြောင်းပြချက်က တွေးလို့မရတာထက်ကျော်လွန် နေတယ်။ ရွာတွေ၊ လူမှုအသိုင်းအဝိုင်းတွေကို တိုက်ရိုက်တိုက်ခိုက်ကြတာ။ ကျွန်မတို့နဲ့ ကျွန်မတို့ခေါင်းဆောင် တွေကြားမှ ပဋိပက္ခဖန်တီးဖို့ ကြိုးစားနေတယ်လို့ ထင်ပါတယ်။ သူတို့က ကျွန်မတို့ကို တော်လှန်ရေးအလုပ်တွေ ကို ထောက်ခံလို့မရဲတော့အောင် ကြောက်အောင်လုပ်ဖို့ ရည်ရွယ်တယ်။ ဒါက သူတို့ တိုက်ခိုက်ရတဲ့ ရည်ရွယ်ချက် လို့ ထင်ပါတယ်။ […] သူတို့က လက်နက်ကိုင်တပ်ဖွဲ့တွေဖြစ်တဲ့အတွက် သူတို့ရဲ့ လက်နက်ကိုင်ရန်သူတွေကိုပဲ တိုက်ခိုက်သင့်တယ်။ အရပ်သားတွေကို တိုက်ခိုက်တာ မသင့်တော်ဘူး"* ဟုပြောခဲ့ပါသည်။

ရွာများကို ပစ်မှတ်ထားခံရသည်ဟု အခိုင်အမာပြောဆိုမှုများသည် ကရင်ပြည်နယ်တွင် နှစ်ရှည်လများဖြစ်ပွား နေသော ပဋိပက္ခအတွေ့အကြုံများနှင့် 'ဖြတ်လေးဖြတ်' ဗျူဟာကို ကြာရှည်စွာအသုံးပြုခြင်းတွင် အခြေခံနေပါ သည်။ ခလယ်လွိုထူခရိုင်၊ လယ်ဒို(ကျောက်ကြီး)မြို့နယ်၊ ပဒဲကောကျေးရွာအုပ်စု၊ ဈဒ--- ကျေးရွာ လေကြောင်း တိုက်ခိုက်မှုကို မျက်မြင်တွေ့ရှိသူ ရွာသူကြီး စောဒ--- မှ *"ကျွန်တော်တို့တွေ သူတို့ (မြန်မာစစ်တပ်) အကြောင်း သိတယ်။ သူတို့က အင်အားကြီးပြီး ကျွန်တော်တို့ကို ပစ်မှတ်ထားနေကြတာ။ သူတို့က စစ်ရေးပစ်မှတ်တွေကို တိုက်ခိုက်သိမ်းပိုက်တဲ့အခါမှာ တော်လှန်ရေးတပ်ဖွဲ့တွေရဲ့ စခန်းတွေအပြင် ဒေသခံရွာသားတွေရဲ့ ပိုင်ဆိုင်မှုတွေ ကိုပါ လုယူတာတွေ ဒေသခံရွာသားတွေကို ပစ်မှတ်ထားပြီး သတ်ပစ်တာတွေကြောင့် သူတို့ရဲ့လုပ်ဆောင်ချက် တွေနဲ့ အတွေ့အကြုံတွေကနေတဆင့် ကျနော်တို့ သင်ယူခဲ့ရတာပါ။ အဲဒါကြောင့်မို့လို့ ကျွန်တော်ဒီလို ပဲထင်ပါ တယ်"* ဟုပြောခဲ့ပါသည်။ အလားတူ ဒူးပလာယာခရိုင် ပြည်တွင်းကရင်ဒုက္ခသည်ရေးရာကော်မတီ (CIDKP) အတွင်းရေးမှူး စောဃ-- မှ *"လက်ရှိအခြေအနေကို ကြည့်ရင် ရွာနဲ့ ကျေးရွာအုပ်စုက ရွာသားတွေက သူတို့ [SAC]*

[26] ဓလေ့ထုံးတမ်း အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL)၊ စည်းမျဉ်း ၁၅ ('တိုက်ခိုက်မှုတွင် ကြိုတင်ကာကွယ် မှုများဆိုင်ရာအခြေခံမှု')၊ စစ်ဆင်ရေးများတွင် အရပ်သားပြည်သူများကို မထိခိုက်စေရန် အမြဲသတိထားဆောင်ရွက်ရမည်ဖြစ်ပြီး အရပ်သားထိခိုက်သေဆုံးမှုများကို ရှောင်ရှားရန် သို့မဟုတ် နည်းပါးစေရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရပါမည်။

*ကို ဆန့်ကျင်ကြတဲ့အတွက်ကြောင့် သူတို့ [SAC] က "အမဲရောင်နယ်မြေ"* [27] *အဖြစ် သတ်မှတ်ထားတဲ့နေရာထဲမှာရှိတဲ့ ဘယ်နေရာမှာမဆို ရမ်းသမ်းတိုက်ခိုက်နေတယ်။ အဲဒါကြောင့် သူတို့ (SAC) က ဗုံးဘယ်နေရာ မှာပဲကျကျ ကျေနပ်နိုင်မှာပါ"* ဟုပြောခဲ့ပါသည်။

အချို့သောဖြစ်စဉ်များတွင် ရွာသားများမှ လေကြောင်းတိုက်ခိုက်မှုများအား စုပေါင်းပြစ်ဒဏ်ပေးသည့်ပုံစံအဖြစ် အသုံးပြုသည်ဟု ဖော်ပြကြသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဈဂ--- ကျေးရွာရှိ ကျေးရွာအုပ်စုမှူး စောဂ--- မှ *"တစ်ခါတစ်လေ လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့တွေရဲ့ တိုက်ခိုက်မှုခံရတဲ့အခါ သူတို့က လေကြောင်းတိုက်ခိုက်မှုတွေလုပ်ခဲ့ဖူးတယ်။ . […] သူတို့ခံရတဲ့အခါ နယ်မြေထဲကို ဗုံးကြဲချပြီး ပြန်တိုက်ခိုက်တဲ့အတွက် ကျွန်တော်တို့ရွာလဲ ဒီလို [အရပ်သားနှင့်စစ်ရေးပစ်မှတ်ခွဲခြားမှုမရှိပဲ ဗုံးကြဲတိုက်ခိုက်ခြင်း] ခံရတဲ့ အထဲပါခဲ့တယ်"* ဟုပြောခဲ့ပါသည်။

ပဋိပက္ခဖြစ်ပွားခြင်းမရှိပဲ အရပ်သားများ သို့မဟုတ် အရပ်သားပိုင်ဆိုင်မှုများအပေါ် ထပ်ခါတလဲလဲ ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား လေကြောင်းတိုက်ခိုက်မှုများပြုလုပ်နေကြောင်း ညွှန်ပြနေသည့် သိသာထင်ရှားသော အထောက်အထားများသည် SAC မှ ၎င်းတို့အား ပစ်မှတ်ထားတိုက်ခိုက်နေသည့် ရွာသားများ၏အမြင်များကို မှန်ကန်နေကြောင်း သိရှိရသည်။ ဥပမာဖြစ်စဥ်တစ်ခုမှာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်နေ့၌ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဈဟ--- ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ ထိုတိုက်ခိုက်မှုမတိုင်မီတွင် သတိပေးချက်များ၊ အနီးတစ်ဝိုက်တွင် တိုက်ပွဲများ သို့မဟုတ် အခြားစစ်ရေးလှုပ်ရှားမှုများမရှိသော်လည်း SAC လေယာဉ်နှစ်စင်းမှ ရွာနှင့်အနီးတစ်ဝိုက်သို့ ဗုံး ၈ လုံး ပစ်ချခဲ့သည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုကြောင့် ၃ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးအပါအဝင် ရွာသားငါးဦး သေဆုံးခဲ့ပါသည်။ အမျိုးသမီးနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့ပါသည်။ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အိမ်အများအပြားအပါအဝင် ဘုရားကျောင်းအဆောက်အဦး ၂ ခု၊ ဆေးရုံ ၁ လုံးနှင့် အသစ်တည်ဆောက်ထားသော စာသင်ကျောင်းဆောင် ၂ ဆောင် ပျက်စီးခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုအပြီးတွင် ရွာသားများသည် ပျက်စီးသွားသောအိမ်များနှင့် ရပ်ရွာအဆောက်အဦးများကို ဖြိုဖျက်ပြီး ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြသည်။

ဈဟ--- ရွာ၏အပြင်ဘက်တွင် အိမ်အမိုးလုပ်နေသော ရွာသား စောဒထ--- မှ *"လေယာဉ်က နိမ့်နိမ့်ပဲပျံသွားတယ်၊ အမြင့်မှပျံရင် ပစ်မှတ်ကို ထိမှာမဟုတ်ဘူး"* ဟု ရှင်းပြခဲ့သည်။ ရွာသားများသည် နေ့စဥ်လှုပ်ရှားမှုများ လုပ်ဆောင်နေကြရင်း လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးရကြောင်း ၎င်းမှရှင်းပြခဲ့သည်။ စောဒဇ--- နှင့် စောဒဂ--- တို့သည် ဘုရားကျောင်းအဆောက်အဦးတစ်ခု ဆောက်လုပ်နေချိန်တွင် ပွဲချင်းပြီးသေဆုံးခဲ့ရပြီး ၎င်း၏ယောက်ဖ စောဒဟ--- သည် နေအိမ်ထဲတွင် သေဆုံးခဲ့ရသည်။ နော်ဒဇ--- နှင့် သူမ၏ (၃) နှစ်အရွယ် ကလေးငယ်သည် ဝက်စာကျွေးရန် စစ်ရှောင်စခန်းတစ်ခုမှ နေရပ်သို့ပြန်လာစဉ်တွင် ဒုတိယအကြိမ် လေယာဉ်၏တိုက်ခိုက်မှုတွင် ထိမှန်၍ သေဆုံးသွားခဲ့ပါသည်။ စောဟ--- မှ ၎င်းတို့၏ ဒဏ်ရာအချို့ကို ဤကဲ့သို့ဖော်ပြခဲ့သည်။ *"အမျိုး သမီး [နော်ဒဇ---] က သူရဲ့လည်ပင်းနောက်မှ (အစအနတစ်ခု) ထိတယ်။ သူရဲ့သမီးကတော့ နဖူးမှာထိတယ်။ စောဒဇ--- ရဲ့ အစာအိမ်နဲ့ အူတွေထွက်သွားတာကိုတွေ့တယ်။ စောဒဂ--- ခန္ဓာကိုယ်ဆိုရင် အစအနတောင်ရှာမတွေ့တော့ဘူး။ သူ့ခြေဖဝါးတစ်ခုပဲ ရှာတွေ့တယ်။ သူ့ခေါင်းက ပျောက်သွားတယ်"* စောဒဇ--- ၏ ဇနီးဖြစ်သူ နော်ဇ--- မှ ၎င်း၏ သေဆုံးဒဏ်ရာများအား *"သူ့တစ်ကိုယ်လုံး... တစ်ကိုယ်လုံး နှစ်ပိုင်းပြတ်သွားတယ်"* ဟုလည်း ဖော်ပြခဲ့သည်။

နော်ဇ--- မှလက်ရှိကြုံတွေ့နေရသည့် စိန်ခေါ်မှုအချို့ကို ဤကဲ့သို့ဆက်လက်ရှင်းပြခဲ့သည်။ *"သူ [စောဒဇ---] ကျွန်မတို့ကို ထားခဲ့ပြီးကတည်းက စိန်ခေါ်မှုတွေ အများကြီးရှိခဲ့ပါတယ်။ ဥပမာ၊ ကျွန်မသားသမီးတွေကို တစ်*

27 1960 ခုနှစ်များတွင် စတင်အသုံးပြုခဲ့သော 'ဖြတ်လေးဖြတ်' ဗျူဟာအောက်တွင် မြန်မာစစ်တပ်မှ နယ်မြေများကို EAG များ၏ လှုပ်ရှားမှုအတိုင်းအတာအလိုက် 'အမည်းရောင်'၊ 'အညိုရောင်' သို့မဟုတ် 'အဖြူရောင်' အဖြစ် သတ်မှတ်ခဲ့သည်။ အမည်းရောင်နယ်မြေသည် "သူပုန်များထိန်းချုပ်ထားသည့် နယ်မြေဖြစ်သော်လည်း တပ်မတော်လှုပ်ရှားသည့်နေရာ" ဟု အဓိပ္ပါယ်ရပါသည်။ အညိုရောင်နယ်မြေသည် "သူပုန်များ လှုပ်ရှားနေသည့် တပ်မတော် ထိန်းချုပ်နယ်မြေ" ဟု အဓိပ္ပာယ်ရပါသည်။ အဖြူရောင်နယ်မြေသည် EAG လှုပ်ရှားမှုမှ "ကင်းစင်" သည့်နယ်မြေဟု အဓိပ္ပါယ်ရသည်။ ကြည့်ပါ- မောင်အောင်မျိုးမှ ၂၀၀၂ ခုနှစ်တွင် နန်ယန်းနည်းပညာတက္ကသိုလ်၊ ကာကွယ်ရေးနှင့် နည်းဗျူဟာလေ့လာရေးအင်စတီကျူ မှဆင့်ထုတ်ဝေသည့်၊ "၁၉၈၈ ခုနှစ်ကတည်းက ထိုင်းနှင့်မြန်မာ့ဆက်ဆံရေး၊" ကိုကြည့်ပါ။

*ယောက်ပြီးတစ်ယောက် ထောက်ပံ့ဖို့ဆိုတာ မလွယ်ဘူး။ အမျိုးသမီးတစ်ယောက်အနေနဲ့ ပိုက်ဆံရှာရတာ မလွယ်ဘူး။ သားသမီးတွေက ငယ်သေးလို့ စားစရာ မဟုတ်ရင်လည်း အလုပ်ရှာလို့မရသေးဘူး။ ကျွန်မအခက်အခဲများစွာနဲ့ ရင်ဆိုင်နေရပါတယ်။"* အလားတူ ဈဟ--- ရွာမှ ညီဖြစ်သူ စောဟ--- သည်လည်း အစ်မဖြစ်သူအတွက် စိုးရိမ်ရကြောင်း ဤကဲ့သို့ပြောပြခဲ့ပါသည်။ *"သူတို့မိသားစုက ဒီမှာ(ရွာမှာ)နေမယ်ဆိုရင် အခက်အခဲတွေ ကြုံရလိမ့်မယ်။ ကျွန်တော်ပြောခဲ့သလိုပဲ သူ့ကလေးတွေ ကျောင်းတက်နိုင်ဖို့ လုံခြုံတဲ့နေရာမှာ ပြောင်းနေရမယ်။ သူ [မုဆိုးမဖြစ်သူ ၎င်း၏ညီမ ၊ နော်ဇ---] က သူ့ကလေးတွေကို ပြုစုစောင့်ရှောက်ရမယ်။"*



ဤပုံကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဈဟ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် SAC တိုက်လေယာဉ်လေးစင်းသည် ဈဟ--- ကျေးရွာအတွင်းသို့ လေကြောင်းတိုက်ခိုက်မှုတစ်ကြိမ် လာရောက်ပြုလုပ်ခဲ့သည်။ တိုက်လေယာဉ်များသည် ဗုံး ၈ လုံး ကြဲချခဲ့ပြီး ထိုအထဲမှ ၆ လုံးသည် ဈဟ--- ကျေးရွာအတွင်းသို့ ကျရောက်ခဲ့သည်။ ကျန်ဗုံးနှစ်လုံးမှာ ကျေးရွာဘေးနားသို့ ကျရောက်ခဲ့သည်။ ထိုလေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသား ၅ ဦး သေဆုံးခဲ့သည်။ သေဆုံးသူ ၅ ဦးတွင် အသက် ၃ နှစ်အရွယ်ကလေးငယ်တစ်ဦးပါဝင်ပြီး အခြားရွာသား ၂ ဦး လည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဤပုံသည် လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့်ရွာသား ၄ ဦး၏ ရုပ်အလောင်းပုံဖြစ်ပါသည်။ သေဆုံးသူ ၄ ဦးတွင် အသက် ၃ နှစ်အရွယ်ကလေးငယ်တစ်ဦးပါဝင်သည်။ *(ဓာတ်ပုံ - KHRG)*

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စောသ--- မှ *"ကျွန်တော်တို့က စစ်သားတွေ မဟုတ်ဘူး။ ကျွန်တော်တို့က ရွာသားတွေပါ။ ကျွန်တော်တို့က စစ်တပ်ကို ဘယ်လိုမှ မဆန့်ကျင်ပါဘူး။ ကျွန်တော်က ကိုယ့်ရွာမှာပဲနေတာ။ ကျွန်တော်တို့နိုင်ငံရဲ့ ဥပဒေတစ်ခုမှ မချိုးဖောက်ပါဘူး။ သူတို့ [SAC] က ဘာကြောင့် ကျွန်တော်တို့ကို တိုက်လေယာဉ်နဲ့ တိုက်ခိုက်ရတာလဲ။ အရပ်သားတွေအနေနဲ့ စစ်တပ်က ကျွန်တော်တို့ကို ဖိနှိပ်တယ်ဆိုတာ နားလည်ထားရမယ်။"* ဟုပြောခဲ့ပါသည်။ နော်ဇ--- မှ SAC သည် ရပ်ရွာတိုးတက်ရေးကို ဟန့်တားရန်အတွက် မရှိမဖြစ်လိုအပ်သော ရပ်ရွာအဆောက်အဦးများကို ရည်ရွယ်၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဤတိုက်ခိုက်မှုကို စုပေါင်းဒဏ်ပေးမှုပုံစံအဖြစ် အသုံးပြုနိုင်ကြောင်း ၎င်း၏အမြင်ကို ဤကဲ့သို့ ထုတ်ဖော်ပြောပြခဲ့သည်။ *"အဆောက်အဦးတွေ ပိုများလာပြီး ပိုကောင်းလာတာကိုမြင်တဲ့အတွက် လေကြောင်းတိုက်ခိုက်မှုတွေ လုပ်ခဲ့တာပါ။ [...] မဟုတ်ရင်လည်း သူတို့တိုက် ခိုက်ခံရပြီး မကျေနပ်လို့ အရပ်သားတွေကို မကောင်းတာလုပ်ချင်တာမျိုးလည်း ဖြစ်နိုင်တယ်။"*

## အရပ်သားထိခိုက်သေဆုံးမှုများ မဖြစ်စေရန် သတိပေးချက်များမရှိခြင်း

အစီရင်ခံသည့်ကာလအတွင်း မှတ်တမ်းတင်ထားသော လေကြောင်းတိုက်ခိုက်မှုအားလုံးတွင် တူညီသောအရာမှာ အရပ်သားသေဆုံးမှုအနည်းဆုံးဖြစ်စေရန်အတွက် SAC မှ သတိပေးချက်ပေးရန် သို့မဟုတ် အခြားကြိုတင်ကာကွယ်မှုအစီအမံများကို ပြုလုပ်ရန်ပျက်ကွက်ခြင်းဖြစ်သည်။ KHRG သို့ အစီရင်ခံထားသော ဖြစ်စဉ်ပေါင်း ၂၂၇ မှုမှ ဖြစ်စဉ်တစ်ခုတွင်သာ သတိပေးချက်ရှိခဲ့ပြီး SAC ခြေလျင်တပ်ရင်း(ခလရ) ၃၁၄ တပ်ရင်းမှူး မှ SAC နှင့် ဆက်နွယ်နေသော အုပ်ချုပ်ရေးမှူးနှစ်ဦးအား ၂၀၂၁ ခုနှစ်၊ ဧပြီလ အစောပိုင်းတွင် နုတ်ဖြင့်သတိပေးမှုရှိခဲ့ပြီး ၎င်းတို့မှ ရွာသားများရှောင်တိမ်းရန် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မထော်ကျေးရွာအုပ်စု၊ ဈက--- နှင့် ဈလ--- ရွာမှ ကျေးရွာခေါင်းဆောင်များအား အသိပေးခဲ့သည့် အဖြစ်အပျက်တစ်ခုသာ ရှိခဲ့သည်။ ရွာသားများမှ သတိပေးချက်ရရှိသည့်ချိန်တွင် SAC သည် အနီးနားရှိ မယ်ဝေဒေသ၊ မယ်ဝေကျေးရွာအုပ်စုနှင့် မယ်ကောလိုနယ်မြေ၊ မယ်သုကျေးရွာအုပ်စုများတွင် လေကြောင်းတိုက်ခိုက်မှုများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် မယ်ဝေကျေးရွာဒေသအတွင်း ထိခိုက်သေဆုံးမှုများ၊ ထိခိုက်ပျက်စီးမှုများနှင့် အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာနေရမှုများ ရှိခဲ့သည်။

တစ်ချို့သောဖြစ်စဉ်တွင် ဒေသခံရွာသားများနှင့် ကျေးရွာခေါင်းဆောင်များမှ လေယာဉ်လှုပ်ရှားမှုများ သို့မဟုတ် လက်နက်ကိုင်တပ်ဖွဲ့များ၏ လှုပ်ရှားသွားလာမှု များပြားလာမှုအပေါ် အခြေခံ၍ လေကြောင်းတိုက်ခိုက်မှု ဖြစ်နိုင်ခြေကို အကဲဖြတ်နိုင်ကြောင်း တင်ပြကြပါသည်။ မည်သို့ပင်ဆိုစေကာမူ ရွာသားများသည် လေကြောင်း တိုက်ခိုက်မှုများ၏ တိကျသော ရက်စွဲ၊ အချိန်နှင့် နေရာများကို သိရှိနိုင်ရန်ခက်ခဲကြောင်း တင်ပြခဲ့ကြသည်။ ထို့အပြင် ဒေသခံရွာသားများအသုံးပြုသည့် အထိရောက်ဆုံး ကာကွယ်မှုဗျူဟာများထဲမှတစ်ခုမှာ ဆက်သွယ်ရေးဖြစ်သော်လည်း SAC သည် အချို့သောဒေသများတွင် အထူးသဖြင့် လေကြောင်းတိုက်ခိုက်မှုများပြုလုပ်သည့် အချိန်အတွင်း ဆက်သွယ်ရေးလမ်းကြောင်းများ ဖြတ်တောက်ထားကြောင်း တွေ့ဆုံမေးမြန်းမှုဖြေဆိုသူများမှ တင်ပြခဲ့ပါသည်။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်မြို့ရှိ နော်က--- မှ *"[၂၀၂၁ ခုနှစ် လက်နက်ကိုင်ပဋိပက္ခ] စကတည်းက ရွာသူရွာသားတွေ ဖုန်းဆက်သွယ်မှု ကောင်းကောင်းမရတော့ဘူး။ နေရာတိုင်းကို ဖုန်းခေါ်လို့မရဘူး။ သူတို့လည်း တောင်ကုန်းတစ်ခုပေါ်မှာရှိတဲ့ နေရာတစ်ခုမှာပဲ ကျွန်မတို့ကို ဖုန်းခေါ်လို့ရတယ်။ သူတို့ကို ကျွန်မတို့က ဒီ(မြို့)ကနေခေါ်လို့မရဘူး။ အခုလည်း ခရီးသွားတဲ့အခါ သတိထားသွားရမှာမို့လို့ ကျွန်မတို့အချင်းချင်း အခြေအနေမေးနေကြတုန်းပါပဲ။ အရင်ကလိုမျိုး ဆက်သွယ်ရေးလိုင်းကောင်းကောင်းမရှိတော့ဘူး။"* ဟုပြောပြခဲ့ပါသည်။ ဆက်သွယ်ရေးစိန်ခေါ်မှုများအား လျှော့ချစေရန်အတွက် အချို့သောရပ်ရွာခေါင်းဆောင်များနှင့် ရွာသားများသည် ရေဒီယိုစက်များကို စတင်အသုံးပြုခဲ့ကြသည်။

## ၂.၁.၂။ SAC လေကြောင်းတိုက်ခိုက်မှု၏ အခြားလက္ခဏာများ

ကရင်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုများအား SAC မှ နည်းအမျိုးမျိုးဖြင့် လုပ်ဆောင်ကြပြီး နည်းလမ်းအားလုံးသည် ရွာသားများအားထိခိုက်သေဆုံးစေနိုင်သည့်အပြင် ၎င်းတို့၏ ရပ်ရွာဒေသများအား ထိခိုက်ပျက်စီးစေနိုင်သည့် အကျိုးဆက်များရှိသည်။ အောက်ဖော်ပြပါအခန်းသည် SAC လေကြောင်းတိုက်ခိုက်မှု၏ အရေးပါသောအင်္ဂါရပ်အချို့ကို ခွဲခြားသတ်မှတ်ထားပြီး အချို့မှာ တိုက်ခိုက်မှု၏အချိန်နှင့် ပြင်းထန်မှု၊ အသုံးပြုသည့်လက်နက်များ သို့မဟုတ် ဖြစ်စဉ်များ၏ ဆက်စပ်အကြောင်းအရာများအပါအဝင် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုအရေအတွက်များအပေါ် သက်ရောက်မှုရှိသည်။

### က) မိသားစုများနှင့် ကလေးများ နေအိမ်တွင် အတူတကွရှိနေစဉ် ထိမှန်သေဆုံးခြင်း

စာသင်ကျောင်းများ၊ ကျောင်းဆောင်များ၊ ဘုရားကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ အပါအဝင် ကျေးရွာများအတွင်းသို့ မြန်မာစစ်တပ်မှ လေကြောင်းတိုက်ခိုက်မှုများကြောင့် ရွာသူရွာသားများ အထူးသဖြင့် မိသားစုများ သို့မဟုတ် ကျောင်းသားများသည် မကြာခဏသေဆုံး သို့မဟုတ် ဒဏ်ရာရရှိခဲ့ကြသည်။[28] ကရင်ပြည်နယ်တစ်ဝှမ်းရှိ ရွာသားများထံမှ စုဆောင်းရရှိထားသော သက်သေခံချက်များအရ နေအိမ်များအတွင်း အတူတကွသေဆုံးခဲ့ရသည့် ကလေးငယ်များနှင့် မိသားစုများ၏အရေအတွက် မြင့်မားနေပါသည်။

ဥပမာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ ညနေ ၆ နာရီအချိန်ခန့်တွင် SAC လေယာဉ်တစ်စင်းမှ ဗုံး ၄ လုံးအား မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ နားကိုခီးကျေးရွာအုပ်စု၊ ဈမ--- ကျေးရွာအတွင်းရှိ ရွာသားများ၏ နေအိမ်များနှင့် ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာန(KECD)[29] မှ စီမံကွပ်ကဲသော ကျောင်းတစ်ကျောင်းပေါ်သို့ ကြဲချခဲ့ပါသည်။ နယ်မြေအနီးတဝိုက်တွင် တိုက်ခိုက်မှုမတိုင်မီ အခြားစစ်ရေးလှုပ်ရှားမှုများ၊ စစ်တပ်စခန်းများ သို့မဟုတ် စစ်သား

---

[28] ဥပမာအားဖြင့် KHRG မှ ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော *"တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါ်ဖားခိုမြို့နယ်တွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသား (၄)ဦးသေဆုံးပြီး ကလေးအပါအဝင် အခြားရွာသား (၉)ဦးထိခိုက်ဒဏ်ရာရ (၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ)"* နှင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသော *"တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါ်ဖားခိုမြို့နယ်တွင်ဖြစ်ပွား ခဲ့သည့် လေကြောင်းပစ်ခတ်မှု၊ နေရပ်ရွှေ့ပြောင်းခံရမှုနှင့် အရပ်သားအိုးအိမ် ပိုင်ဆိုင်မှုများပျက်စီးခြင်း (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ)"* တွင်ကြည့်ပါ။

[29] ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာနသည်(KECD)သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ပညာရေးဝန်ကြီးဌာနဖြစ်ပါသည်။ ၎င်း၏အဓိက ပန်းတိုင်သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင်နေထိုင်သော ကရင်လူမျိုးများအတွက် ပညာရေးစနစ်အား မိခင်ဘာသာဖြင့်ဝန်ဆောင်မှုပေးရန်ဖြစ်သည်။ ထို့အပြင် ကရင်ဘာသာစကား၊ ယဉ်ကျေးမှုနှင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းရန်ဖြစ်သည်။ ဒေသအတွင်းပညာရေးဝန်ဆောင်မှုပေးရာတွင် အရေးကြီးသည့်ဌာနတစ်ခုဖြစ်သော်လည်း မြန်မာအစိုးရ၏အသိအမှတ်ပြုမှုခံရခြင်းမရှိပေ။

များမရှိခဲ့ကြောင်း ရွာသားများမှ ပြောပြခဲ့ပါသည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် ကလေးငယ်သုံးဦးနှင့် ရွာသားတစ်ဦး သေဆုံးခဲ့ပါသည်။ ကလေးငယ်လေးဦးနှင့် ရွာသားနှစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ အချို့သောထိခိုက်သေဆုံးမှုများမှာ ဘော်ဒါဆောင်တစ်ခုတည်းတွင် နေထိုင်နေကြသည့် အခြားကျေးရွာများမှ ကျောင်းသားများဖြစ်ပါသည်။ အခြားသောထိခိုက်သေဆုံးသူများမှာ မိသားစုတစ်စုတည်းဖြစ်သည့် သေဆုံးသွားခဲ့သူ အသက် ၄၇ နှစ်အရွယ် စောဒသ--- နှင့် ၎င်း၏ ၁၃ နှစ်အရွယ် သားဖြစ်သူ စောဒက--- တို့ဖြစ်ကြပြီး ၎င်း၏အခြား သားသမီးနှစ်ဦးဖြစ်သည့် နော်လ--- နှင့် စောမ--- တို့သည် ဒဏ်ရာအသီးသီးရရှိခဲ့ပါသည်။[30] စောဒသ---နှင့်ဆွေမျိုးတော်စပ်သူဖြစ်သည့်အပြင် ကျောင်းအုပ်ကြီးလည်းဖြစ်သူ စောန--- မှ *"ဗုံးကသူ့အိမ်ပေါ်ကျပြီး သူ့[စောဒသ---]ကို ထိသွားတယ်။ သူ့ခေါင်းက ပျောက်သွားတယ်။ သူ့ရဲ့သား [စောဒက---] တစ်ယောက်လည်း ဆုံးသွားတယ်။ သူ့ရဲ့အူတွေအပြင်ကိုပေါက်ထွက်ပြီး ဆုံးသွားတယ်။ စောဒက-- ရဲ့ညီလေး ကတော့ မျက်နှာမှ ဒဏ်ရာအပြင်းအထန်ရသွားတယ်။ စောဒက--- ရဲ့အစ်မကလည်း မျက်နှာမှာ ဒဏ်ရာရတယ်။"* ဟုရှင်းပြခဲ့ပါသည်။

ဒဏ်ရာရကျောင်းသားနှစ်ဦး၏မိခင် စောဒသ---နှင့် ညီမဖြစ်သူ နော်ဝ--- မှ *"သူတို့ [SAC] က ကျွန်မကလေးတွေရဲ့ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကို ဖျက်ဆီးလိုက်တယ်။ ဒါတင်မကဘူး ကျွန်မမောင်ရဲ့မိသားစုအခြေအနေကို တွေးကြည့်လိုက်လို့ရှိရင် သူဆုံးသွားပြီးတဲ့နောက်မှာ သူ့ကိုကူညီပေးမယ့် သားကြီးလည်း မရှိတော့တဲ့အတွက် သူ့ဇနီးကို ဘယ်သူစောင့်ရှောက်ပေးမလဲ ကျွန်မမသိတော့ဘူး။ ကျန်ခဲ့တဲ့မိသားစုက အသက်မွေးဝမ်းကြောင်းအတွက် တစ်ခုခုလုပ်ဖို့တော်တော်ခက်တယ်။ ဒီအကြောင်းတွေကို ကျွန်မလှဲချပြီး တွေးကြည့်တဲ့အခါမှာ တကယ်ကြေကွဲရတယ်။ အသေးအမွှားဆိုလို့ရှိရင်တော့ အဆင်ပြေပေမဲ့လည်း ဒါက ကျွန်မတို့ကို တော်တော်ထိခိုက်တယ်။ သူ့[စောဒသ--- ]ရဲ့ဇနီးက [လေကြောင်းတိုက်ခိုက်မှုကြောင့်] သူ့ရဲ့မိသားစုဝင်တွေ သေဆုံးတာတွေ ထိခိုက်ဒဏ်ရာရတာတွေကြောင့် တကယ်ကြေကွဲရတယ်။ ကျွန်မရဲ့တူနဲ့တူမလေးတွေက ညတိုင်းငိုတဲ့အတွက် သူတို့ကိုတကယ်သနားမိတယ်။ အထူးသဖြင့် သူ့မိန်းမကို အရမ်းသနားတယ်။ သူတို့မိသားစုမှာ တခြားဝင်ငွေမရှိတာကြောင့် မိသားစုအတွက် သူရုန်းကန်နေရတယ်။ သူ့ကိုကူညီဖို့ သားကြီးတစ်ယောက်မှ မရှိတော့ဘူး"* ဟုရှင်းပြခဲ့ပါသည်။

KHRG သို့ ဒေသခံရွာသားများက ရှင်းပြသည့်အတိုင်း လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားချိန်တွင် ရွာသားအများအပြားသည် ဆုတောင်းပွဲမှ ပြန်လာသည့်အချိန်ဖြစ်သည်။ အဆောက်အဦးအားလုံးသည် အရပ်သားအဆောက်အဦးများဖြစ်ပြီး အရှေ့တွင် ကြီးမားသောကျောင်းဝင်းကြီးတစ်ခုရှိသည့် E ပုံစံ ကျောင်းအဆောက်အဦးအပါအဝင် အချို့သောအဆောက်အဦးများသည် ဝေဟင်ပေါ်မှ ကောင်းမွန်စွာ ခွဲခြားသိမြင်နိုင်ပါသည်။ တိုက်ခိုက်မှုကြောင့် ဘုရားကျောင်းတစ်ကျောင်း၊ ဘော်ဒါဆောင်၊ အိမ်များနှင့် သစ်ပင်အများအပြား ထိခိုက်ပျက်စီးသွားခဲ့ပါသည်။ ရွာသူကြီးစောပ---မှ *"မင်းအောင်လှိုင် ကိုယ်တိုင်က KNU နဲ့ ပတ်သက်နေတဲ့ အဆောက်အဦးတွေနဲ့ ကရင်ပြည်သူတွေကို ဖျက်ဆီးဖို့ ပြောတယ်။ […] ရွာသားတွေနဲ့ ရပ်ရွာလူထုကို လေကြောင်းကနေ တိုက်ခိုက်တယ်။ […] သူတို့က သူတို့ရဲ့ရန်သူကို တိုက်ခိုက်တာမဟုတ်ပဲ ရွာသားတွေကို တိုက်ခိုက်တာပါ"* ဟုပြောပြခဲ့သည်။ စောဒသ--- ၏သမီးဖြစ်သူ နော်ခ---မှ *"သူတို့လုပ်တဲ့ပုံစံအတိုင်းဆိုရင် ဒါ [လေကြောင်းတိုက်ခိုက်မှု] က ကျွန်မတို့အတွက် အန္တရာယ်အရှိဆုံးလို့ ပြောလို့ရတယ်။ သူတို့ [SAC] က ရွာထဲကို မမျှော်လင့်ပဲ [လေကြောင်းတိုက်ခိုက်မှု] လုပ်တယ်။ […] ရွာသားတွေနဲ့ ကျောင်းသားတွေ သေကြေပျက်စီးရအောင် (လေကြောင်းတိုက်ခိုက်မှု) လုပ်ပြီး ရွာထဲမှာကျွန်မတို့ကို ဘာကြောင့်ပစ်ခတ်ရတာလဲ။ […] ကျွန်မအမြင်မှာတော့ သူတို့ပစ်တဲ့နေရာက သူတို့ရဲ့ရန်သူနေရာ မဟုတ်တာကြောင့် ဒါကမမှန်ဘူးလို့ထင်ပါတယ်။ အရပ်သားတွေကို ပစ်ခတ်တယ်။ ရွာသားတွေကိုပစ်ခတ်တယ်။ ကျောင်းသားတွေကိုပစ်ခတ်တယ်။ သူတို့ရန်သူကို ပစ်တာမဟုတ်ဘူး"* ဟု ပြောပြခဲ့ပါသည်။ စောဒသ--- ၏ညီမ နော်ဝ-- မှ *"သူတို့က ရွာသားတွေကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားနေတယ်လို့ ထင်ပါတယ်"* ဟု ထပ်မံရှင်းပြခဲ့ပါသည်။

ဥပမာအားဖြင့် ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်နေ့ ညနေ ၅ နာရီမှ ၆ နာရီအတွင်း SAC တိုက်လေယာဉ်နှစ်စင်းသည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ထီးသာဆောဒေသ၊ ကျူးလန်းကျေးရွာအုပ်စု၊ ဈန--- ကျေးရွာတွင် ဗုံး ၃ လုံး ကြဲချခဲ့ပြီးနောက် ဈဝ--- နှင့် ဈပ--- ရွာများတွင် (လေယာဉ်မှ စက်သေနတ်များဖြင့်ပစ်ခတ်၍) လေကြောင်းတိုက်

30 KHRG မှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင်ထုတ်ဝေသော *"အကြမ်းဖက်တိုက်ခိုက်ခံရသော စာသင်ကျောင်းများ ၊ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ကြုံတွေ့ရသော ပညာရေးဆိုင်ရာစိန်ခေါ်မှုများ (၂၀၂၃ ခုနှစ်၊ ဇွန်လမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ) "*၊ စာမျက်နှာ ၆-၇ တွင်ကြည့်ပါ။

ခိုက်မှုများ ထပ်မံပြုလုပ်ခဲ့ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် ဈန---ရွာတွင်နေအိမ် ၂ လုံး၊ ဈဝ--- ကျေးရွာရှိ စာသင်ကျောင်းနှင့် ဈပ---ကျေးရွာရှိ နေအိမ်များ ပျက်စီးခဲ့ပါသည်။ ဈန--- ရွာရှိ ထိခိုက်ပျက်စီးသွားခဲ့သော နေအိမ်များအတွင်း ရွာသား ၃ ဦး သေဆုံးကာ ၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။ သေဆုံးသူများမှာ မိသားစုဝင် ၃ ဦးဖြစ်သည့် အသက် ၂၂ နှစ်အရွယ် ဒလ-- နှင့် ၎င်း၏ မိခင်နှင့် ဖခင် ဒမ-- နှင့် ဒန-- တို့ဖြစ်ပါသည်။ ဖခင်ဖြစ်သူနှင့်သမီးဖြစ်သူများသည် ပွဲချင်းပြီးသေဆုံးသွားကာ မိခင်ဖြစ်သူမှာ ဇရပ်ကြီးဆေးရုံ၌ ညတွင်းချင်း သေဆုံးသွားခဲ့ပါသည်။ ဒဏ်ရာရရှိသူရွာသားများ မှာ ဒလ--- ၏ ဦးလေးနှင့် ဝမ်းကွဲများဖြစ်ပါသည်။



ဤပုံကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စုအတွင်းရှိ ဈရ--- ကျေးရွာနေ ရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် SAC တိုက်လေယာဥ်များသည် မာထောကျေးရွာအုပ်စု၊ ဈရ--- ကျေးရွာအတွင်းသို့ ဗုံးများလာရောက်ကြဲချခဲ့သည်။ ထိုဗုံးကြဲချမှုကြောင့် စိုင်း ဒပ--- (အသက် ၄၅ နှစ်) နှင့် နော်ဒခ--- (အသက် ၄၃ နှစ်)စသည့် ဇနီးမောင်နှံနှစ်ဦးသေဆုံးခဲ့ရပြီး ၎င်းတို့၏ ကလေး ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ စုစုပေါင်းအားဖြင့် နော်စ--- (၂၂ နှစ်)၊ စောတ--- (၃၀ နှစ်)၊ စောဖ--- (၁၆ နှစ်)၊ နော်ထ--- (၃၂ နှစ်)၊ စော ယ--- (၃၅ နှစ်) နှင့် စိုင်းဈ--- (၇ နှစ်) စသည့် ရွာသား ၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဤပုံသည် နေအိမ်အတွင်း သေဆုံးခဲ့ရသော စိုင်းဒပ--- ၏ ရုပ်အလောင်းပုံ ဖြစ်ပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် တောအူးခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်၊ ထီးသာစောနယ်မြေ၊ ဈခ---ကျေးရွာ၌ စက်သေနတ်နှင့် ဗုံးများ အသုံးပြု၍ လေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး အနည်းဆုံး အိမ် ၁၅ လုံး၊ ဘုရားရှိခိုးကျောင်း၊ စာသင်ကျောင်းနှင့် စိုက်ခင်းများအပါအဝင် အရပ်သားပိုင်ဆိုင်မှုအများအပြား ထိခိုက်ပျက်စီးခဲ့သည်။ ဗုံးထိမှန်ခဲ့သော နေအိမ်များအနက်မှ အိမ်တစ်အိမ်အတွင်းတွင် နော်ဒဝ--- နှင့် ၎င်း ၏သားသမီး သုံးဦး (၁၄ နှစ်အရွယ် စောဒဆ---၊ ၉ နှစ်အရွယ် စောဒဒ---၊ နှင့် ၁၂ နှစ်အရွယ် နော်ဒဃ---) နှင့် သူမ၏ ၁၂ နှစ်သားတူလေးတို့ရှိခဲ့ပါသည်။ နော်ဒဝ---၏ တူဖြစ်သူသည် ဦးခေါင်းအနောက်ဘက်တွင် ဗုံးအစထိမှန်ပြီး ပွဲချင်းပြီးသေဆုံးသွားကာ ကျန်မိသားစုဝင်လေးဦးသည် ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပါသည်။ ဒဏ်ရာရရှိသွားသော သားသမီးများနှင့်မိခင်အား ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီးနောက် မိခင်ဖြစ်သူသည် ဒဏ်ရာများကြောင့် သေဆုံးသွားခဲ့ပါသည်။ ဈခ--- ရွာမှ ရွာသားတစ်ဦးဖြစ်သူ စောရ--မှ ဤကဲ့သို့ရှင်းပြခဲ့ပါသည်။ *“သူတို့အမေဆုံးသွားတော့ စားဝတ်နေရေးက အဆင်မပြေတော့ဘူး။ ကလေးတွေက အရမ်းငယ်သေးတော့ အိမ်မှာပဲ နေနေကြတယ်။ သူတို့အဖေကပဲ သူတို့ကို စောင့်ရှောက်နေရတယ်။”* လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားချိန်ဝန်းကျင်တွင် ကျေးရွာအတွင်း တိုက်ပွဲများမရှိခဲ့သော်လည်း အနီးနားရှိ ယာဒွန်ကျေးရွာတွင် တိုက်ပွဲဖြစ်ပွားပြီးနောက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)[31] ဝင်အချို့သည် ကျေးရွာအတွင်း တစ်ညတာ နားနေခဲ့ကြောင်း သိရပါသည်။[32] စောရ--- မှ *“လေယာဉ်သုံးတာက အရပ်သားတွေအတွက် အရမ်းအန္တရာယ်များတယ်။ ထိခိုက်ပျက်စီးတာ၊ ဒဏ်ရာ*

31 ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)သည် လက်နက်ကိုင်တောင်လှန်ရေးတစ်ခုဖြစ်ပြီး နိုင်ငံအနှံ့အပြားတွင် လွှတ်လပ်စွာဖွဲ့စည်းတည်ထောင်ထားသည့် ဒေသခံပြည်သူ့စစ်များဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့ စစ်အာဏာသိမ်းခြင်းနှင့် စစ်အာဏာရှင်၏ ဆက်တိုက်ရက်စက်ကြမ်းကြုပ်သော အကြမ်းဖက်လုပ်ရပ်များကြောင့် ထိုအဖွဲ့၏အများစုသည် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဟု အခိုင်အမာဆိုထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)နှင့် စတင်ပူးပေါင်းဆောင်ရွက်လာကြပြီး ၂၀၂၁ ခုနှစ်၊ မေလ (၅)ရက်နေ့တွင် NUG မှ အနာဂတ်ဖက်ဒရယ်အတွက်ရေးရှုရန်အတွက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များအား တရားဝင်သတ်မှတ်ပေးခဲ့သည်။

32 KHRG မှ ၂၀၂၄ ခုနှစ်၊ ဖေဖေါ်ဝါရီလတွင် ထုတ်ဝေသော *“တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါ်ဖားခိုမြို့နယ်တွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားနှစ်ဦးသေဆုံး၍ ကလေးသုံးဦး ဒဏ်ရာရရှိခဲ့ပြီး ရွာသားများ၏အိုးအိမ်ပိုင်ဆိုင်မှုများလည်း ထိခိုက်ပျက်စီး (၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ)”* တွင် ကြည့်ပါ။

*ရတာနဲ့ သေဆုံးတာလိုမျိုး အရပ်သားတွေကို ထိခိုက်တာတွေ အများကြီးရှိခဲ့တယ်။ လေကြောင်း တိုက်ခိုက်တာကြောင့် အပြစ်မဲ့ ကလေးငယ်တွေနဲ့ ရွာသားတွေ သေဆုံးခဲ့ရတယ်။ [...] သူတို့က တောင်ပေါ်ဒေသမှာနေထိုင်တဲ့ အပြစ်မဲ့အရပ်သားတွေကို လေကြောင်းတိုက်ခိုက်တာ လုပ်တယ်လို့ ခံစားရတယ်။ လေကြောင်းတိုက်ခိုက်တာကြောင့် လူတွေသေဆုံးတာတွေ မိသားစုနဲ့ ကွဲကွာရတာတွေရှိတဲ့အတွက် ကျွန်တော်တို့ စိတ်မကောင်းဖြစ်မိပါတယ်။”* ဟုပြောပြခဲ့ပါသည်။

## ခ) ညအချိန်၌ အရပ်ဘက်ဒေသတွင် လေကြောင်းဖြင့်တိုက်ခိုက်ခြင်း

ကရင်ပြည်နယ်ရှိ အရပ်သားဒေသများအတွင်း လေကြောင်းတိုက်ခိုက်မှုများကို SAC မှ ညဘက်တွင် မကြာခဏ ပြုလုပ်လေ့ရှိသည်။ အစီရင်ခံချက်များအရမှ လေကြောင်းတိုက်ခိုက်မှု အနည်းဆုံး ၅၂ ကြိမ်သည် ရွာသားများ ညနေစာပြင်ဆင်ချိန်၊ မိတ်ဆွေများနှင့် မိသားစုများ စုဝေးချိန် သို့မဟုတ် ၎င်းတို့၏နေအိမ် သို့မဟုတ် ရွှေ့ပြောင်းနေထိုင်သည့်နေရာများတွင် အိပ်နေစဉ် ညအချိန်(မှောင်ပြီးနောက်)တွင် ဖြစ်ပွားခဲ့ပါသည်။ ညအချိန်တွင်ဖြစ်ပွားသောတိုက်ခိုက်မှုများသည် ရွာသူရွာသားများ သတိမထားမိသည့်အချိန်များဖြစ်ပြီး ထွက်ပြေးရန်ခက်ခဲသောကြောင့် ရွာသားများ၏ အသက်အန္တရာယ်ကို ပိုရှိစေပါသည်။ ညအချိန်တွင် ထွက်ပြေးခြင်းသည်လည်း ဒဏ်ရာများထပ်မံရရှိနိုင်စေကာ ထိုအချိန်များအတွင်း ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ခက်ခဲလှပါသည်။ ထို့အပြင် ညဘက်တွင်ဖြစ်ပွားသည့် လေကြောင်းတိုက်ခိုက်မှုများသည် ရွာသူရွာသားများအကြား ကြောက်လန့်မှုဖြစ်စေပြီး အချို့သောရွာသားများသည် ညဘက်တွင် စိုးရိမ်ရခြင်းနှင့် အစဉ်အမြဲသတိထားနေရခြင်းကြောင့် အိပ်၍မရကြကြောင်း တင်ပြကြသည်။

ဖြစ်စဉ်တစ်ခုတွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ ည ၇ နာရီခန့်အချိန်၌ SAC လေယာဉ်တစ်စင်းသည် ဒူးပလာယာ ခရိုင်၊ ကော်တရီမြို့နယ်၊ သေ့ဘောဘိုးကျေးရွာအုပ်စု၊ ဈတ---ကျေးရွာအတွင်းသို့ ဗုံးအများအပြား ကြဲချခဲ့သည်။ ရွာအနီးတွင် SAC တပ်စခန်းတစ်ခုရှိသော်လည်း လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်ကာလတွင် အဆိုပါဒေသအတွင်း တိုက်ပွဲများ သို့မဟုတ် အခြားစစ်ရေးလှုပ်ရှားမှုများမရှိသဖြင့် ရွာသားများသည် အိုးအိမ်စွန့်ခွာ ထွက်ပြေးခြင်း မရှိခဲ့ပေ။ ရွာသားများသည် ၎င်းတို့၏အိမ်တွင် ညစာစားခြင်း၊ ရုပ်မြင်သံကြားကြည့်ခြင်း၊ ဘုရားဝတ်ပြုခြင်း၊ အိပ်ရန်ပြင်ဆင်ခြင်းများ ပြုလုပ်ကြပြီး လေကြောင်းတိုက်ခိုက်မှုဖြစ်လာမည်ကို မသိကြပေ။ အဆိုပါဗုံးကြဲတိုက်ခိုက်မှုကြောင့် ရွာသားနှစ်ဦးဖြစ်သည့် စောဒရ--- (အသက် ၂၅ နှစ်)နှင့် စောဒစ--- (အသက် ၃၆ နှစ်)တို့ သေဆုံးသွားခဲ့သည်။ မိသားစုဝင်များဖြစ်သည့် အခြားရွာသားသုံးဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရွာသားတစ်ဦးဖြစ်သည့် နော်အအ--- မှ KHRG အား *“အဲဒီညမှာ ကျွန်မရဲ့အဖေနဲ့တူမတို့က ဧည့်ခန်းထဲမှာ စကားပြောနေကြတယ်။ ကျွန်မကတော့ အိပ်ခန်းထဲမှာအိပ်ဖို့အတွက် ခြင်ထောင် ထောင်နေတယ်။ အဲဒီအချိန်မှာ လေယာဉ်တစ်စီးက ကျွန်မတို့ရဲ့အနီးအနားကို ပျံလာတယ်။ အသံက ‘တူ’ ကနဲပဲ အရမ်းကျယ်တယ်။ လေယာဉ်ရဲ့ အောက်မှာ ရောက်နေသလိုပဲ။ ဒီလိုကျယ်တဲ့အသံတစ်ခါမှမကြားဖူးဘူး။ ဒီလိုမျိုးလဲတစ်ခါမှမကြုံဖူးဘူး။ ကျွန်မအသံတွေကြားရတယ်။ (ဗုံး) အစအနတွေလည်းအိမ်ပေါ်ကိုကျလာတယ်။ အသံက ‘ပရာ ပရာ ပရာ’ လိုမျိုး။ ပြီးတော့အိမ်ကြမ်း ပြင်ပေါ်မှာလည်း ‘ကလော် ကလော်’ လိုမျိုးအသံတွေကြားရပြီးတော့ ကျွန်မရဲ့ခန္ဓာကိုယ်လည်း [ပေါက်ကွဲမှုကြောင့်] လွင့်သွားတယ်။ [...] ကျွန်မအိမ်ထဲမှာပတ်ပြေးပြီး ‘အဖေ အဖေ တူမလေး တူမလေး’ဆိုပြီးလိုက်ခေါ်တယ်။ တူမလေးဘယ်မှာလဲ။ အဖေဘယ်မှာလဲ။ ကျွန်မအဖေကိုတွေ့တော့ သူ့ခြေထောက်ကိုဆွဲထားပြီး လဲနေတယ်။ ပြီးတော့သူက လက်ကိုခေါင်းပေါ်တင်ပြီး “ငါလမ်းမလျှောက်နိုင်တော့ဘူးထင်တယ်။ ငါ့ခြေထောက်ကျိုးပြီထင်တယ်” လို့ပြောတယ်။ [...] ကျွန်မအပြင်ပြေးထွက်ပြီး အကူအညီရဖို့ လူတွေလိုက်ရှာတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေကလည်းချိုင့်ထဲ့[လုံခြုံတဲ့နေရာ]ကို တစ်ကွဲတစ်ပြားပြေးသွားကြတယ်။ ကျွန်မပြေးနေရင်း အမျိုးသမီးတစ်ယောက်ကိုတွေ့ပြီး ‘ကျွန်မ[အစအန]ထိသွားပြီလို့’ သူ့ကိုပြောတယ်။ ဒါပေမယ့် ကျွန်မလမ်းလျှောက်တဲ့အချိန် သွေးတွေနဲ့ချော်မှ [...] ဘယ်မှာထိလဲသိသွားတယ်။ [...] ပြီးတော့ အခြားရွာသားတွေက ကျွန်မရဲ့ခြေထောက်ပေါ် မီးနဲ့ထိုးမှ ကျွန်မခြေထောက် [ဗုံးအစအနထိပြီး] ကျိုးနေတာတွေ့တယ်။ ဒဏ်ရာကတော်တော်ကျယ်တယ်။ [...] ကျွန်မနဲ့စုမိတဲ့သူတွေကလည်း အမျိုးသမီးတွေချည်းပဲ။ အဲဒါနဲ့သူတို့တွေက ကျွန်မကိုသူတို့ရဲ့ ကျောကုန်းပေါ်မှာ ခြံတစ်ခုကိုကျော်သွားတဲ့အထိ[ပြေးနေရင်း]သယ်သွားတယ်။ ပြီးတော့အမျိုးသားတွေက ကျွန်မကိုထပ်သယ်တယ်။ ကျွန်မတို့ကားရှိတဲ့နေရာကိုရောက်တဲ့အခါမှာ ကျွန်မရဲ့ [အသက် ၇၅ နှစ်] အဖေလဲနေတာ*

*ကိုတွေ့လိုက်တယ်။ သူမလှုပ်တော့ဘူး။ […] ကျွန်မရဲ့ [အသက် ၁၉ နှစ်] တူမလည်းပေါင်အထက်ပိုင်း [ပေါင်ကြား] မှာဒဏ်ရာရထားလို့နာပြီးငိုနေတယ်။* ၎င်းတို့မိသားစုဝင်သုံးဦးသည် နယ်စပ်၏အခြားတစ်ဘက်တွင် ဆေးကုသမှုများ ခံယူနိုင်ခဲ့သည်။ နော်အအ--မှ *"ကျွန်မတို့ကို ထိုင်းဘက်ခြမ်း၊ ဖုတ်ဖရ[ခရိုင်] မှာ ဆေးကုသဖို့ခေါ်သွားပြီး ကျွန်မအဖေကို မဲဆောက်မြို့[ဆေးရုံ]မှာ ပို့ထားတယ်။ ဒဏ်ရာရတဲ့ခြေထောက်မှာ ချုပ်ရိုး ၁၂ ချက်ချုပ်ရတယ်။ အရေပြားပေါ်က မျက်ခွံနဲ့ နှုတ်ခမ်းအပေါ်မှာလည်း [ဒါဏ်ရာရခဲ့တယ်]။ ကျွန်မစိတ်ထဲမှာ အရမ်းကြောက်ပြီး ဘာလုပ်ရမှန်းမသိတော့ဘူး။"* ဟုရှင်းပြခဲ့သည်။ သေ့ဘောဘိုးနယ်မြေအတွင်း ဗုံးကြဲတိုက်ခိုက်မှုများ ဆက် လက်ဖြစ်ပွားခဲ့ပြီး အရပ်သားလေးဦးထက်မနည်း ထိခိုက်ခဲ့သည်။

အခြားဥပမာတစ်ခုအနေဖြင့် ၂၀၂၄ ခုနှစ်၊ မေလတွင် SAC တိုက်လေယာဉ်တစ်စင်းသည် ခလယ်လွိုထူခရိုင် မူး (မုန်း)မြို့နယ်၊ ကွီးဒူးခေါ်ကျေးရွာအုပ်စုအတွင်း ညအချိန်၌ လေကြောင်းတိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ပါသည်။ ထိုလေယာဉ်သည် အရေအတွက်မသိရသော ပေါင် ၃၀၀ ဗုံးများကို ကြဲချခဲ့ပြီး ၎င်း၏နေအိမ်တွင် အိပ်ပျော်နေသော ရွာသားတစ်ဦး သေဆုံးကာ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ကွီးဒူးခေါ်ကျေးရွာအုပ်စု၊ ဈဖ--- ကျေးရွာမှ ရွာသား စောအဘ--- မှ *"[၂၀၂၄ ခုနှစ်၊ မေလ]မှာဖြစ်ခဲ့တဲ့ လေကြောင်းတိုက်ခိုက်မှုက ညအချိန်မှာဖြစ်တော့ [လေယာဉ်]ကို မတွေ့ခဲ့ရဘူး။ အသံက 'ဝေါ…ဝေါ' နဲ့ [ရွာသားအချို့] က ဗုံးခိုကျင်းထဲကို ပြေးဝင်သွားတယ်။ တစ်ချို့ကလည်း အိပ်ပျော်နေတာ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားမှ နိုးလာကြတယ်။ […] သူတို့ [ထိခိုက်သူများ] က အိပ်ပျော်နေတယ်။ ဒဏ်ရာရတဲ့ [အမျိုးသမီး] တစ်ဦးက [လေကြောင်းတိုက်ခိုက်မှုကြောင့်] နိုးလာပြီး လေကြောင်းတိုက်ခိုက်မှုကိုရှောင်ဖို့ ပြေးသွားတယ်။ သေသွားတဲ့ရွာသားဆိုရင် သူက မနိုးလို့ [သူ့အိမ်နားမှာ] ဗုံးတွေကျလာတော့ ထိမှန်ပြီး ချက်ချင်းသေသွားတယ်။"* ဒဏ်ရာရအမျိုးသမီးသည် KNU အုပ်ချုပ်မှုအောက်ရှိ ဆေးခန်းတစ်ခုတွင် အခမဲ့ ဆေးကုသမှုခံယူခဲ့သည်။

ရွာသားများမှ ညဘက်တွင် လယ်မြေများအပါအဝင် ရပ်ရွာအလုပ်ခွင်များအတွင်းသို့ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်သောကြောင့် အရပ်သားများ သေဆုံးခဲ့ကြောင်း တင်ပြခဲ့သည်။[33] ညဘက်တွင် SAC လေကြောင်း တိုက်ခိုက်မှုကြောင့် ခလယ်လွိုထူခရိုင်နှင့် ဒူးပလာယာခရိုင်ရှိ မိုင်းတွင်းဒေသ နှစ်ခုထက်မနည်းတွင် အလုပ်လုပ်နေသည့် မိုင်းတွင်းလုပ်သား ၁၂ ဦး သေဆုံးပြီး ၈ ဦး ဒဏ်ရာရရှိခဲ့သည်။[34]

ညအမှောင်ထဲတွင် ထွက်ပြေးရန် ခက်ခဲသောကြောင့် ရွာသူရွာသားများသည် ချွန်ထက်သော အရာများပေါ်သို့ ပြုတ်ကျ၍ထိခိုက်ခြင်း သို့မဟုတ် ထွက်ပြေးနေစဉ် ထိခိုက်ဒဏ်ရာရရှိခြင်းများ ထပ်မံဖြစ်ပွားခဲ့ကြောင်း တင်ပြခဲ့ကြသည်။ ဥပမာအားဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် SAC လေယာဉ် ၃ စင်းသည်မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မယ်သုကျေးရွာအုပ်စု၊ ဈထ--- ကျေးရွာပေါ်သို့ ပျံသန်းသွားပြီး ရွာအတွင်းရှိ ဆေးခန်းအနီးတစ်ဝိုက်တွင် ဗုံး ၂ လုံး ပစ်ချခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသူရွာသားများ၏ နေအိမ်များနှင့် ဆေးခန်းအဆောက်အဦးများ ပျက်စီးခဲ့သည်။ အမှောင်ထုအတွင်း လေကြောင်းအန္တရာယ်မှ ထွက်ပြေးနေစဉ်တွင် ချွန်ထက်သောသစ်နှင့် ဝါးများအား မတော်တဆထိမိသောကြောင့် မျက်လုံးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်တစ်ဦးအပါအဝင် ရွာသားလေးဦး ဒဏ်ရာရရှိခဲ့သည်။ လူသောမြို့နယ် လယ်မူပလောကျေးရွာမှ နောက်ထပ်ရွာသားတစ်ဦးသည်လည်း ၂၀၂၃ ခုနှစ် လေကြောင်းတိုက်ခိုက်မှုတစ်ခုမှ ထွက်ပြေးလာစဉ် ရေမြောင်းထဲသို့ ပြုတ်ကျခဲ့ကြောင်း သိရသည်။

## ဂ) ဆက်တိုက် ဗုံးကြဲတိုက်ခိုက်ခြင်း

ကျေးရွာများကို သီးခြားတိုက်ခိုက်မှုများအပြင် KHRG မှ စုဆောင်းရရှိထားသော အချက်အလက်များအရ ဒေသတစ်ခုတည်းအတွင်းတွင် ရက်ပေါင်းများစွာ သို့မဟုတ် လပေါင်းများစွာကြာ ပြင်းထန်စွာ လေကြောင်း တိုက်ခိုက်

33 KHRG မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင်ထုတ်ဝေသော *"ဒူးသထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ဘားအံမြို့နယ်တွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားတစ်ဦးသေဆုံးပြီး အရပ်သားပိုင်ဆိုင်မှုများ ထိခိုက်ပျက်စီး (၂၀၂၃ခုနှစ်၊ မတ်လ)"* တွင် ကြည့်ပါ။

34 KHRG မှ ၂၀၂၁ ခုနှစ်၊ မေလတွင်ထုတ်ဝေသော *"ပိုမိုမြင့်မားလာသောစိုးရိမ်ပူပန်မှုများ - ၂၀၂၁ ခုနှစ်၊ မတ်လအတွင်း မူတြော်ခရိုင်နှင့် ခလယ်လွိုထူခရိုင်တို့တွင် တပ်မတော်၏လေကြောင်းတိုက်ခိုက်မှုမှ ရွာသား ၁၃ ဦး သေဆုံးသွားခဲ့ပြီး ထောင်နှင့်ချီသောရွာသားများ နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်း"* တွင် ကြည့်ပါ။

မှုများ ပြုလုပ်ခဲ့သည့် ဖြစ်စဉ်များစွာရှိခဲ့ပြီး တိုက်ခိုက်မှုဖြစ်စဉ်တစ်လျှောက် ကျေးရွာအများအပြား ထိခိုက်ခဲ့ပြီး အရပ်သားသေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည်။ အချို့သောဖြစ်စဉ်များတွင် ရွာသားများ ထွက်ပြေးစွန့်ခွာခဲ့သော ဒေသများအနှံ့ ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး အရပ်သားပိုင်ဆိုင်မှုများ အစုလိုက်အပြုံလိုက် ပျက်စီးခဲ့ရသော်လည်း ထိခိုက်သေဆုံးမှု နည်းပါးခဲ့သည်။ ကရင်ပြည်နယ်ရှိ ခရိုင်တော်တော်များများတွင် လေကြောင်းမှ ဆက်တိုက်ဗုံးကြဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ဗုံးကြဲခံရမှုကြောင့် ရွာသားများ၏ ကြောက်ရွံ့မှုများကို ၂၀၂၁ ခုနှစ်တွင် ဗုံးကြဲတိုက်ခိုက်မှုများနှင့် တိုက်ပွဲများပြင်းထန်စွာရင်ဆိုင်ခဲ့ရသော မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဈယ--- ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးမှူး စောအဆ--- မှ *"ဘူးသိုမြို့နယ်မှာရှိတဲ့ ကျေးရွာအုပ်စု ၁၁ ခုစလုံးဟာ အခု (၂၀၂၁) မှာ အန္တရာယ်ရှိတဲ့ အခြေအနေမှာရှိနေတယ်။ တချို့ရွာက ရွာသားတွေက တပ်မတော် (SAC) တိုက်လေယာဉ်တွေနဲ့ ဗုံးကြဲမှာကို ကြောက်နေကြပြီး တပ်မတော် (SAC) တပ်စခန်းများအနီးမှာရှိတဲ့ ရွာသားတွေက သူတို့ရွာတွေကို တပ်မတော်က ရမ်းသမ်းပစ်ခတ်နိုင်တဲ့အတွက် လုံခြုံရေးစိုးရိမ်စရာတွေရှိနေတယ်။"* [35] ဟုတင်ပြခဲ့ပါသည်။ ရမ်းသမ်းတိုက်ခိုက်မှုများအား ကြောက်ရွံ့သောကြောင့် ရွာသားအများအပြားသည် ၎င်းတို့၏ရွာများကိုစွန့်ခွာကာ လေယာဉ်ကိုမြင်သည်နှင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။







ဤပုံများကို ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဟတ္တာလိုက်ကျေးရွာအုပ်စုအတွင်းရှိ ဈဈ--- ဘုန်းကြီးကျောင်းတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံများသည် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ ညနေပိုင်းတွင် SAC ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အသက် ၈၅ နှစ်အရွယ် အဖွားအိုတစ်ဦးနှင့် သူမ၏ အသက် ၁၂ နှစ်အရွယ် မြေးမလေးတစ်ဦးတို့၏ ပုံများဖြစ်ပါသည်။ ထိုနေ့ ည ၉ နာရီမှ ၁၀ နာရီကြား ဖြစ်ပွားခဲ့သော အဆိုပါဗုံးကြဲတိုက်ခိုက်မှုကြောင့် ဘားအံမြို့နယ်အတွင်း ဟတ္တာလိုက်ကျေးရွာအုပ်စုရှိ ဈဈ--- ဘုန်းကြီးကျောင်းဝင်းနှင့် လယ်မြေများပျက်စီးကာ မဲသနကျေးရွာ အုပ်စုအတွင်းရှိ ယအ--- ဘုန်းကြီးကျောင်းဝင်းနှင့် လယ်မြေများ ပျက်စီးခဲ့သည်။ ဗုံးအသေးနှစ်လုံးသည် ယအ--- ကျေးရွာရှိ ဘုန်းကြီးကျောင်းကို ထိမှန်ခဲ့၍ ဘုန်းကြီးကျောင်းတွင် တည်းခိုနေထိုင်ပြီး ရဟန်းသံဃာများအတွက် အစားအစာချက်ပြုတ်ပေးသည့် ရွာသားနှစ်ဦးဒဏ်ရာရရှိခဲ့သည်။ မြေးမလေးဖြစ်သူသည် ညာလက်မောင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အဖွားဖြစ်သူမှာ ညာခြေတွင် ဒဏ်ရာရရှိခဲ့၍ ခြေချောင်းသုံးချောင်း ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကာ လည်ပင်းအနောက်ဘက်တွင်လည်း ဒဏ်ရာရရှိခဲ့သည်။ *(ဓာတ်ပုံ- KHRG)*

[35] ဘူးသိုနှင့် ဒွယ်လိုးမြို့နယ်များတွင်ပြုလုပ်ခဲ့သော တိုက်ခိုက်မှုများအကြောင်း အသေးစိတ်သိရှိရန် အထက်တွင်ဖော်ပြထားသော KHRG မှ ထုတ်ဝေသော *"ပိုမိုမြင့်မားလာသောစိုးရိမ်ပူပန်မှုများ"* တွင် ကြည့်ပါ။

တစ်ခါတစ်ရံတွင် SAC အနေဖြင့် ဝေဟင်မှ ဗုံးကြဲတိုက်ခိုက်ခြင်းများကို လက်နက်ကြီးပစ်ခတ်ခြင်းကဲ့သို့သော မြေပြင်တိုက်ခိုက်မှုများနှင့် တစ်ပြိုင်နက် လုပ်ဆောင်ကြသည်။ ဥပမာအားဖြင့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မေလအထိ ဒူးပလာယာခရိုင်ရှိ ကော်တရီနှင့် နို့တကောမြို့နယ်များသည် ခြောက်ရက်ကြာမြင့်သည့် ပထမလေကြောင်းတိုက်ခိုက်မှု 'လှိုင်း' အပါအဝင် SAC လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှု ကြိမ်ဖန်များစွာကို ကြုံတွေ့ခဲ့ရသည်။ နေရပ်စွန့်ခွာခဲ့ရသည့် ရွာသားတစ်ဦး၏ ပြောကြားချက်အရ *"SAC က ဗုံးတွေကြဲချပြီး [ရဟတ်ယာဉ်များနှင့် ဂျက်လေယာဉ်များ] စက်သေနတ်တွေ ပစ်တာကြောင့် ကျည်ဆန်တွေက မိုးရွာသလိုမျိုးပဲ ကောင်းကင်ကနေ ကျလာတယ်။"* ထိုအချိန်တွင် အဆိုပါနယ်မြေသည် အာဏာသိမ်းပြီးနောက် မြို့ပြဒေသများမှ ထွက်ပြေးလာကြသည့် တက်ကြွလှုပ်ရှားသူများနှင့် အစိုးရဝန်ထမ်းများအတွက် အရေးပါသော ခိုလှုံရာနေရာဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသည့် နေရာလည်းဖြစ်သည်။ ထိုကာလအတွင်း ဒူးပလာယာခရိုင်ရှိ မြို့နယ်နှစ်ခုတွင် အနည်းဆုံး လေကြောင်းတိုက် ခိုက်မှု ၂၃ ကြိမ်ထက်မနည်း ပြုလုပ်ခဲ့ကြောင်း KHRG မှ မှတ်တမ်းရရှိထားကာ အနည်းဆုံး လူရှစ်ဦး သေဆုံးခဲ့သည် (လက်တွေ့တွင် ကိန်းဂဏန်းသည် ပိုမိုမြင့်မားနိုင်ဖွယ်ရှိသည်)။[36] ထိုအချိန်အတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာသား ၁၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ခြောက်ဦးသေဆုံးခဲ့သည်။

SAC မှ စားနပ်ရိက္ခာများအား ၎င်းတို့တပ်စခန်းများသို့ ပို့ဆောင်သည့်အချိန်တွင် တပ်စခန်းအနီးအနားတွင် ရှိသော ကျေးရွာများသည် လေကြောင်းမှ ဗုံးကြဲခြင်းနှင့် လက်နက်ကြီးပစ်ခတ်ခြင်း ဖြစ်ပွားမည့် အန္တရာယ်ရှိသည်။ ဥပမာအားဖြင့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ၂၀၂၄ ခုနှစ်အထိ ခလယ်လွိုထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ပဒဲကောကျေးရွာအုပ်စုအတွင်း SAC တပ်စခန်းတစ်ခုအနီးတွင်ရှိသည့် ဈဒ--- ကျေးရွာနှင့် အနီးနားပတ်ဝန်းကျင်ဒေသအတွင်းသို့ တစ်လလျှင် လေကြောင်းတိုက်ခိုက်မှု အကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့ပါသည်။ ဈဒ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သူ စောဒ--- မှ *"အဲဒီ [၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ] တုန်းက ရိက္ခာသယ်ပို့နေတဲ့အချိန် လမ်းမှာသူတို့ [SAC] ကို [တော်လှန်ရေးတပ်ဖွဲ့တွေက] ပိတ်ဆို့ထားတယ်။ အရင်တုန်းကတော့ သူတို့ [မြန်မာစစ်တပ်] ရိက္ခာသယ်ပို့ရင် ခြေလျင် မဟုတ်ရင် ကားနဲ့သယ်တယ်။ ဒါပေမယ့် အဲဒီက [၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ] စပြီးတော့ သူတို့က ဒါတွေ [ရိက္ခာ] ကို လေယာဉ်နဲ့ပို့တယ်။ ပို့တဲ့အခါတိုင်းလည်း လေကြောင်းတိုက်ခိုက်မှုတွေ လုပ်ကြတယ်။ သူတို့ရိက္ခာကို တစ်လ လေးခါပို့တယ်။ […] သူတို့ [SAC] က သူတို့ရဲ့ရန်သူတွေ [လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ] [ရွာထဲမှာ] ရှိတာ၊ မရှိတာ မသေချာလည်း [လေကြောင်းတိုက်ခိုက်မှုတွေကို] သိမ်းကျုံးပြီးလုပ်တယ်။ [ရိက္ခာပို့ဆောင်တဲ့] အခါတိုင်း သူတို့ကရွာကို တစ်ခါနှစ်ခါလောက် ထောက်လှမ်းပြီး လေကြောင်းတိုက်ခိုက်မှုတွေ ဆက်တိုက်လုပ်တယ်။"* ဟုပြောပြခဲ့သည်။

**ဖြစ်ရပ်မှန်လေ့လာမှု- ဒေဘူးနိုနယ်မြေတွင် ဗုံးကြဲတိုက်ခိုက်မှု (၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ပထမဆုံးပြုလုပ်သော လေကြောင်းတိုက်ခိုက်မှု)**

၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ ည ၇း၃၀ နာရီခန့်၌ SAC မှ ပထမဆုံးလေကြောင်းတိုက်ခိုက်မှုကို အပစ်အခတ်ရပ်စဲရေးကာလမတိုင်မီကတည်းက ဒေသအလိုက်သတ်မှတ်ထားသော ကရင်ပြည်နယ်အတွင်းတွင် ပြုလုပ်ခဲ့သည်။ ထိုနေ့တွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဒေဘူးနိုနယ်မြေတွင် ပထမဆုံးလေကြောင်း တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိုဒေသသည် KNLA တပ်ဖွဲ့ဝင်များ တိုက်ခိုက်သိမ်းပိုက်လိုက်သည့် SAC တပ်စခန်း[37] နှင့် ၁၁ ကီလိုမီတာဝေးကွာသည်။ ကနဦးလေကြောင်းတိုက်ခိုက်မှုအပြီးတွင် SAC သည် မူတြော်နှင့် ခလယ်လွိုထူ

36 KHRG မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင်ထုတ်ဝေသော *"ဗုံးနှင့်ကျည်ဆံမိုးများ ရွာသွန်းခြင်း - ဒူးပလာယာခရိုင်ရှိ 'ငြိမ်းချမ်းရေးမြို့' နှင့် ဒုက္ခသည်များခိုလှုံရာနေရာများတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွား (၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၂ခုနှစ် မေလအထိ)"* တွင် ကြည့်ပါ။ ဤသတင်းအကျဉ်းချုပ်တွင် မှတ်တမ်းတင်ထားသော လေကြောင်းတိုက်ခိုက်မှုအားလုံးသည် အရပ်သားနယ်မြေများတွင် ပြုလုပ်ခဲ့ခြင်းမဟုတ်ပဲ အချို့သောတိုက်ခိုက်မှုများတွင် တော်လှန်ရေးတပ်စခန်းများကဲ့သို့သော စစ်ရေးပစ်မှတ်အချို့ပါဝင်ပါသည်။

37 စစ်ဆင်ရေးကွပ်ကဲမှုစစ်ဌာနချုပ် (စကခ) အမှတ် ၈ လက်အောက်ခံ၊ SAC ခြေမြန်တပ်ရင်း (ခမရ) အမှတ် ၆၀၃ သည် ဘူးသိုမြို့နယ် မက်ညူထကျေးရွာအနီးရှိ သီးမူးထစခန်းတွင် အခြေစိုက်သည်။ တောင်များနှင့် ကောက်ကွေ့သော လမ်းများကြောင့် ဒေဘူးနိုဒေသမှသွားရောက်ရန် မော်တော်ဆိုင်ကယ်ဖြင့် ၁ ရက်ကြာသည်။

ခရိုင်များတွင် ရက်ပေါင်းများစွာ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး အနည်းဆုံး လူ ၁၆ ဦး သေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိကာ အနည်းဆုံး ဒေသခံ ၁၅၀၀၀ ခန့် နေရပ်စွန့်ခွာခဲ့ရသည်။[38]

ဒေဘူးနိုနယ်မြေသည် မြို့ကြီးများ၊ မြို့များနှင့် ဝေးကွာ၍ တောင်များ၊ မြစ်များ ဝန်းရံထားပြီး ဌာနေကရင်လူမျိုးများနေထိုင်ရာ ဝေးလံခေါင်သီသော ဒေသဖြစ်သည်။ ထိုဒေသတွင် ကရင်ရွာ ၁၀ ရွာနှင့် ရွာသူရွာသား ၁,၉၃၁ ဦးကျော်ရှိသည်။ ရွာများအကြားတွင် စိုက်ခင်းများ၊ သစ်တောများနှင့် မြစ်များရှိသည်။ ကျောင်းများ၊ ဆေးပေးခန်းများ၊ ဘုရားကျောင်းများနှင့်အတူ သစ်သားအိမ်နှင့် ဝါးအိမ်များဖြင့် ဖွဲ့စည်းထားသည့် ရွာဆယ်ရွာမှာ ယဘ---, ယဆ---, ယဒ---, ယဃ---, ယဂ---, ယဟ---, ယဇ---, ယသ---, ယက---, နှင့် ယလ--- ရွာများဖြစ်သည်။ ဤကျယ်ပြန့်သော နယ်မြေဒေသသည် KNU အုပ်ချုပ်နယ်မြေဖြစ်သည်။ မူတြော်ခရိုင်တစ်ဝိုက်မှ ကလေးငယ်များ လာရောက်ပညာသင်ကြားသည့် ကျောင်းများ၏ တည်နေရာလည်းဖြစ်သည်။ ထိုဒေသတွင် အထက်တန်းကျောင်းတစ်ကျောင်း၊ အငယ်တန်းကောလိပ်တစ်ခုနှင့် (KECD မှ စီမံကွပ်ကဲသည့်) ၁၀ တန်းလွန် (Post-10) ကျောင်းတစ်ကျောင်းအပြင် (ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (KDHW[39]) မှ စီမံကွပ်ကဲသည့်) အဆင့်မြင့်ဆေးရုံများ ရှိပါသည်။ အခြားသော အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုင်းရင်းသား ဝန်ဆောင်မှု ပေးသူများ၏ ရုံးများတည်ရှိသည့်နေရာလည်းဖြစ်သည်။ ယဘ--- ရွာမှ ၂ ကီလိုမီတာ သို့မဟုတ် ၃ ကီလိုမီတာအကွာရှိ သီးခြားနေရာတစ်ခုတွင် KNLA တပ်မဟာ ၅ ၏ စစ်စခန်းရှိသည်။

၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ ညနေ ၃ နာရီခန့်တွင် ရွာသားများသည် SAC ဂျက်လေယာဉ်ငါးစင်းဖြင့် လေကြောင်းထောက်လှမ်းမှုကို သတိပြုမိခဲ့သည်။ ဒေသခံကရင်ကယ်ဆယ်ရေးဝန်ထမ်းတစ်ဦးမှ KHRG အား *"လေယဉ်အသံတွေအကျယ်ကြီးကြားရတယ်ဆိုတော့ ဂျက်လေယာဉ်တွေအများကြီးလာတယ်ထင်တယ်။ ဂျက်လေယာဉ်တွေက ကျွန်တော်တို့ အပေါ်မှာပျံသွားတယ်။"* ဟုရှင်းပြခဲ့ပါသည်။ အပစ်အခတ်ရပ်စဲရေးကာလ မတိုင်မီကတည်းက ကရင်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုမရှိသည့်အတွက် ထိုနေ့အစောပိုင်းတွင် သတိထားရန် KNU မှ သတိပေးခဲ့သော်လည်း ရွာသားများနှင့် ကျောင်းသားအများအပြားသည် ၎င်းတို့၏ နေ့စဉ်လှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။

ည ၇း၃၀ ဝန်းကျင်တွင် SAC မှ ဒေဘူးနိုနယ်မြေအား လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှု စတင်ခဲ့ပါသည်။ ပထမအကြိမ် လေကြောင်းတိုက်ခိုက်မှုသည် ည ၉ နာရီအထိ ကြာမြင့်ခဲ့ပါသည်။ နောက်နေ့ မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် နောက်ထပ် ဂျက်လေယာဉ်နှစ်စင်း ရောက်ရှိလာပြီး ဒေသအတွင်း ဗုံးကြဲတိုက်ခိုက်မှု ထပ်မံပြုလုပ်ခဲ့သည်။ ယဘ--- ကျေးရွာရှိ CIDKP ခရိုင်တာဝန်ခံ နော်အဒ---မှ တိုက်ခိုက်မှု၏ မမျှော်လင့်ထားသည့် သဘောသဘာဝအားဤကဲ့သို့ပြောပြခဲ့ပါသည်။ *"အဲဒီတုန်းက လေကြောင်းတိုက်ခိုက် မှုဖြစ်တယ်လို့ ကျွန်မ တို့ မသိရသေးဘူး။ 'ဂရူ' ဆိုပြီး အသံတစ်ခု ကြားလိုက်ရတယ်။ ကျွန်မက တစ်ခုခုပျက်စီးသွားတယ်လို့ပဲထင်ခဲ့တယ်။ ဒါပေမယ့် မီးအကြီးကြီးနဲ့ လက်နက်ငယ်တွေ အများကြီးပစ်ချတာကို ကျွန်မတို့တွေ့လိုက်တယ်။ ကျွန်မယောကျ်ားကိုခေါ်ပြီး 'လေကြောင်းတိုက်ခိုက်မှုဖြစ်နေပြီ' လို့ပြောလိုက်တယ်။ အဲဒီတုန်းက ကလေးကိုချီပြီး အိမ်အောက်ကို ကျွန်မဆင်းသွားတယ်။ [အမိုးအကာရှိရာသို့ တွားသွားရင်း] မြေပေါ်မှာရှိနေတဲ့အချိန် ကျည်ဆန်တစ်တောင့်က ကျွန်မနဲ့ ချီထားတဲ့ကလေးကြားမှာ ဖြတ်သွားတယ်။ နောက်တော့ လူတွေက အော်ဟစ်ပြီး ပြေးလွှားနေကြတယ်။"*

KHRG မှ ပထမ ၂၄ နာရီအတွင်းရှိ ထိခိုက်သေဆုံးမှု စာရင်းအား မှတ်တမ်းတင်ခဲ့သည်။ နော်အဃ---၊ အသက် ၅၈ နှစ်၊ ဒဏ်ရာရ (ယဘ--- ရွာ)။ နော် အဂ--- ၊ အသက် ၂၅ နှစ် ဒဏ်ရာရ (ယဘ---ရွာ)။ စောအဟ---၊ အသက် ၄၇ နှစ်၊ ဒဏ်ရာရ (ယဘ---ရွာ)။ စောအဇ---၊ အသက် (၃၇)နှစ်၊ ပြင်းထန်ဒဏ်ရာရ (ယဘ---ရွာ)။ စောအသ-

38 အထက်တွင်ဖော်ပြထားသော KHRG မှ ထုတ်ဝေသော "ပိုမိုမြင့်မားလာသောစိုးရိမ်ပူပန်မှုများ" တွင် ကြည့်ပါ။

39 ကရင်ကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာန (KDHW) သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ကျန်းမာရေးဌာန ဖြစ်ပါသည်။ ၎င်းသည် ၁၉၅၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများဆီသို့ကျန်းမာရေးဝန်ဆောင်မှု ရရှိမှု နည်းပါးခြင်းအား ကိုင်တွယ်ဖြေရှင်းရန် တည်ထောင်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ လက်ရှိတွင်လူထုအခြေပြုကျန်းမာရေး ဆေးပေးခန်းများထားရှိခြင်းဖြင့်လည်းပတ်နေပါသည်။ သို့သော် လုပ်ဆောင်နိုင်စွမ်းနှင့် ငွေကြေးထောက်ပံ့ခြင်း ဝန်ဆောင်မှုများသည် အကန့်အသတ်ရှိနေဆဲဖြစ်ပါသည်။

--၊ အသက် ၁၈ နှစ်၊ ဒဏ်ရာရ (ယဘ---ရွာ)။ နော်အက---၊ အသက် ၁၈ နှစ်၊ ဒဏ်ရာရ (ယဘ--- ရွာ)။ စောဒတ---၊ အသက် ၅၂ နှစ်၊ သေဆုံး (ယမ---ကျေးရွာ)။ စောအလ---၊ အသက် (၃၅ နှစ်)၊ ဒဏ်ရာရ (ယန--- ရွာ)။ နော်အမ---၊ အသက် ၁၂ နှစ်၊ ဒဏ်ရာရ (ယဘ---ကျေးရွာ)။ စောဒခ---၊ အသက် ၈ နှစ်၊ ကွယ်လွန် (ယဝ---ရွာ)။ အမည်မသိ၊ အသက် ၂ နှစ်၊ သေဆုံး(ယပ---ရွာ)။ ထိုညတွင် မှတ်တမ်းမရှိသည့် ထိခိုက်သေဆုံးမှုများ ရှိသည်ဟုသိရပါသည်။

ထိုအချိန်၌ ယဘ--- ကျေးရွာတွင်ရှိနေသည့် ရွာသားတစ်ဦးဖြစ်သူ နော်အန--- (အသက် ၂၆ နှစ်) မှ အဆိုပါအဖြစ်ဆိုးအား ဤကဲ့သို့ဖော်ပြခဲ့ပါသည်။ *"ရွာသားတချို့က တင်ပါး၊ ခြေထောက်၊ မျက်နှာနဲ့ ဦးခေါင်းတွေမှာ ဗုံးအစအနတွေနဲ့ ထိထားတယ်။ ခတ်ဆီပုလင်းတချို့ပေါက်ကွဲပြီး ရွာသားတွေရဲ့မျက်နှာကို မီးလောင်သွားတယ်။ သူတို့တွေက ဂူထဲ[ရွာသားများပြေးသွားသည့်နေရာ]မှာ ကျွန်မတို့နဲ့အတူတူ လာနေတယ်။ ကျွန်မကလေးတစ်ယောက်ကိုတွေ့တယ်။ အဲဒီကလေးရဲ့မျက်နှာတစ်ခုလုံး မီးလောင်ထားပြီးတော့ ခေါင်းမှာလဲ ပေါက်ကွဲတဲ့အပိုင်းအစတွေနဲ့ ထိထားတယ်။ အဲဒီကလေးက[ဂူထဲမှာ] ရောက်လာတဲ့အခါမှာ အသက်ရှူရပ်သွားတယ်။ အဲဒါကြောင့် ကလေးက အဲဒီမှာပဲသေသွားတယ်။ အဲဒီညမှာ ပေါက်ကွဲမှုကြောင့် အိမ်တစ်အိမ် မီးလောင်သွားတယ်။ အိမ်ထဲရှိတဲ့ရွာသားတစ်ယောက် မီးထဲမှာ သေသွားတယ်။[…] ပေါက်ကွဲမှုကြောင့် အပိုင်းအစထိပြီး ဒဏ်ရာရတဲ့ အိမ်တစ်အိမ်က လူနှစ်ယောက်လည်းရှိတယ်။ ပေါက်ကွဲမှုကြောင့် အဖေဖြစ်တဲ့သူရဲ့ မေးရိုးကိုထိပြီး ကျိုးသွားတယ်။ သူ့သားကတော့ ခေါင်းမှာ ဒဏ်ရာရတယ်။ အဖေဖြစ်တဲ့သူက ဒဏ်ရာရသွားတဲ့သားကို လာခေါ်ဖို့ သူ့ဇနီးကိုအော်ပြီးပြောခဲ့တယ်။ သားဖြစ်တဲ့သူကို ပြေးပြီးသွားခေါ်တော့ သူ့ခင်ပွန်းသည်က ဒဏ်ရာအပြင်းအထန်ရပြီး မေးရိုးက ပြုတ်ကျနေတာရော ပါးစပ်က သွေးတွေအများကြီး ထွက်နေတာရော တွေ့လိုက်တယ်။ ခင်ပွန်းဖြစ်သူက ပွဲချင်းပြီး သေဆုံးသွားတယ်။ နောက်တော့ သူ့သားကို ဆေးရုံကို ပို့လိုက် တယ်။"*

အဆိုပါလေကြောင်းတိုက်ခိုက်မှုအတွင်း အရပ်သားမဟုတ်သည့် တစ်ဦးတည်းသော ထိခိုက်သေဆုံးသူမှာ KNLA အရာရှိတစ်ဦးဖြစ်သူ ဗိုလ်ဒဖ--- ဖြစ်ပြီး ၎င်း၏နေအိမ်အတွင်း အိပ်ပျော်နေစဉ် ထိခိုက်သွားပြီး နာရီအနည်းငယ်အကြာတွင် ဒဏ်ရာများကြောင့် တောထဲတွင် သေဆုံးသွားခဲ့ကြောင်း သိရပါသည်။ ယဘ--- ရွာမှ သူငယ်ချင်းများနဲ့ ညနေစာစားနေသည့် ရွာသားတစ်ဦးဖြစ်သည့် နော်အဝ--- မှ *"သူ့ [နော်အပ---] ရဲ့ခင်ပွန်း [အရာရှိ ဗိုလ်ဒဖ---] မဆုံးခင် [မတ်လ ၂၈ ရက်နေ့] မနက် ၁ နာရီခန့်မှာ သူရဲ့ညီမက ရောက်ရှိလာပြီး အခြားလုံခြုံတဲ့နေရာမှာ ကလေးတွေကိုသွားပြီး ပြုစုစောင့်ရှောက်ဖို့ ပြောသွားတယ်။ သူက 'သူတို့ရဲ့အဖေကို အရင်ပြုစုမယ်။ ကျွန်မသူ့ကိုမြေမြှုပ်ပြီးတဲ့အထိ[ပြုစုမယ်]'လို့ပြောတယ်။ သူအရမ်းဝမ်းနည်းနေတာကို ကျွန်မတွေ့တယ်။ သူ့ခင်ပွန်းသည်အတွက် ခေါင်းတလား လုပ်ချင်တယ်လို့လည်း ပြောတယ်။ […] ရွာသားတစ်ယောက်က သူ့အတွက် အဝတ်တစ်စုံရှာပေးနိုင်ပေမယ့် ဖိနပ်တော့မရဘူး။ […] သူ [KNLA အရာရှိ] မှာ ဇနီးနဲ့ကလေးခြောက်ယောက်ကျန်ရစ်ခဲ့တယ်။ ကျွန်မတို့အားလုံး ကြောက်လန့်နေတာကြောင့် သူရဲ့အလောင်းကို အဝတ်အစား[အပြည့်အစုံ]မပါပဲ သင်္ဂြိုဟ်ခဲ့ရတယ်။ ဒါကိုမြင်ရတာ ကျွန်မဝမ်းနည်းမိတယ်။ […] သူ့အလောင်းကို မြေမြှုပ်ဖို့ အချိန်တန်တဲ့အခါ သူ့ဇနီးသည်က သူ့အတွက် အခေါင်းတလားကို လိုချင်ပေမယ့် လူတွေအားလုံးက [ကြောက်လန့်ပြီးဗျာများနေတာကြောင့်] သူ့အတွက် မလုပ်ပေးနိုင်ခဲ့ဘူး။ ကျွန်မတို့အားလုံး သီးခြားထွက်ပြေးဖို့ အလုပ်များနေတာကြောင့် ပထမညမှာ သေဆုံးသွားတဲ့[အခြားမိသားစုမှ]ကလေးငယ်ကို [စျာပနအခမ်းအနားမှာ] သူရဲ့မိဘမပါပဲ မြေမြှုပ်လိုက်ရသည်။"*

SAC လေယာဉ်များသည် မတ်လ ၂၈ ရက်နှင့် ၂၉ ရက်ညများတွင် ဒေဘူးနိုနယ်မြေအတွင်း ဗုံးများနှင့် စက်သေနတ်များအသုံးပြု၍ လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ခဲ့ပြီး ရက်ပေါင်းများစွာ ဆက်လက်လုပ်ဆောင်ခဲ့သည်။ မတ်လ ၂၈ ရက်မှ ၂၉ ရက်အထိ စောအခ---၊ အသက် ၆၅ နှစ် (ယဘ--- ရွာ)၊ စောအရ--- အသက် ၅၈ နှစ် (ယပ--- ရွာ)နှင့် ကလေးငယ်တစ်ဦးအပါအဝင် ရွာသား ၃ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။

SAC မှ ၂၀၂၁ ခုနှစ်၊ မတ်လတွင် ဒေဘူးနိုနယ်မြေအား ဗုံးကြဲတိုက်ခိုက်ခဲ့မှုကြောင့် မူတြော်ခရိုင်မှ လူ ၁၀၀၀၀ မှ ၂၀၀၀၀ ကြား နေရပ်စွန့်ခွာခဲ့ရကြောင်း CIDKP ၏ခရိုင်တာဝန်ခံမှ တင်ပြခဲ့ပါသည်။ ရုတ်တရက် လေကြောင်းတိုက်ခိုက်မှု၏ သဘောသဘာဝကြောင့် ရွာသားအများအပြားသည် ပိုင်ဆိုင်မှုနှင့် စားနပ်ရိက္ခာများမပါပဲ အရေးပေါ်ထွက်ပြေးခဲ့ရကြောင်း သိရပါသည်။ ကျောင်းသားများနှင့် ကလေးများစွာတို့သည် မိသားစုနှင့် ကွဲကွာခဲ့ရ

သည်။ နော်အန--- မှ *"မိသားစုတွေဆိုလို့ရှိရင် ကလေးတွေနဲ့ အမေတွေက တစ်ယောက်တစ်လမ်းစီ ထွက်ပြေးကြတယ်။ အဲဒီညမှာ တစ်ယောက်နဲ့တစ်ယောက် လိုက်ရှာပေမယ့် မတွေ့ဘူး"* ဟုပြောပြခဲ့ပါသည်။ ကလေးများ အပါအဝင် ရေအရင်းမြစ်ရှိရာသို့ ထွက်ပြေးသွားသည့် ရွာသား ၄၀၀ သို့မဟုတ် ၅၀၀ ခန့်နှင့်ပတ်သက်၍ သူမမှ *"သူတို့ [ထွက်ပြေးတိမ်း ရှောင်နေရသည့်ကလေးများ] က ထိုင်လျက်အိပ်ရပြီး မသက်မသာနဲ့ ကြောက်ကြောက်လန့်လန့် အိပ်ခဲ့ရတယ်"* ဟုရှင်းပြခဲ့ပါသည်။ ဒေဘူးနိုနယ်မြေမှ ကယ်ဆယ်ရေးဝန်ထမ်း စောအစ --- မှဤကဲ့သို့ရှင်းပြခဲ့ပါသည်။ *"ကလေးငယ်တချို့က မွေးကင်းစကလေးများဖြစ်တာကြောင့် တကယ်သနားစရာကောင်းတဲ့အခြေအနေမှာ ရှိနေတာကို ကျွန်တော်တွေ့ခဲ့ရတယ်။ သူတို့က လွန်ခဲ့တဲ့နှစ်ရက်က မွေးလာပေမဲ့ မိခင်နဲ့အတူ ထွက်ပြေးခဲ့ရတယ်။ ဖျားနာနေတဲ့ ရွာသူရွာသားတွေလည်း အရမ်းသနားစရာကောင်းတဲ့ အခြေ အနေမှာရှိနေတယ်။ တောထဲပြေးဝင်ပြီး ဂူထဲမှာပုန်းနေရတယ်။ ဒီအခြေအနေတွေမြင်ရတော့ အရမ်းစိတ်မကောင်းဖြစ်ရတယ်။"*

၂၀၂၁ ခုနှစ်၊ မတ်လမှစတင်၍ SAC သည် ဒေဘူးနိုနယ်မြေတွင် လေကြောင်းတိုက်ခိုက်မှုများကို ပုံမှန်ပြုလုပ်ခဲ့ပြီး တိုက်ခိုက်မှုမတိုင်မီ လေကြောင်းထောက်လှမ်းမှုများကို မကြာခဏပြုလုပ်ခဲ့သည်။ ထို့ကြောင့် ရွာသူရွာသားများသည် နေရပ်စွန့်ခွာခဲ့ရပြီး အစဉ်အမြဲသတိထား၍ အဆက်မပြတ် ကြောက်ရွံ့နေကြဆဲဖြစ်ပြီး ပျက်စီးသွားသောအိမ်များနှင့် ရပ်ရွာအဆောက်အဦးများကို ပြန်လည်တည်ဆောက်ရန်ကြောက်ရွံ့ကြောင်း ရွာသားတစ်ဦးမှ တင်ပြထားသည်။ ဒေဘူးနိုနယ်မြေ ယဟ--- ရွာတွင်နေထိုင်သော စောအတ--- မှ *"[၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်] လေကြောင်းတိုက်ခိုက်မှုအပြီးမှာ SAC စစ်လေယာဉ်တွေက ကင်းထောက်ဖို့ အဆက်မပြတ်ပြန်လာနေတာကြောင့် ရွာသားတွေက သူတို့ပုန်းအောင်းနေတဲ့နေရာမှာပဲ ဆက်နေခဲ့ကြတယ်။ [...] ယဘ---ရွာမှာ ပြန်လာနေကြတဲ့ ရွာသားတွေ သုံးပုံတစ်ပုံလောက်ပဲ ရှိတယ်။"* KHRG ၏ မှတ်တမ်းများအရ SAC သည် ဒေဘူးနိုဒေသတွင် ၂၀၂၁ ခုနှစ်၊ မတ်လမှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ လေကြောင်းတိုက်ခိုက်မှု ၁၃ ကြိမ်ထက်မနည်း ပြုလုပ်ခဲ့သည်။ ၂၀၂၁ ခုနှစ်၊ မတ်လနောက်ပိုင်း တိုက်ခိုက်မှုများတွင် အရပ်သားနှစ်ဦးထက်မနည်း ထိခိုက်သေဆုံးခဲ့ပြီး အနည်းဆုံး နေအိမ် ၂၁ လုံး၊ ဘုရားကျောင်းတစ်ကျောင်းနှင့် စိုက်ခင်းများထိခိုက် ပျက်စီးခဲ့ သည်။[40] ဒေဘူးနိုနယ်မြေအား ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်ရသည့် အကြောင်းရင်းနှင့်ပတ်သက်၍ နော်အန--- မှ *"သူတို့ရဲ့ ရည်ရွယ်ချက်က ဆေးခန်း၊ ခရိုင်ရုံး ဒါမှမဟုတ် တပ်မဟာ [KNLA အခြေစိုက်စခန်း] နယ်မြေတွေထဲမှာရှိတဲ့ အဆောက်အဦးတွေ အားလုံးကိုဖျက်ဆီးဖို့ဖြစ်တယ်လို့ ခံစားရတယ်။"* ဟုပြောခဲ့ပါသည်။ ယဘ--- ရွာသားတစ်ဦးဖြစ်သူ နော်အဖ--- မှ *"သူတို့ [SAC လေယာဉ်]တွေက မြင်သမျှကို အားလုံးကိုပစ်တာ"* ဟုဆိုပါတယ်။




ဤပုံကို ၂၀၂၁ ခုနှစ်၊ မတ်လတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဒေဘူးနိုနယ်မြေ တွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့၌ ဒေဘူးနိုနယ်မြေအတွင်း ပထမဆုံးသော လေကြောင်း တိုက်ခိုက်မှုပြီးနောက် စစ်ပြေးရှောင်ရသည့်တစ်နေရာ တွင် ဆေးကုသမှုခံယူနေသော ထိခိုက်ဒဏ်ရာရ အမျိုးသမီးငယ်တစ်ဦး၏ ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*

40 လုံခြုံရေးခြိမ်းခြောက်မှုများကြောင့် KHRG အချက်အလက်ကောက်ယူသူများသည် ဒေဘူးနိုဒေသသို့ သွားရောက်ပြီး SAC လေကြောင်း တိုက်ခိုက်မှုအားလုံးကို မှတ်တမ်းမတင်ထားနိုင်သောကြောင့် ဤအရေအတွက်သည် တိကျမှုမရှိနိုင်ပါ။

## ဃ) ပဋိပက္ခနှင့်ဆက်စပ်သည့် အခြားသောတိုက်ခိုက်မှုများ

လေကြောင်းတိုက်ခိုက်မှု တွေ့ကြုံခဲ့ရသည့် တွေ့ဆုံမေးမြန်းမှုဖြေကြားသူ ၃၇ ရာခိုင်နှုန်းသည် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့် အနီးနားတွင် လက်နက်ကိုင်တိုက်ပွဲ ဖြစ်ပွားဆဲ သို့မဟုတ် မကြာသေးမီက ဖြစ်ပွားခဲ့ကြောင်း တင်ပြခဲ့သည်။ ၂၅ ရာခိုင်နှုန်းသည်သာ ရွာ သို့မဟုတ် ဖြစ်စဉ်ဖြစ်ပွားရာဒေသတွင် လက်နက်ကိုင်တော်လှန်ရေး စစ်သားများ ရှိနေကြောင်း ဖော်ပြခဲ့သည်။ ထိုသို့သော ဖြစ်စဉ်များတွင် အရပ်သားသေဆုံးမှုနှင့် ထိခိုက်ပျက်စီးမှု မြင့်မားခြင်းသည် SAC မှ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ဝင်များနှင့် ရွာသားများကြား ခွဲခြားရန်ပျက်ကွက်နေပြီး အရပ်သားထိခိုက်မှုများကို ပို၍ဖြစ်စေသောတိုက်ခိုက်မှုများကို အသုံးပြုခြင်းကြောင့်ဖြစ်သည်။ အချို့ဖြစ်စဉ်များတွင် လေကြောင်းတိုက်ခိုက်မှု၏ သဘောသဘာဝနှင့် အချိန်အခါသည် အရပ်သားများအား စုပေါင်းပြစ်ဒဏ်ပေးသည့်ပုံစံသို့ ဦးတည်နေပါသည်။ ကျန်ဖြစ်ရပ်များကဲ့သို့ပင် SAC မှ အရပ်သားများအား မထိခိုက်စေရန်နှင့် အရပ်သားထိခိုက်သေဆုံးမှု နည်းပါးစေရန်အတွက် ပဋိပက္ခအတွင်း တိုက်ခိုက်မှုများတွင် ထိရောက်သောကြိုတင်သတိပေးမှုများမရှိပါ။

SAC လေကြောင်းတိုက်ခိုက်မှု ဖြစ်ရပ်များအား ပြန်ကြည့်မည်ဆိုလျှင် (တိုက်ပွဲဖြစ်ပွားပြီးနောက်၊ တိုက်ပွဲဖြစ်နေစဉ်ကာလအတွင်းနှင့် တိုက်ပွဲမရှိသည့်အချိန်)တွင် ဗုံးများသည် 'အမှတ်တမဲ့'၊ 'ရမ်းသမ်း' သို့မဟုတ် 'အမြင့်မှ' ပစ်ချကြောင်းနှင့် ရွာအနီးအနားရှိ နေရာများတွင် ဗုံးများကျရောက်သည်ဟု ရွာသားများမှ မကြာခဏဖော်ပြကြသောကြောင့် တိုက်ခိုက်မှုများသည် အရပ်သားနှင့်စစ်ရေးပစ်မှတ်ခွဲခြားမှုမရှိပဲ ပြုလုပ်ခဲ့ကြောင်း ပေါ်လွင်ပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လတွင် ကော်တရိမြို့နယ်၊ ကျိုက်ဒုံမြို့နှင့် အနီးတဝိုက်တွင် ဆက်တိုက်ပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုများအား ဖော်ပြသောအခါ ဒူးပလာယာခရိုင်၊ ဝေါ်ရေ (ဝင်းရေး) မြို့နယ်၊ ထီးဖာထောကျေးရွာအုပ်စု၊ ယခ--- ရွာမှ ရွာသူတစ်ဦးဖြစ်သော နော်အထ---မှ *"ကျွန်မကြားခဲ့ ရသလောက်ဆိုရင် လေကြောင်းတိုက်ခိုက်မှုကြောင့် တခြားရွာတွေနဲ့ ရွာအနီးနားရွာတွေမှာ ထိခိုက်မှုတွေရှိခဲ့တယ်။ သူတို့ပစ်မှတ်ရှိတဲ့နေရာမှာ လေကြောင်းတိုက်ခိုက်မှု မလုပ်ဘူး။ သူတို့က အမြင့်ကြီးမှာပဲ ပျံသွားတယ်။ သူတို့က ဗုံးတွေကို အမှတ်တမဲ့ကြဲချပြီး ဗုံးတွေက ကျချင်တဲ့နေရာမှာကျတော့ အိမ်တွေ၊ ကျောင်းတွေကိုလည်း ထိတယ်။"* ဟုရှင်းပြခဲ့ပါသည်။ မူတြော်ခရိုင်၊ ဒွေဘူးနိုနယ်မြေဒေသမှ ဘာသာရေးအဖွဲ့ဝင်တစ်ဦးမှ *"လေယာဉ်တွေက ရမ်းသမ်းပစ်ခတ်နေတာကြောင့် ရွာတွေမှာနေထိုင်ဖို့ အန္တရာယ်ရှိတယ်"* ဟု ဆိုခဲ့ပါသည်။

အချို့သောဖြစ်စဉ်များတွင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များမှ စစ်ရေးလှုပ်ရှားပြီးနောက် ၎င်းတို့အား စုပေါင်းပြစ်ဒဏ်ပေးသည့်ပုံစံဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်ဟု ရွာသားများမှ ယူဆကြပါသည်။ ဥပမာအားဖြင့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဈဒ--- ရွာအား တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်အား စောဒ--- မှ ဤကဲ့သို့ ရှင်းပြခဲ့ပါသည်။ *"တိုက်ပွဲတစ်ခါဖြစ်ခဲ့တဲ့ သူတို့ရဲ့စခန်းပေါ် [အနီးအနား]မှာ လေကြောင်း တိုက်ခိုက်မှု တစ်ခါလုပ်ပြီး ပြန်သွားတယ်။ အဲဒီနောက်မှာ သူတို့ [SAC] က ရဟတ်ယာဉ်တွေနဲ့ ပြန်လာပြီး ရွာအနီးအနားနဲ့ ရွာထဲကို လေကြောင်းတိုက်ခိုက်မှု သုံးကြိမ်လုပ်ခဲ့တယ်။ ရွာကို တစ်ခါနှစ်ခါထောက်လှမ်းပြီး လေကြောင်းတိုက်ခိုက်မှုတွေ ဆက်တိုက်လုပ်တယ်"*

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် မြိတ်-ထားဝယ်ခရိုင်ရှိ နယ်မြေအတွင်း လက်နက်ကိုင်ပဋိပက္ခများနှင့် လေကြောင်းရမ်းသမ်းတိုက်ခိုက်မှုများ ပြင်းထန်လာခဲ့ပြီး ထိုအခြေအနေသည် ၂၀၂၄ ခုနှစ်တွင် ပိုမိုပြင်းထန်လာခဲ့ပါသည်။ သီးခြားဖြစ်ရပ်တစ်ခုမှာ ၂၀၂၄ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် SAC မှ မြိတ်-ထားဝယ်လမ်းပေါ်ရှိ (ဖြစ်စဉ်ဖြစ်ပွားသည့်နေရာမှ ကီလိုမီတာ ၅၀ ခန့်အကွာ) SAC ၏ ပဲဒက်တပ်စခန်းအား သိမ်းပိုက်ပြီးနောက် KNLA စစ်သားများ အောင်ပွဲဆင်နွှဲခဲ့သည့် ကစယ်ဒိုမြို့နယ်အတွင်းရှိ ယရ--- နှင့် ယစ--- ကျေးရွာများတွင်လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ အောင်ပွဲအား နံနက် ၉ နာရီမှ ၁၁ နာရီအထိ အွန်လိုင်းတွင် မျှဝေခဲ့ပြီး ယစ--- ရွာပေါ်တွင် ကင်းထောက်ပျံသန်းနေသည့် SAC လေယာဉ်တစ်စင်းကို မြင်တွေ့ခဲ့ရသည်။ ညနေ ၄ နာရီမှ ၆ နာရီကြားတွင် အမြင့်တွင်ပျံသန်းသည်ဟုဆိုသော တိုက်လေယာဉ်တစ်စင်းသည် ယရ--- ကျောင်းနှင့် ဘောလုံးကွင်းအကြားနှင့် ယတ--- ဆေးရုံပေါ်တွင် ဗုံးများကြဲချခဲ့ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးငယ် ၂ ဦး (အသက် ၁၅ နှစ်ဝန်းကျင်) သေဆုံးခဲ့ပြီး ဘောလုံးကစားနေသည့် အခြားရွာသားလေးဦး ဒဏ်ရာရရှိခဲ့သည်။ အရပ်သားမဟုတ်သည့် လက်နက်ကိုင်တပ်သားများ ထိခိုက်သေဆုံးမှု မှတ်တမ်းများ မရှိပါ။ ယဖ--- ကျေးရွာ၊ စောခေးဒေသတွင်နေထိုင်သော ဒေသခံကျောင်းဆရာ အယ---မှ *"SAC က ဗုံးကြဲမယ်လို့ မမျှော်လင့်ထားဘူး။ [... ] အရပ်သား*




ဤပုံများကို ၂၀၂၄ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် မြိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ယစ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံများသည် ၂၀၂၄ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် SAC သည် ကစယ်ဒိုမြို့နယ်ရှိ ယရ--- နှင့် ယစ--- ကျေးရွာအတွင်းသို့ လေကြောင်းတိုက်ခိုက်မှုတစ်ကြိမ် လာရောက်ပြုလုပ်ခဲ့သဖြင့် ထိခိုက်ပျက်စီးသွားခဲ့သော ယရ--- ကျောင်း (ဘယ်ဘက်) နှင့် ယတ--- ဆေးရုံ (ညာဘက်) တို့၏ ပုံများဖြစ်ပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

*တွေ ဟိုဟိုဒီဒီပြေးနေကြတာ တွေ့လိုက်ရတယ်။ [...] [ယရ--- ရွာ] ရွာသားတွေက ယာယီဖုံးခိုကျင်းတွေ မရှိကြဘူး။ ရွာသားတွေက ဖြစ်စဉ်ဖြစ်ချိန်မှာ လှဲနေရတဲ့နည်းကို သင်ခဲ့ရပြီး မြေပြင်နဲ့ [ရင်ဘတ်]နှစ်လက်မခြားပြီး လှဲချဖို့ကိုလည်း နားလည်ထားကြပါတယ်"* ဟုပြောပြခံပါသည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် SAC အုပ်ချုပ်မှုအောက်တွင် လတ်တလောဖွင့်လှစ်ထားသည့် ယတ--- ဆေးရုံနှင့် လူနေအိမ်အချို့ ပျက်စီးခဲ့သည်။ ကျောင်းဆရာမှ *"SAC စခန်းကို သိမ်းပြီး လက်နက်ကိုင် တော်လှန်ရေး တပ်ဖွဲ့ဝင်တချို့က ဆေးရုံမှာ ဆေးကုသမှုခံယူနေတယ်လို့ ကြားခဲ့ရတယ်။ [...] လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ဝင်တွေက ဆေးရုံမှာ ဆေးကုသမှုခံယူနေတဲ့သတင်းကို SAC က သိခဲ့တယ်။ [...] ကျွန်တော့်အမြင်မှာတော့ တိုက်လေယာဉ်က ဆေးရုံရဲ့တည်နေရာကို မှတ်တမ်းတင်ထားတယ်ထင်တယ်။ [ယတ--- [တပ်နယ်] ဆေးရုံကို [SAC က] အသစ်ဆောက်ထားတာ။ [ပုံစံတကျ] မသုံးရသေးဘူး။ ကျောင်းကိုလည်း ပြင်ထားတယ်။ သူတို့ [SAC] က ဆေးရုံနဲ့ကျောင်းတည်နေရာ မှတ်တမ်းရှိသောကြောင့် လေကြောင်းတိုက်ခိုက်မှု လုပ်ခဲ့တယ်။ [...] သူတို့ရဲ့ ရည်ရွယ်ချက်က[အဲဒီမှာရှိတဲ့]ဘယ်သူ့ကိုမဆို ပစ်မှတ်ထားနေတယ်လို့ ထင်ပါတယ်။ သူတို့က စစ်ရေးပစ်မှတ်နဲ့ အရပ်သားတွေကို မခွဲခြားဘူး။ သူတို့ [SAC] က အရပ်သားတွေကို ခြောက်လှန့်ဖို့ ကြိုးစားနေပုံရတယ်။ အရပ်သားတွေကြောက်ရင် သူတို့ [လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့] တွေလည်း ကြောက်မယ်။ အရပ်သားတွေ ထိခိုက်ရင် သူတို့ဆက်ပြီး တိုက်လို့မရဲတော့ဘူး"* ထပ်မံဖြည့်စွက်ပြောပြခဲ့ပါသည်။

## င) ကြီးမား၍ ဖျက်အားပြင်းထန်သည့် တားမြစ်ထားသောလက်နက်များ

ကရင်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်သည့်အခါ SAC သည် အများအားဖြင့် လူနေထူထပ်သောနေရာများတွင် ပေါက်ကွဲလက်နက်များကို အသုံးပြုလေ့ရှိသည်။ အသုံးအများဆုံး ပေါက်ကွဲလက်နက်များမှာ အရွယ်အစားအမျိုးမျိုးရှိသည့် ပဲ့ထိန်းမရှိသော ဗုံးများဖြစ်သော်လည်း ဒုံးကျည်များ၊ မစ်ဖိုင်းများနှင့် လေယာဉ်တွင်တပ်ဆင်ထားသော အော်တိုအမြောက်များမှ ကျည်များကိုလည်း အသုံးပြုကြသည်။ ဖြစ်စဉ်များစွာတွင် အရေအတွက်နည်းသော်လည်း ပေါက်ကွဲသည့်ဧရိယာကျယ်ဝန်းသည့် ပေါင် ၅၀၀ ဗုံးကဲ့သို့သော လက်နက်များကို အသုံးပြုခဲ့ကြသည်။ အခြားသော တိုက်ခိုက်မှုများတွင် ဒေသတစ်ခုအတွင်းသို့ ပေါက်ကွဲလက်နက်အများအပြား ကြဲချခြင်း သို့မဟုတ် အချိန်တစ်ခုအတွင်း ထပ်ခါတလဲလဲ ကြဲချခြင်းများ ပြုလုပ်ကြသည်။ အနည်းဆုံး ဖြစ်စဉ် ၇ ခုတွင် မီးလောင်ဗုံးတစ်လုံး၊ ထပ်ဆင့်ပေါက်ကွဲသည့် (cluster) ဗုံး ၄ လုံးနှင့် ဓာတုပါဝင်သော လက်နက်ခဲယမ်း ၂ လုံး



ဤပုံကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် လက်ခံရရှိခဲ့ပြီး မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မယ်ဝေကျေးရွာအုပ်စု၊ ထဆ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၂ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့၌ ထဆ--- ရွာတွင် SAC လေကြောင်း တိုက်ခိုက်မှုအတွင်း ပေါက်ကွဲခဲ့သော ၎င်းတို့အသုံးပြုခဲ့သည့် ဝေဟင်မှ မြေပြင်ပစ်ဒုံးပျံ၏ အကြွင်းအကျန်ပုံများ ဖြစ်ပါ သည်။ လက်နက်၏ပုံစံလက္ခဏာများမှာ ရုရှားထုတ် မူရင်းဖြစ်သော 57mm S-5 ဒုံးပျံနှင့် တူညီ နေသည်။
*(ဓာတ်ပုံ - ဒေသခံရွာသား)*

အပါအဝင် တားမြစ်လက်နက်[41] များကို အသုံးပြုခဲ့သည်။ SAC လေကြောင်းတိုက်ခိုက်မှုတွင် အသုံးပြုသောလက်နက်များအားလုံးသည် ရက်စက်ကြမ်းကြုတ်ပြီး ဆင်းရဲဒုက္ခများနှင့် ပျက်စီးဆုံးရှုံးမှုများဖြစ်စေသည့်အပြင် UXO တည်ရှိမှု အန္တရာယ်လည်း ပို၍များလာပါသည်။

ရွာသားများ၏ ထွက်ဆိုချက်များနှင့် ခိုင်လုံသော ဓာတ်ပုံအထောက်အထားများအရ SAC မှ ပေါင် ၅၀၀ ဗုံးများ[42] အပါအဝင် ကြီးမားသောဗုံးများကို အသုံးပြုခြင်းကြောင့် အရပ်သားနေရာအများအပြားပျက်စီးစေပြီး စိတ်ဆင်းရဲစရာနှင့်ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်စေပါသည်။[43] ၂၀၂၄ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ ညနေ ၆ နာရီခန့်တွင် SAC မှ ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ ကျော်ထကျေးရွာအုပ်စု၊ ယထ--- ကျေးရွာတွင် ပေါင် ၅၀၀ ဗုံးနှစ်လုံး ကြဲချခဲ့ပြီး အခြားလေယာဉ်တစ်စင်းဖြင့် လေယာဉ်တွင်တပ်ဆင်ထားသည့် အော်တိုအမြောက်ဖြင့် ရွာအတွင်းသို့ ပစ်ခတ်ခဲ့ပါသည်။ ထိုရွာသည် တိုက်ပွဲများဖြစ်ပွားနေသည့် ကျိုက်ဒုံမြို့နှင့် မော်တော်ဆိုင်ကယ်ဖြင့် ၂ နာရီခန့် မောင်းရသည့်အကွာတွင်ရှိပြီး KNLA တပ်ဖွဲ့ဝင်အချို့သည်ရွာအတွင်း ခေတ္တအနားယူနေ ကြကြောင်း သိရပါသည်။ ပထမ ဗုံးပေါက်ကွဲပြီးနောက် ကားရေဆေးနေသည့် ကျိုက်ဒုံမြို့မှ တိမ်းရှောင်လာသူ အိမ်ထောင်ရှင် ဇနီးမောင်နှံနှစ်ဦး သေဆုံးခဲ့ပါသည်။ ပေါက်ကွဲမှုကြောင့် ဇနီးဖြစ်သူ၏ ခန္ဓာကိုယ်အောက်ပိုင်းနှင့် ခင်ပွန်းဖြစ်သူ၏ခြေထောက်များ ပြတ်တောက်သွားခဲ့ကြောင်း ရွာသားများမှ ရှင်းပြပါသည်။ အဆိုပါဖြစ်စဉ်အတွင်း အစ်ကိုဖြစ်သူ၏ယောက္ခမ ထံ အလည်အပတ်သွားရောက်နေသည့် အသက် ၁၇ နှစ်အရွယ် ကျောင်းသူ အစျ--- သည့် လက်နှစ်ဖက်စလုံး ထိ

---

41 ထုံးတမ်းစဉ်လာ IHL ဥပဒေမှ ဓာတုလက်နက်များ၊ ထပ်ဆင့်ပေါက်ကွဲသောဗုံးများ၊ မီးလောင်လက်နက်များအပါအဝင် ‘သဘာဝအလျောက် ပြင်းထန်သော ထိခိုက်ဒဏ်ရာရရှိမှု သို့မဟုတ် မလိုလားအပ်သော ဝေဒနာများဖြစ်ပေါ်စေသည့်’ မည်သည့်လက်နက်ကိုမဆို အသုံးပြုခြင်းမှတားမြစ်ထားသည်။

42 ပေါင် 500 ဗုံးသည် မီတာ ၂၀ (၆၅ ပေ) ပေါက်ကွဲမှုဝန်းကျင်အတွင်း တစ်စုံတစ်ဦး သို့မဟုတ် တစ်စုံတစ်ရာကို သေဆုံးစေနိုင် သို့မဟုတ် ပျက်စီးစေနိုင်သည်။

43 KHRG မှ ၂၀၂၄ ခုနှစ်၊ မေလတွင်ထုတ်ဝေသော *“ဒူးပလာယာခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ကော်တရိမြို့နယ်တွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် အသက် ၁၁ နှစ်အရွယ် ယောကျ်ားလေးတစ်ဦး နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ (၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလ)”* တွင် ကြည့်ပါ။

ခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရပါသည်။ အစျ--- သည် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် ယယ--- ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ရပြီး သူမ၏ ဘယ်ဘက်လက်တွင် သတ္တုချောင်းထည့်ခဲ့ရပါသည်။

အစျ--- မှ KHRG အားဤကဲ့သို့ရှင်းပြခဲ့ပါသည်။ *"ကျွန်မဘယ်ဘက်လက်မောင်းရိုးကျိုးသွားတယ်။ ဗုံးအစက ကျွန်မ [ဘယ်]လက်မောင်းကို ပေါက်ထွက်သွားပြီး ညာလက်မောင်းကို သွားထိတယ်။ […] ကောင်းမှုကုသိုလ်ယူဖို့ အကိုကြီးရဲ့ယောက္ခမကို သွားတွေ့ပြီး အိမ်ပြန်လာတယ်။ […] ဆိုင်ကယ်ပေါ်တက်ပြီးပြန်လာမည့်အချိန်မှာ လေယာဉ်သံကြားတယ်။ ကျွန်မအမေက လေယာဉ်ပျံလာနေပြီလို့ပြောတော့ ကျွန်မတို့က ဆိုင်တစ်ဆိုင်ထဲကို ပြေးဝင်ဖို့ စဉ်းစားတယ်။ ဒါပေမယ့် ဆိုင်ကိုမရောက်ခင်လမ်းမှာ ကျွန်မဒဏ်ရာရခဲ့တယ်။ […] ကျွန်မထိပြီးတဲ့နောက်မှာ ဗုံးခိုကျင်းတစ်ခုထဲကို ပြေးဝင်ခဲ့တယ်။ အဲဒီနောက်မှာတော့ ဗုံးခိုကျင်းထဲကနေ မထွက်နိုင်တော့တဲ့အတွက် [KNLA] စစ်သားတွေက ကျွန်မကိုသယ်ပြီး အိမ်ပြန်ပို့ပေးတယ်။ […] [အော်တိုအမြောက်များပစ်ခတ်ပြီး လေ ကြောင်းတိုက်ခိုက်မှုပြုလုပ်သည့်] ဒုတိယလေယာဉ်ကတော့ ကျွန်မနဲ့ နည်းနည်းဝေးတယ်။ [မဟုတ်ရင်တော့] ကျွန်မထင်တာ ကျွန်မဒီညနေ (ယခု) အသက်ရှင်နေမှာမဟုတ်ဘူး။"* သူမ၏ဒဏ်ရာများကြောင့် ကာလကြာရှည်စွာ နာကျင်မှုခံစားခဲ့ရပြီး ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ ကျောင်းမတက်နိုင်ပဲ မိသားစုကိုလည်းမကူညီနိုင်တော့ပါ။ ဒုတိယဗုံးမှာ မပေါက်ကွဲသေးသဖြင့် ထိုဗုံး(UXO)ကို ဒေသခံတော်လှန်ရေးစစ်သားများမှ တူးဖော်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ လေကြောင်းတိုက်ခိုက်မှုအတွင်း အိမ်များ၊ ကားများနှင့် ဆိုင်ကယ်အများအပြားလည်း ပျက်စီးခဲ့သည်။

သီးခြားဖြစ်ရပ်တစ်ခုတွင် ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း ဒေသခံ KNLA တပ်ဖွဲ့မှ ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ပဒဲကောကျေးရွာအုပ်စု၊ ဈဒ--- ရွာအနီးရှိ SAC တပ်စခန်းအား တိုက်ခိုက်ပြီးနောက် SAC ဂျက်လေယာဉ်များသည် ထအ--- ဟုလည်းခေါ်သည့် ဈဒ--- ရွာအထက်ပိုင်း၊ ထဘ--- ရွာနှင့် ဘုန်းကြီးကျောင်းဝင်းအတွင်းသို့ ပေါင် ၅၀၀ ဗုံးလေးလုံးခန့် ကြဲချခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ရွာသားနှစ်ဦးသေဆုံးခဲ့ပြီး ခြောက်ဦးဒဏ်ရာရရှိကာ နေအိမ်အများအပြားလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။ ဈဒ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သူ စောဒ--- မှ *"သူတို့စခန်းတွေကို KNLA က သိမ်းဖို့တိုက်ခိုက်တဲ့အချိန်မှာပဲ တိုက်ပွဲတွေဖြစ်တာပါ။ ရွာအနီးတစ်ဝိုက်မှာ တိုက်ပွဲမဖြစ်ပါဘူး။ [၂၀၂၄ ခုနှစ်၊ ဧပြီလမှာ] ဘုန်းတော်ကြီးကျောင်းကို လေကြောင်းတိုက်ခိုက်တာကြောင့် ရွာသားတွေ ဒဏ်ရာရကြတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ရွာသားတွေက ဘုန်းကြီးကျောင်းမှာ ခိုလှုံနေရင် လုံခြုံမယ်လို့ ထင်ကြတယ်။"* ဟု ရှင်းပြခဲ့ပါသည်။ ထိုရွာသားမှ ဤကဲ့သို့ကောက်ချက်ချခဲ့သည်။ *"အခုဆိုရင် ရွာသားတွေက လေယာဉ်ပေါ်ကနေ ပစ်လိုက်တဲ့ ဒုံးကျည်တွေကို အကြောက်ဆုံးဖြစ်နေပြီ။ သူတို့ [လေယာဉ်မှပစ်လိုက်သည့် ဒုံးကျည်များ] က အန္တရာယ်အရှိဆုံးဖြစ်တယ်။"*

KHRG သို့ ဒေသခံများမှ အစီရင်ခံသည့်အတိုင်း အနည်းဆုံး ဖြစ်ရပ်လေးခုတွင် လေကြောင်းတိုက်ခိုက်မှုအတွင်း ထပ်ဆင့်ပေါက်ကွဲသည့် ဗုံးများကိုအသုံးပြုခဲ့သည်။[44] အဆိုပါ ဖြစ်စဉ်များထဲမှတစ်ခုသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ ကော်တရိမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ ထဒ--- ကျေးရွာတွင် ဖြစ်ပွားခဲ့ပြီး ရွာသားတစ်ဦးသေဆုံး၊ ၂ ဦးဒဏ်ရာရရှိကာ နေအိမ် ၅ လုံး၊ မူလတန်းကျောင်းတစ်ကျောင်းနှင့် အလယ်တန်းကျောင်းတစ်ကျောင်း မီးလောင်ပျက်စီးခဲ့သည်။ နော်ဘအ--- မှ *"သူများပြောတာကတော့ ဗုံးကြီးတစ်လုံးကနေ ဗုံး ၉ လုံး ထပ်ဆင့်ကွဲသွားပြီး ဗုံးတစ်လုံး နှစ်လုံးပဲ မကွဲတာ။ သူများပြောတာ ဗုံးကအကြီးကြီးပဲ။ အရောင်က အစိမ်းရောင်။ […] လူတွေက [ဗုံးအကြွင်းအကျန်တွေကို] သွားပြီးဆွဲထုတ်တယ်။"*

44 လက်နက်ကျွမ်းကျင်ပညာရှင်မှ ခွဲခြမ်းစိတ်ဖြာထားသည့်အတိုင်း KHRG သို့ တင်ပြသော လက်နက်အကြွင်းအကျန်များ၏ ဓာတ်ပုံအထောက်အထားများသည် SAC လေကြောင်းတိုက်ခိုက်မှုအတွင်း အနည်းဆုံး ထပ်ဆင့် ဗုံး ၁၀ လုံး အသုံးပြုခဲ့ကြောင်း ဖော်ပြနိုင်သည်။




ဤပုံကို ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် ဒူးပလာယာခရိုင်၊ ကော်တ ရီ (ကော့ကရိတ်) မြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ ထဃ--- ကျေး ရွာတွင် ရိုက်ယူခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလအစောပိုင်း တွင် ကျေးရွာအတွင်း၌ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် နှင့် SAC စစ်တပ်များကြား ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားပြီး နောက် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် SAC သည် ထဃ--- ကျေးရွာအတွင်းသို့ လေကြောင်းတိုက်ခိုက်မှု တစ်ကြိမ် လာရောက်ပြုလုပ်ခဲ့သည်။ ထိုလေကြောင်း တိုက်ခိုက်မှုကြောင့် ကျေးရွာဘုရားကျောင်း၊ စာသင် ကျောင်းနှင့် နေအိမ်များ ထိမှန်ပျက်စီးခဲ့သည်။ ဤပုံသည် တိုက်ခိုက်မှုအတွင်း အသုံးပြုခဲ့သော ထပ်ဆင့်ပေါက် ကွဲသည့်ဗုံးတစ်လုံး၏ အပြင်ဘက် ကျည်ဗူး ပုံ ဖြစ်ပါသည်။ သတင်းရရှိချက်အရ အင်္ဂလိပ်ဘာသာဖြင့် “9x28mm ON SKIN PASSED THAILAND” နှင့် ထိုင်း ဘာသာဖြင့်ရေးထားသော “သံမဏိပြား” အပါအဝင် ထိုကျည်ဗူး၏သတ္တုပြားပေါ်တွင် စကားလုံးအများအပြားကို ဖတ်ရှုနိုင်သည်။ (ဖိုင်ပေါ်ရှိ ဓာတ်ပုံအားလုံး) *(ဓာတ်ပုံ - KHRG)*

SAC မှ ဓာတုဗုံးများကို အသုံးပြုခဲ့ကြောင်း KHRG မှ အထောက်အထားများရရှိထားပါသည်။ ဒူးပလာယာခရိုင်၊ လေးကေ့ကော်မြို့သစ်အနီးတွင် တိုက်ပွဲဖြစ်ပွားပြီးနောက် ဧပြီလ ၁၀ ရက်နေ့ ညနေ ၆ နာရီခန့်တွင် ဓာတုလက်နက်နှင့် သက်ရောက်မှုတူညီမှုရှိသော ခဲယမ်းနှစ်ခုကို SAC လေယာဉ်တစ်စင်းမှ ကြဲချခဲ့ပါသည်။[45] KNLA တပ်မဟာ (၆)၊ တပ်ရင်း (၂၇) မှ အရာရှိတစ်ဦး၏ ပြောကြားချက်အရ KNLA တပ်ဖွဲ့ဝင် နှစ်ဆယ်ခန့်သည် ဓာတုဗုံး များပစ်ချသည့်နေရာသို့ရောက်ရှိပြီးနောက် မူးဝေခြင်း၊ ပျို့အန်ခြင်း၊ အသက်ရှူမဝခြင်းနှင့် မျက်လုံးပူလောင်ခြင်းများခံစားခဲ့ရပြီး အရေးပေါ် ဆေးကုသမှု လိုအပ်ခဲ့ကြောင်း သိရပါသည်။ နောက်နေ့တွင် အချက်အလက်ပြုစုရန်အတွက် ထိုနေရာသို့ သွားရောက်ခဲ့သည့် ဒေသခံတစ်ဦးသည်လည်း မျက်လုံးပူလောင်ခြင်းကို ခံစားခဲ့ရသည်။

SAC မှ အသုံးပြုသည့် ဖျက်အားပြင်းထန်ပြီးသေစေနိုင်သော လက်နက်များ၏ သဘောသဘာဝကြောင့် ရွာသားအများအပြားသည် ခန္ဓာကိုယ်အစိတ်အပိုင်းများ ကြေမွပျက်စီးခြင်းအပါအဝင် အခြားသူများ၏ စိတ်ဆင်းရဲစရာဒဏ်ရာများကို တွေ့မြင်ကြားသိခဲ့ရသည်။ ဥပမာအားဖြင့် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဒေဘူးနိုဒေသ၊ ထဇ--- ကျေးရွာနေ စောဘဘ--- ဟုအမည်ရသော ရွာသားတစ်ဦးမှ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အခြားရွာသားတစ်ဦးသေဆုံးခဲ့သည့်ဖြစ်စဉ်အား “သူ့တစ်ကိုယ်လုံး

45 ၂၀၂၂ ခုနှစ်အတွင်း ဒူးပလာယာခရိုင်တွင် ဓာတုလက်နက်အသုံးပြုမှုနှင့်ပတ်သက်သည့် အချက်အလက်များထပ်မံရရှိရန် အထက်တွင်ဖော်ပြထားသော KHRG မှ ထုတ်ဝေသော *“ဗုံးနှင့်ကျည်ဆံမိုးများ ရွာသွန်းခြင်”* တွင် ကြည့်ပါ။







ဤပုံများကို ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် ဒူးပလာယာခရိုင်၊ ကော်တရီ(ကော့ကရိတ်) မြို့နယ်၊ ဖလူးကျေးရွာအုပ်စု၊ လေးကေ့ ကော်နယ်မြေအနီးရှိ နေရာတစ်ခုတွင် ရိုက်ယူခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့၌ လေးကေ့ကော်မြို့နှင့် ကော်တရီ (ကော့ကရိတ်) မြို့နယ်၊ ဖလူးကျေးရွာအုပ်စုရှိ ထဂ--- ကျေးရွာနှင့် ထဟ--- ကျေးရွာတို့တွင် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် ကော်ဘရာစစ်ကြောင်း နှင့် SAC စစ်တပ်များကြား ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ SAC ၏ စစ်တပ်ဂျက် လေယာဉ်များသည် လေးကေ့ကော်နယ်မြေအတွင်း ဓာတုဗုံးနှစ်လုံးကြဲချခဲ့ပြီး လေကြောင်းတိုက်ခိုက်မှုများကို တစ်နေကုန် ပြုလုပ်ခဲ့သည်။ ဤပုံများသည် ထိုဓာတုဗုံးများအနက်မှ တစ်လုံး၏ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ- KHRG)*

*ပျောက်သွားပြီး ခြေဖဝါး၊ ညို့သကြီးနည်းနည်းနဲ့ လက်ဖဝါးပဲ ကျန်တော့တယ်။ ကျန်တဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ အကုန်ပျောက်သွားတယ်။ သူ့အသား အပိုင်းအစတွေကိုပဲတွေ့ပြီး တာလပတ်ပေါ်မှာ စုထားတယ်။ တခြားသူ [သေသွားတဲ့ရွာသား] တွေလည်း ပေါင်နဲ့ ခန္ဓာကိုယ် အပိုင်းတွေ ပြတ်သွားတယ်"* ဟု ရှင်းပြခဲ့သည်။ လေကြောင်းတိုက်ခိုက်မှု၏ အရေးတစ်ကြီးဖြစ်မှုကြောင့် စောဘဘ--- ကဲ့သို့ပင် ရွာသား အများအပြားသည် ၎င်းတို့၏ မိသားစုဝင် သို့မဟုတ် အခြားရွာသားများ၏ ရုပ်အလောင်းများအား ပြန်လည်သယ်ယူနိုင်ခြင်း မရှိသည့်အပြင် အချို့သောဖြစ်စဉ်များတွင် သင့်လျော်သော မြေမြှုပ်သင်္ဂြိုဟ်ခြင်း အစီအစဉ်များ မလုပ်ဆောင်နိုင်ခဲ့ပေ။ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ရွာကျေးအေးကျေးရွာအုပ်စု၊ ထသ--- ရွာမှ ရွာသူတစ်ဦးဖြစ်သူ နော်အဒ--- မှ *"အခုလောလောဆယ်မှာ ကျေးရွာအုပ်ထဲကလူတွေက ခွေးတွေဝက်တွေလို အသတ်ခံနေရတယ်။ ကျွန်မတို့က အလောင်းတွေကို [သင်္ဂြိုဟ်ခြင်းမရှိပဲ] ဒီလိုပဲ လွှင့်ပစ်ရတယ်။"* ဟုပြောပြခဲ့ပါသည်။

ယာယီဗုံးခိုကျင်းများတွင် ပုန်းအောင်းခြင်းသည် မြန်မာစစ်တပ်၏ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများ သို့မဟုတ် လက်နက်ငယ်ပစ်ခတ်ခြင်းမှ ကာကွယ်ရန်အတွက် ရွာသားများမှ ဆယ်စုနှစ်များစွာ အသုံးပြုခဲ့သည့် နည်းလမ်းတစ်ခုဖြစ်သည်။ ရွာသူရွာသားများအနေဖြင့် ပေါက်ကွဲသံကြားရသည့်အချိန်တိုင်း ဗုံးခိုကျင်းသည် အတွေးထဲပေါ်လာသည့် ပထမဆုံး ပြေးဝင်ရာခိုလှုံရာ နေရာဖြစ်ပါသည်။ အချို့သောအခြေအနေများတွင် ဗုံးခိုကျင်းများသည် လုံလောက်သော အကာအကွယ်မပေးနိုင်သော်လည်း SAC လေကြောင်းတိုက်ခိုက်မှုများ၏ ပြင်းထန်မှုကြောင့် ဗုံးခိုကျင်းများအား မှီခိုအားထားမှု သိသိသာသာ များလာသည်ဟု ရွာသားများမှ တင်ပြကြပါသည်။ ဒွယ်လိုးမြို့နယ်၊ နားကိုခီးကျေးရွာအုပ်စု၊ ဈမ--- ကျေးရွာမှ ထိခိုက်ခံစားခဲ့ရသူတစ်ဦး၏မိသားစုဝင်ဖြစ်သူ အသက် ၅၁ နှစ်အရွယ် နော်ဘဆ--- မှ ဤကဲ့သို့ရှင်းပြခဲ့ပါသည်။ *"အရင်က ဗုံးခိုကျင်းတွေ ဆောက်ခဲ့ပေမယ့်[ ဗုံး] ပေါက်ကွဲမှုက အရမ်းကြီးတော့ ဘာမှမကာကွယ်ပေးနိုင်ဘူး။ ကျွန်မအစ်ကိုက ဗုံးခိုကျင်းထဲမှာပဲ ဆုံးသွားတယ်။"* အခြားဖြစ်စဉ်တစ်ခုတွင် မြိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုနယ်မြေ၊ စောခေးနယ်မြေ၊ ယဖ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သူ အယ--- မှ SAC သည် ဗုံးခိုကျင်းများဆောက်လုပ်ခြင်းကို တားမြစ်ထားကြောင်း ပြောပြခဲ့ပါသည်။ *"SAC က ရွာသားတွေ ယာယီဗုံးခိုကျင်းရှိတာကို သိတဲ့အခါ 'ဒီတွင်းကဘာတွင်းလဲ' လို့ မေးကြတယ်။ SAC စစ်သားတွေက ရွာသားတွေကို ယာယီဗုံးခိုကျင်းတွေ ဆောက်ထားတာတွေ့ရင် ဒဏ်ရိုက်တယ်။ SAC က ရွာထဲကို လက်နက်ကြီးပစ်ခတ်တာတွေ နေ့တိုင်းလုပ်တယ်။ အဲဒါကြောင့် ရွာသားတွေက ယာယီဗုံးခိုကျင်းတွေ ဆောက်ရမှာကို ကြောက်ကြတယ်။"*

## ၂.၁.၃။ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီနိုင်မှု မရှိခြင်း

ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီနိုင်မှုနည်းပါးခြင်းသည် ကရင်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှု ပိုများစေသည့် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် ညဘက်တွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်သည့်အခါတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ရွာသားအများအပြားသည် ဆေးကုသမှုခံယူခွင့် အချိန်မီမရရှိပဲ သေဆုံးခဲ့ရသည်။ ဆေးပစ္စည်းပြည့်စုံသော ဆေးခန်းများမရှိခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိသောရွာသားများနှင့် ကျန်းမာရေးဝန်ထမ်းများမှ ကျန်းမာရေးစောင့်ရှောက်မှုရယူရန် သို့မဟုတ် ပေးရန်အတွက် ခရီးသွားလာသည့်အခါ ရင်ဆိုင်ရသည့် လုံခြုံရေးအန္တရာယ်များကြောင့် ဆေးဝါးကုသမှု ရရှိနိုင်ခွင့်နည်းပါးခြင်းပြဿနာကို ပိုမိုဆိုးရွားစေပါသည်။[46] ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလက်ကျေးရွာအုပ်စု၊ ထက--- ကျေးရွာမှ နော်ဒ--- မှ *"ပြည်သူတွေ ဆေးကုသဖို့လိုအပ်ရင် တခြားနေရာမှာထွက်ပြေးပြီး သွားအိပ်နေတဲ့ ဆရာဝန်မဟုတ်ရင် သူနာပြုတွေကို ကျွန်မတို့ သွားရှာရတယ်။ မိုဘိုင်းလ်ဖုန်းရှိတာက အသုံးဝင်ပေမယ့် တစ်ခါတစ်လေ လိုင်းမကောင်းဘူး။ ကျန်းမာရေးစောင့်ရှောက်မှုရရှိဖို့က ကျွန်မတို့အတွက် တစ်ကယ်ကို ခက်ခဲပါတယ်။"* ဟုပြောပြခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၇ ရက်နေ့ ဈမ--- ကျေးရွာအနီး လေကြောင်းတိုက်ခိုက်မှုအတွင်း ရပ်ရွာဆေးခန်းတွင် သွားရောက်၍ဆေးကုသရန် လမ်းခုလတ်တွင်ရောက်နေသည့် ကျောင်းသားတစ်ဦး သေဆုံးခဲ့သည်။ ၎င်း၏ဖခင်ဖြစ်သူ စောဘဃ--- မှ *"ကျွန်တော့်သားကို ဗုံးအစထိပြီးတဲ့နောက်မှာ KECD ခေါင်းဆောင် [မြို့နယ်တာဝန်ခံ] က ကျွန်တော့်ကိုအကြောင်းကြားခဲ့ပြီးတော့ ဒဏ်ရာရထားတဲ့သားကို ကျွန်တော်ချက်ချင်းသွား တွေ့တယ်။ ကျွန်တော် သူနဲ့ စကားပြောတဲ့အခါမှာ 'အဖေ! သားထိသွားပြီ။ သားသေတော့မယ်ထင်တယ်။' လို့သူကပြောတယ်။ 'သားမသေဘူး။ စိတ်ကိုခိုင်ခိုင်ထား။' လို့သူ့ကိုပြောတယ်။ ကျွန်တော်တို့ ရွာမှာ ကျန်းမာရေးဝန်ထမ်းမရှိဘူး။ ကျေးလက်ဒေသမှာ နေထိုင်တဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှုရယူဖို့ ခက်ခဲပါတယ်။ ဆေးခန်းပို့ဖို့ ကျွန်တော်တို့ သူ့ကို ပုခက်ထဲမှာသယ်နေရင်း လမ်းမှာဆုံးသွားတယ်။ […] ဖြစ်စဉ်ဖြစ်ပြီးတဲ့နောက်မှာတော့ အဖေတွေ၊ အမေတွေနဲ့ ကလေးတွေ ငိုကြတယ်။ ကျွန်တော်လည်း မခံစားနိုင်တော့လို့ ငိုမိတယ်"* ဟုပြောပြခဲ့ပါသည်။[47] အခြားဒဏ်ရာရရှိသူရွာသားများအား KDHW အုပ်ချုပ်မှုအောက်ရှိ ထလ--- ဆေးခန်းသို့ ပို့ဆောင်ခဲ့ပြီးနောက်ပိုင်းတွင် ဒဏ်ရာရရှိသူအချို့အား ယဘ--- ဆေးခန်းကဲ့သို့သော ပိုမိုကောင်းမွန်သည့် ဆေးခန်းများသို့ ပြောင်းရွှေ့ပေးခဲ့ကြသည်။ ဒဏ်ရာရရှိသူကျောင်းသားနှစ်ဦး၏ မိခင်ဖြစ်သူ နော်ဘဆ--- မှ *"ဒဏ်ရာတွေက သွေးထွက်တာမရပ်ပဲ သွေးတွေဆက်ထွက်နေပေမယ့် အနားမှာ ကျန်းမာရေးလုပ်သားတစ်ယောက်မှ မရှိဘူး။ [အခြားရွာက] ကျန်းမာရေးလုပ်သားက ကျွန်မတို့ကိုလာကြိုမှ ကျွန်မတို့ [အသိမိတ်ဆွေတွေနဲ့ ရွာသားတွေ]က သူတို့ကို ဆေးခန်းသွားပြ လို့ရတယ်။ […] သူတို့ကို [KDHW ၏] ဈထ--- ဆေးခန်း [ထလ--- ဆေးခန်းဟုလည်းခေါ်သည်] ကို ပို့လိုက်တယ်။ ကုသမှုက တစ်ပြားမှမကုန်ဘူး။ ဒါပေမယ့် ဒဏ်ရာတွေက ပိုးဝင်တဲ့အတွက် လူနာတွေကို တခြားနေရာမှာပြောင်းဖို့ လိုအပ်တယ်လို့ သူတို့ကပြောတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒဏ်ရာတွေကို အစပိုင်းမှာ ကောင်းကောင်းမကုရင် အနာပြန်ဖြစ်နိုင်မလား ဒါမှမဟုတ် ကလေးတွေဟာ အလုပ်ကောင်းကောင်း မလုပ်နိုင်တော့မှာကို သူတို့ကစိုးရိမ်တယ်။"* ဟု တင်ပြခဲ့ပါသည်။

## ၂.၁.၄။ အရပ်သား ထိခိုက်သေဆုံးမှုမဖြစ်စေသော လေကြောင်းတိုက်ခိုက်မှုများ

အချို့သော ဖြစ်စဉ်များတွင် ဒေသခံရွာသားများမှ လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှု မရှိခဲ့ကြောင်း တင်ပြခဲ့ကြသည်။ ဤကဲ့သို့သောဖြစ်စဉ်များသည် များသောအားဖြင့် လေကြောင်းတိုက်ခိုက်မှုအတွင်း ရွာကိုမထိမှန်သော်လည်း ပတ်ဝန်းကျင်နေရာများကိုထိမှန်သည့်အချိန် သို့မဟုတ် ဒူးပလာယာခရိုင်နှင့် မူတြော်ခရိုင်ကဲ့သို့ ဗုံးကြဲတိုက်ခိုက်မှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ခဲ့သည့်ခရိုင်များတွင် ရွာသားများသည် လေကြောင်းတိုက်ခိုက်မှု ဖြစ်နိုင်ချေရှိသည့် လက္ခဏာများ (ဥပမာ - အနီးနားရှိကျေးရွာများတွင် ကင်းထောက်ခြင်း သို့မဟုတ် လေကြောင်း

46 KHRG မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသော *"ဒူးပလာခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို- ကရူတူးမြို့နယ်အတွင်း SAC ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုတို့ကြောင့် အရပ်သားများ ထိခိုက်ဒဏ်ရာရသေဆုံးခြင်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုပျက်စီးခြင်းနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်း (၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ)"* တွင် ကြည့်ပါ။

47 အထက်တွင်ဖော်ပြထားသော KHRG မှ ထုတ်ဝေသော *"အကြမ်းဖက်တိုက်ခိုက်ခံရသော စာသင်ကျောင်းများ"* တွင် ကြည့်ပါ။

တိုက်ခိုက်မှုပြုလုပ်ခြင်း) ကိုမြင်သည်နှင့်တစ်ပြိုင်နက် ရွာသားများမှ ကြိုတင်ထွက်ပြေးနိုင်သည့်အခါတွင် သေဆုံးမှုများမရှိကြောင်း သိရပါသည်။[48]

မူတြော်ခရိုင်၊ ဘူးသိုမြို့နယ် ထမ--- ကျေးရွာတွင် နေရပ်စွန့်ခွာနေရသူ စောဘဂ--- မှ *"[၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်အတွင်း] ဗုံးကြဲတာ ရွာအလယ်ကိုမထိလို့ ထမ--- ရွာမှာ ထိခိုက်ဒဏ်ရာရတဲ့သူ မရှိဘူး။ ဒါ့အပြင် ရွာသားတွေက အခြေအနေမကောင်းဘူးလို့ ခံစားရပြီး အရင်ကလည်း ဒီလိုမျိုး အတွေ့အကြုံတွေရှိတဲ့အတွက် လေကြောင်းတိုက်ခိုက်မှုမဖြစ်ခင် ထွက်ပြေးခဲ့ရတာပါ"* ဟု ရှင်းပြခဲ့ပါသည်။ ဤကဲ့သို့သောတိုက်ခိုက်မှုများသည် SAC လေကြောင်းတိုက်ခိုက်မှုများ၏ တိကျမှုမရှိသည့် ရမ်းသမ်းတိုက်ခိုက်မှု သဘောသဘာဝကို ထပ်လောင်းပုံဖော်နေပါသည်။

ရွာသူရွာသားများသည် နေရပ်စွန့်ခွာရခြင်းအပါအဝင် ၎င်းတို့နှင့် ၎င်းတို့၏မိသားစုဝင်များအား လေကြောင်းတိုက်ခိုက်မှုအန္တရာယ်မှ ကာကွယ်ရန် မတူညီသောနည်းလမ်းများကို အသုံးပြုကြပါသည်။ သုံးနှစ်တာကာလအတွင်း ရွာသားများနှင့် ဒေသခံလူထုများသည် ၎င်းတို့၏အတွေ့အကြုံများနှင့် အသိပညာများကိုအခြေခံ၍ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြသည်။ ရွာသားများ ထိခိုက်သေဆုံးမှုနည်းစေရန် အသုံးပြုသည့်နည်းလမ်းများဆိုင်ရာ နောက်ထပ်အချက်အလက်များကို အောက်ပါအပိုင်း ၃.၁.၁ တွင် ဖော်ပြထားပါသည်။

## အခန်း ၂.၂။ အရပ်သားပိုင်ဆိုင်မှုများနှင့် လူမှုအသိုက်အဝန်းများ ထိခိုက်ပျက် စီးခြင်း

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကရင်ပြည်နယ်ရှိ အရပ်သားနေရာများတွင် လေကြောင်းတိုက်ခိုက်မှု များပြုလုပ်ခဲ့ခြင်းကြောင့် အရပ်သားထိခိုက်သေဆုံးမှုများသာမက ရွာသားများ၏ နေအိမ်များ၊ ရပ်ရွာအဆောက်အဦးများနှင့် စိုက်ခင်းများပါ ကြီးမားသောပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည်။ ကရင်ပြည်နယ်အတွင်း ကျေးရွာများသည် ရွာသူရွာသားများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် လူ့အဖွဲ့အစည်းများ ဆင့်ကဲနေထိုင်လာသည့် နေရာများဖြစ် ပြီး စုဝေးရန်၊ ပျော်ပွဲရွှင်ပွဲဆင်နွှဲရန်နှင့် ပေါင်းသင်းဆက်ဆံရန်နေရာများ ဖြစ်သည်။ ပစ်မှတ် ထားတိုက်ခိုက်မှုများနှင့် ရမ်းသမ်းတိုက်ခိုက်မှုများသည် မရှိမဖြစ်လိုအပ်သော လူမှုရေးဆိုင်ရာ အဆောက်အဦးများကို ပျက်စီးစေကာ မိသားစုများမှ ခိုလှုံရာနေရာမရှိခြင်း၊ ရွာသူရွာသားများနှင့် ကလေးများမှ အရေးကြီးသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးလက်လှမ်းမမီနိုင်ခြင်းအပြင် ဘာသာရေးအသိုင်းအဝိုင်းများမှ ၎င်းတို့၏ဝတ်ပြုရာနေရာများမရှိခြင်းများကို ဖြစ်စေပါသည်။

ဤအခန်း၏ ပထမအပိုင်းတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးရွာများအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုများနှင့် ရမ်းသမ်းတိုက်ခိုက်မှုများ၏ ပျက်စီးမှုဖြစ်စေသော သက်ရောက်မှုများကို ဖော်ပြထားပါသည်။ SAC သည် ကျေးရွာများနှင့် ရပ်ရွာအဆောက်အဦးများအား ပစ်မှတ်ထားတိုက်ခိုက်သဖြင့် ရွာသားများသည် ၎င်းတို့၏ ခိုလှုံရာ၊ ငွေကြေးနှင့် အခြေခံဝန်ဆောင်မှုများ ဆုံးရှုံးရပါသည်။ ပဋိပက္ခပြင်းထန်ရာဒေသများရှိ ကျေးရွာများသည် တိုက်ခိုက်ခြင်းနှင့် ဗုံးကြဲခြင်းများ မကြာခဏ ကြုံတွေ့ရလေ့ရှိပြီး ပျက်စီးမှုအတိုင်းအတာ ပိုမြင့်ပါသည်။ ယခုအချိန်၌ ကျေးရွာများသည် ရွာသားများအတွက် မလုံခြုံသောနေရာများအဖြစ် သတ်မှတ်ခံထားရပြီး အဆိုပါတိုက်ခိုက်မှုများကို SAC မှ ရွာသားများအား ဖိနှိပ်ရန်၊ အကြမ်းဖက်ရန်နှင့် နေရပ်စွန့်ခွာရန် ပြုလုပ်သည့် ယုံကြည်ချက်များကြောင့် ရွာသားများသည် ဝေဟင်မှမြင်နိုင်သော အဆောက်အဦများတွင် နေထိုင်ရန် သို့မဟုတ် စုဝေးရန် ကြောက်ရွံ့နေကြဆဲဖြစ်သည်။ ဤအပိုင်းတွင် ရပ်ရွာအဆောက်အဦးများ ဖျက်ဆီးခံရခြင်းနှင့် ရွာသားများ ခွဲကွာ

---

48 ဥပမာ KHRG မှ ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော *"တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ထောတထူမြို့နယ်တွင် SAC တပ်ဖွဲ့များမှ လက်နက်ကြီးများပစ်ခတ်ခြင်း၊ လေကြောင်းဖြင့် တိုက်ခိုက်ခြင်း၊ လူ နေအိမ်များမီးရှို့ခြင်းနှင့် PDF တပ်သားများမှ ရွာသားများအား လမ်းပြအဖြစ်လုပ် ပေးရန် အတင်းခိုင်းစေခြင်း (၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ မှ ဒီဇင်ဘာလအထိ "*၊ ၂၀၂၄ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော *"တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ထောတထူမြို့နယ်တွင် SAC မှ လူနေအိမ်များ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခြင်းနှင့် လေကြောင်းဖြင့်တိုက်ခိုက်ခြင်း (၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအထိ) "* နှင့် ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော *" ခလယ်လွီထူခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - SAC မှ ဆောထိမြို့နယ် တွင် လေကြောင်းဖြင့်တိုက်ခိုက်ခြင်းနှင့် လက်နက်ကြီးများရမ်းသမ်းပစ်ခတ်ခြင်း ကြောင့် သေကြေဒဏ်ရာရမှု၊ ထိခိုက်ပျက်စီးမှုများနှင့် နေရပ်စွန့်ခွာရမှုများ ဖြစ်ပွားခြင်း (၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ)"* တွင် ကြည့်ပါ။

နေထိုင်ရခြင်းကြောင့် ဖြစ်ပေါ်သည့် ရပ်ရွာလူထုဘဝအပေါ် နှောင့်ယှက်မှုများကိုလည်း သုံးသပ်ထားပါသည်။ ဒုတိယအခန်းတွင် စိုက်ခင်းများပျက်စီးခြင်း၊ စိုက်ခင်းများသို့သွားရောက်နိုင်ရန် နှောင့်ယှက်ဟန့်တားခြင်း၊ ရွာသားများ၏ လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ခြင်း၊ ကုန်စည်ရှားပါးလာခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှင့် ကုန်ပစ္စည်း ဈေးမြင့်တက်လာခြင်းကဲ့သို့သော ရွာသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် စနစ်ကျသော စားနပ်ရိက္ခာ မလုံလောက်မှုကိုဖြစ်စေသည့် SAC လေကြောင်းတိုက်ခိုက်မှု၏ သက်ရောက်မှုများကို သုံးသပ်ထားပါသည်။

## ၂.၂.၁. ကျေးရွာများနှင့်လူမှုဘဝများ ဖျက်ဆီးခံရခြင်း

၂၀၂၁ ခုနှစ်မှစ၍ SAC လေကြောင်းတိုက်ခိုက်မှုကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် ဘာသာရေးအဆောက်အဦးများ မြောက်များစွာ ပျက်စီးသွားခဲ့သည်။ ဒေသခံရွာသားများ၏ SAC ၏လေကြောင်းတိုက်ခိုက်မှု အနည်းဆုံး (၁၈၄) ကြိမ်တွင် အရပ်သားပိုင်ဆိုင်မှုများ ပျက်စီးသွားခဲ့ကြောင်း တင်ပြခဲ့ကြသည်။ ထိုအထဲတွင် အနည်းဆုံး ဘာသာရေးအဆောက်အဦး (၆၇)လုံး၊ စာသင်ကျောင်း (၄၂)လုံးနှင့် ဆေးရုံ၊ ဆေးခန်း (၁၄)လုံး ပျက်စီးသွားခဲ့သည်။ လေကြောင်းတိုက်ခိုက်မှု (၁၂၁)ကြိမ်တွင် ရွာသားများ၏နေအိမ်များ မြောက်များစွာ ပျက်စီးသွားခဲ့ခြင်းကိုလည်း မှတ်တမ်းပြုစုခဲ့ပါသည်။ ဤအရေအတွက်များသည် အလွန်နည်းပါးနေကြောင်း ထင်မြင်ရသော်လည်း ရွာသားများအနေဖြင့် ထွက်ပြေးတိမ်းရှောင်ရသည့်အချိန်တွင် ပျက်စီးဆုံးရှုံးသွားသည့်အရေအတွက်ကို တိတိကျကျသိရှိနိုင်ရန်ခက်ခဲလှသည်။ ဤကဲ့သို့သော လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများသည် ၎င်းတို့၏အိုးအိမ်များ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လိုအပ်သည့်ဝန်ဆောင်မှုများ ဆုံးရှုံးခဲ့ရပြီး လူမှုဘဝလည်း ဖျက်ဆီးခံရသည်သာမက နေရပ်စွန့်ခွာတိမ်းရှောင်မှုများလည်း ဖြစ်ပေါ်စေသည်။

## (က) ရွာသားများ၏အိုးအိမ်ပိုင်ဆိုင်မှုများ ဖျက်ဆီးခြင်း

ကရင်ပြည်နယ်ရှိ လူနေအိမ်များနှင့်အဆောက်အဦးအများစုကို ဝေဟင်ပေါ်မှ ကောင်းမွန်စွာခွဲခြားမြင်တွေ့နိုင်သည်။ လူနေအိမ်များကို များသောအားဖြင့် နေရာတစ်ခုထဲတွင် စုစည်း၍ဖွဲ့စည်း တည်ဆောက်ထားလေ့ရှိသည်။ အများပိုင်အဆောက်အဦးများဖြစ်ကြသော စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အဦးများသည် အရွယ်အစားကြီး၍ အရောင်ရှိသောအမိုးအကာများဖြင့်တည်ဆောက်ထားသည်။ အဆိုပါ အဆောက်အဦးအနီးဝန်းကျင်တွင် ကစားကွင်းများ၊ စေတီပုထိုးများ သို့မဟုတ် လက်ဝါးကပ်တိုင်များအစရှိသော သိသာထင်ရှားသည့်အမှတ်သင်္ကေတများရှိသည်။ ဖြစ်စဉ်တော်တော်များများတွင် SAC သည် ကျေးရွာများ အား လေကြောင်းဖြင့်မတိုက်ခိုက်မီ ဒေသအတွင်း လေယာဉ်ဖြင့်ပျံဝဲ၍ကင်းထောက်လေ့ရှိသည်။ တစ်ခါတစ်ရံတွင် SAC လေယာဉ်များသည် မြေပြင်အနီးသို့ ပျံဝဲလာပြီး ကျေးရွာများကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ရွာသားများက တင်ပြကြသည်။ တစ်ချို့ဖြစ်စဉ်များတွင် လက်နက်ကိုင်ပဋိပက္ခများနှင့်ဆက်နွယ်ပတ်သက်မှုတစ်စုံတစ်ရာမရှိဘဲ SAC သည် လူနေအိမ်များနှင့် ရပ်ရွာအဆောက်အဦးများကို လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်လေ့ရှိသည်။ SAC သည် ရပ်ရွာအဆောက်အဦးများကို ရည်ရွယ်ချက်ရှိရှိပစ်မှတ်ထားတိုက်ခိုက်လေ့ရှိကြောင်း ရွာသားများက မကြာခဏတင်ပြကြသည်။ ဤအခြေအနေကို ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါ်ဖိုးပလက်ကျေးရွာအုပ်စု၊ ထက--- ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦး ဖြစ်သူ ဘဟ--- မှ *"ကျွန်တော်တို့မြင်ကြားနေရတာကတော့ သူတို့က ဆေးရုံတွေ၊ စာသင်ကျောင်းတွေ၊ ဘုရားကျောင်းတွေကို ပစ်မှတ်ထားတိုက်ခိုက်တာတွေရှိတယ်"* ဟုပြောသည်။

အခြားဖြစ်စဉ်တစ်ခုမှာ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့၌ ည (၁၀း၄၀) မိနစ်နှင့် (၁၁း၃၀)မိနစ်ကြားတွင် SAC သည် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါ်ဖိုးပလဲကျေးရွာအုပ်စု၊ ထဝ---ကျေးရွာအတွင်း စုစုပေါင်း ဗုံး (၁၂)လုံးကြဲချခဲ့၍ အနည်းဆုံး လူနေအိမ် (၁၁)လုံး၊ စာသင်ကျောင်းအဆောက်အဦး (၄)လုံးနှင့် ဘုန်းကြီးကျောင်းအဆောက်အဦး (၂)လုံး ထိခိုက်ပျက်စီးခဲ့သည်။ (ပစ်ခတ်လိုက်သည့်အဆိုပါဗုံးများတွင် ထပ်ဆင့်ပေါက်ကွဲဗုံးတစ်လုံးနှင့် မော်တာကျည်ဆံဗုံးများလည်းပါဝင်သည်။) ဤလေကြောင်းတိုက်ခိုက်မှုဖြစ်ပွားစဉ်တွင် ထိုဒေသအတွင်း တိုက်ပွဲများဖြစ်ပွားခြင်းမရှိသလို စစ်လှုပ်ရှားမှုများလည်း မရှိပါ။ ဤလေကြောင်းတိုက်ခိုက်မှုမဖြစ်ပွားမီ နှစ်ရက်အလိုတွင် KDHW အဖွဲ့သားများ ကျေးရွာထဲတွင် ဆုံတွေ့ခဲ့ကြသည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်အချိန်တွင် ကျေးရွာထဲတွင် ရွာသားများအားလုံးအိပ်မောကျနေပြီးဖြစ်သည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ ထဝ---ကျေးရွာမှ ရွာသား

တစ်ချို့က ၎င်းတို့အမြင်ကို တင်ပြကြပြီး နော်ဘဇ--- ကလည်း ယခုလိုပြောသည်။ “*ကျွန်မအမြင်နဲ့ရွာသားအမြင်နဲ့ပြောရရင် သူတို့က ကျွန်မတို့ရွာနဲ့အဆောက်အဦးတွေကို ဖျက်ဆီးချင်တာဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အနီးပတ်ဝန်းကျင်မှာ ဘာတိုက်ပွဲမှလည်းမဖြစ်ဘူးလေ။ (...) သူတို့က လေကြောင်းတိုက်ခိုက်မှုကို ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်တာဖြစ်တယ်။ ကျေးရွာကတော့ ပျက်စီးသွားပြီး။ ပညာရေးနဲ့ကျန်းမာရေးကဏ္ဍမှာလည်း ဆိုးကျိုးသက်ရောက်မှုတွေရှိတယ်။ ကလေးတွေရဲ့ရည်မှန်းချက်တွေလည်း ပျောက်ဆုံးသွားတယ်။ ရွာသားတွေလည်း ထွက်ပြေးတိမ်းရှောင်နေရတယ်။ ဒီလိုအပြုအမူတွေက လုံးဝမှားတယ်။*” လေကြောင်းတိုက်ခိုက်မှုစတင်ဖြစ်ပွားသည့်အချိန်တွင် နော်ဘဇ--- အနေဖြင့် အခြားရွာသားများကို ဗုံးခိုကျင်းထဲသို့ ပြေးဝင်ပုန်းရှောင်ရန် သတိပေးခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့၌ ည(၁၁း၃၃)မိနစ်တွင် ထခ--- ကျေးရွာအနီးနားတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး အခြားကျေးရွာများအနီးပတ်ဝန်းကျင်တွင်လည်း အနည်းဆုံး လေကြောင်းတိုက်ခိုက်မှုသုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း နော်ဘဇ---က ရှင်းပြသည်။ လေကြောင်းတိုက်ခိုက်မှုကို မြင်တွေ့ခဲ့သော ထပ--- ကျေးရွာမှ စစ်ပြေးရှောင်ရွာသားတစ်ဦးဖြစ်သူ ဒေါ်ဘသ--- မှ “*သူတို့က ရွာသားတွေကိုပဲ ပစ်မှတ်ထားပြီး လေကြောင်းနဲ့ပစ်ခတ်တိုက်ခိုက်ခဲ့တယ်*” ဟု ပြောသည်။

ကရင်ပြည်နယ်အနှံ့တွင်နေထိုင်ကြသော ရွာသားများအနေဖြင့် ၎င်းတို့၏တူညီသည့်ထင်မြင်ချက်များ ပြောပြခဲ့ကြပါသည်။ ဥပမာအားဖြင့် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ပရာရောကျေးရွာအုပ်စုရှိ ထခ---ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့သဖြင့် လူနေအိမ် (၁၀)လုံးမှာ ပြိုကျပျက်စီးသွားပြီး အခြားလူနေအိမ် (၅၉)လုံးမှာလည်း ထိမှန်ပျက်စီးသွားခဲ့သည်။[49] ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ထခ---ရွာသားတစ် ဦးဖြစ်သူ စောဘခ---က “*သူတို့က (SAC) ကျွန်တော်တို့ရဲ့အိုးအိမ်တွေ၊ စာသင်ကျောင်းနဲ့ဘာသာရေးနေရာတွေ အစရှိတဲ့ကျေးရွာအဆောက်အဦးတွေကို ဖျက်ဆီးဖို့အတွက် ရွာထဲကိုပဲ လေကြောင်းနဲ့လာတိုက်ခိုက်တာဖြစ်တယ်လို့ ရွာသားတွေက ထင်မြင်ယူဆတယ်*” ဟု ပြောသည်။ ထို့အပြင် SAC မှ ကျေးရွာများအတွင်း လေကြောင်းဖြင့် တိုက်ခိုက်ခဲ့သည့်အကြောင်းကို ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ပဒဲကောကျေးရွာအုပ်စုရှိ စျဒ--- ကျေးရွာတွင် နေထိုင်သော စောဒ--- ကလည်း “*ဘာဖြစ်လို့လဲဆိုတော့ ရွာသားတွေက သူတို့ရဲ့ဘဝကို ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းလို့မရနိုင်တော့ဘူးလေ*” ဟု ရှင်းပြသည်။



ဤပုံကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ခင်းကြီးကျေးရွာအုပ်စု၊ ထရ---ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့၊ နံနက် ၁၁ နာရီဝန်းကျင်တွင် SAC ခြေမြန်တပ်ရင်းအမှတ် (၄၃၉) မှ ထရ--- ကျေးရွာ အတွင်းသို့ ဒရုန်းများဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ဤပုံ သည် ထိုလေကြောင်းတိုက်ခိုက်မှု ကြောင့် လောင်ကျွမ်း သွားသော နေအိမ်ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ- KHRG)*

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် SAC လေကြောင်းတိုက်ခိုက်မှုများကြောင့် လူနေအိမ်များပျက်စီးသွားခြင်းသည် ဒေသခံလူမှုအသိုင်းအဝန်းအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိစေသည်။ အကြောင်းမှာ ရွာသားများသည် မိသားစုအလိုက်ထွက်ပြေးတိမ်းရှောင်ရခြင်းနှင့် ၎င်းတို့တစ်သက်စာရှာဖွေစုဆောင်းထားသောပိုင်ဆိုင်မှုများ၊ အိုးအိမ်အဆောက်အဦးများ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေကျေးရွာအုပ်စု၊ စျဟ---ကျေးရွာအတွင်း လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ပျက်စီးသွားသောနေအိမ်တစ်လုံး၏ပိုင်ရှင်ဖြစ်သူ နော်ဘလ--- မှ “*ကျွန်မရဲ့သားသမီးတွေကို ပြုစုစောင့်ရှောက်ဖို့ အခက်အခဲအများကြီးရှိတယ်။ ကျွန်မမှာ ဝင်ငွေလည်း*

49 KHRG မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော “*လူသည်လူသားဒိုင်းသဖွယ်ပြုရန်မဟုတ် - ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်တွင် အရပ်သားများအပေါ် အကြမ်းဖက်တိုက်ခိုက်ခြင်း (၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှ မေလ ၂၂ ရက်နေ့အထိ)*” တွင် ကြည့်ပါ။

*မရှာနိုင်ဘူး။ သူတို့ကိုလည်း မထောက်ပံ့နိုင်တော့ဘူး။ အဲဒီအပြင် ကျွန်မရဲ့အိမ်လည်း ပျက်စီးသွားတယ်။ ကျွန်မမှာ ပိုက်ဆံမရှိတဲ့အတွက် အိမ်ကိုပြန်ဆောက်ဖို့မလွယ်ဘူးလေ"* ဟု ရှင်းပြသည်။ ၂၀၂၁ ခုနှစ်၊ မတ်လအတွင်း ဒေဘူးနိုဒေသတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားနေစဉ် မျက်မြင်ကြုံတွေ့ခဲ့ရသော ရွာသားတစ်ဦးဖြစ်သူ နော်အဝ---ကလည်း *"အိမ်တစ်လုံးကိုဆောက်လုပ်ဖို့ ရွာသားတွေအတွက်အရမ်းခက်ခဲတယ်။ ဝင်ငွေရှာဖို့လည်း မလွယ်ဘူး။ သူတို့အိမ်ကို သူတို့တတ်နိုင်သလောက် ဆောက်လုပ်ခဲ့ကြတယ်။ ဒါပေမယ့်အခုတော့ သူတို့အိမ်မှာနေလို့မရနိုင်တော့ဘူး။ သူတို့အိမ်နဲ့ဝေးလံတဲ့အခြားနေရာတွေမှာ သွားပြေးရှောင်နေရတယ်"* ဟု ပြောပြသည်။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ နားကိုခီးကျေးရွာအုပ်စု၊ စျမ---ကျေးရွာမှ ကျောင်းအုပ်ကြီးတစ်ဦးဖြစ်သူ စောဘမ---ကလည်း လေကြောင်းတိုက်ခိုက်မှုကြောင့် လူမှုအသိုက်အဝန်းအပေါ် ထိခိုက်နစ်နာစေသောအခြေအနေကို ဤသို့ရှင်းပြသည်။ *"ကျွန်တော်တို့ကျေးရွာဒေသကိုဖွံ့ဖြိုးတိုးတက်လာအောင် အများကြီးကြိုးစားခဲ့ရတယ်။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုတွေလုပ်ဆောင်ပြီးနောက်မှာ လေကြောင်းတိုက်ခိုက်မှုကြောင့် ကျွန်တော်တို့ကျေးရွာပျက်စီးသွားတာကိုမြင်တွေ့ရတာ စိတ်အရမ်းထိခိုက်မိတယ်။"*

လေကြောင်းတိုက်ခိုက်မှုများကြောင့် ရွာသားများသည် ဝေဟင်မှ ကောင်းစွာမြင်တွေ့နိုင်သော အိမ်များတွင်ဖြစ်စေ သို့မဟုတ် အခြားအဆောက်အဦးနေရာတွင်ဖြစ်စေ နေထိုင်ရန်ကြောက်ရွံ့နေသည်ဟု တင်ပြကြသည်။ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ထီးဝါ့လော်ကျေးရွာအုပ်စု၊ ထစ---ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် နို့တကောမြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ ဘဝ--- ကျေးရွာတွင်နေထိုင်သော စောဘန---မှ ဤသို့ရှင်းပြသည်။ *"ကျေးရွာထဲကိုပဲ ဗုံးတွေပစ်ချတယ်။ အဲဒီမှာ KNLA စစ်သားတွေမရှိဘူး။ ဘယ်သူမှလည်း (စစ်သား) မရှိဘူး။ (…) အခုချိန်မှာ လူတွေက (ဝေဟင်ကနေ) မြင်တွေ့နိုင်တဲ့နေရာတွေမှာ မနေရဲတော့ဘူး။ ဥပမာဆိုရင် နေရာကျယ် ကြီးတစ်ခုမှာ လူနေအိမ်တွေ ဒါမှမဟုတ် အိမ်ခေါင်းမိုးတွေအများကြီးနီးနီးကပ်ကပ်ဆောက်လုပ်ထားတယ်ဆိုရင် ဒါမှမဟုတ် သွပ်မိုးတွေက အဖြူရောင်တွေဆိုရင် လူတွေက အဲဒီလိုနေရာတွေမှာ မနေရဲတော့ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့က(SAC) သိသာထင်ရှားတဲ့လူမြင်ကွင်းတွေမှာ ဗုံးတွေကြဲချတယ်လေ။ သူတို့က (SAC) တစ်နေရာ ထဲမှာမကဘဲ နေရာအများကြီးမှာ ဗုံးတွေပစ်ချတယ်။ အဲဒါကြောင့် တစ်ချို့အိမ်တွေကို ဗုံးတွေထိမှန်ပြီး ပျက်စီးသွားကြတယ်။"*

ထို့အပြင် ပစ်ခတ်ရပ်စဲရေးကာလအတွင်း ရွာသားများဆောက်လုပ်ခဲ့သော တန်ဖိုးကြီးအိမ်ယာအဆောက်အဦးများကို အခုချိန်တွင် မြန်မာစစ်တပ်၏အဆက်မပြတ်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရွာသားများအနေဖြင့် အဆိုပါအိမ်ယာအဆောက်အဦးများသည် အချည်းနှီးသာဖြစ်သွားပြီး ပစ်ခတ်ရပ်စဲရေးမတိုင်မီကာလရှိအခြေအနေသို့ ပြန်လည်ရောက်ရှိသွားကြောင်း ၎င်းတို့၏ခံစားချက်များကို တင်ပြကြသည်။ တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ မောင်နွဲ့ကြီးကျေးရွာအုပ်စု၊ ထတ---ကျေးရွာတွင်နေထိုင်သော စောဘပ---မှ ယခုလိုရှင်းပြသည်။ *"ကျွန်တော့်အိမ်ကို အကြီးကြီးဖြစ်အောင် ချဲ့ပြီးပြန်ဆောက်လုပ်ချင်တယ်။ ဒါပေမယ့် ကျွန်တော့်မိန်းမပြောတာက ဒီအချိန်မှာ အိမ်ကိုချဲ့ပြီးပြန်မဆောက်သင့်ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ လေကြောင်းတိုက်ခိုက်မှုက အချိန်မရွေးဖြစ်ပွားသွားနိုင်တယ်တဲ့။ ကျွန်တော်တို့ရွာထဲမှာ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့မယ်ဆိုရင် ကျွန်တော့်အိမ်လည်းပျက်စီးသွားမယ်လေ။ အဲဒါကြောင့် အိမ်ကိုပြန်မဆောက်ချင်တော့ဘူး။ နိုင်ငံရေးအခြေအနေကောင်းတဲ့အချိန်ကျမှပဲ အိမ်ကိုပြန်ဆောက်လုပ်မယ်။"*

## လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့်နေရာဒေသများတွင် ပျက်စီးသွားသောရပ်ရွာများ -

လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့်နေရာဒေသများတွင် လေကြောင်းတိုက်ခိုက်မှုအဖြစ်များပြီး လူနေအိမ်များနှင့် ရပ်ရွာအဆောက်အဦးများ ပို၍ထိခိုက်ပျက်စီးမှုများကြောင်း ရွာသားများက တင်ပြကြသည်။ ထို့အပြင် ရွာသားများ အနေဖြင့် ၎င်းတို့၏လယ်ယာစိုက်ပျိုးခင်းများတွင် သွားရောက်လုပ်ကိုင်နိုင်ခြင်းမရှိသည့်အပြင် နေရပ်စွန့်ခွာမှုများ နှင့်ကြုံတွေ့နေရကြောင်း တင်ပြခဲ့ကြသည်။[50]

50 ဥပမာ KHRG မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသော *"ဒူးပလာခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို- ကရူတူးမြို့နယ်အတွင်း SAC ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုတို့ကြောင့် အရပ်သားများ ထိခိုက်ဒဏ်ရာရသေဆုံးခြင်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုပျက်စီးခြင်းနှင့် နေရပ်ရွှေ့ ပြောင်းနေထိုင်ရခြင်း (၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ)"* တွင် ကြည့်ပါ။

ဥပမာဆိုလျှင် ၂၀၂၂ ခုနှစ်တွင် ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ သေ့ဘောဘိုးကျေးရွာအုပ်စု၊ ထဖ--- ကျေးရွာအနီးရှိ SAC တပ်စခန်းတစ်လုံးကို တော်လှန်ရေးလက်နက်ကိုင်အဖွဲ့က ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထို့နောက် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှ ဇူလိုင်လအတွင်း SAC မှ ထဖ---ကျေးရွာအတွင်း လေကြောင်းဖြင့် အဆက်မပြတ်ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုမတိုင်မီတွင် ရွာသားများ ထွက်ပြေးတိမ်းရှောင်ခဲ့သောကြောင့် သေကြေ၊ ဒဏ်ရာရရှိမှုများမရှိခဲ့ပေ။ သို့သော်လည်း ဗုံးကြဲတိုက်ခိုက်မှုကြောင့် ရွာသားများ၏နေအိမ်များ၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ စာသင်ကျောင်းတစ်ကျောင်းနှင့် ဆေးပေးခန်းအဆောက်အဦးများမှာ ထိမှန်ပျက်စီးသွားခဲ့သည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ ထဖ--- ကျေးရွာသားတစ်ဦးဖြစ်သူ နော်ဘခ--- မှ ဤသို့ရှင်းပြသည်။ *"(လေကြောင်းတိုက်ခိုက်မှုကြောင့်) (တစ်ရွာလုံး) ကြေမွပျက်စီးသွားခဲ့တယ်။ (...) လူနေအိမ်တွေ ပြိုကျပျက်စီးသွားတယ်။ အဲဒါကြောင့် အခုချိန်မှာ အိမ်ကြီးကြီးတွေ အကောင်းအတိုင်းမရှိတော့ဘူး။ ခေါင်မိုးကိုဖက်ရွက်နဲ့ဆောက်လုပ်ထားတဲ့ တစ်ချို့အိမ်သေးတွေက အကောင်းပဲရှိသေးတယ် (မပျက်စီးသေးဘူး)။ သွပ်မိုးနဲ့ဆောက်လုပ်ထားတဲ့အိမ်လေးလုံးပဲ ကျန်ခဲ့တယ်(မပျက်စီးဘူး)။ (လေကြောင်းတိုက်ခိုက်မှုကြောင့်) ကျွန်မလည်း လူနေအိမ်ရဲ့အခြေအနေကို အားလုံးသွားမကြည့်ရဲဘူး။ (...) (လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားနေတဲ့အချိန်မှာ) ကျွန်မပုန်းနေတဲ့တောင်ယာကနေ လေယာဉ်တွေ ပျံဝဲနေတာကို နေ့တိုင်းတွေ့နေရတယ်။ တစ်ခါတစ်လေဆိုရင် လေယာဉ်သုံးစီးလာပြီး လေကြောင်းနဲ့တိုက်ခိုက်တယ်။ တစ်ခါတစ်လေဆို နှစ်စီးလာပြီး လေကြောင်းနဲ့တိုက်ခိုက်တယ်။"*

လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားမည့်အချိန်ကာလနှင့်သဘောသဘာဝကြောင့် SAC တပ်စခန်းများ တိုက်ခိုက်ခံရသည့်ဖြစ်စဉ်များအစရှိသော လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ၏ စစ်လှုပ်ရှားမှုများဆောင်ရွက်ခဲ့ပြီးနောက်တွင် ကျေးရွာများအတွင်း လေကြောင်းတိုက်ခိုက်မှုများ မကြာခဏဆိုသလိုဖြစ်ပွားလေ့ရှိသည်။ ထိုကဲ့သို့လေကြောင်းတိုက်ခိုက်မှုသည် လူမှုအသိုက်အဝန်းများအပေါ် စုပုံအပြစ်ပေးသည့်ပုံစံဖြင့် အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် အခြေအနေမျိုးတွေ့ရှိရသည်။ ထို့အပြင် SAC မှ လေကြောင်းတိုက်ခိုက်မှုမပြုလုပ်မီ ဒေသအတွင်း လေကြောင်းဖြင့် ကင်းထောက်မှုများ မကြာခဏဆောင်ရွက်လေ့ရှိသည်။ ဥပမာဆိုရင် ဘားအံခရိုင်၊ တနေးဆါးမြို့နယ်၊ ထီးဝါးဘလောကျေးရွာအုပ်စု၊ စျအ---ကျေးရွာအနီးပတ်ဝန်းကျင်တွင် တိုက်ပွဲဖြစ်ပွားပြီးနောက် ၂၀၂၄ ခုနှစ်၊ မတ်လ ၉ ရက် နေ့၌ ညနေ (၃)နာရီခန့်တွင် SAC သည် စျအ---ကျေးရွာအတွင်း လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သောကြောင့် အရပ်သားအိုးအိမ်ပိုင်ဆိုင်မှုများ ထိမှန်ပျက်စီးသွားခဲ့သည်။ ဤလေကြောင်းတိုက်ခိုက်မှုတွင် ဒေသခံရွာသားတစ်ဦးဖြစ်သူ နော်အ---၏နေအိမ်အပါအဝင် သူမ၏မိခင်အိမ်နှင့်စပါးကျီတစ်လုံးလည်း ပျက်စီးသွားခဲ့သည်။ ဤဖြစ်စဉ်နှင့်ပတ် သက်၍ နော်အ---က ဤသို့ရှင်းပြသည်။ *"အစပိုင်းမှာ လေယာဉ်တစ်စီးက (သုံးရက်ဆက်တိုက်) နေ့တိုင်းပဲ ပျံဝဲလာတယ်။ အဲဒီလေယာဉ်က ကျေးရွာပေါ်မှာ ပျံဝဲပြီးကင်းထောက်တယ်။ ဒါပေမယ့် အစပိုင်းမှာ သူတို့က တိုက်ပွဲဖြစ်ပွားတဲ့နေရာကို လေကြောင်းနဲ့တိုက်ခိုက်ခဲ့တယ်။ (တိုက်ပွဲဖြစ်ပွားသည့်နေရာသည် ကျေးရွာသို့ကားဖြင့်သွားလျှင် မိနစ်သုံးဆယ်ခန့်ကြာသည်။) ကျွန်မတို့က အဲဒီအခြေအနေကို သတိမထားခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့က ရွာသားတွေလေ။ ပြီးတော့ ကျွန်မတို့ရွာမှာ စစ်သားလည်းမရှိဘူး။ အဲဒါကြောင့် ကျွန်မတို့လည်း ပုံမှန်လိုပဲ နေခဲ့တယ်။ ဒါပေမယ့် အဲဒီနေ့မှာ (မတ်လ ၉ ရက်နေ့) ညနေ (၃)နာရီဝန်းကျင်လောက်ရှိမယ်ထင်တယ်။ သူတို့က (SAC) (စျအ--- ကျေးရွာအတွင်းမှာ) လေကြောင်းနဲ့လာတိုက်ခိုက်ခဲ့တယ်။ အဲဒါကြောင့် ကျွန်မတို့တွေကြောက်ပြီး ဟိုနားဒီနား ထွက်ပြေးကြတယ်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ကျွန်မရဲ့အိမ်ကိုထိမှန်ပြီး မီးလောင်ပျက်စီးသွားတယ်။ ဆိုတော့ ကျွန်မတို့လည်း အိမ်ထဲမှာ မနေရဲတော့ဘူး။"* လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သော အဆိုပါလေယာဉ်တစ်စီးသည် အဖြူရောင်ဖြစ်ကြောင်း နော်အ---က မြင်တွေ့ခဲ့သည်။ အကြောင်းမှာ ထိုလေယာဉ်သည် ကျေးရွာအနားသို့ နီးကပ်စွာပျံဝဲလာပြီး ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ရွာသားများအားလုံးသည် ဗုံးခိုကျင်းထဲတွင် ဝင်ရောက်ပုန်းခိုရန်ပြေးလွှားနေသည့်အချိန်တွင် အဆိုပါလေယာဉ်သည် ကျေးရွာအတွင်းသို့ ဗုံးခုနှစ်လုံးခန့် ကြဲချခဲ့သည်။

လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များသည် စစ်လှုပ်ရှားမှုများလုပ်ဆောင်ပြီးနောက် SAC မှ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာတွင် အနည်းဆုံးမီးလောင်ဗုံးတစ်လုံးကိုအသုံးပြု၍တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်တစ်ခုကို KHRG က

သက်သေအထောက်အထားနှင့်တကွ သတင်းလက်ခံရရှိခဲ့သည်။[51] PDF စစ်သားများမှ ကျေးရွာအနီးတွင် တပ်စခန်း တစ်လုံးဆောက်လုပ်ပြီးနောက် ၂၀၂၄ ခုနှစ် တွင် SAC ၏ "မီးလောင်ဗုံး" ဖြင့်တိုက်ခိုက်ခြင်းခံရဖြင့် ၎င်းနှင့် မိခင်ဖြစ်သူတို့၏အိမ်များမီးလောင်ပျက်စီးသွားခဲ့ကြောင်း တောအူးခရိုင်၊ ဒေါ်ဖားခို မြို့နယ်၊ ထီးဒေးဒေသ၊ ထပ--- ကျေးရွာနေ ဒေါ်ဘသ--- မှ ရှင်းပြခဲ့ပါသည်။ *"နောက်ဆုံးတစ်ခေါက် သူတို့ (SAC) ပစ်ချလိုက်တဲ့ဗုံးတစ်လုံးက မီးလောင်ဗုံးတစ်လုံးပဲ။ (လေကြောင်းတိုက်ခိုက် မှုအတွင်း ဗုံးကြဲလိုက်သည့်နောက်ဆုံးဗုံးတစ်လုံးကိုဆိုလိုခြင်း ဖြစ်သည်။) တစ်ချို့ဗုံးတွေ ပေါက်ကွဲသံက အကျယ်ကြီးပဲ။ ဒါပေမယ့် အဲဒါက ဘာဗုံးအမျိုးအစားလဲဆိုတာတော့ ကျွန်မလည်းမသိဘူး။ ဒါပေမယ့်လည်း အခြားရွာသားတွေ အော်ဟစ်ပြောတာတွေကြားရတာကတော့ "မီးလောင်နေပြီ၊ မီးလောင်နေပြီ"တဲ့။ အဲဒါနဲ့ ကျွန်မလည်း ဗုံးခိုကျင်းထဲကနေထွက်လာပြီးတော့ ဘာတွေဖြစ်နေလဲဆိုပြီး သွားကြည့်ခဲ့တယ်။ အိမ်နှစ်လုံးနဲ့နွား တင်းကုပ်တစ်လုံး မီးလောင်ပျက်စီးနေတာကို မြင်တွေ့ခဲ့တယ်။"* ထို့အပြင် ဒေါ်ဘသ--- မှ သူမ၏အိမ်ဆုံးရှုံးခဲ့ရသည့် ခံစားချက်ကို ဤသို့ပြောပြသည်။ *"အိမ်အသစ်တစ်လုံးပြန်ဆောက်နိုင်မယ်လို့ ကျွန်မမှာ မျှော်လင့်ချက်မရှိတော့ဘူးထင်တယ်။ ကျွန်မဆုံးရှုံးခဲ့ရတဲ့အရာတွေကို ပြန်ရနိုင်မယ်လို့မထင်ဘူး။ အစမှာတော့ ကျွန်မဆုံးရှုံးခဲ့တဲ့ အရာနဲ့ပတ်သက်ပြီး စိတ်ထဲမှာ ဘာမှသိပ်မဖြစ်ဘူး။ နောက်ပိုင်းမှာတော့ ကျွန်မဆုံးရှုံးခဲ့တဲ့အရာတွေကို တွေးရင်းတွေးရင်း ပိုပြီးဝမ်းနည်းလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်တစ်လုံးကို တည်ဆောက်ဖို့အတွက် ကျွန်မတို့တွေ အလုပ်တွေအများ ကြီးကြိုးစားခဲ့ရတယ်။ (...) အခုတော့ အရာရာအားလုံးကို ဆုံးရှုံးသွားရပြီး။ လက်ရှိမှာ ကျွန်မတို့တွေ အိမ်သေးသေးလေးတစ်လုံးမှာနေထိုင်နေရတယ်။ အခုချိန်မှာ ကျွန်မတို့မြေမှာ လုပ်ကိုင်စိုက်ပျိုးတာတွေ မလုပ်နိုင်ဘူး။ စားဝတ်နေရေးအတွက် ရုန်းကန်နေရတယ်။ ဒီလိုအခက်အခဲစိန်ခေါ်မှုတွေနဲ့ အိမ်အသစ်တစ်လုံးကို ဘယ်လိုလုပ်ပြီးပြန်ဆောက်နိုင်မှာလဲ။ အသက်ရှင်ရဖို့အတွက် ဘဝကို ရုန်းကန်နေရတာလေ။"*

တစ်ချို့ဖြစ်စဉ်များတွင် SAC မှ ကျေးရွာများအတွင်း ဗုံးကြဲတိုက်ခိုက်၍ လူနေအိမ်များပျက်စီးသွားကာ ရွာသားများလည်း ထွက်ပြေးတိမ်းရှောင်ရပြီးနောက်တွင် SAC စစ်သားများသည် အဆိုပါကျေးရွာတွင်းသို့ ဝင်ရောက်လာပြီး ရွာသားများ၏ပိုင်ဆိုင်မှုပစ္စည်းများအား ခိုးယူလုယက်ခြင်း သို့မဟုတ် ကျေးရွာများတွင် ယာယီတပ်စခန်းများချ၍ အခြေချလှုပ်ရှားနေကြောင်း ဒေသခံများက တင်ပြခဲ့ကြသည်။[52]



ဤပုံကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လက်ခံရရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့၊ မနက် ၁၁ နာရီဝန်းကျင်တွင် SAC ခြေမြန်တပ်ရင်း အမှတ် (၄၃၉) မှ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ခင်းကြီးကျေးရွာအုပ်စု၊ ထရ--- ကျေးရွာအတွင်းသို့ ဒရုန်းတိုက်ခိုက်မှုတစ်ကြိမ် ပြုလုပ်ခဲ့ သည်။ ဗုံးများကြဲချပြီး ရွာသားတစ်ဦး၏ နေအိမ်ကို လောင် ကျွမ်းစေခဲ့ပါသည်။ ဤပုံသည် SAC ဒရုန်းတိုက်ခိုက်မှုအ တွင်း ကြဲချပြီး မပေါက်ကွဲသော ဗုံးများအနက် တစ်လုံး၏ ပုံ ဖြစ်ပါသည်။
*(ဓာတ်ပုံ- ဒေသခံရွာသား)*

## (ခ) ရပ်ရွာအဆောက်အဦးများဖျက်ဆီးခံရခြင်းနှင့် လိုအပ်သောဝန်ဆောင်မှုများဖြတ်တောက်ခံရခြင်း

လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်အများစုတွင် အဓိကကျသောရပ်ရွာအဆောက်အဦးများ ပျက်စီးသွားခြင်းကြောင့်

51 SAC တပ်ဖွဲ့သည် လူနေအိမ်မီးရှို့မှုကို အကြမ်းဖက်တိုက်ခိုက်ပုံစံတစ်ခုအဖြစ် အသုံးပြုသည်။ KHRG မှ ၂၀၂၃ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော *"လောင်ကျွမ်းပြာကျကရင်ဒေသ - မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသများရှိ အရပ်သားများအပေါ် လက်တုန့်ပြန်ခြင်းဖြင့် အိမ်နှင့်ပိုင်ဆိုင်မှုများကို မီးရှို့ဖျက်ဆီးခြင်း (၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်)"* တွင် ကြည့်ပါ။

52 KHRG မှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသော *"တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါ်ဖားခိုမြို့နယ်တွင်ဖြစ်ပွားခဲ့သည့် လေကြောင်းပစ်ခတ်မှု၊ နေရပ်ရွှေ့ပြောင်းခံရမှုနှင့် အရပ်သားအိုးအိမ် ပိုင်ဆိုင်မှုများပျက်စီးခြင်း (၂၀၂၃ခုနှစ်၊ ဇူလိုင်လ) "* တွင် ကြည့်ပါ။

ရွာသားများအနေဖြင့် ကျန်းမာရေးနှင့်ပညာရေးအစရှိသော လိုအပ်သည့်ဝန်ဆောင်မှုများရရှိရန် အခက်အခဲစိန်ခေါ်မှုများ ကြုံတွေ့နေရကြောင်းကိုလည်း ဒေသခံများက တင်ပြခဲ့သည်။ ထို့အပြင် ဤကဲ့သို့လေကြောင်းတိုက်ခိုက်မှုများကြောင့် ရွာသားများသည် ၎င်းတို့၏မိသားစုဘဝတိုးတက်ရေးအတွက် လုပ်ဆောင်ရန်နှင့် ရပ်ရွာဒေသအတွင်း ယဉ်ကျေးမှုနှင့်ဘာသာရေးဆိုင်ရာ အခမ်းအနားများကို စုပေါင်းကျင်းပရာတွင် အခက်အခဲများဖြစ်စေပါသည်။

## စာသင်ကျောင်းများအား လေကြောင်းဖြင့်တိုက်ခိုက်ခြင်း -

SAC လေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံးစာသင်ကျောင်း (၄၂)ကျောင်း ပျက်စီးသွားသည့်ဖြစ်စဉ်များကို KHRG မှ သတင်းလက်ခံရရှိခဲ့သည်။ ထိုသို့လေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးသူငယ်များ၏လုံခြုံရေးနှင့် အသက်အန္တရာယ် ခြိမ်းခြောက်မှုဖြစ်စေပြီး ၎င်းတို့၏ပညာရေးကို အဟန့်အတားဖြစ်စေသောကြောင့် အနာဂတ်မျိုး ဆက်သစ်များအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိစေပါသည်။

လက်ခံရရှိသည့်သတင်းအချက်အလက်များအရ ကရင်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် စာသင်ကျောင်းများ ပျက်စီးသွားသည့်ဖြစ်စဉ်ထက်ဝက်သည် မူတြော်ခရိုင်တွင် ဖြစ်ပွားခဲ့သည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဈဟ---ကျေးရွာအတွင်း လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်ဖြစ်စဉ်တစ်ခုတွင် အရပ်သားအများအပြား သေကြေ၊ ဒဏ်ရာရရှိခဲ့ပြီး လူနေအိမ် (၈)လုံး၊ စာသင်ကျောင်းအဆောက်အဦး (၂)လုံးနှင့် ဘုရားကျောင်း (၃)ကျောင်းပျက်စီးသွားခဲ့သည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ ဈဟ---ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သော စောဘရ---မှ *"SAC က သွပ်မိုးနဲ့ဆောက်လုပ်ထားတဲ့စာသင်ကျောင်းအဆောက်အဦးတွေကို အဓိကပစ်မှတ်ထားပြီး လေကြောင်းဖြင့်တိုက်ခိုက်ခဲ့တယ်"* ဟု ရှင်းပြသည်။ အလားတူစွာ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလက် ကျေးရွာအုပ်စုရှိ ထဝ--- ကျေးရွာတွင်နေထိုင်သော နော်ဘဓ---မှ *"သူတို့က စာသင်ကျောင်းတွေကို ပစ်မှတ်ထား တိုက်ခိုက်လေ့ရှိတယ်။ စာသင်ကျောင်းက သူတို့ရန်သူမဟုတ်ဘူးလေ"* ဟု ရှင်းပြသည်။

စာသင်ကျောင်းများကို လေကြောင်းဖြင့်တိုက်ခိုက်ဖျက်ဆီးခြင်းသည် အဓိကအားဖြင့် လူမှုဘဝအပေါ် ဆိုးရွားသောသက်ရောက်မှုများရှိသည်။ ထိုကဲ့သို့လုပ်ရပ်များကြောင့် ပြည်သူလူထု၏အသက်အန္တရာယ်များခြိမ်းခြောက်ခြင်း၊ အသက်များဆုံးရှုံးရခြင်းနှင့် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် စိတ်ဒဏ်ရာများရရှိခြင်းအပြင် ၎င်းတို့၏ပညာရေးကို အနှောက်အယှက်ဖြစ်စေပြီး ကလေးများအတွက် စာသင်ကြားရန်နှင့်ဆော့ကစားရန် လုံခြုံမှုရှိသည့်ပတ်ဝန်းကျင်ကို ဖျက်ဆီးစေပါသည်။[53] မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဖလာခို့ကျေးရွာအုပ်စု၊ ထထ--- ကျေးရွာတွင် နေထိုင်သော စောဘစ--- သည် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဒေသခံရွာသားများ ကြုံတွေ့ရသည့်စိန်ခေါ်မှုအချို့ကို ဤသို့ရှင်းပြသည်။ *"ကျောင်းတွေပြန်လည်ဖွင့်ပေမဲ့ ကျောင်းသူ၊ ကျောင်းသားတွေ အကြောက်တရားနဲ့ကျောင်းတက်နေရတယ်။ ကျောင်းသားမိဘတွေကလည်း သူတို့ကလေးကို ကျောင်းသွားထားရမှာ စိုးရိမ်နေတယ်။ ကံမကောင်းစွာနဲ့ပဲ တစ်ချို့ကျောင်းသားတွေ ကျောင်းထွက်ကုန်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့မိဘက သူတို့ကို ကျောင်းမထားရဲကြဘူးလေ။ အကြောင်းရင်းကတော့ သူတို့ကလေးတစ်ခုခုဖြစ်သွားရင် ကလေးတွေရှိတဲ့ကျောင်းတွေကို မိဘဖြစ်သူက မသွားရောက်နိုင်ဘူးဖြစ်နေလို့လေ။ တစ်ချို့ကျောင်းသားတွေကျတော့လည်း ခဏခဏ ကျောင်းသွား၊ ကျောင်းပြန်နေရတဲ့အခြေအနေကို စိတ်ကုန်သွားလို့ ကျောင်းထွက်လိုက်ကြပြီး အခြားနေရာတွေမှာ အလုပ်သွားလုပ်ကြတယ်။"*

## ဆေးဖက်ဆိုင်ရာအဆောက်အဦးများအား လေကြောင်းဖြင့်တိုက်ခိုက်ခြင်း -

KHRG လက်ခံရရှိသည့်အချက်အလက်များအရ SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ဆေးဖက်ဆိုင်ရာအဆောက်အဦးများ အနည်းဆုံး(၁၄)လုံးပျက်စီးခဲ့သည်။ ဥပမာဖြစ်စဉ်တစ်ခုမှာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့၌ SAC လေယာဉ်နှစ်စီးသည် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဘတ--- ကျေးရွာတွင် လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သောကြောင့် အရပ်သားများသေကြေ၊ ဒဏ်ရာရရှိခဲ့ပြီး ကျေးရွာတွင်းရှိ ဆေးရုံးတစ်လုံးနှင့်အခြားအဆောက်အဦးများ ပျက်စီးသွားခဲ့သည်။ ထိုလေကြောင်းတိုက်ခိုက်မှုတွင် ရွာသား (၆)ဦး သေဆုံးခဲ့ပြီး (၉)ဦးဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိ

[53] အထက်တွင်ဖော်ပြထားသော KHRG မှ ထုတ်ဝေသော *"အကြမ်းဖက်တိုက်ခိုက်ခံရသော စာသင်ကျောင်းများ"* တွင် ကြည့်ပါ။

သည့်ရွာသားများထဲတွင် ဆရာဝန်တစ်ဦးလည်းပါဝင်သည်။

SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများနှင့်ကျန်းမာရေးလုပ်သားများအနေဖြင့် ဆေးရုံ၊ ဆေးခန်းများတွင် ဆေးကုသမှုပေးရန်နှင့်ဆေးကုသမှုခံယူရန်ကြောက်ရွံ့နေကြောင်း တွေ့ရှိရသည်။ မူတြော်ခရိုင်မှ KDHW တာဝန်ရှိသူတစ်ဦးဖြစ်သူ စောဘဖ---မှ ဤသို့ရှင်းပြသည်။ *"ကျွန်တော်သိရသလောက်တော့ (ဒွယ်လိုးမြို့နယ်၊ မယ်သူ့ကျေးရွာအုပ်စု၊ စျထ--- ကျေးရွာတွင်ရှိသည့် စျထ---ဆေးရုံ) ဆေးရုံတစ်လုံးပဲ လူနာတွေကို ဆေးကုသမှုတွေပေးတယ်။ အခြားဆေးရုံမရှိဘူး။ ဒါပေမယ့် ဆေးရုံအားလုံးနီးပါးမှာ အလုပ်လုပ်နေကြတဲ့ကျန်းမာရေးလုပ်သားတွေ လူနာတွေကို ဆေးကုသမှုပေးတာတွေ ရပ်တန့်ခဲ့ရတယ်။ အဲဒီဆေးရုံတွေက လေကြောင်းနဲ့တိုက်ခိုက်ဖျက်ဆီးခံရတယ်။ တစ်ချို့ဆေးရုံတွေက လေကြောင်းတိုက်ခိုက်မှုမခံရသေးဘူး။ (…) ကျွန်တော်တို့ရဲ့ရန်သူဖြစ်တဲ့ အာဏာရှင်ဗမာအစိုးရက(SAC) ကျွန်တော်တို့ကျေးရွာကို လေကြောင်းနဲ့တိုက်ခိုက်တယ်။ (…) အဲဒါကြောင့် ကျွန်တော်တို့တွေ အရင်တုန်းကလိုမျိုး ပြည်သူတွေကို ဆေးကုသမှုတွေ မပေးနိုင်တော့ဘူး။ ကျွန်တော်တို့တွေ လုံခြုံတဲ့နေရာမှာ ပုန်းခိုပြီးဆေးကုသပေးတယ်။ နေရာကတော့ သက်တောင့်သက်သာမှုမရှိသလို လူနာရဲ့အခြေအနေလည်း မကောင်းဘူးလေ။"* အလားတူစွာ ခလယ်လွီထူခရိုင်မှ နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ (BPHWT) တာဝန်ခံတစ်ဦးဖြစ်သူ နော်ဘထ--- မှလည်း ယခုလိုရှင်းပြသည်။ *"သူတို့က အဲဒီလိုလာပြီး လေကြောင်းနဲ့တိုက်ခိုက်တဲ့အတွက် ကျွန်မတို့တွေ စိန်ခေါ်မှုတွေအများကြီးကြုံရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ခရီးသွားဖို့ရှိ စီစဉ်တဲ့နေရာတွေမသွားနိုင်တော့ဘူး။ သွားလဲ မသွားရဲတော့ဘူးလေ။ ပြီးတော့ ကျွန်မတို့ကျန်းမာရေးလုပ်သားတွေကြောက်ကြတယ်။ ကျွန်မတို့နေတဲ့နေရာလည်း အန္တရာယ်ရှိတယ်။ အဲဒါကြောင့် ကျွန်မတို့တွေ တောထဲမှာသွားနေရတယ်။ ကျွန်မတို့ကျန်းမာရေးလုပ်သားတွေ ရွာထဲမှာလည်း မနေရဲဘူး။ (…) ဒါက ကျွန်မတို့အတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ Backpack ကျန်းမာရေးလုပ်သား တွေအနေနဲ့ အမြဲတမ်းခရီးသွားရတယ်လေ။ အလုပ်ကိစ္စကြောင့် တစ်ရွာနဲ့တစ်ရွာခရီးသွားရတယ်။ ဒီလိုအခြေအနေကြောင့် ကျွန်မတို့ခရီးမသွားရဲတော့ဘူး။"*

## ဘာသာရေးအဆောက်အဦးများအား လေကြောင်းဖြင့်တိုက်ခိုက်ခြင်း -

၂၀၂၁ ခုနှစ်မှစ၍ SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ဘာသာရေးအဆောက်အဦးများ အနည်းဆုံး (၄၅)လုံး ပျက်စီးသွားသည့်ဖြစ်စဉ်များကို KHRG မှ သတင်းလက်ခံရရှိခဲ့သည်။ ဒေသခံရွာသားများရှင်းပြရာတွင် ဘာသာရေးအဆောက်အဦးများသည် ဝေဟင်မှ ရှင်းလင်းစွာ ခွဲခြားမြင်တွေ့နိုင်ပြီး SAC သည် ဝေဟင်ကင်းထောက်လှမ်းမှု လုပ်ဆောင်ပြီးနောက် အဆိုပါဘာသာရေးအဆောက်အဦးများကို လေကြောင်းဖြင့်တိုက်ခိုက်ဖျက်ဆီးလေ့ရှိသည်။ ဥပမာဆိုလျှင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ တောအူးခရိုင်၊ ထောတထူမြို့နယ်၊ တည--- ကျေးရွာအုပ် စု၊ ထယ--- ကျေးရွာအတွင်း ဗုံးတစ်လုံးကြဲချတိုက်ခိုက်ခြင်းကြောင့် ကျေးရွာဘုန်းကြီးကျောင်းတစ်လုံး ပျက်စီးသွားခဲ့သည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်သူ စောဘယ--- မှ ဤသို့ရှင်းပြသည်။ *"လေကြောင်း တိုက်ခိုက်မှုမပြုလုပ်ခင်မှာ လေယာဉ်က ခဏခဏပျံဝဲလာတယ်။ အဲဒါက တစ်ခြားကျေးရွာတွေကိုလည်း ကင်း ထောက်လှမ်းတာဖြစ်နိုင်တယ်။ လေယာဉ်တွေ (ထယ---) ကျေးရွာပေါ်ကို ပျံဝဲပြီးမကြာပါဘူး ဗုံးတစ်လုံးပစ်ချလိုက်တယ်။ သူတို့က ဂျက်ဖိုက်တာလိုမျိုး ပစ်နေတာမဟုတ်ဘူး။ အဲဒီရဟတ်ယာဉ်တစ်စီးက ဗုံးတစ်လုံးပစ်ချသွားတယ်။ အဲဒါက ဂျက်ဖိုက်တာမဟုတ်ဘူး။ ရဟတ်ယာဉ်တစ်စီးပဲ။ ဗုံးက ဘုန်းကြီးကျောင်းပေါ်ကို တိုက်ရိုက်ကျပြီး ပေါက်ကွဲသွားတယ်။"* အခြားဖြစ်စဉ်တစ်ခုမှာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့၌ SAC လေယာဉ်တစ်စီးသည် ဒူးပလာယာခရိုင်၊ ကရူတူး(ကျုံဒိုး)မြို့နယ်၊ မယ်သဲကျေးရွာအုပ်စု၊ ထစျ--- ကျေးရွာအတွင်းရှိ ဘုန်းကြီးကျောင်းပေါ်ကို ပေါင် (၅၀၀) ဗုံးနှစ်လုံးကြဲချခဲ့သည်။ ထိုလေကြောင်းတိုက်ခိုက်မှုတွင် ဆရာတော်ဦးဘစျ--- အား ထိမှန်သေဆုံးသွားခဲ့ပြီး ဘုန်းကြီးကျောင်းလည်း ပျက်စီးသွားခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်အချိန်တွင် ရွာသားများသည် ကထိန်ပွဲတော်ကျင်းပနေသည့်အချိန်ဖြစ်သည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှုမဖြစ်ပွားမီ ဒေသအတွင်း စစ်ရေးလှုပ်ရှားမှုများလည်း မရှိပေ။

ဘာသာရေးအဆောက်အဦးများအား လေကြောင်းဖြင့်တိုက်ခိုက်ဖျက်ဆီးခြင်းသည် ရွာသားများအတွက် ဘာသာရေးဆိုင်ရာပွဲတော်များနှင့် ဘုရားရှိခိုးခြင်းနှင့်ဆုတောင်းခြင်းများ ပြုလုပ်ရန်အဟန့်အတားဖြစ်စေသည်။ ထို့အပြင် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဘာသာရေးအဆောက်အဦးများသည် ရွာသားများအတွက်ခိုလှုံရာတစ်ခုလည်း




ဤပုံကို ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း ဒူးပလာ ယာခရိုင်၊ ကော်တရိမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ ထဃ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် SAC လေကြောင်းတိုက်ခိုက်မှုမှ ကြဲချခဲ့သော ဗုံးတစ်လုံးကြောင့် ထိခိုက်ပျက်စီးသွား သော ထဃ--- ကျေးရွာရှိ ကရင်နှစ်ခြင်းခရစ်ယာန်ဘုရား ရှိခိုးကျောင်း တစ်ကျောင်း၏ ပုံဖြစ်ပါသည်။ ထိုလေ ကြောင်းတိုက်ခိုက်မှုကြောင့် ရွာကျောင်းတစ်ကျောင်း နှင့် ရွာသားများ၏ နေအိမ်များလည်း ထိခိုက်ပျက်စီး ခဲ့သည်။
*(ဓာတ်ပုံ- KHRG)*




ဤပုံကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒူးပလာယာ ခရိုင်၊ ဝင်းရေးမြို့နယ်၊ ဆင်ပြေးကျေးရွာအုပ်စု၊ ဖဆ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးသွား သော ကျေးရွာဘုန်းကြီးကျောင်း တစ်ကျောင်း၏ပုံ ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ညနေပိုင်းတွင် ဖဆ--- ကျေးရွာအနီး၌ ဒေသခံလက် နက်ကိုင်တပ်ဖွဲ့များနှင့် SAC စစ်တပ်များကြား ပစ်ခတ် တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ ထိုပစ်ခတ် တိုက်ခိုက်မှု ပြီးနောက် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့နှင့် ၃ ရက်နေ့တွင် SAC သည် ဖဆ--- ကျေးရွာအတွင်းသို့ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သဖြင့် ရွာသားများ၏ နေအိမ်များ၊ ကျေးရွာဘုန်းကြီးကျောင်း၊ ကွမ်းနှင့်ရာဘာခြံများ ထိခိုက်ပျက်စီးခဲ့သည်။ *(ဓာတ်ပုံ- KHRG)*




ဤပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ မင်းစောကျေးရွာအုပ်စု၊ ထဝ--- ကျေး ရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် SAC လေကြောင်းတိုက်ခိုက် မှုကြောင့် ထိခိုက်ပျက်စီးသွားသော KECD စီမံအုပ် ချုပ်မှုအောက်ရှိ ကျောင်းတစ်ကျောင်း၏ပုံ ဖြစ်ပါသည်။ ထိုလေကြောင်းတိုက်ခိုက်မှုကြောင့် ကျောင်းအတွင်းရှိ ပစ္စည်းများအပါအဝင် ကျောင်းအဆောက်အဦး ၄ ခု ထိ ခိုက်ပျက်စီးခဲ့သည်။ ထို့အပြင် ရွာသားများ၏ နေအိမ် များလည်း ထိမှန်ပျက်စီးခဲ့ပြီး ရွာသားတစ်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။ ကြဲချခဲ့သော ဗုံးများအနက် သုံးလုံး မှာ မပေါက်ကွဲခဲ့ပါ။
*(ဓာတ်ပုံ - KHRG)*




ဤပုံကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မယ်သူးကျေးရွာအုပ်စု၊ ဈထ--- ကျေးရွာ တွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် SAC လေကြောင်း တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးသွားသော KDHW စီမံအုပ်ချုပ်မှုအောက်ရှိ ထလ--- ဆေးခန်း၏ပုံ ဖြစ် ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့၊ မနက် ၁၀ နာရီတွင် SAC တိုက်လေယာဉ်များသည် ဈထ--- ကျေးရွာအတွင်းသို့ လေကြောင်းတိုက်ခိုက်မှုတစ်ကြိမ် လာရောက်ပြုလုပ်ခဲ့ပြီး ရွာအတွင်းသို့ ဗုံး ၅ လုံး ကြဲချခဲ့သည်။ ဆေးခန်းနှင့် ကျန်းမာရေးဝန်ထမ်း အလုပ်သမားများ၏ အခန်းများလည်း ထိခိုက်ပျက်စီး ကုန်သည်။ *(ဓာတ်ပုံ - KHRG)*

ဖြစ်သည့်အတွက် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားမည်ဆိုလျှင် သေကြေ၊ ဒဏ်ရာရရှိမှုများ ပို၍များနိုင်ချေရှိသည်။[54] ဘာသာရေးအဆောက်အဦးများကို SAC မှ လေကြောင်းဖြင့်တိုက်ခိုက်လေ့ရှိသောကြောင့် စစ်ဘေးရှောင်ရွာသားများအနေဖြင့် ဘုန်းကြီးကျောင်းများတွင် ပုန်းရှောင်ခိုလှုံရန်ကြောက်ရွံ့နေကြောင်း ဒေသခံများက တင်ပြခဲ့သည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့၌ ပြည်သူများ ပုန်းရှောင်ခိုလှုံနေသော ဖအ--- ဘုန်းကြီးကျောင်းထဲတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး ရွာသား(၆)ဦးသေဆုံး၍ (၉)ဦးဒဏ်ရာရရှိခဲ့သည်။ ဖအ--- ဘုန်းကြီး ကျောင်းသည် မူတြော်ခရိုင်၊ ဖာပွန်အမှတ် (၂)ရပ်ကွက်တွင် တည်ရှိသည်။ ဒဏ်ရာရရှိသော ရွာသားတစ်ဦးကို (မဲ့ဟောင်ဆောင်ခရိုင်ရှိ) ထိုင်းဆေးရုံတစ်လုံးသို့ ပို့ဆောင်နေစဉ် လမ်းခရီးတွင်ပင် သေဆုံးသွားခဲ့သည်။

SAC လေကြောင်းတိုက်ခိုက်မှု၏သဘောသဘာဝအရ ရွာသားများအနေဖြင့် ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် အိမ်များအစရှိသော သိသာထင်ရှားသည့်အဆောက်အဦးများကို ပြန်လည်ဆောက်လုပ်ကြရန် ကြောက်ရွံ့နေကြောင်း ဒေသခံများက တင်ပြခဲ့သည်။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့ မနက် (၂း၃၀) မိနစ်တွင် SAC မှ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ မဲ့ကသာကျေးရွာအုပ်စု၊ ဖဘ--- ကျေးရွာတွင်းရှိ ဘုန်းကြီးကျောင်းကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ဖဘ--- ကျေးရွာတွင်နေထိုင်သော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်သူ စောဆအ--- မှ ယခုလိုရှင်းပြသည်။ *"တကယ်တော့ ဒီဘုန်းကြီးကျောင်းကို ဆောက်လုပ်ထားတာ မပြီးသေးဘူး။ ဒီနှစ်အတွင်းမှာ ပြီးအောင်ဆောက်မယ်လို့စီစဉ်ထားတယ်။ ဒါပေမယ့် ပြီးအောင်ဆောက်ဖို့ မျှော်လင့်ချက်မရှိတော့ဘူးထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လေကြောင်းတိုက်ခိုက်မှုကြောင့် အဲဒီဘုန်းကြီးကျောင်း ပျက်စီးသွားပြီးလေ။"*

## (ဂ) လူမှုဘဝအား ဖျက်ဆီးနှောက်ယှက်ခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသများရှိ ရွာသားများသည် မိသားစုကဲ့သို့ အတူယှဉ်တွဲနေထိုင်၍ လူမှုရေး၊ ဘာသာရေးနှင့်ရိုးရာယဉ်ကျေးမှုဆိုင်ရာအခမ်းအနားများကို အတူတကွ ကျင်းပလုပ်ဆောင်လေ့ရှိသော လူမှုအသိုင်းအဝန်းတစ်ခုအဖြစ် တွေ့ရှိရသည်။ ဒေသခံရွာသားများသည် ၎င်းတို့၏လူမှုရေးနှင့်ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို အတူတကွ ထိန်းသိမ်းစောင့်ရှောက်ကြသည်။ SAC လေကြောင်းတိုက်ခိုက်မှုသည် အဆိုပါ လူမှုရေးနှင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ဖျက်ဆီးနေပြီး ရွာသားများအနေဖြင့် လေကြောင်းတိုက်ခိုက်မှု အန္တရာယ်ကြောင့် အများပိုင်အဆောက်အဦးများကို အသုံးပြုရန်နှင့် လူမှုရေးနှင့်ရိုးရာယဉ်ကျေးမှုအစဉ်အလာကို စုပေါင်းကျင်းပရန် အခက်အခဲစိန်ခေါ်မှုများ ကြုံတွေ့ရသည်။ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ ဝန---ကျေးရွာမှ စစ်ဘေးရှောင်ရွာသားတစ်ဦးဖြစ်သူ စောဘဂ--- က ယခုလိုရှင်းပြသည်။ *"အဲဒီမနက် (၇)နာရီမှာ (၂၀၂၄ ခုနှစ်၊ မတ်လ ၁၇ ရက်) စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့တယ်။ အဲဒီနေ့က တနင်္ဂနွေနေ့*

[54] KHRG မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသော *"ဒူးပလာခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို- ကရူတူးမြို့နယ်အတွင်း SAC ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုတို့ကြောင့် အရပ်သားများ ထိခိုက်ဒဏ်ရာရသေဆုံးခြင်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုပျက်စီးခြင်းနှင့် နေရပ်ရွှေ့ ပြောင်းနေထိုင်ရခြင်း (၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ)"* တွင် ကြည့်ပါ။

*မနက်(၇)နာရီမှာပေါ့။ လေယာဉ်တစ်စီးရောက်လာပြီး လေကြောင်းဖြင့်တိုက်ခိုက်ခဲ့တယ်။ အဲဒီအချိန်က ကျွန်တော်တို့တွေ ဘုရားကျောင်းကို သွားတော့မယ့်အချိန်ပဲ။ ဒါပေမယ့်ကျွန်တော်တို့မသွားရဲတော့ဘူး။"*

မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်နေဒေသများရှိ ရွာသားများသည် အတူတကွနေထိုင်လုပ်ကိုင်စားသောက်ခြင်းနှင့် ရိုးရာအခမ်းအနားများကို အတူတကွစုပေါင်းကျင်းပလေ့ရှိသောလူနေမှုဘဝကို တန်ဖိုးထားကြသည်။ သို့သော်လည်း လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများအနေဖြင့် ၎င်းတို့ချစ်ခင်ရသောမိသားစုဝင်များ သေကြေ၊ ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့၏မိသားစုဘဝနှင့်လူနေမှုဘဝများ ဖျက်ဆီးခံရသောအခြေအနေကို ကြုံတွေ့ရသည်။ ထို့အပြင် ရပ်ရွာအဆောက်အဦးများလည်း ဖျက်ဆီးခံရပြီး မိသားစုဝင်များလည်း သေကွဲ၊ ရှင်ကွဲရသော အခြေအနေနှင့်လည်း ကြုံတွေ့ရသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများထွက်ပြေးတိမ်းရှောင်ရပြီးနောက် မိသားစုဝင်များပျောက်ဆုံးသွား၍ ၎င်းတို့မိသားစုဝင်များကို ရက်အတော်ကြာ လိုက်ရှာနေရသည့် အခြေအနေကိုလည်း ဒေသခံများ တင်ပြခဲ့သည်။ ပျောက်ဆုံးသွားသောမိသားစုဝင်များကို ထိုသို့လိုက်ရှာရာတွင် ဆက်သွယ်ရေးအခက်အခဲနှင့်လုံခြုံရေးစိန်ခေါ်မှုများကြောင့် ရွာသားများအတွက် အဟန့်အတားများဖြစ်စေသည်။ ဒေဘူးနိုဒေသရှိ ယဘ---ကျေးရွာတွင်ဖြစ်ပွားခဲ့သည့်လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်တစ်ခုကို (အသက် ၂၇ နှစ်ရှိသော) နော်အဝ---က ယခုလိုရှင်းပြသည်။ *"ကျွန်မတို့တွေ အရမ်းကြောက်လန့်ခဲ့တယ်။ အဲဒါကြောင့် တစ်ချို့ရွာသားတွေဆိုရင် အလွန်ကြောက်လန့်ပြီး ခြေဦးတည့်ရာထွက်ပြေးကြတယ်။ တစ်ချို့ရွာသားတွေက ဘူးသို(မြို့နယ်)ဖက်ကို ပြေးကြတယ်။ တစ်ချို့ရွာသားတွေလည်း ထိုင်းနိုင်ငံထဲကို ထွက်ပြေးကြတယ်။ တစ်ချို့ရွာ သားတွေက ဘယ်နေရာကို ထွက်ပြေးရမလဲမသိတော့ဘဲ အခြားသူတွေနောက်ကိုလိုက်ပြီးပြေးကြတယ်။ အဲဒါကြောင့် ကလေးနဲ့မိဘတွေ ကွဲသွားကြပြီး သူတို့အချင်းချင်းရှာမတွေ့ကြတော့ဘူး။ သူတို့ပြန်လည်ဆုံတွေ့ဖို့ အချိန်တော်တော်ကြာ ရှာလိုက်ရတယ်။ နောက်တစ်မနက်မှာ (၂၀၂၂ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့) လူတွေအများကြီး ပျောက်ဆုံးသွားတဲ့သူတို့ မိသားစုဝင်တွေကို ပြန်တွေ့ဖို့လိုက်ရှာကြတယ်။ (...) တစ်ချို့က ပြန်တွေ့ကြတယ်။ ဒါပေမယ့် တစ်ချို့ကျတော့လည်း သူတို့မိသားစုဝင်တွေ ဘယ်ရောက်သွားလဲဆိုတာ အခုထိမသိနိုင်သေးဘူး။ (...) ကလေးတွေ သူတို့မိဘနဲ့ကွဲကြတယ်။ အဲဒါကြောင့် သူတို့တွေစိတ်ပူနေကြတယ်။ ကျွန်မထွက်ပြေးတဲ့အချိန်မှာ ကျွန်မမိဘတွေနဲ့အတူတူရှိ မနေခဲ့ဘူး။ အဲဒါကြောင့်သူတို့က ကျွန်မကိုအရမ်းစိတ်ပူနေကြတယ်။ လေကြောင်း တိုက်ခိုက်တဲ့အချိန်မှာ ရုတ်တရက်ဆိုတော့ ဘယ်နေရာကိုပြေးရမယ်မသိတာနဲ့ ခြေဦးတည့်ရာပြေးနေရတယ်။"*

ဤကဲ့သို့ထွက်ပြေးတိမ်းရှောင်ရခြင်းနှင့် မိသားစုဝင်များကွဲကွာရခြင်းကြောင့် ရွာသားများအတွက် ပွဲတော်အခမ်းအနားများစုပေါင်းကျင်းပရာတွင် သက်ရောက်မှုများရှိစေပါသည်။ ထို့အပြင် ၎င်းတို့၏လူနေမှုဘဝတွင် လုပ်ဆောင်ရမည့်နေ့စဉ်ဓူဝကိစ္စရပ်များနှင့် အချင်းချင်းကူညီဖေးမမှုအပေါ်မှာလည်း သက်ရောက်မှုများဖြစ်စေသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေကျေးရွာအုပ်စုရှိ ဈဂ--- ကျေးရွာတွင်နေထိုင်သော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖြစ်သူ စောဂ--- က ၎င်းဒေသအတွင်းဖြစ်ပေါ်နေသည့်အခြေအနေကို ယခုလိုရှင်းပြသည်။ *"ဒီလိုလေကြောင်းတိုက်ခိုက်မှုတွေကြောင့် ရွာသားတွေရဲ့နေ့စဉ်လူနေမှုဘဝမှာ အများကြီးပြောင်းလဲသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိမိတို့ရွာမှာ မနေရဲကြတော့ဘူး။ တောထဲမှာ သွားပြေးပုန်းရှောင်နေရတဲ့အတွက် ကျွန်တော်တို့ ဘဝတွေ နစ်နာဆုံးရှုံးရတယ်။ ပွဲတော်အခမ်းအနားတွေရှိရင် (ကရင်လူမျိုးတို့၏ရိုးရာဓလေ့နှင့်ဆိုင်သော နေ့ထူးနေ့မြတ်များ သို့မဟုတ် အခမ်းအနားများ) ကျွန်တော်တို့တွေ အချိန်နှင့်တပြေးညီ လုပ်လို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခြားနေရာမှာရှိတဲ့ (စစ်ဘေးရှောင်နေရာများ) ကျွန်တော်တို့ရွာသားတွေကို သွားခေါ်ရတာတွေရှိတယ်။ ဒီဒေသမှာ ရွာတွေအများကြီးရှိတဲ့အတွက် ရွာသားတွေလည်း တစ်ယောက်တစ်နေရာစီ ထွက်ပြေးခဲ့ရတယ်။ အဲဒါကြောင့် ဒါက ကျွန်တော်တို့အတွက် ကြီးမားတဲ့အခက်အခဲတစ်ခုပဲ။ စာသင်ကျောင်းကိုလည်း ပိတ်လိုက်ရတယ်။ ရွာမှာရှိတဲ့ဘုရားကျောင်းကိုလည်း သွားပြီးဘုရားမရှိခိုးရဲတော့ဘူး။ ကလေးတွေလည်း ကျောင်းကို မသွားရဲတော့ဘူး။"* အထက်ပါဖော်ပြသည့်အတိုင်း လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများအနေဖြင့် ရုတ်တရက် ဘေးကင်းလုံခြုံသည့်နေရာသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး သေဆုံးသွားသော ၎င်းတို့မိသားစုဝင်များနှင့် ချစ်ရသောသူများအတွက် ကောင်းမွန်စွာ သင်္ဂြိုလ်ခွင့်မရရှိတော့သည့်အခြေအနေကို လည်းတွေ့ရှိရသည်။

ထို့အပြင် SAC လေကြောင်းတိုက်ခိုက်မှုများကြောင့် ပညာရေး၊ ရိုးရာယဉ်ကျေးမှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ၊ လမ်းပန်းဆက်သွယ်ရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများနှင့်အမျိုးသမီးစွမ်းရည်မြင့်တင်ရေးအစီအစဉ်များအစရှိသော ဒေသဖွံ့ဖြိုးတိုးတက်ရေးအပေါ်မှာလည်း ဆိုးကျိုးသက်ရောက်မှုများရှိစေပါသည်။ ၂၀၂၂

ခုနှစ် အစောပိုင်း၌ ဒေဘူးနိုဒေသအတွင်း လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဈယ--- ကျေးရွာအုပ်စု၊ ဖဒ---ကျေးရွာတွင်နေထိုင်သော ကျေးရွာအုပ်စုအုပ်ချုပ်ရေးဖြစ်သူ စောအဆ--- က ဒေသအတွင်း ပညာရေးအခက်အခဲစိန်ခေါ်မှုများကို ဤသို့ရှင်းပြသည်။ *“(နွေရာသီကျောင်းပိတ်ရက်အတွင်း) ကျောင်းပိတ်ပြီးနောက် ကျွန်တော်တို့ဒေသမှာ လေကြောင်းတိုက်ခိုက်မှု ပထမဆုံးအကြိမ်ဖြစ်ပွားခဲ့တယ်။ ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်နေ့မှာ KECD က ကျွန်တော်တို့ကျေးရွာအုပ်စုမှာ ဆရာ၊ ဆရာမစွမ်းရည်မြင့်တင်ရေးသင်တန်းလာပေးမယ်လို့ စီစဉ်ထားတယ်။ ဒါပေမယ့် (တိုက်ပွဲအခြေအနေကြောင့်) အဲဒီသင်တန်းပေးမယ့်အစီအစဉ်ကို ရပ်တန့်ခဲ့ရတယ်။ ပုံမှန်ဆိုရင် မေလ ၂၅ ရက်နေ့မှာ ကျောင်းဖွင့်တယ်။ ဒါပေမယ့် အခုချိန်မှာ ၂၀၂၁-၂၀၂၂ ကျောင်းပညာသင်နှစ်နဲ့ ပတ်သက်ပြီး ညွှန်ကြားမှုတွေ ဘာသတင်းမှ မရတော့ဘူး။ အဲဒါကြောင့် ဒီနှစ်မှာ စာသင်ကျောင်းတွေကို ဘယ်လိုစီမံခန့်ခွဲရမလဲဆိုတာ မသိသေးဘူး။ အခုဆိုရင် မေလ ၄ ရက်နေ့ရှိသွားပြီး။ ဒါပေမယ့် အခြေအနေက မတည်မြဲသေး ဘူး။ လုံခြုံမှုလည်းမရှိဘူး။”*

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အဖွဲ့အစည်း၏ကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်သူ စောဘစ---ကလည်း ယခုလိုရှင်းပြသည်။[55] *“လယ်မူပလောကျေးရွာအုပ်စုမှာဆိုရင် ကျွန်တော်တို့က ရွာသားတွေရိတ်သိမ်းလို့ရတဲ့စပါးတွေ စုဆောင်းဖို့ သူတို့ကိုတိုက်တွန်းတယ်။ အဲဒါကြောင့် စပါးကျီတွေကို အများကြီးဆောက်လုပ်ပေးခဲ့တယ်။ အထူးသဖြင့် စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှုတွေ၊ လက်နက်ကြီးပစ်ခတ်မှုတွေလုပ်ဆောင်နေတဲ့အချိန်မှာ ဆန်စပါးတွေကို သိုလှောင်စုဆောင်းဖို့အတွက် အမျိုးသမီးတွေဦးဆောင်ပြီးလုပ်ပေးဖို့အားပေးတယ်။ ဒီအစီအစဉ်က အမျိုးသမီးတွေရဲ့ခေါင်းဆောင်မှုစွမ်းရည်မြင့်တင်ပေးဖို့နဲ့ တန်းတူအခွင့်အရေးကို မြင့်တင်ပေးဖို့ရည်ရွယ်ထားတယ်။ ရွာတိုင်းမှာရှိတဲ့ကော်မတီဝင်နှစ်ဦးနဲ့ အမျိုးသမီးတွေကြားမှာ တွေ့ဆုံဆွေးနွေးဖို့အတွက် သုံးလတစ်ကြိမ်အစည်းအဝေးပုံမှန်ရှိတယ်။ ဒါပေမယ့် စစ်ကောင်စီရဲ့လေကြောင်းတိုက်ခိုက်မှုနဲ့လက်နက်ကြီးပစ်ခတ်မှုတွေကြောင့် တစ်ချို့ရွာသားတွေ အစည်းအဝေးကိုလာမတက်ရဲကြဘူး။ တစ်ချို့ကျတော့ ကလေးငယ်တွေရှိလို့ လာမတက်ဖြစ်ဘူး။ တစ်ချို့ရွာသားတွေလည်း အစည်းအဝေးကိုလာမတက်ရဲတဲ့အကြောင်း ပွင့်ပွင့်လင်းလင်းပြောပြလာတယ်။ ဒီလိုအခြေအနေတွေကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ဖို့အတွက် ကျွန်တော်တို့မှာအခက်အခဲတွေရှိတယ်။ ဆန်းစပါးတွေ သိုလှောင်တဲ့စပါးကျီအဆောက်အဦးတွေ တစ်နှစ်ထက်တစ်နှစ်ပိုများလာသင့်တယ်လေ မဟုတ်လား။”* မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဖလာခို့ကျေးရွာအုပ်စုရှိ ဖဃ--- ကျေးရွာတွင်နေထိုင်သော အမျိုးသမီးဦးဆောင်သော ဘူးဖော ဆန်စပါးသိုလှောင်ရေးအဖွဲ့မှ ဘဏ္ဍာရေးမှူးတာဝန်ယူရသည့် နော်ဆဘ--- ကလည်း ယခုလိုတင်ပြသည်။ *“အစည်းအဝေးတစ်ခုလုပ်ဖို့စဉ်းစားထားတယ်။ ဒါပေမယ့် အစည်းအဝေးလုပ်နေရင်း လေကြောင်းတိုက်ခိုက်မှုတွေရှိလာရင် ဘယ်လိုလုပ်မလဲ။ အဲဒါကြောင့် ကျွန်မလည်း အစည်းအဝေးကိုမလုပ်နိုင်သေးဘူး။ အစည်းအဝေးကို လာတက်ရောက်ဖို့ ခေးပူဒေသမှာရှိတဲ့ဘူးဖော (ဆန်စပါးသိုလှောင်ရေး)အဖွဲ့ဝင်တွေကို ဖိတ်ကြားခဲ့တယ်။ သူတို့လာမယ်လို့ ပြောတယ်။ ဒါပေမယ့် လေကြောင်းတိုက်ခိုက်မှုဖြစ်လာရင် ကျွန်မအတွက်အခက်အခဲဖြစ်လာမယ်လေ။ အဲဒါကြောင့် ကျွန်မအနေနဲ့ အစည်းအဝေးကို မလုပ်နိုင်ခဲ့ဘူး။”*

## ၂.၂.၂. အသက်မွေးဝမ်းကျောင်းပြုမှုအား ဖျက်ဆီးခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်နေဒေသခံရွာသားများသည် အများအားဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်၍အသက်မွေးဝမ်းကျောင်းပြုကြသည်။ SAC လေကြောင်းတိုက်ခိုက်မှုများကြောင့် လယ်ယာစိုက်ခင်းများပျက်စီးခြင်းနှင့် ကျွဲ၊နွားတိရိစ္ဆာန်များ သေကြေ၊ ဒဏ်ရာရရှိသည့်အခြေအနေများရှိသည့်အတွက် ရွာသားများ၏အသက်မွေးဝမ်းကျောင်းပြုမှုအပေါ် ရေရှည်သက်ရောက်မှုများရှိစေပါသည်။ ထို့အပြင် ရွာသားများအနေဖြင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် ခရီးသွားလာရာတွင်လည်း အဟန့်အတားများဖြစ်စေပါသည်။

55 သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အကြောင်းကို KESAN မှ ရေးသားထုတ်ဝေသော kesan.asia/salween-peace-park-program-3936/ တွင် ကြည့်ပါ။

## ဈေးဆိုင်များ၊ မွေးမြူရေးတိရိစ္ဆာန်များနှင့် လယ်ယာစိုက်ခင်းများအား လေကြောင်းဖြင့်တိုက်ခိုက်ဖျက်ဆီးခြင်း -

ရွာသားများအနေဖြင့် မွေးမြူရေး၊ လယ်ယာစိုက်ပျိုးရေး၊ စိုက်ပျိုးရေးဆိုင်ရာစက်ကိရိယာများနှင့် စားနပ်ရိက္ခာ သိုလှောင်ရေးများအပေါ် မြတ်နိုးတန်ဖိုးထားပြီး အသက်မွေးဝမ်းကျောင်းပြုကြသည်။ သို့သော်လည်း လေကြောင်းတိုက်ခိုက်မှုကြောင့် လယ်ယာမြေများ၊ စိုက်ခင်းများနှင့်စားကျက်မြေများ ပျက်စီးသွားခြင်း၊ မပေါက်ကွဲသည့်ဗုံးကျည်ဆံများ များပြားလာခြင်း သို့မဟုတ် ထွန်စက်၊ ဆိုင်ကယ်နှင့်လယ်ယာသုံးစက် ကိရိယာများအစရှိသောပိုင်ဆိုင်မှုများ ပျက်စီးသွားခြင်းအတွက်ကြောင့် ရွာသားများသည် အသက်မွေးဝမ်းကျောင်းပြုရန်အတွက် စိန်ခေါ်မှုများစွာ ကြုံတွေ့ကြရသည်။

စိုက်ပျိုးခြံများ သို့မဟုတ် လယ်ယာမြေများကို လေကြောင်းဖြင့်တိုက်ခိုက်သည့်ပြီး အဆိုပါတိုက်ခိုက်မှုများသည် အများအားဖြင့် ဗုံးဖြင့်ကြဲချတိုက်ခိုက်ခြင်းနှင့် အခြားသော အရပ်သားပစ်မှတ်မခွဲခြားသည့်တိုက်ခိုက်မှုဖြစ်ကြောင်း ရွာသား(၁၆)ဦးမှ KHRG အား တင်ပြခဲ့သည်။ ဥပမာဖြစ်စဉ်တစ်ခုမှာ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၇ ရက် နေ့၌ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ ဝန---ကျေးရွာကို SAC မှ လေကြောင်းဖြင့် တိုက်ခိုက်ခဲ့ပြီး ရွာသားများ၏လယ်ယာစိုက်ခင်းများ အများအပြားပျက်စီးသွားခဲ့သည်။ ထိုလေကြောင်းတိုက်ခိုက်မှုသည် ငါးနာရီ၊ ခြောက်နာရီခန့်ကြာမြင့်ခဲ့သည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှု မဖြစ်ပွားမီ KNU ခေါင်းဆောင်များက ရွာသားများအား ကြိုတင်သတိပေးခဲ့ခြင်းကြောင့် ဝန---ကျေးရွာ များသည် ထွက်ပြေးတိမ်းရှောင်နေခဲ့ပြီးဖြစ်သည့်အတွက် ဒဏ်ရာရသေဆုံးမှုမှုများ မရှိခဲ့ပေ။ သို့သော်လည်း SAC မှ အဆက်မပြတ်လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းကြောင့် ရွာသားများသည် (၂၀၂၄ ခုနှစ်၊ ဧပြီလကုန်အထိ) ၎င်းတို့ရပ်ရွာသို့ပြန်လာနေထိုင်နိုင်ခြင်း သို့မဟုတ် ၎င်းတို့လယ်ယာစိုက်ခင်းများတွင် အလုပ်ပြန်လုပ်နိုင်ခြင်း မရှိခဲ့ပေ။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေကျေးရွာအုပ်စု၊ ဈဆ--- ကျေးရွာတွင်နေထိုင်သည့် ရွာသားတစ်ဦးဖြစ်သူ နော်ဆ---က သူမ၏အမြင်ကို ယခုလိုပြောပြသည်။ *"ဂျက်လေယာဉ်တွေက ရွာသားတွေရဲ့ တောင်ယာစိုက်ခင်းနဲ့ လယ်ယာမြေပေါ်မှာလည်း ဗုံးတွေကြဲချတယ်။ သူတို့က ဒီလိုမျိုးဗုံးတွေပစ်ချတာက ရွာသားတွေကို ကြောက်လန့်အောင်လုပ်တာပဲလို့ ကျွန်မထင်တယ်။ အဲဒါကြောင့် ကျွန်မတို့ရွာသားတွေ စိုက်ပျိုးရေးမလုပ်နိုင်အောင်လို့လေ။ ဒါမှမဟုတ် သူတို့က (လယ်ယာစိုက်ခင်းထဲမှာ) ဗုံးပစ်ချတာက ကျွန်မတို့တွေကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်တာလည်းဖြစ်နိုင်တယ်။"*

ကျေးရွာဒေသနှင့်လယ်ယာစိုက်ခင်းများကို လေကြောင်းဖြင့်တိုက်ခိုက်ခြင်းကြောင့် ရွာသားတစ်ဦးစီ၏အသက်မွေးဝမ်းကျောင်းပြုမှုကို များစွာထိခိုက်နစ်နာမှုများရှိစေပါသည်။ သတင်းအချက်အလက် ပြုစုနေစဉ်ကာလအတွင်း အနည်းဆုံး လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် (၂၇) ခုတွင် မွေးမြူရေးတိရိစ္ဆာန်များ သေဆုံးခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိသည့်အခြေအနေကို တွေ့ရှိရသည်။ (ရွာသားများထွက်ပြေးတိမ်းရှောင်ရ၍ မိမိရပ်ရွာသို့မပြန်လာနိုင်သည့်အချိန်တွင် ရွာတွင်ကျန်ရစ်သည့် ၎င်းတို့တိရိစ္ဆာန်များ သေဆုံးသွားသည့်အခြေအနေလည်း ရှိနိုင်သည်။) ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ကွင်းဒူးခေါ်ကျေးရွာအုပ်စုရှိ ဈဖ--- ကျေးရွာတွင်နေထိုင်သော စောအဘ--- က ယခုလိုရှင်းပြသည်။ *"မွေးမြူရေးတိရိစ္ဆာန်တွေ၊ လယ်ယာစိုက်ခင်းတွေ ထိမှန်ပျက်စီးသွားတဲ့အတွက် ကျွန်တော်တို့ရဲ့ အသက်မွေးဝမ်းကျောင်းကို အများကြီးထိခိုက်စေတယ်။ အဲဒီအထဲမှာမှ သွားလာလုပ်ကိုင်လို့လည်းမရဘူး။"* ရွာသားတစ်ဦးချင်းစီ၏ အသက်မွေးဝမ်းကျောင်းပြုမှုကိုထိခိုက်စေသည့် ဥပမာဖြစ်စဉ်တစ်ခုမှာ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၌ ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ တကောဖိုးကျေးရွာအုပ်စု၊ ဖဟ--- ကျေးရွာအနီးနားရှိ ဖဂ--- နေရာတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး စောဆဒ--- ပိုင်ဆိုင်သော စိုက်ပျိုးခြံနှင့်တဲအိမ်တစ်လုံး ပျက်စီးသွားခဲ့သည်။ ထိုလေကြောင်းတိုက်ခိုက်မှုကြောင့် စောဆဒ--- ၏တဲအိမ်မှာရှိသော အိမ်သုံးပစ္စည်းအများအပြား ပျက်စီးခဲ့ရပြီး ၎င်း၏ဂျပန်ကျွန်းပင်များ (၁၀၀၀) ကျော်ပျက်စီးခဲ့ရသည်။[56]

လယ်ယာစိုက်ခင်းများအား တိုက်ခိုက်ဖျက်ဆီးသည့်အပြင် ဈေးဆိုင်များနှင့်စီးပွားရေးလုပ်ငန်းများကို လေကြောင်းဖြင့်တိုက်ခိုက်ဖျက်ဆီးခြင်းကြောင့် ရွာသားများ၏အသက်မွေးဝမ်းကျောင်းပြုမှုနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုကို

[56] KHRG မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော *"ဒူးသထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ဘားအံမြို့နယ်တွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားတစ်ဦးသေဆုံးပြီး အရပ်သားပိုင်ဆိုင် မှုများ ထိခိုက်ပျက်စီး (၂၀၂၃ခုနှစ်၊ မတ်လ)"* တွင် ကြည့်ပါ။

လည်း ထိခိုက်စေပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ဖြစ်ပွားခဲ့သည့်လေကြောင်းတိုက်ခိုက်မှုကြောင့် အပျက်အစီးများဖြစ်ပွားခဲ့သောအခြေအနေကို ဘားအံခရိုင်၊ တနေးဆါးမြို့နယ်၊ ထီးဝါ့ဘလောကျေးရွာအုပ်စု၊ ၈ျအ--- ကျေးရွာတွင်နေထိုင်သည့် ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ စောဆဃ--- က ယခုလိုရှင်းပြသည်။ *"ညီနောင်မှာ (သဃ်န်း ညီနောင်မြို့) ဖြစ်သွားတဲ့ဖြစ်စဉ်ဆိုရင် အပျက်အစီးတွေရဲ့တန်ဖိုးကို ခန့်မှန်းတိုင်းတာလို့မရနိုင်ဘူး။ (ပြည်ပကုန်တွေထားရှိတဲ့) ဈေးဆိုင်ကြီးတစ်လုံးလည်း မီးလောင်သွားခဲ့တယ်။ အဲဒီမီးလောင်ပျက်စီးသွားတဲ့ဈေး ဆိုင်ရဲ့တန်ဖိုးကိုတွက်ကြည့်မယ်ဆိုရင် ဘတ်သန်းပေါင်းများစွာရှိတယ်။ ဒါက နည်းတဲ့တန်ဖိုးမဟုတ်ဘူး။"* မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဒေဘူးနိုဒေသရှိ ယဟ--- ကျေးရွာတွင်နေထိုင်သော ရွာသားတစ် ဦးဖြစ်သူ စောအတ--- ကလည်း ယခုလိုထပ်မံရှင်းပြသည်။ *"အရင်တုန်းက ကျွန်တော်ဟာ အုတ်ဖုတ်တဲ့လုပ်ငန်းကိုလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုတယ်။ ဒါပေမယ့် စစ်အာဏာသိမ်းပြီးနောက်မှာ စစ်ကောင်စီက ဒီမှာ (ဒေဘူးနိုဒေသ)လာပြီး လေကြောင်းတိုက်ခိုက်မှုပြုလုပ်တယ်။ အဲဒါကြောင့် ကျွန်တော့်အလုပ်လည်း မရှိတော့ဘူး။ ကျွန်တော်တို့တွေ အလုပ်ကိုဆက်မလုပ်နိုင်တော့ဘူး။ ကျွန်တော်ငှားထားတဲ့ အလုပ်သမားအားလုံးလည်း သူတို့နေရာကို (ရပ်ရွာ) ပြန်သွားကြတယ်။ အခုချိန်မှာ ကျွန်တော့်စားဝတ်နေရေးအတွက် ထွေထွေထူးထူး အလုပ်တွေမလုပ်တတ်ဘူးလေ။ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ပြီး စားဝတ်နေရေးကို ဖြေရှင်းနေရတယ်။"*

ထို့အပြင် ရွာသားများသည် ထွက်ပြေးတိမ်းရှောင်နေရသည့်အချိန်အတွင်း ရွာတွင်ကျန်ရစ်သော ၎င်းတို့ပိုင်ဆိုင်မှုများ ခိုးယူခံရသည့်အတွက် စားဝတ်နေရေးအခက်အခဲတွေကိုလည်း ကြုံတွေ့ရသည်။ ဤခြေအနေကို ခလယ်လွိထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ရွာကြီးအေးကျေးရွာအုပ်စုရှိ ဖဇ--- ကျေးရွာတွင်နေထိုင်သည့် အသက်(၅၉)နှစ်အရွယ်ရှိသော ရွာသားတစ်ဦးဖြစ်သူ နော်ဆဂ--- က ဤသို့ရှင်းပြသည်။ *"ညသန်းခေါင်မှာ တစ်ချို့ရွာသားတွေက အသံတစ်ခုကို (မည်သည့်အသံမျိုးမသိရှိရ) ကြားရပြီး ထွက်ပြေးပုန်းရှောင်ကြတယ်။ သူတို့ပြေးတဲ့အချိန်မှာ သူတို့ရဲ့ပိုင်ဆိုင်မှုပစ္စည်းတွေကို မယူဆောင်နိုင်ခဲ့ဘူး။ အဲဒါကြောင့် ကျန်ရစ်ခဲ့တဲ့သူတို့ပိုင်ဆိုင်မှုပစ္စည်းတွေကို သူခိုးတွေက ခိုးသွားကြတယ်။ ကျွန်မတို့ပစ္စည်းဥစ္စာတွေ အခိုးခံရတော့ အရမ်းဝမ်းနည်းပြီး စိတ်ပျက်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပစ္စည်းဥစ္စာတွေကိုရဖို့ ကျွန်မတို့တွေ အလုပ်ကြိုးစားပြီးလုပ်ခဲ့ရတာလေ။ ပြီးတော့ ဒီအတိုင်းပဲ အခိုးခံလိုက်ရတယ်။"*

## စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်နိုင်စွမ်းမရှိခြင်း -

SAC မှ လယ်ယာစိုက်ခင်းများတွင် လေကြောင်းဖြင့်တိုက်ခိုက်ခြင်းကြောင့် ရွာသားများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် အခက်အခဲများကြုံတွေ့ရကြောင်း ဒေသခံများကတင်ပြခဲ့သည်။ တစ်ချို့ရွာသားများသည် စိုက်ပျိုးရေးအလုပ်ကို လုံးဝမလုပ်နိုင်တော့သည့်အကြောင်းကိုလည်း တင်ပြခဲ့သည်။[57] ဒူးပလာယာခရိုင်၊ ကော်တရီ (ကော့ကရိတ်) မြို့နယ်၊ သေ့ဘောဘိုးကျေးရွာအုပ်စုရှိ ဖသ--- ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦး ဖြစ်သူ ဆဟ--- က ယခုလိုပြောပြသည်။ *"ရွာသားတွေအနေနဲ့ စားဝတ်နေရေးအတွက် လယ်ယာအလုပ်ကိုမလုပ်နိုင်တော့ဘူးလို့ ကျွန်တော်ထင်တယ်။ ကျွန်တော်တို့တွေ အရာအားလုံးကို စွန့်လွှတ်ခဲ့ရတယ်။"* အလုပ်လုပ်နေစဉ်ဖြစ်စေ၊ အလုပ်မလုပ်ရသည့်အချိန်ဖြစ်စေ အချိန်တိုင်းသတိဝီရိယဖြင့် နေထိုင်နေရကြောင်း ရွာသားတော်တော်များများက တင်ပြကြသည်။ ထိုအတွက်ကြောင့် ရွာသားများအနေဖြင့် စပါးရိတ်သိမ်းရန်နှင့်တိရိစ္ဆာန်များမွေးမြူရန်အစရှိသော လုပ်ငန်းများကိုကောင်းမွန်စွာ လုပ်ကိုင်နိုင်ရန်အတွက် အဟန့်အတားများ ဖြစ်စေသည်။ ဤအခြေအနေကို မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ နားကိုခီးကျေးရွာအုပ်စု၊ ၈ျမ--- ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦးဖြစ်သူ နော်ဆဇ--- က ယခုလိုရှင်းပြသည်။ *"မင်းအောင်လှိုင်အုပ်ချုပ်တဲ့မြန်မာစစ်တပ်ရဲ့လေကြောင်းတိုက်ခိုက်မှုတွေကို ကျွန်တော်တို့ကြောက်ရတယ်လေ။ သူတို့လေယာဉ်တွေလာတဲ့အချိန်တိုင်း ကြောက်နေရတယ်။ အဲဒါကြောင့် အလုပ်လည်းမသွားလုပ်ရဲကြဘူး။ အမြဲတမ်းပုန်းရှောင်နေရတယ်။ ဥပမာဆိုရင် အခုချိန်မှာ စပါးရိတ်သိမ်းရမယ့်အချိန်ပဲ။ ဒါပေမယ့် ကျွန်တော်တို့တွေ မရိတ်သိမ်းရဲကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ တိုက်ပွဲတွေဖြစ်နေတယ်။ အသံက ဒုန်းဒုန်းဒိုင်းဒိုင်းပဲ(လက်နက်ကြီးပေါက်ကွဲတဲ့အသံ)။"* လေကြောင်းတိုက်ခိုက်မှု

[57] KHRG မှ ၂၀၂၄ ခုနှစ်၊ ဖေဖေါ်ဝါရီလတွင် ထုတ်ဝေသော *"တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါ်ဖားခိုမြို့နယ်တွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားနှစ်ဦးသေဆုံး၍ ကလေးသုံးဦး ဒဏ်ရာရရှိခဲ့ပြီး ရွာသားများ၏အိုးအိမ်ပိုင်ဆိုင်မှုများလည်း ထိခိုက်ပျက်စီး (၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ)"* တွင် ကြည့်ပါ။

အန္တရာယ်ရှိသော်လည်း ထမင်းငတ်မှာစိုးသည့်အတွက်ကြောင့် အကြောက်တရားကြားမှာ စိုက်ပျိုးရေးအလုပ်ကို လုပ်ကိုင်နေရကြောင်းလည်း ရွာသားတစ်ချို့က တင်ပြခဲ့သည်။

ပေကေကျေးရွာအုပ်စု၊ ဒေးဖိုးနို့ဒေသရှိ ယဟ--- ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦးဖြစ်သူ စောအတ--- က အကယ်၍ လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလာလျှင် မွေးမြူရေးနှင့်လယ်ယာလုပ်ငန်းများကို လုပ်ကိုင်ရာတွင် ကြုံတွေ့ရနိုင်သော အခက်အခဲစိန်ခေါ်မှုအချို့ကို ဤသို့ရှင်းပြသည်။ *"ပထမအကြိမ် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက်မှာ ရွာသားအများစုတွေက သူတို့ရဲ့တိရိစ္ဆာန်တွေကို ရောင်းပစ်လိုက်ရတယ်။ ဆိုတော့ အခုအချိန်မှာ သူတို့ရဲ့တိရိစ္ဆာန်တွေမရှိကြတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရွာသားတွေအနေနဲ့ စားဝတ်နေရေးပြဿနာတွေကို (စားနပ်ရိက္ခာပြတ်လပ်မှု) ကြုံတွေ့ခဲ့ရပြီးလေ။ အဲဒါကြောင့် တကယ်လို့ သူတို့တိရိစ္ဆာန်တွေကို မွေးမြူရအုန်းမယ်ဆိုရင် သူတို့အတွက် အခက်အခဲတွေပိုပြီးရှိလာမယ်လေ။ (...) သူတို့မှာ ကျန်ရှိတဲ့ကျွဲတွေကို မကြာခင်ရောင်းဖို့ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကျွဲတွေကို အေးအေးဆေးဆေး မွေးမြူလို့မရနိုင်ဘူးလေ။"* စောအတ--- က ဆက်လက်၍ ယခုလိုပြောပြသည်။ *"လေကြောင်းတိုက်ခိုက်မှုတွေ၊ လက်နက်ကြီးပစ်ခတ်မှုတွေအစရှိတဲ့စစ်ကောင်စီရဲ့စစ်လှုပ်ရှားမှုတွေ ဒီလိုမျိုးပဲဆက်လက်ဖြစ်ပွားနေအုန်းမယ်ဆိုရင် ရွာသားတွေရဲ့စားဝတ်နေရေးအတွက် ပိုပြီးအခက်အခဲတွေရှိလာမယ်။ ဒီဒေသမှာနေထိုင်ကြတဲ့ကျွန်တော်တို့ရွာသား တွေဟာ လယ်ယာစိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကျောင်းပြုခဲ့တယ်။ (...) မကြာခင်အတွင်း အခြေအနေက ပြန်မကောင်းလာဘူးဆိုရင် အကျိုးဆက်ကတော့ ရွာသားတွေ စားနပ်ရိက္ခာပြတ်လပ်မှုတွေနဲ့ကြုံတွေ့ရလိမ့်မယ်။"* လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ နှောက်ယှက်ဖျက်ဆီးခံရခြင်းနှင့် ကျွဲနွားတိရိစ္ဆာန်များမွေးမြူရာတွင် အန္တရာယ်များရှိသောကြောင့် လတ်တလောအခြေအနေတွင်သော်လည်းကောင်း၊ ရေရှည်တွင်သော်လည်းကောင်း စားနပ်ရိက္ခာဖူလုံရေးအပေါ် သက်ရောက်မှုများရှိစေပါသည်။

အခြားဖြစ်စဉ်တစ်ခုမှာ ဒူးပလာယာခရိုင်၊ ကော်တရီးမြို့နယ်၊ ဝေါ်လေမြိုင်မြို့အနီးရှိ စိုက်ပျိုးခြံများတွင် SAC မှ လေကြောင်းဖြင့်ဗုံးကြဲတိုက်ခိုက်ရာတွင် မပေါက်ကွဲသောဗုံးတစ်ချို့များ (UXO) ကျန်ရှိခဲ့ပြီး ရွာသားများအနေဖြင့် စိုက်ပျိုးခြံထဲသို့မသွားလာရဲတော့ဘဲ စားဝတ်နေရေးအခက်အခဲများဖြစ်စေခဲ့သည်။ ဤအခြေအနေကို ဝေါ်လေမြိုင်မြို့အနီးသို့ပြောင်းရွှေ့လာသော ခလယ်လွီထူခရိုင်၊ ပဲခူးတိုင်းဒေသရှိ ဖက--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သူ ဆသ--- က ယခုလိုရှင်းပြသည်။ *"၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှာလေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့တယ်။ (...) အဲဒီအချိန်မှာ ကျွန်မတို့တွေ ပြောင်းဖူးခြံထဲမှာ အလုပ်လုပ်နေတယ်။ ကျွန်မတို့တွေ အရမ်းကြောက်လန့်ပြီး ထွက်ပြေးပုန်းရှောင်ခဲ့ရတယ်။ (...) ကျွန်မတို့တွေ ဆယ်ရက်စာအတွက် စားစရာကိုဝယ်ခဲ့တယ်။ ဒါပေမယ့် ပြီးတဲ့နောက်မှာ စားစရာကုန်သွားတယ်။ အဲဒါကြောင့် ကျွန်မတို့ခြံထဲမှာစိုက်ထားတဲ့သီးနှံတွေကိုခူးပြီး စားခဲ့ရတယ်။ (...) ကျွန်မတို့မှာ စားစရာတွေမရှိတော့ စစ်ဆေးရေးဂိတ်အနားမှာရှိတဲ့အဖိုးရဲ့ (DKBA အရာရှိတစ်ဦး) အိမ်ကိုသွားပြီး စားစရာပေးဖို့အကူအညီတောင်းခဲ့တယ်။ (...) ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့နဲ့ ၂၈ ရက်နေ့မှာ လေကြောင်းတိုက်ခိုက်မှုတစ်ခါထပ်ဖြစ်ပွားခဲ့တယ်။ အဲဒီနေ့မှာ ဗုံးတွေအများကြီးပစ်ချတယ်။ လေကြောင်းတိုက်ခိုက်မှုတွေကိုမြင်ရတော့ ကျွန်မမှာ ကြောက်လန့်ပြီးငိုယိုခဲ့တယ်။ (...) လေယာဉ်တွေလာနေတာကိုကြည့်ပြီး သတိနဲ့နေထိုင်ရတယ်။ အဲဒီနေ့တွေမှာ လေကြောင်းတိုက်ခိုက်မှုတွေဖြစ်တော့ ကျွန်မတို့တွေ အလုပ်မသွားရဲတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လေယာဉ်က ကျွန်မတို့အပေါ်မှာပဲ ပျံဝဲနေတယ်လေ။ (...) ကျွန်မတို့မှာ ကားလည်းမရှိဘူး။ ဆိုင်ကယ်လည်း မရှိဘူး။ ကျွန်မတို့အဖွဲ့မှာ လူ (၁၂)ဦးလောက်ရှိတယ်။ ကျွန်မတို့ဘာမှမလုပ်ရဲဘဲ ဒီအတိုင်းပဲ အသေခံရမယ့်အခြေအနေကို ရောက်နေတယ်။ ကျွန်မတို့သူဌေးရဲ့ခြံထဲမှာ ပိတ်မိပြီးနေခဲ့တယ်။ ဘယ်ကိုမှလည်း မပြေးရဲဘူး။"*

## ကူးသန်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့်ငွေကြေးဖောင်းပွမှုဆိုင်ရာ အခက်အခဲစိန်ခေါ်မှုများ -

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို နှောက်ယှက်ဖျက်ဆီးခံရခြင်းအပြင် လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများအနေဖြင့် လွတ်လပ်စွာခရီးသွားလာ၍ ကူးသန်းရောင်းဝယ်ဖောက်ကားရေးလုပ်ဆောင်ရာတွင် အဟန့်အတားများရှိနေကြောင်း ဒေသခံများ တင်ပြခဲ့သည်။ ထိုအတွက်ကြောင့် ရွာသားများသည် ၎င်းတို့သီးနှံထွက်ကုန်များကို ရောင်းဝယ်နိုင်ခြင်းမရှိခဲ့ပေ။ လက်နက်ကြီးပစ်ခတ်မှု၊ လေကြောင်းတိုက်ခိုက်မှုနှင့်မြေမြှုပ်မိုင်းအန္တရာယ်များအပါအဝင် လက်နက်ကိုင်ပဋိပက္ခများတည်ရှိနေသောကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နေရာဒေသ

တော်တော်များများတွင် လွတ်လပ်စွာခရီးသွားလာနိုင်ခြင်းမရှိပါ။ ထို့အပြင် SAC စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းသွားလျှင် အဓမ္မဖမ်းဆီးခံရခြင်းနှင့်ညှဉ်းပမ်းနှိပ်စက်ခံရခြင်းများ ကြုံတွေ့ရနိုင်သည့်အခြေအနေတွင်လည်း ရွာသားများအတွက် ခရီးသွားလာရာတွင် အခက်အခဲများဖြစ်စေပါသည်။

မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေကျေးရွာအုပ်စုရှိ ယဘ--- ကျေးရွာတွင်နေထိုင်သော ကျောင်းဆရာဟောင်းတစ်ဦးဖြစ်သူ စောဆက--- က ယခုလက်ရှိ စီးပွားရေးကြပ်တည်းမှုများနှင့်ရွာသားများကြုံတွေ့ရသောအခက်အခဲစိန် ခေါ်မှုတစ်ချို့ကို ဤသို့ရှင်းပြသည်။ *“အရင်က တစ်ချို့ရွာသားတွေ ထိုင်းနိုင်ငံမှ ကုန်ပစ္စည်းတွေကို (စားစရာနှင့် အခြားပစ္စည်းများ) ဝယ်ယူကြတယ်။ ယခုလက်ရှိအခြေအနေမှာ ရွာသားတွေက သူတို့ကုန်စ္စည်းတွေကို သွားမရောင်းရဲကြတော့ဘူး။ ရွာသားအချို့ပဲ သူတို့ကုန်ပစ္စည်းတွေကို ရောင်းနေကြတယ်။ သူတို့တွေ ကုန်ပစ္စည်းတွေကို သွားရောင်းရဲတာ သတ္တိတော်တော်ရှိတယ်လို့ပြောလို့ရတယ်။ သူတို့သွားမရောင်းရဲရင်လည်း သူတို့မှာဝင်ငွေမရှိတော့ဘူးလေ။ သူတို့မရောင်းရင် အခြားရွာသားတွေလည်း လိုအပ်တဲ့ကုန်ပစ္စည်းတွေကို ဘယ်နေရာမှာမှ ရှာဝယ်လို့မရဘူး။ စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုတွေပြုလုပ်ရင် တစ်ချို့ရွာသားတွေက သူတို့ကုန် ပစ္စည်းတွေ ပျက်စီးသွားမှာကိုလည်း စိုးရိမ်ကြတယ်။ အဲလိုဆိုရင် သူတို့စီးပွားရေးကိုထိခိုက်မှာ ကြောက်ကြတယ်လေ။ သူတို့အမြတ်ရမှာ မဟုတ်တော့ဘူး။ (…) အခုလက်ရှိစီးပွားရေးအခြေအနေကိုကြည့်မယ်ဆိုရင် ကုန်ပစ္စည်းတွေ ရှားပါးလာရင် ဝယ်လိုအားက များလာတယ်။ ဒေဘူးနိုဒေသမှာ ဝယ်လိုအားက များလာတော့ ကုန်ဈေးနှုန်းတွေ တက်လာတယ်။”*

စီးပွားရေးဈေးကွက်များ ရှားပါးလာသည့်အပြင် ငွေကြေးဖောင်းပွလာမှုနှင့် ကုန်ဈေးနှုန်းများမြင့်မားလာခြင်းကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုများနှင့်ကြုံတွေ့ရသည့်အခြေအနေကိုလည်း ရွာသားတော်တော်များများက တင်ပြကြသည်။ ဤအခြေအနေကို မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ နားကိုဒီးကျေးရွာအုပ်စုရှိ ဖလ--- ကျေးရွာတွင် နေထိုင်သော လယ်သမားတစ်ဦးဖြစ်သလို ဈေးဆိုင်ပိုင်ရှင်တစ်ဦးဖြစ်သော စောဘဃ--- က ယခုလိုရှင်းပြသည်။ *“၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် မူတြော်ခရိုင်တစ်ခုလုံးမှာနေထိုင်ကြတဲ့ရွာသားတွေဟာ လေကြောင်းတိုက်ခိုက်မှုအပါအဝင် စစ်ကောင်စီရဲ့အကြမ်းဖက်လုပ်ရပ်တွေကြောင့် အကြောက်တရားနဲ့ရှင်သန်နေရတယ်။ ကျွန်တော်တို့တွေ အကြောက်တရားနဲ့နေထိုင်နေရပြီး အမြဲတမ်းသတိဝီရိယနဲ့နေရတယ်။ စားဝတ်နေရေးအတွက် ကျွန်တော်တို့တွေ လုပ်ကိုင်စားသောက်ဖို့ ခရီးသွားလာလို့အဆင်မပြေဘူး။ အဲဒါကြောင့် စားနပ်ရိက္ခာ ပြတ်လပ်မှုတွေနဲ့ကြုံတွေ့နေရတယ်။ ပြီးတော့ ကုန်ဈေးနှုန်းတွေကလည်း တက်လာတယ်။ ပြီးတော့ ငွေတန်ဖိုးကလည်း ကျဆင်းလာတယ်။ အရင်က ဆားဆိုရင်ဈေးတော်တယ်။ အခုတော့ ဈေးကြီးလာကုန်ပြီး။ ဆားတစ်ထုပ်ဆိုရင် ၇၀၀၀၊ ၈၀၀၀ လောက် ဈေးတက်သွားတယ်။ အခုဆိုရင် တစ်သောင်းလောက်တောင် ဈေးတက်သွားပြီး။ ဒေသခံ ရွာသားတွေ အခက်အခဲအများကြီးနဲ့ကြုံတွေ့နေရတယ်။”*

## အခန်း ၂.၃။ လေကြောင်းတိုက်ခိုက်မှုကြောင့် စိတ်ပိုင်းဆိုင်ရာနှင့် ကျန်းမာပျော်ရွှင်ရေး အပေါ် သက်ရောက်မှုများ

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးအချိန်မှစ၍ ကရင်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုများလုပ်ဆောင်ခြင်းကြောင့် ရွာသားများ၏စိတ်ပိုင်းဆိုင်ရာနှင့် ကျန်းမာပျော်ရွှင်မှုများအပေါ် ဆိုးဆိုးရွားရွား အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေသည်။ ရှောင်လွှဲ၍မရသော လေကြောင်းတိုက်ခိုက်မှုများ၏အန္တရာယ်များ၊ ရုတ်တရက်သေစေနိုင်သော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အိုးအိမ်ပိုင်ဆိုင်မှုများပျက်စီးသွားသည့်အခြေအနေများကြောင့် ဒေသခံပြည်သူလူထုသည် ကြောက်ရွံ့ထိတ်လန့်ခြင်း၊ အမြဲတမ်းသတိဖြင့်နေထိုင်ရခြင်း၊ ဝမ်းနည်းခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ခြင်းနှင့် ဒေါသထွက်ခြင်းများအစရှိသော စိတ်ဒုက္ခဝေဒနာများနှင့် ကြုံတွေ့ခံစားနေရသည်။

ဤအခန်းတွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် ကရင်ပြည်နယ်ရှိ ဒေသခံပြည်သူလူထုများ၏စိတ်ပိုင်းဆိုင်ရာနှင့် ကျန်းမာပျော်ရွှင်မှုများအပေါ် ဆိုးရွားစွာထိခိုက်စေသည့်အခြေအနေကို ရေးသားဖော်ပြထားပါသည်။ ဤအခန်း၏ ပထမပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားနေသောကြောင့် ဖြစ်ပေါ်လာသည့်အကြောက်တရားများနှင့် အမြဲတမ်းသတိဖြင့်နေထိုင်နေရသည့်အခြေအနေကို ဖော်ပြထားသည်။ ထိုသို့အကြောက်တရားများနှင့် အမြဲတမ်းသတိဖြင့်နေထိုင်ရသည့်အခြေအနေများကြောင့် ထိတ်လန့်ခြင်းနှင့် လွန်ကဲစွာစိုးရိမ်

ကြောင့်ကြရခြင်း အစရှိသော ရုပ်ပိုင်းဆိုင်ရာတုန့်ပြန်မှုများအပါအဝင် ကြောက်ရွံ့မှုများနှင့် စိတ်သောကဝေဒနာများ ဖြစ်ပေါ်စေပါသည်။ ဒုတိယပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် ရွာသားများသည် ၎င်းတို့၏ မိသားစုဝင်များ သေဆုံးခြင်းနှင့် အသက်အိုးအိမ်များ ဆုံးရှုံးပျက်စီးသွားသည့်အတွက်ကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်၍ ဝမ်းနည်းကြေကွဲမှုနှင့် စိတ်ဆင်းရဲမှုမျိုးစုံကို ကြုံတွေ့ရသောအခြေအနေအားဖော်ပြထားသည်။ နောက်ဆုံးအပိုင်းတွင် အခြားသော စိတ်ခံစားမှုဆိုင်ရာတုန့်ပြန်ချက်များကို အတိုချုပ်ရှင်းပြထားသည်။ စိတ်ခံစားမှုဆိုင်ရာ တုန့်ပြန်မှုများတွင် ရွာသားများအနေဖြင့် လေကြောင်းတိုက်ခိုက်မှုကိုအသုံးပြုခြင်းနှင့်ပတ်သက်၍ ဒေါသထွက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာအခက်အခဲများအပါအဝင် ၎င်းတို့၏ခံစားချက်အမျိုးမျိုးကို ဖော်ပြထားပါသည်။

## ၂.၃.၁ အကြောက်တရားနှင့် အမြဲတမ်းသတိဖြင့်နေထိုင်ရခြင်း

လေကြောင်းတိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာသော စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများသည် ကရင်ပြည်နယ်တွင် နေထိုင်ကြသည့်လူတစ်ဦးချင်းစီနှင့် လူမှုအသိုင်းအဝန်းများ၏ နေ့စဉ်ဘဝအပေါ်သက်ရောက်မှုရှိစေသည်။ ဆိုလိုသည်မှာ ရွာသားများသည် လေကြောင်းတိုက်ခိုက်မှု၏အန္တရာယ်များကို စဉ်ဆက်မပြတ်လေ့လာ အကဲဖြတ်ရခြင်း၊ မိမိကိုယ်ကို ကာကွယ်နိုင်မည့်နည်းလမ်းများကို ရှာဖွေဆောင်ရွက်ရခြင်းနှင့် ၎င်းတို့ကြုံတွေ့ရင်ဆိုင်ရသော အကြောက်တရားများကြောင့် ဖြစ်ပေါ်လာသည့်နောက်ဆက်တွဲအကျိုးဆက်များကို ရင်ဆိုင်ကျော်ဖြတ်ရခြင်း ဖြစ် သည်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့၌ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ပါဟဲကျေးရွာအုပ်စုရှိ ဖမ--- စစ် ရှောင်စခန်းအနီးနားတွင် ဖြစ်ပွားခဲ့သောလေကြောင်းတိုက်ခိုက်မှုကို ကိုယ်တိုင်ကြုံတွေ့ရသော ရွာသားတစ်ဦးဖြစ် သူ နော်ဆလ--- မှ ယခုလိုရှင်းပြခဲ့ပါသည်။ *"ကျွန်မတို့တွေ အကြောက်တရားနဲ့အမြဲတမ်းနေထိုင်နေရတယ်။ (ရွာအပြင် မှာအိပ်မယ်ဆိုရင်) ဘာမှကြောက်စရာမလိုဘဲ ကောင်းကောင်းအိပ်ပျော်နိုင်မယ်လို့ ကျွန်မတွေးခဲ့တယ်။ ဒါပေမယ့် သတိနဲ့နေထိုင်ပြီး အမြဲတမ်းအဆင်သင့်ရှိနေဖို့ ကျွန်မတို့ကို သတိပေးကြတယ်။"* ခလယ်လွိထူခရိုင်မှ BPHWT တာဝန်ခံတစ်ဦးဖြစ်သူ နော်ဘထ--- မှလည်း *"စိတ်ပိုင်းဆိုင်ရာအခြေအနေနှင့်ပတ်သက်ပြီးပြောရမယ်ဆိုရင် လူ တိုင်းက ကြောက်နေကြတယ်။ တစ်ယောက်ယောက်က လေယာဉ်လာပြီးလို့ပြောတာကြားရင် ကျွန်မတို့တွေ ဘယ်လိုနေရမလဲ မသိတော့ဘူး။ ထွက်ပြေးချင်တာပဲ သိတယ်"* ဟုရှင်းပြခဲ့ပါသည်။

## (က) လေကြောင်းတိုက်ခိုက်မှုကြောင့်ဖြစ်ပေါ်လာသော ကြောက်ရွံ့ထိတ်လန့်မှုနှင့် စိုးရိမ်ပူပန်မှုများ

၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် SAC မှ လေကြောင်းတိုက်ခိုက်မှုကို အသုံးပြုခြင်းကြောင့် ကရင်ပြည်နယ်ရှိ ရွာသားများအကြားတွင် ကြောက်ရွံ့ထိတ်လန့်မှုများစွာကို ဖြစ်ပေါ်စေပါသည်။ SAC အနေဖြင့် ရွာသားများကို သတိပေးခြင်းမရှိဘဲ အရပ်သားဒေသများတွင် ရုတ်တရက်လေကြောင်းဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းကြောင့် ဒေသခံများအကြားတွင် ကြောက်ရွံ့ထိတ်လန့်မှုများ ပို၍တိုးမြင့်လာသည်။ ထိုသို့လေကြောင်းတိုက်ခိုက်မှုများကြောင့် ရွာသားများအနေဖြင့် ထွက်ပြေးပုန်းရှောင်ရန် သို့မဟုတ် မိမိကိုယ်ကိုကာကွယ်ရန်အတွက် ပြင်ဆင်ချိန် မရရှိခဲ့ပါ။ ယခင်က အခြေအနေသည် ဤသို့မဟုတ်ခဲ့ပါ။ အတိတ်ကာလတုန်းက ကရင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော မြေပြင်တိုက်ပွဲအခြေအနေကိုကြည့်မည်ဆိုလျှင် ရွာသားများအနေဖြင့် အခြားသူများထံမှ သတိပေးခြင်းကို လက်ခံရရှိခြင်း သို့မဟုတ် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များမှ မြန်မာစစ်တပ်၏စစ်ကြောင်းထိုးသည့်လုပ်ရပ် များကို ပြန်လည်ခုခံတားဆီးနိုင်ခြင်းတို့ကြောင့် ရွာသားများသည် ဘေးကင်းလုံခြုံသည့်နေရာသို့ အချိန်မီထွက် ပြေးတိမ်းရှောင်ရန် အခွင့်အရေးများ ပိုမိုရရှိခဲ့ခြင်းဖြစ်သည်။ KHRG မှ ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှု (၈၃)ခုတွင် ရွာသားများက ကြောက်ရွံ့ထိတ်လန့်မှုအကြောင်းကို (၁၈၆) ကြိမ်တင်ပြထားပြီး ဤသို့ကြောက်ရွံ့ရသည့်ခံစားချက် သည် အများဆုံးဖော်ပြထားသည့်ခံစားချက်တစ်ခုအဖြစ်တွေ့ရှိရသည်။ တွေ့ဆုံမေးမြန်းမှုများကိုဖြေဆိုထားသော အမျိုးသမီး (၈၉) ရာခိုင်နှုန်းနှင့် အမျိုးသား (၈၀) ရာခိုင်နှုန်းသည် SAC လေကြောင်းတိုက်ခိုက်မှုနှင့်ဆက်စပ်၍ ၎င်းတို့၏ ကြောက်ရွံ့ထိတ်လန့်မှုများကို ဖော်ပြခဲ့ပါသည်။

အထူးသဖြင့် SAC အသုံးပြုသော လေကြောင်းတိုက်ခိုက်မှုသည် ဆိုးရွားသောလက်နက်ကိုင်ပဋိပက္ခပုံစံအသစ်တစ်ခုဖြစ်ပြီး ဒေသခံလူမှုအသိုက်အဝန်းများကြားတွင် ကြောက်ရွံ့ထိတ်လန့်မှုများ ပို၍ဖြစ်ပွားစေကြောင်း ရွာသားများမှ တင်ပြကြသည်။ ထို့အပြင် ကရင်ပြည်နယ်တွင် ပထမဆုံးအကြိမ် ဖြစ်ပွားခဲ့သောလေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကိုင်တိုက်ပွဲများကြောင့် အထူးသဖြင့် ကလေးသူငယ်များအပေါ် သက်ရောက်မှုများရှိစေ ကြောင်း

အချို့သောရွာသားများမှလည်း တင်ပြခဲ့သည်။ ဥပမာဖြစ်စဉ်တစ်ခုမှာ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့၌ ဒေဘူး နိုဒေသရှိ ယဘ--- ကျေးရွာတွင် ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုသည် ကရင်ပြည်နယ်တွင် ပထမဆုံး အကြိမ်ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုဖြစ်သည်။ ပထမဆုံးအကြိမ်ဖြစ်ပွားခဲ့သည့်လေကြောင်းတိုက် ခိုက်မှုကြောင့် ဖြစ်ပေါ်လာသောနောက်ဆက်တွဲ အကျိုးဆက်များအကြောင်းကို မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဘောသေ့ထကျေးရွာအုပ်စုရှိ ဖန--- ကျေးရွာတွင်နေထိုင်သော နော်အဝ--- မှ ယခုလိုရှင်းပြခဲ့သည်။ *"ကလေးတွေ အားလုံးဟာ ကြောက်ရွံ့နေကြပြီး ငိုယိုနေကြတယ်။ သူတို့မိသားစုကို အော်ခေါ်နေကြတယ်။ ဒီအခြေအနေကို တွေ့ရတော့ ကျွန်မတကယ်ပဲစိတ်မကောင်းဘူး။ ကျွန်မတို့တွေ ကြောက်ရွံ့တုန်လှုပ်နေကြပြီး ဘုရားသခင်ဆီမှာ ဆုတောင်းတာကလွဲလို့ ဘာမှမလုပ်တတ်တော့ဘူး။ အရမ်းပဲ ကြောက်နေခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင် က ဒီလိုမျိုးကြီးမားတဲ့ဗုံးပေါက်ကွဲမှုတွေကို တစ်ခါမှမကြုံခဲ့ရဘူးလေ။ ဒါက ကျွန်မတို့ဘဝမှာ ပထမဆုံးအကြိမ် ကြုံတွေ့ခဲ့ရတယ်။ (...) အရင်က စစ်ပွဲကိုတစ်ခါမှမကြုံတွေ့ဖူးတဲ့ကလေးတွေအတွက် ဒါက သူတို့အတွက် ပထမ ဆုံးအကြိမ်ပဲ။ အခုတော့ သူတို့တွေ စစ်ပွဲရဲ့ဆိုးရွားတဲ့အခြေအနေကိုကြုံခဲ့ရပြီးလေ။ အခုချိန်မှာ ကလေးတွေဟာ သူတို့မိဘနဲ့ခွဲနေရပြီး အကြောက်တရားနဲ့ပြည့်နှက်နေတယ်။"* ယခင်အချိန်များတွင် ကရင်ပြည်နယ်ရှိ ပြည်သူ လူထုအပေါ် အကြမ်းဖက်တိုက်ခိုက်ခဲ့သောဖြစ်စဉ်များအား ယခုလက်ရှိဖြစ်ပေါ်နေသည့် လေကြောင်းတိုက်ခိုက် မှုများနှင့်နှိုင်းယှဉ်၍ ကြုံတွေ့ရသောကြောက်ရွံ့ထိတ်လန့်မှုအကြောင်းကို အခြားရွာသားများအပါအဝင် နော် ဆလ--- မှ ယခုလို ရှင်းပြခဲ့ပါသည်။ *"လေကြောင်းတိုက်ခိုက်မှုကလွဲပြီး အရင်ကအခြေအနေနဲ့ ယခုအခြေအနေ ဟာ ဘာမှမကွာဘူး။ အရင်တုန်းကလည်း သေကြေပျက်စီးတာတွေ တွေ့ရတယ်။ အခုလည်း သေကြေပျက်စီး တာတွေ တွေ့ရတယ်။ ဒီလိုတိုက်ခိုက်မှုတွေကြောင့် ကျွန်မတို့အတွက်တော့ အရင်ကရှိခဲ့တဲ့အကြောက်တရားနဲ့ အခုချိန်မှာ ရှိနေတဲ့ အကြောက်တရားက အတူတူပဲ။"*

လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်များတွင် ဖြစ်ပေါ်လာသည့်ကြောက်ရွံ့ထိတ်လန့်မှုများကြောင့် ဆိုးရွားသောရုပ် ပိုင်းဆိုင်ရာတုန့်ပြန်မှုများကို ကြုံတွေ့ရကြောင်း ရွာသားများက မကြာခဏတင်ပြခဲ့ပါသည်။ ဥပမာ ဖြစ်စဉ်တစ်ခု



ဤပုံကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ဒေသခံ ရွာသားတစ်ဦး၏ ပို့ပေးမှုမှတစ်ဆင့် လက်ခံရရှိခဲ့သည်။ နို့တ ကော မြို့နယ်၊ မောကျေးရွာအုပ်စု၊ ဖပ--- ကျေးရွာတွင် SAC စစ်တပ် သည် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) စစ် သားများ၏ တိုက်ခိုက်ခံခဲ့ရပြီးနောက် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် SAC ၏ ရဟတ်ယာဉ်နှစ်စင်း နှင့် တိုက်လေယာဉ်တစ်စင်းသည် ဒူးပလာယာခရိုင်၊ နို့တကော မြို့နယ်၊ မောကျေးရွာ အုပ်စု၊ ဖပ--- ကျေးရွာအတွင်းသို့ လေ ကြောင်းတိုက်ခိုက်မှုတစ်ကြိမ် လာရောက်ပြုလုပ်ခဲ့သည်။ ထို လေကြောင်းတိုက်ခိုက်မှု အတွင်း ကြဲချခဲ့သော ဗုံးတစ်လုံးသည် ဘုရားကျောင်းအတွင်း ကျရောက်ခဲ့ပြီး မပေါက်ကွဲခဲ့သော်လည်း ထိခိုက်ပျက်စီးမှုများရှိခဲ့သည်။ ဤပုံသည် ဖန--- ကျေးရွာနေ အသက် ၁၂ နှစ်အရွယ် စောဆမ--- သည် အဆိုပါလေကြောင်း တိုက်ခိုက်မှုအတွင်း ဝါးရုံတစ်ခု၏ အနောက်တွင် ပုန်းရှောင်နေ ပုံကို ဖော်ပြထားပါသည်။ ထိုတိုက်ခိုက်မှု ဖြစ်ပွားချိန် တွင် ရွာသားများသည် ထိတ်လန့်တကြား နေရာဒေသ အသီးသီး သို့ ထွက်ပြေးခဲ့ကြသည်။ ယင်းအချိန်တွင် ထိုကလေး၏ မိဘများ သည် ၎င်းတို့၏ စိုက်ပျိုးခြံတွင် အလုပ်လုပ်နေခဲ့ကြပြီး ရွာနှင့် နီးရာ အခြားနေရာတစ်နေရာသို့ ထွက်ပြေးခဲ့ကြသည်။ ရွာသား တို့သည် မိမိတို့၏ လုံခြုံရေးအတွက် အပြေးအလွှားထွက်ပြေး ကြရ သော ကြောင့် တစ်ဦးကိုတစ်ဦးခေါ်ရန် အချိန်မရှိခဲ့ပါ။ သို့သော်လည်း ထိုလေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးမှု နှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများ မရှိခဲ့ပါ။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

မှာ ညသန်းခေါင်အချိန်တွင် SAC သည် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလက်ကျေးရွာအုပ်စုရှိ ထက--- ကျေးရွာ တွင် လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သောကြောင့် လူနေအိမ်များနှင့်ရပ်ရွာအဆောက်အဦးများ ပျက်စီးသွားခဲ့သည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံရွာသားများသည် ၎င်းတို့၏ခန္ဓာကိုယ်များတုန်လှုပ်ပြီး သွေးများ အန်ထွက်ခဲ့သည်ဟု ထက--- ရွာသားတစ်ဦးဖြစ်သူ နော်ဘဒ--- မှ တင်ပြခဲ့သည်။ အခြားဖြစ်စဉ်တစ်ခု မှာလည်း ၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့၌ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေကျေးရွာအုပ်စု၊ ဈဆ--- ကျေးရွာတွင် SAC မှ လေကြောင်းဖြင့်ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ဗုံးတစ်လုံးသည် ကလေးတစ်ဦးပုန်းအောင်းနေသည့် ဗုံးခိုကျင်းအနီး အနားတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ထိုကလေးသည် ထိတ်လန့်ကြောက်ရွံ့၍ သုံးရက်ကြာ စကားမပြောနိုင်ခဲ့ပေ။

၂၀၂၄ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့၌ ခေါဖိုးပလက်ကျေးရွာအုပ်စုရှိ ထဝ---ကျေးရွာတွင်လည်း လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ထဝ--- ကျေးရွာတွင်နေထိုင်သည့် KHDW အဖွဲ့ဝင်တစ်ဦးဖြစ်သူ နော်ဘဇ---မှ ထိုလေကြောင်း တိုက်ခိုက်မှုဖြစ်ပွားစဉ် သူမအနေဖြင့် ဗုံးခိုကျင်းတစ်ခုတွင်ပုန်းအောင်းနေသည့်အချိန်တွင် ရင်ဆိုင်ကြုံတွေ့ခဲ့သော ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ခံစားမှုများကို ဤကဲ့သို့ရှင်းပြခဲ့သည်။ *"အဲဒီဖြစ်စဉ်မှာ ကျွန်မက ကြောက်ပြီး ပြေးပုန်းနေခဲ့တယ်။ အသက်တောင်ကောင်းကောင်းမရှုနိုင်ဘူး။ ကျွန်မလက်တွေခြေတွေ တုန်ပြီးထုံလာတယ်။ ပြီးတော့ ကျွန်မရဲ့ညီမကိုဒီလိုပြောပြတယ်။ လေယာဉ်နောက်တစ်ခါလာရင် ဗုံးထိလို့မသေဘဲနဲ့ အသံကြားတာနဲ့ပဲ ကျွန်မသေသွားနိုင်တယ်။ အဲဒီလေကြောင်းတိုက်ခိုက်မှုကြောင့် ရွာထဲမှာရှိတဲ့အဒေါ်နှစ်ယောက်လည်း ကြောက်လွန်းလို့ သတိလစ်ကုန်တယ်။ အဲလိုအခြေအနေမှာ ဆရာဝန်ရှာဖို့မလွယ်ဘူး။ သူတို့ကို နှိပ်ပေးပြီးသက်သာအောင် လုပ်ပေးရတယ်။ ကလေးတွေလည်း အရမ်းကြောက်နေတယ်။ လေယာဉ်အသံကို ကလေးတွေကြားတာနဲ့ ထွက်ပြေးကြတယ်။ ကလေးတွေ စိတ်ဒဏ်ရာရသွားမှာကို ကျွန်မစိုးရိမ်မိတယ်။ သက်ကြီးရွယ်အိုတွေဆိုရင် ကြောက်လန့်တုန်လှုပ်ပြီး သေသွားမှာကိုလည်း စိုးရိမ်မိတယ်။ ကျွန်မတောင်မှ အသက်ဝဝမရှုနိုင်ဘူး။ ကျွန်မရဲ့လက်တွေ၊ ခြေထောက်တွေ တုန်ပြီးထုံလာတယ်လေ။"*

အထူးသဖြင့် လေကြောင်းတိုက်ခိုက်မှုစစ်ဆင်ရေးကို ရုတ်တရက်ပြုလုပ်ခဲ့ခြင်းကြောင့် ဘေးကင်းလုံခြုံမှုကို ရှာဖွေရာတွင် အဟန့်အတားများရှိစေပြီး ရွာသားများအကြား စိုးရိမ်ပူပန်မှုများပို၍တိုးမြင့်လာကြောင်း ဒေသခံများက ဖော်ပြခဲ့သည်။ ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ယရ--- ကျေးရွာနှင့် ယစ---ကျေးရွာတွင်နေထိုင်သော ကျောင်းဆရာတစ်ဦးဖြစ်သူ အယ--- က *"လေကြောင်းတိုက်ခိုက်မှုဖြစ်တဲ့အချိန်မှာ ရွာသားတွေ အရမ်းစိုးရိမ်ပူပန်နေရတော့ ထွက်ပြေးဖို့ပဲသိတယ်"* ဟုပြောပြသည်။ ဖမ--- ကျေးရွာတွင်နေထိုင်သော နော်အဝ---ကလည်း ဒေသခံရွာသားများသည် *"ခြေဦးတည့်ရာ"* ထွက်ပြေးခဲ့ရကြောင်း ရှင်းပြခဲ့သည်။ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ ၌ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဈဂ--- ကျေးရွာတွင် ဖြစ်ပွားခဲ့သောလေကြောင်းတိုက် ခိုက်မှုနှင့်ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး စောဘဘ---က ယခုလိုရှင်းပြခဲ့သည်။ *"ဒါကအရမ်းပဲ ကြောက်စရာကောင်းတယ်။ အဲဒီအသံကိုကြားတော့ နှလုံးတွေတုန်လာတယ်။ ရွာသားတွေလည်း ကြောက်ရွံ့ပြီး စိုးရိမ်ထိတ်လန့်နေတယ်။"* မူတြော်ခရိုင်မှ KDHW တာဝန်ခံတစ်ဦးဖြစ်သူ စောဘဖ--- မှလည်း မကြာခဏဆိုသလို အဆက်မပြတ်ဖြစ်ပွားနေသော လေကြောင်းတိုက်ခိုက်မှုများ၏အကျိုးဆက်များကို ဤသို့ရှင်းပြသည်။ *"သူတို့ (ဒေသခံနိုင်ဒေသရှိရွာသားများ) က လေကြောင်းတိုက်ခိုက်မှုကို ပထမဆုံးအကြိမ်ကြုံတွေ့ရတော့ သူတို့စိတ်ထဲမှာ အ ကြောက်တရားတွေနဲ့ပြည့်နှက်နေတယ်။ ပြီးတော့ ထွက်ပြေးနေတဲ့ရွာသားတစ်ချို့က ရွာကိုပြန်လာတယ်။ ရွာ ကိုပြန်လာတော့လည်း လေကြောင်းတိုက်ခိုက်မှုကို နောက်တစ်ကြိမ်ကြုံတွေ့ရပြန်တယ်။ (...) လေယာဉ်က နေ့ တိုင်းမလာပေမဲ့ တစ်ခါတစ်လေမှာ တစ်ပတ်ကို နှစ်ကြိမ် ဒါမှမဟုတ် သုံးကြိမ်လာတယ်။ လေကြောင်းတိုက်ခိုက်မှု မဖြစ်ပေမဲ့ ကောင်းကင်ပေါ်မှာပျံဝဲနေတဲ့လေယာဉ်အသံကိုကြားတိုင်း အရမ်းကြောက်တယ်။ အခုချိန်မှာ ကျွန် တော်တို့ပြည်သူလူထုတွေဟာ ကျန်းမာရေးပြဿနာတွေကို ကြုံတွေ့နေရတယ်။ ဆေးပညာအရပြောရမယ်ဆိုရင် ဒါက စိတ်ပိုင်းဆိုင်ရာဝေဒနာတစ်ခုပဲ။ (...) သူတို့ရဲ့ (ရွာသားများ) မျက်လုံးတွေက ပြူးပြဲပြီးဗုံးခိုကျင်းထဲကို ပြေးတော့တာပဲ။ တစ်ချို့ရွာသားတွေဆိုရင် လေယာဉ်အသံကြားတာနဲ့ ချီးတွေ၊ သေးတွေပါထွက်တယ်။"*

လေကြောင်းတိုက်ခိုက်မှုနှင့်ဆက်စပ်သောအကြောက်တရားများကို ရွာသားအများအပြားကဖော်ပြခဲ့ပြီး တစ်ချို့သောအခြေအနေတွင် ခရီးသည်လေယာဉ် ပျံဝဲနေသည်ဖြစ်စေ၊ ဝေဟင်ကင်းထောက်လှမ်းမှုလုပ်နေသည်ဖြစ်စေ မည်သည့်လေယာဉ်အမျိုးအစားကိုမဆို မြင်လျှင် သို့မဟုတ် ကြားလျှင်ပင် ရွာသားများအနေဖြင့် ကြောက်ရွံ့နေ

ကြသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ပရာရောကျေးရွာအုပ်စု၊ ထခ---ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦးဖြစ်သူ စောဘက---မှ ယခုလိုရှင်းပြခဲ့သည်။ "(ထခ---ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက်) တစ်ချို့ကလေးတွေဆိုရင် ကောင်းကင်ပေါ်မှာ ပျံဝဲနေတဲ့လေယာဉ်ပျံကိုတွေ့တာနဲ့ ငိုယိုပြီးပြေးနေကြတယ်။ တစ်ချို့ရွာသားတွေလည်း ရွာထဲမှာ လေယာဉ်ပျံဝဲနေတာကိုတွေ့ရင် ကြောက်ချီးပါထွက်တယ်။ ဘာဖြစ်လို့လဲဆို တော့ လေယာဉ်တွေကို အရမ်းကြောက်နေရတယ်လေ။" ဒူးပလာယာခရိုင်မှ CIDKP အတွင်းရေးမှူးတစ်ဦးဖြစ် သူ စောဃ--- ကလည်း ဤသို့ရှင်းပြသည်။ "ဒီအရာ (စိတ်ဒဏ်ရာများ) က သူတို့ရဲ့ (ရွာသားများ) စိတ်ထဲမှာ ကိန်းအောင်းနေတယ်။ လူတွေက စိတ်ဝေဒနာကိုခံစားနေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလေကြောင်းတိုက်ခိုက်မှုကို မကြာခဏကြုံတွေ့ခဲ့ရလို့လေ။ (...) တစ်ချို့ရွာသားတွေဆိုရင် လေယာဉ်အသံကြားတာနဲ့ စိုးရိမ်ထိတ်လန့်နေတယ်။" ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ယမ---ကျေးရွာတွင်နေထိုင်သော အယ--- က "ရွာသားတွေ လေယာဉ်အသံကိုကြားတိုင်း ကြောက်နေတယ်။ ဒါက သူတို့ရဲ့စိတ်ပိုင်းဆိုင်ရာကို ထိခိုက်စေတယ်။ လေယာဉ် အသံကိုကြားတာနဲ့ကြောက်ကြတယ်။ တစ်ချို့အမျိုးသားတွေတောင် ငိုယိုကြတယ်" ဟု ရှင်းပြခဲ့သည်။

SAC မှ လေကြောင်းတိုက်ခိုက်မှုကို အဆက်မပြတ်ပြုလုပ်ခြင်းနှင့် ရွာသားများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခကို ရင်ဆိုင်ကျော်ဖြတ်ရန် စွမ်းဆောင်နိုင်မှုမရှိခြင်းကြောင့် ၎င်းတို့၏ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအခြေအနေအပေါ် ရေရှည်သက်ရောက်မှုများအား ကုစားရန်အခက်အခဲများရှိနေသည်။ ထို့အပြင် လေယာဉ်ကိုမြင်လျှင်သို့မဟုတ် ကြားလျှင်ဖြစ်ပေါ်လာသောအကြောက်တရားများကြောင့် ရွာသားများ၏စိတ်ပိုင်းဆိုင်ရာကျန်းမာရေးပြဿနာများကို များစွာထိခိုက်စေသည်။ ၂၀၂၄ ခုနှစ်၊ မေလ ၁ ရက်နေ့၌ မူတြော်ခရိုင်တွင် ရက်တရက်ဆိုသလို အဆက်မပြတ်ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုကို ကြုံတွေ့ခဲ့သည့် ကရင်လူမျိုးလူ့အခွင့်အ ရေးကာကွယ်စောင့်ရှောက်သူတစ်ဦးဖြစ်သူ နော်ဆန--- က ယခုလိုပြောပြခဲ့သည်။ "ကျွန်မအရမ်းကြောက်ခဲ့တယ်။ ကျွန်မတို့ပုန်းနေတဲ့နေရာက လုံခြုံမှုရှိရဲ့လားဆိုပြီး အတွေးတွေနဲ့ပြည့်နေတယ်။ ဗုံးတစ်လုံးက ကျွန်မတို့အပေါ်မှာ ဒါမှမဟုတ် ကျွန်မတို့ဘေးမှာ ကျသွားရင် ဘယ်လိုလုပ်မလဲ။ အဲဒီလိုကျသွားခဲ့ရင် ကျွန်မတို့တွေ ဆိုးဆိုးရွားရွား ဒဏ်ရာရသွားနိုင်တယ်။ လေယာဉ်ဗုံးကြဲတာကလည်း ဘယ်နှစ်နာရီလောက်မှပြီးမလဲမသိဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ရဟတ်ယာဉ်တွေ၊ ဒရုန်းတွေ၊ ဂျက်လေယာဉ်တွေရဲ့အသံကို ဆက်တိုက်ကြားနေရတယ်။ (...) စစ်ကောင်စီရဲ့ လေကြောင်းတိုက်ခိုက်မှုအကြောင်းကိုတော့ အမြဲတမ်းကြားခဲ့ရတယ်။ ဒါပေမယ့် လူတွေဘယ်လောက်တောင်မှ ခံစားနေရမလဲဆိုတာ တွေးတောင်မတွေးရဲဘူး။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာခံစားချက်တွေပေါ့။ အခုတော့ ကျွန်မကိုယ်တိုင်ကြုံတွေ့ရတော့မှ သိတော့တယ်။ လေကြောင်းတိုက်ခိုက်မှုဖြစ်တဲ့အချိန်မှာ ကျွန်မရခဲ့တဲ့အကြောက်တရားကို နားလည်အောင်ရှင်းပြဖို့စကားလုံးမရှိဘူး။ အခုချိန်ထိ လေယာဉ်အသံကိုကြားရရင် အလိုလိုနေရင်းနဲ့ ကြောက်နေတယ်။"

လေကြောင်းတိုက်ခိုက်မှုများ၏ ရေရှည်သက်ရောက်မှုများကြောင့် ရွာသားများ၏စိတ်ပိုင်းဆိုင်ရာဝေဒနာများ ဖြစ်စေကြောင်းလည်း ဒေသခံများမှ တင်ပြသည်။ ဥပမာဖြစ်စဉ်တစ်ခုမှာ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ယောကဒေါ်ကျေးရွာအုပ်စု၊ ယပ---ကျေးရွာတွင်နေထိုင်သော ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးမှ ယခုလိုရှင်းပြခဲ့သည်။ "၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှာ ရွာထဲမှာ (လေကြောင်းတိုက်ခိုက်မှုဖြစ်တော့) လင်မယားနှစ်ယောက်က ချုံပုတ်တွေကြားမှာ သွားပြေးပုန်းနေခဲ့တယ်။ နောက်ပိုင်းမှာ ဇနီးဖြစ်သူက စိတ်မနှံ့တော့ဘူး။ ပြောရရင် စိတ်လွတ်သွားတာပေါ့။ ရက်အနည်းငယ်အကြာမှာ ခင်ပွန်းဖြစ်သူက ရွာကိုပြန်ဖို့ ကျွန်တော့်(ကျေးရွာအုပ်ချုပ်ရေးမှူး) ဆီကို လာပြီးခွင့်တောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွာကိုပြန်ပြီး သူ့ဇနီးရဲ့ (ရိုးရာနည်းလမ်းဖြင့်) လိပ်ပြာပြန်ခေါ်ဖို့ ပြောတယ်။"

လေကြောင်းဖြင့်အကြမ်းဖက်တိုက်ခိုက်မှုကို ကိုယ်တိုင်မြင်တွေ့ခဲ့ရခြင်း၊ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိမှုနှင့် အပျက်အစီးများ၏ စိတ်ပျက်ဝမ်းနည်းစရာအခြေအနေကို မြင်တွေ့ရခြင်းသည်လည်း ရွာသားများ၏ စိတ်ကျန်းမာရေးအပေါ် ရေရှည်ဆိုးကျိုးသက်ရောက်မှုများ ရှိစေသည်။ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ပါဟဲကျေးရွာအုပ်စုရှိ ဖမ---ဟုခေါ်သော စစ်ရှောင်စခန်းတစ်နေရာတွင် ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုကို ကြုံတွေ့ခဲ့သည့်ရွာသားတစ်ဦးဖြစ်သူ နော်ဆလ---မှ ဤသို့ရှင်းပြသည်။ "ဒီလေကြောင်းတိုက်ခိုက်မှုက ကျွန်မကို ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်စေတယ်။ ဗုံးနဲ့မြေမြှုပ်မိုင်းတွေကြောင့် လူတွေသေသွားတာ၊ သူတို့ရဲ့ခြေထောက်နဲ့လက်တွေ၊ ပြီးတော့ မျက်စိတွေ၊ နားတွေ ဆုံးရှုံးသွားတာတွေ၊ ဒဏ်ရာရတာတွေကို ကိုယ်တိုင်တွေ့ခဲ့ရတော့

*ကျွန်မရဲ့စိတ်ကိုအရမ်းထိခိုက်စေတယ်။ ကျွန်မစိတ်မခိုင်ဘူးဆိုရင် ကျွန်မရူးသွားနိုင်တယ်။ မြန်မာစစ်တပ်အာဏာရှင်တွေ (SAC) ချိုးဖောက်တဲ့ဒီလိုအကြမ်းဖက်မှုလုပ်ရပ်တွေကို ကျွန်မအနေနဲ့ ဘယ်တော့မှ မေ့နိုင် မှာမဟုတ်ဘူး။"* မူတြော်ခရိုင်မှ KDHW တာဝန်ခံတစ်ဦးဖြစ်သူ စောအဖ---ကလည်း စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများနှင့် ပတ်သက်သောအခြေအနေကို ယခုလိုပြောပြသည်။ *"လူတိုင်းက သူတို့စိတ်ထဲမှာအကြောက်တရားတွေရှိ နေတယ်။ အထူးသဖြင့် နှလုံးနှင့်ဦးနှောက်ရောဂါတွေ (စိတ်ကျန်းမာရေးပြဿနာ) ကြုံတွေ့ခံစားရမှာစိုးရိမ်ရတယ်။ (...) ဒီလေကြောင်းတိုက်ခိုက်မှုက လူတိုင်းရဲ့စိတ်ကျန်းမာရေးကို ထိခိုက်စေတယ်။"*

## (ခ) လေကြောင်းတိုက်ခိုက်မှုနှင့် အမြဲတမ်းသတိထားနေထိုင်ရန်လိုအပ်မှု

ကရင်ပြည်နယ်တွင်ဖြစ်ပေါ်နေသော လေကြောင်းတိုက်ခိုက်မှုများ၏အန္တရာယ်ကို ခန့်မှန်း၍မရနိုင်သည့်အတွက် ရွာသားများသည် အမြဲတမ်းလိုလို အကြောက်တရားနှင့်သတိကြီးစွာဖြင့်နေထိုင်ရှင်သန်ရသည့်အခြေအနေတွင် ရှိနေသည်။ ရွာသားများသည် နေရပ်စွန့်ခွာတိမ်းရှောင်ရပြီးနောက်တွင်လည်း အကြောက်တရားနှင့်သတိကြီးစွာဖြင့်နေထိုင်ရသည့်အခြေအနေသည် လျော့ကျမသွားဘဲ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားမည့်အချိန်ကို သိရှိရန် သတင်းအချက်အလက်များ ရှာဖွေရယူခြင်း၊ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားလာလျှင် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း၊ မိမိအား ပစ်မှတ်ထားခံရမည်ကိုကြောက်ရွံ့၍ သိသာထင်ရှားသည့်မြင်ကွင်းများနှင့် လှုပ်ရှားမှုများကိုလျှော့ချရန် ကြိုတင်ကာကွယ်မှုများဆောင်ရွက်ခြင်း အစရှိသော သတိဖြင့်နေထိုင်ရသောအပြုအမူ များအကြောင်းကို ရွာသားများမှ တင်ပြခဲ့သည်။ ဤကဲ့သို့သောအခြေအနေများကြောင့် ရွာသားများအနေဖြင့် ၎င်းတို့၏နေ့စဉ်ဘဝတွင် လွတ်လပ်စွာသွားလာလှုပ်ရှားမှုများနှင့် လွတ်လပ်ခွင့်များအပေါ် သက်ရောက်မှုများရှိစေသည်။

## လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားမည့်အချိန်ကာလနှင့် ကြိုတင်ပြင်ဆင်မှုများ

လေကြောင်းတိုက်ခိုက်မှုများ၏အန္တရာယ်ကိုရှောင်ရှားရန်နှင့် လေကြောင်းတိုက်ခိုက်မှုမဖြစ်ပွားမီ ဘေးကင်းလုံခြုံမှုကို ကြိုတင်ရှာဖွေ၍ကြိုးပမ်းရာတွင် ရွာသားများအနေဖြင့် ဒေသခံ KNU ခေါင်းဆောင်များနှင့် အခြားရွာသားများ၏သတိပေးခြင်းကိုသာ ရရှိကြသည်။ အဆိုပါသတိပေးခြင်းတွင် များသောအားဖြင့် တိကျသောသတင်းအချက်အလက်များ မရှိကြပေ။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလက်ကျေးရွာအုပ်စု၊ ထဝ--- ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦးက ဒေသခံခေါင်းဆောင်များအနေဖြင့် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားမည့်အချိန်နှင့်နေရာကို ပြောပြနိုင်ခြင်းမရှိသည့်အခြေအနေကို တင်ပြခဲ့သည်။ ထို့အတွက်ကြောင့် ရွာသားများအတွက် စိုးရိမ်ကြောက်ရွံ့မှုများ ပို၍ရှိလာစေသည်။ ခေါဖိုးပလက်ကျေးရွာအုပ်စု၊ ထက--- ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦးကလည်း *"တိကျတဲ့သတင်းကို ကျွန်တော်တို့မရရှိကြဘူး။ ရွာသားအချင်းချင်း သတိပေးကြတာပဲရှိတယ်။ ပြီးတော့ လေကြောင်းတိုက်ခိုက်မှုက ဘယ်အချိန်ဖြစ်မလဲဆိုတာလဲ မသိရဘူး"* ဟု ရှင်းပြသည်။ လေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ သတင်းများမျှဝေ၍ အချင်းချင်းသတိပေးကြသည့်အပြင် တိုက်ပွဲ၊ ပေါက်ကွဲမှု သို့မဟုတ် လေယာဉ်၏အသံများကို နားစွင့်၍ သတိဖြင့်နေထိုင်နေရကြောင်းလည်း ရွာသားများက တင်ပြကြသည်။

မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဖလာခို့ကျေးရွာအုပ်စု၊ ဖဃ--- ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦးဖြစ်သူ နော်ဆဘ--- က အမြဲတမ်းလိုလိုသတိဖြင့်နေထိုင်ရခြင်းကြောင့် ဖြစ်ပေါ်လာသောစိုးရိမ်ကြောင့်ကြမှုအကြောင်းကို ယခုလိုရှင်းပြခဲ့သည်။ *"(၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း) လက်ရှိအချိန်မှာ ရွာသားတွေက ရွာကိုပြန်လာနေထိုင်ကြပြီး အခြေအနေကို စောင့်ကြည့်နေကြတယ်။ မနက်ဖြန်ကျရင် စစ်ကောင်စီက ဘယ်အချိန်မှာ လေကြောင်းနဲ့လာတိုက်ခိုက်မလဲဆိုတာ ရွာသားတွေက အမြဲတမ်းတွေးပူနေရတယ်။ ရွာသားတွေဟာ လေကြောင်းတိုက်ခိုက်မှု ကိုကြောက်ရတဲ့စိတ်နဲ့ နေထိုင်နေရတယ်။ (...) တစ်ချို့ရွာသားတွေက အနာဂတ်မှာဘာဖြစ်လာမလဲသိချင်လို့ ဗေဒင်တွေ တွက်ကြတယ်။ တစ်ချို့ရွာသားတွေကတော့ အလုပ်သွားရင်လည်း သတိနဲ့သွားရတယ်။ (...) ကျွန်မသိရသလောက်ပြောရရင် ရွာသားတွေဟာ အခက်အခဲတွေနဲ့ကြုံတွေ့နေရပြီး ဥပမာ ဒီနေ့မှာ ကျွန်မအလုပ်သွားလုပ်ရင် မသွားခင်မှာ လေကြောင်းတိုက်ခိုက်မှုဖြစ်သွားရင် ဒါမှမဟုတ် အလုပ်သွားပြီးမှ လေကြောင်းတိုက်ခိုက်မှုဖြစ်သွားခဲ့ရင် ဘယ်လိုလုပ်မလဲ။ အခုချိန်မှာ ရွာသားတွေအလုပ်လုပ်နေကြပေမဲ့ လေကြောင်း တိုက်ခိုက်မှုဘယ်အချိန်ဖြစ်မလဲဆိုပြီး အမြဲတမ်းတွေးပူနေရတယ်။ အပြင်ပန်းကြည့်ရင်တော့ ရွာသားတွေဟာ အဆင်ပြေပေမဲ့ သူ*

*တို့စိတ်ထဲမှာ အမြဲတမ်းတွေးကြောက်နေကြတယ်။ အဲဒါကြောင့် ဒီလိုအခက်အခဲ တွေနဲ့ကြုံတွေ့နေရတယ်။ (...) ရွာသားတွေက စိုးရိမ်ကြောက်ရွံ့မှုတွေနဲ့ အလုပ်လုပ်နေရတယ်။"*

ညအချိန်တွင် လေကြောင်းတိုက်ခိုက်မှုအဖြစ်များသောကြောင့် ဒေသခံရွာသားများသည် အကြောက်တရားနှင့် အချိန်တိုင်းသတိဖြင့်သွားလာနေထိုင်ကြရသည်။ ဘိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ ကော်ဘောကျေး ရွာအုပ်စု၊ ဖခ---ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦးဖြစ်သူ နော်ဆဝ---က ယခုလိုရှင်းပြသည်။ *"အခုချိန်မှာ လေယာဉ်တွေက ညဘက်မှာ အလာများတယ်။ အဲဒါကြောင့် ညဘက်မှာအိပ်ရင် လုံခြုံမှုမရှိဘူးလို့ခံစားရတယ်။ ဗုံးတွေဘယ်အချိန်ပစ်ချမလဲဆိုပြီး ကျွန်မတွေးပူနေရတယ်။"* အကျိုးဆက်အနေဖြင့် အိပ်ရေးပျက်ရသည့်အခြေ အနေကိုကြုံတွေ့ရကြောင်း တစ်ချို့ရွာသားများက တင်ပြကြသည်။ လယ်ဒိုမြို့နယ်၊ ပဒဲကောကျေးရွာအုပ်စုရှိ ဈဒ--- ကျေးရွာတွင်နေထိုင်သော စောဒ---မှ ဤသို့ရှင်းပြခဲ့သည်။ *"ညဘက်ဆိုရင် ရွာသားတွေဟာ အနီရောင်အ လင်းတွေကို (ဗုံးပေါက်သည့်အရောင် သို့မဟုတ် လက်နက်ပစ်ခတ်သည့်အရောင်) သတိထားပြီး စောင့်ကြည့်နေ ကြရတယ်။ သူတို့အရမ်းအိပ်ချင်တဲ့အချိန်မှ အိပ်ကြတယ်။ တစ်ခါတစ်လေဆိုရင် လေကြောင်းတိုက်ခိုက်မှုဖြစ် မှာကိုလည်း တွေးကြောက်ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့သတိမထားမိတဲ့အချိန်မှာ လေကြောင်း တိုက်ခိုက်မှုဖြစ်ပွားတာတွေရှိတယ်။ အဲဒါကြောင့် ကျွန်တော်တို့ရွာသားတွေဟာ အမြဲတမ်း သတိနဲ့သွားလာနေထိုင် ရတယ်။"* ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ ဖရ---ကျေးရွာတွင် နေထိုင်သော ရွာသား တစ်ဦးဖြစ်သူ နော်ဆပ---ကလည်း ယခုလိုရှင်းပြခဲ့သည်။ *"ညဘက်မှာ လေယာဉ်လာမယ်လို့ ကျွန်မတို့သတင်း ကြားရတော့ ဘယ်လိုအိပ်ပျော်နိုင်မလဲ။ ကြောက်နေရတာပေါ့။"*

လေကြောင်းတိုက်ခိုက်မှုများ၏အန္တရာယ်နှင့်ခြိမ်းခြောက်မှုများကြောင့် ဖြစ်ပေါ်လာသော မလုံခြုံမှုနှင့်မရေရာ သောခံစားချက်များသည် ရွာသားများအနေဖြင့် အမြဲတမ်းအဆင်သင့်ရှိနေရန် သတိဖြင့်နေထိုင်နေရကြောင်း ဒေသခံများက တင်ပြကြသည်။ တစ်ချို့ရွာသားများသည် အဆင်သင့်ဖြစ်နေရန်အတွက် စားနပ်ရိက္ခာနှင့် အဝတ် အထည်များကို ပြင်ဆင်နေရကြောင်း တင်ပြကြသည်။ သို့သော်လည်း လေကြောင်းတိုက်ခိုက်မှု ရုတ်တရက်ဖြစ် ပွားလာလျှင် ထိုပြင်ဆင်မှုများသည် အရာမရောက်ကြောင်း အခြားရွာသားများကလည်း တင်ပြကြသည်။ ထို့ ကြောင့်ရွာသားများသည် မကြာခဏဆိုသလို လုံလောက်သောစားနပ်ရိက္ခာနှင့် အဝတ်အထည်များ သယ်ဆောင် နိုင်ခြင်းမရှိဘဲ စိုးရိမ်ကြောက်ကြမှုများစွာဖြင့် ထွက်ပြေးတိမ်းရှောင်နေရသည်။ ထို့အပြင် ကျေးရွာများတွင်လည်း တစ်ခုတည်းသော အကာအကွယ်ဖြစ်သည့် ဗုံးခိုကျင်းများကို ပြင်ဆင်ထားရှိ ထားခြင်းဖြစ်သည်။ သို့သော်လည်း




ဤပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် ဒူးပလာယာခရိုင်၊ ကော်တရီ မြို့နယ်၊ ပိုးရေးကျေးရွာအုပ်စု၊ ဖစ--- ကျေးရွာ တွင် ရိုက်ယူခဲ့ ပါသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့၊ ညနေ ၅ နာရီ ၃၀ မိနစ်ခန့်တွင် SAC သည် ဖစ--- ကျေးရွာအတွင်းသို့ လေကြောင်းတိုက်ခိုက်မှုတစ်ကြိမ် ပြုလုပ်ခဲ့သောကြောင့် ရွာသူ၊ ရွာသားများ၏ အိုးအိမ်နှင့် ပိုင်ဆိုင်မှုများ ထိခိုက်ပျက်စီးခဲ့သည်။ တိုက်ခိုက်မှုဖြစ်ပွား နေချိန်တွင် ဖစ--- ကျေးရွာမှရွာသားများသည် ၎င်းတို့၏ လုံခြုံရေးအတွက် အနီးအနားရှိ ကျေးရွာများသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ကြပြီး အချို့သောရွာ သားများသည် အခင်းဖြစ်ပွားပြီးသည့် အချိန်မှသာ ကျေးရွာအတွင်းသို့ ပြန်ဝင် လာကြသည်။ ကျေးရွာထဲသို့ ပြန်ဝင်လာပြီးနောက် SAC လေယာဉ်တစ်စင်းသည် အထက်တွင်ပျံသန်း လာသော ကြောင့် ရွာသားများသည် ဗုံးခိုကျင်း ထဲတွင် ပုန်းအောင်းနေကြရသည်။ ဤပုံသည် SAC လေယာဉ်ကို မြင်တွေ့ပြီးနောက် ဗုံးခိုကျင်းထဲ တွင် ပုန်းခိုနေသော မိခင်နှင့် ကလေးငယ်၏ ပုံကိုဖော်ပြထားပါ သည်။ *(ဓာတ်ပုံ - KHRG)*

လေကြောင်းတိုက်ခိုက်မှုအန္တရာယ်ပေါ်မူတည်၍ ရွာသားများသည် ဗုံးခိုကျင်း ထဲတွင်ဖြစ်စေ၊ အပြင်တွေဖြစ်စေ သို့မဟုတ် အနီးနားတွင် ပြေးရှောင်ရသည့်အခြေအနေလည်းရှိသည်။ အဆင်သင့်ရှိစေရန် အမြဲတမ်းသတိဖြင့် သွားလာနေထိုင်ရခြင်းကြောင့် စိုးရိမ်ကြောင့်ကြမှုများပို၍များလာစေပြီး ရွာသားများအနေဖြင့် အရေးပေါ်စားဝတ်နေရေးလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် အခက်အခဲ၊ အဟန့်အတားများဖြစ်စေသည်။

## သိသာထင်ရှားသည့်မြင်ကွင်းများတွင် နေထိုင်သွားလာလှုပ်ရှားမှုကို ရှောင်ကြဉ်ခြင်း

SAC လေယာဉ်များမှ မြင်တွေ့နိုင်သည့်မြင်ကွင်းနေရာများကို ရှောင်ကြဉ်၍ သွားလာလှုပ်ရှားမှုများအား လျှော့ချခြင်း သို့မဟုတ် မဖြစ်မနေပုန်းရှောင်ရမည့်အခြေအနေနှင့်ပတ်သက်၍ အမြဲတမ်းလိုလိုသတိထားစောင့်ကြည့်နေရသည့်အကြောင်းကို ရွာသားအများစုက တင်ပြကြသည်။ ဤအခြေအနေများကြောင့် ရွာသားများ သည် ပစ်မှတ်ထားခံရသည်ဟု ထင်မြင်ယူဆကြပြီး ၎င်းတို့အနေဖြင့် လွတ်လပ်စွာသွားလာ လှုပ်ရှားခွင့်နှင့် လွတ်လပ်ခွင့်မရှိတော့သောကြောင့် ၎င်းတို့၏လူနေမှုဘဝနှင့် ကျန်းမာပျော်ရွှင်မှုအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိစေသည်။

ပစ်မှတ်မြင်ကွင်းမှ လွတ်မြောက်စေရန်အတွက် ရွာသားများတင်ပြထားသော ပြင်ဆင်မှုများတွင် (၁) SAC မှ ပြန်လည်ပြုပြင်ထားသောအပျက်အစီးများကို မြင်တွေ့၍ ပစ်မှတ်ထားမည်ကိုကြောက်ရွံ့သောကြောင့် လေကြောင်းတိုက်ခိုက်မှုတွင် ပျက်စီးသွားသောအိုးအိမ်များနှင့်ရပ်ရွာအဆောက်အဦးများကို ပြန်လည်ပြုပြင်မွမ်းမံမှု မပြုလုပ်ခြင်း၊ (၂) ဝေဟင်မှ မြင်တွေ့သွားမည်ကိုကြောက်ရွံ့သောကြောင့် အိုးအိမ်အဆောက်အဦးများကို တစ်ခုနှင့် တစ်ခု နီးကပ်စွာ မဆောက်လုပ်ခြင်း၊ (၃) စစ်ရှောင်ရွာသားများအနေဖြင့် ဆယ်ဦးထက်ကျော်၍ အုပ်စုဖွဲ့မနေခြင်းနှင့် ပစ်မှတ်ထားခံရမည်ကိုရှောင်ကြဉ်ရန် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့နေထိုင် ခြင်းတို့ဖြစ်သည်။ ထွက်ပြေးတိမ်းရှောင်ရသည့်အခြေအနေတွင်လည်း ပစ်မှတ်မြင်ကွင်းမှ လွတ်မြောက်ရန်အတွက် မိမိကိုယ်ကိုကာကွယ်မှုနည်းလမ်းများအား ရှာဖွေပြင်ဆင်ရ ကြောင်းလည်း ရွာသားများက တင်ပြကြသည်။ ရုတ်တရက်လေကြောင်းတိုက်ခိုက်မှုနှင့် ပစ်မှတ်ထားခံရမည်ကို ကြောက်ရွံ့သောကြောင့် အမျိုးသမီးများနှင့်ကလေး သူငယ်များသည် ဓာတ်မီးမပါဘဲ အမှောင်ထဲတွင် ထွက်ပြေး တိမ်းရှောင်ရသည့်အခြေအနေကို ရွာသားတစ်ဦးမှ ဖော်ပြခဲ့သည်။

ပစ်မှတ်မြင်ကွင်းမှ လွတ်မြောက်ရန်အတွက် အဝတ်အစားများအား အပြင်တွင်နေမလှန်းခြင်း၊ (မီးခိုးငွေ့များထွက်လျှင် မြင်သွားမည်စိုးသောကြောင့်) ချက်ပြုတ်ရာတွင် မီးမမွေးခြင်းနှင့် မည်သည့်မီးအလင်းရောင်မှ အသုံးမပြုခြင်း အစရှိသောအခြေအနေကို ကရင်ပြည်နယ်အနှံ့အပြားရှိ စစ်ရှောင်စခန်းများတွင် နေထိုင်ကြသော ရွာသားများမှ တင်ပြခဲ့သည်။ တောအူးခရိုင်၊ ထောတထူမြို့နယ်၊ မောနေးပွာဒေသရှိ ဖတ---ကျေးရွာတွင် နေထိုင်သော ရွာသားတစ်ဦးဖြစ်သူ နော်ဆခ---မှ ဤကဲ့သို့ရှင်းပြခဲ့သည်။ *"ထွက်ပြေးနေရတဲ့အချိန်မှာ ထမင်းမချက်ရဲဘူး။ ဓာတ်မီးလည်းမသုံးရဲဘူး။ ထမင်းမချက်ဖို့ လူတွေက ကျွန်မတို့ကိုပြောတယ်။ ထမင်းချက်လို့မီးခိုးငွေ့တွေထွက်လာရင် စစ်ကောင်စီက မြင်နိုင်တယ်တဲ့။ အဲဒါကြောင့် ထမင်းချက်ရင် ခပ်မြန်မြန်လေးချက်ရတယ်။ လေယာဉ်တွေလာပြီးဆိုရင် မွှေးထားတဲ့မီးကို ချက်ချင်းပဲငြိမ်းလိုက်ရတယ်။ ခပ်မြန်မြန်လေး ထမင်းချက်ရပြီးမြန်မြန်လေးပဲ စားနေရတယ်ဆိုတော့ ကျွန်မတို့အတွက် အခက်အခဲတွေရှိတယ်။ (ဒေသခံခေါင်းဆောင်နှင့်လူကြီးတွေက) ထမင်းပဲချက်ရမယ်လို့ပြောတယ်။ တစ်ခြားဟာတွေ မချက်ရဘူးတဲ့။ ပြီးတော့ မီးကိုလည်းအများကြီးမမွှေးပဲ တိတ်တိတ်လေးပဲလုပ်ဖို့ ကျွန်မတို့ကိုပြောတယ်။"* မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စုရှိ ဝန---ကျေးရွာတွင်နေထိုင်သော စစ်ရှောင်ရွာသား တစ်ဦးဖြစ်သူ စောဘဂ--- ကလည်း ဤကဲ့သို့ရှင်းပြခဲ့သည်။ *"နေ့ဘက်ဆိုရင် အဝတ်အအစားတွေကို အများကြီးထုတ်လှန်းလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့(မြန်မာစစ်သား) က ဝေဟင်ကင်းထောက်လှမ်းမှုတွေလုပ်ပြီး နေရာတွေကို ဓာတ်ပုံရိုက်ထားတယ်။ အဲဒါကြောင့် ဒေသခံ KNU ခေါင်းဆောင်တွေက အဝတ်အစားတွေ အများကြီးမထုတ်လှန်းဖို့ ကျွန်တော်တို့ကိုမှာထားတယ်။ အဝတ်အစားတွေကို နေထုတ်လှန်းမယ်ဆိုရင် သူတို့က ကျွန်တော်နေတဲ့နေရာကို ရှာတွေ့သွားမယ်။ ပြီးရင် ကျွန်တော်တို့ကို ပစ်မှတ်ထားပြီး လာတိုက်ခိုက်မှာစိုးရတယ်။ သူတို့က ကရင်စစ်သားတွေကို မတွေ့လည်း ရွာသားတွေကို ပစ်မှတ်ထားပြီးလာတိုက်ခိုက်ကြတယ်လို့ ဒေသခံခေါင်းဆောင်တွေက ကျွန်တော်တို့ကိုသတိပေးပြီး ပြောပြတယ်။ အဲဒီအပြင် ညဘက်ဆိုရင် စစ်ကောင်စီရဲ့ဒရုန်းတွေက လာပြီးဝေဟင်ကင်းထောက်မှုတွေ လုပ်တယ်။ တစ်ခါတစ်လေဆိုရင် ညဘက်မှာ ဓာတ်မီးသုံးရင် သူတို့က ကျွန်တော်တို့ကိုတွေ့သွားပြီး သတိထားမိနိုင်တယ်။"*

မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်ရှိ စျယ---ကျေးရွာတွင်နေထိုင်သော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကလည်း ၎င်း၏ဒေသတွင် အန္တရာယ်ကို ရှောင်ရှားရန်အတွက် မနက် (၂)နာရီ သို့မဟုတ် (၃)နာရီအချိန်တွင် ထမင်းချက်ရသည့် အခြေအနေကို ပြောပြခဲ့သည်။ ရွာသားများအနေဖြင့် ပစ်မှတ်မြင်ကွင်းတွင်နေထိုင်သွားလာခြင်းမှ ရှောင်ကြဉ်ရန် ပြင်ဆင်ဆောင်ရွက်ရသည့်အခြေအနေနှင့်ပတ်သက်၍ အဆိုပါကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ *"တောထဲမှာ ဒီလိုပဲ နေထိုင်ရတယ်လေ"* ဟု ရှင်းပြခဲ့သည်။

## ၂.၃.၂. စုပေါင်းနာကျင်ခံစားရမှုများကို ဖော်ပြခြင်း

ကရင်ပြည်နယ်တွင် ဖြစ်ပွားနေသောလေကြောင်းတိုက်ခိုက်မှုများကြောင့် ဝမ်းနည်းခြင်း၊ ပူဆွေးခြင်းနှင့်မျှော်လင့်ချက်မဲ့ခြင်းအစရှိသော ခံစားချက်များစွာကို ခံစားနေရကြောင်း ရွာသားများက တင်ပြကြသည်။ ရွာသားများသည် ထိုခံစားမှုများစွာကို လူအများ၏ခံစားချက်အဖြစ် မကြာခဏတင်ပြလေ့ရှိသည်။ ရွာသားများသည် အခြားသူများအတွက် စိုးရိမ်ပူပန်မှုရှိကြောင်း ဖော်ပြခဲ့ပြီး အဆိုပါစိုးရိမ်ပူပန်မှုများသည် များသောအားဖြင့် လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသည့်အခြေအနေနှင့် သက်ဆိုင်မှုများရှိကြောင်း တွေ့ရှိရသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးရသည့်အခြေအနေဆိုသည်မှာ မိသားစုဝင်များနှင့်မိဘပြည်သူများ သေဆုံးသွားရခြင်း၊ ရပ်ရွာအဆောက်အဦးများ ပျက်စီးသွားရခြင်း၊ မိသားစုဝင်များ ခွဲခွာနေထိုင်ရခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုအန္တရာယ်မှ အခြားသူများအား မကာကွယ်ပေးနိုင်ခြင်းတို့ဖြစ်သည်။ ရွာသားများမှ 'ဝမ်းနည်းမှု' အဖြစ် တင်ပြလေ့ရှိသော စိတ်ပိုင်းဆိုင်ရာနာကျင်ခံစားရမှုသည် ကြောက်ရွံ့ထိတ်လန့်ခြင်းပြီးလျှင် ဒုတိယအများဆုံး ခံစားမှုတစ်ခုအဖြစ် တွေ့ရှိရသည်။

များသောအားဖြင့် ရွာသားများတင်ပြထားသော လူအများ၏နာကျင်ခံစားမှုများသည် ယခင်က ကရင်ပြည်နယ်တွင် မြန်မာစစ်တပ်မှ အရပ်သားများအပေါ် အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းနှင့်ဖိနှိပ်ချုပ်ချယ်ခဲ့သည့် လုပ်ရပ်များနှင့် ဆက်စပ်မှုရှိသည်။ ဤအခြေအနေကို မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ နားကိုခီးကျေးရွာအုပ်စုရှိ ဖလ---ကျေးရွာတွင် နေထိုင်သော စောဘဃ---က ယခုလိုရှင်းပြခဲ့သည်။ *"ကျွန်တော်တို့ကရင်လူမျိုးတွေဟာ နှစ်ပေါင်းများစွာကြုံတွေ့ခံ စားခဲ့ရပြီး ကျွန်တော်ငယ်ငယ်ကတည်းက ထွက်ပြေးတိမ်းရှောင်နေခဲ့ရတယ်။ (...) ကျွန်တော်တို့မိဘတွေ လက်ထက်တုန်းကလည်း ဒီလိုမျိုးပဲ ကြုံတွေ့ခံစားခဲ့ရတယ်။ ၂၀၂၃ ခုနှစ် အခုချိန်ထိပဲ ကြုံတွေ့ခံစားနေရတုန်းပဲ။ ဒီလိုအခြေအနေကိုပြန်ကြည့်မယ်ဆိုရင် ကျွန်တော်အရမ်းဝမ်းနည်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းအောင်လှိုင်ရဲ့ အုပ်ချုပ်မှုအောက်မှာဖြစ်ဖြစ်၊ သန်းရွှေရဲ့အုပ်ချုပ်မှုအောက်မှာဖြစ်ဖြစ်၊ သိန်းစိန်ရဲ့အုပ်ချုပ်မှုအောက်မှာဖြစ်ဖြစ် ပြည်သူလူထုတွေဟာ အမြဲတမ်းဒုက္ခရောက်ခဲ့တယ်။ ကျွန်တော်တို့ပြည်သူတွေဟာ အကြောက်တရားနဲ့ရှင် သန်နေရပြီး ဒုက္ခမျိုးစုံနဲ့ကြုံတွေ့နေရတယ်။"* ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း ဒေဘူးနိုဒေသတွင်ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုကို ကြုံတွေ့ခဲ့ရသော ရွာသားတစ်ဦးဖြစ်သူ အသက် (၂၇) နှစ်အရွယ် နော်အဝ--- မှလည်း ဤကဲ့သို့ရှင်းပြခဲ့သည်။ *"ကျွန်မတို့ကရင်လူမျိုးတွေ၊ ပြည်သူလူထုတွေ၊ သူငယ်ချင်းတွေဟာ အခုချိန်မှာ ဒီလိုကြမ်းတမ်းဆိုးရွားလှတဲ့အခြေအနေအောက်မှာ ရင်ဆိုင်ခံစားနေရတယ်။"* ပဲခူးတိုင်းမှ ပြောင်းရွှေ့လာသည့်ရွာသားတစ်ဦး ဖြစ်သူ ဆသ---က ကော်တရီမြို့နယ်၊ စုကလိကျေးရွာအုပ်စု၊ ဝေါ်လေဒေသရှိ စိုက်ပျိုးခင်းတွင်အလုပ်လုပ်နေစဉ် လေကြောင်းဗုံးကြဲတိုက်ခိုက်မှုကို ကြုံတွေ့ခဲ့သည့်အခြေအနေကို ငိုယိုပြီး ယခုလိုပြောပြခဲ့သည်။ *"ကျွန်မကတော့ ဒုက္ခသည်တစ်ဦးအနေနဲ့ အကြာကြီးမနေချင်ဘူး။ ကျွန်မအရမ်းဝမ်းနည်းတယ်။ ကျွန်မရဲ့အသက်ဟာ (၄၁) နှစ် ပြည့်တော့မယ်။ ဒါပေမယ့် ဒီလိုအခြေအနေမျိုး တစ်ခါမှမကြုံဖူးဘူး။ ကျွန်မအရမ်းကြောက်နေတယ်။ အခြားသူတွေလည်း ဒီလိုအဖြစ်မျိုးကို မကြုံစေချင်ဘူး။"*

ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ယစ---ကျေးရွာနှင့် ယရ---ကျေးရွာတွင်နေထိုင်သော ကျောင်းဆရာတစ်ဦး ဖြစ်သူ အယ---က အခြားသူများနာကျင်ခံစားရသည့်အခြေအနေကိုမြင်တွေ့ခဲ့ပြီးနောက် အကူအညီမဲ့နေသည်ဟု ခံ စားရကြောင်း ယခုလိုရှင်းပြခဲ့သည်။ *"ပြည်သူလူထုတွေ နာကျင်ခံစားရတာကိုတွေ့ရတော့ ကျွန်တော်လည်း ဝမ်း နည်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်သူတို့ကို မကူညီနိုင်ဘူးလေ။ (...) ထွက်ပြေးတိမ်းရှောင်နေရတဲ့ ပြည်သူလူထုတွေကိုမြင်တွေ့တော့ ကျွန်တော်အရမ်းပဲ စိုးရိမ်ဝမ်းနည်းမိတယ်။ (...) ကျွန်တော်သာ သူတို့နေရာမှာဆိုရင် ဘယ်လောက်ထိခံစားရမလဲဆိုတာ ကိုယ်ချင်းစာမိတယ်။"* ဒူးပလာယာခရိုင်မှ CIDKP အတွင်းရေးမှူးတစ်ဦးဖြစ်သူက ၎င်း၏ဝန်ထမ်းများမှ အခြားသူများနာကျင်ခံစားရသည့်အခြေအနေအား ကူညီဖေးမပေးနေသည့်အကြောင်းကို ယခုလိုပြောပြသည်။ *"ကျွန်တော်တို့တွေ သူတို့(ရွာသားများ)နဲ့ တွေ့ဆုံပြီး သူတို့ရှေ့မှာ ရပ်နေ*

*တဲ့အခါမှာ သူတို့တွေ အများကြီးကြုံတွေ့ခံစားခဲ့ရပြီးဆိုတာ တွေ့ခဲ့ရတယ်။ (...) သူတို့ဘာတွေကြုံတွေ့ခဲ့ရလဲ၊ ဘယ်လိုစိန်ခေါ်မှုတွေရင်ဆိုင်ခဲ့ရလဲဆိုတာ ကျွန်တော်တို့တွေ သိခွင့်ရခဲ့တယ်။ အဲဒါကြောင့် ကျွန်တော်တို့ရဲ့စိတ်ထဲမှာ သူတို့ကိုကူညီချင်တဲ့ ဆန္ဒတွေရှိလာတယ်။ (...) ကျွန်တော်တို့တွေ စိတ်မကောင်းဖြစ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ကြောက်လို့မဟုတ်ဘူး။ ရွာသားတွေရဲ့အခြေအနေကိုတွေ့တော့ သူတို့ကို ကိုယ်ချင်းစာမိတယ်။ (...) သူတို့(CIDKP ဝန်ထမ်းများ)ရဲ့ ကိုယ်ချင်းစာနာမှုကို သူတို့ရဲ့မျက်နှာမှာ ကျွန်တော်တွေ့နိုင်တယ်။ ဒါပေမယ့် သူတို့မျက်နှာမှာ အကြောက်တရားတွေ မတွေ့ရဘူး။ သူတို့ရဲ့စိတ်အားထက် သန်မှုကိုကြည့်မယ်ဆိုရင် သူတို့တွေတစ်ယောက်မှ အလုပ်မထွက်ကြဘူး။"*

## (က) ဆုံးရှုံးမှုနှင့် ဝမ်းနည်းကြေကွဲမှု

ကရင်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုအများအပြားသည် ဒေသခံများကြားတွင် ဝမ်းနည်းကြေကွဲမှုများ၊ ကြောက်ရွံ့ထိတ်လန့်မှုများနှင့် မျှော်လင့်ချက်မဲ့မှုများကို ရင်ဆိုင်ခံစားရစေသည်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့၌ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ နားကိုခီးကျေးရွာအုပ်စုရှိ ဈမ--- ကျေးရွာတွင် ဖြစ်ပွားခဲ့သောလေကြောင်းတိုက်ခိုက်မှုကြောင့် ကျောင်းသူ၊ ကျောင်းသားများ သေဆုံးခဲ့ရသည့်အခြေအနေကို ကျောင်းအုပ်ကြီးဖြစ်သူ စောဘမ--- မှ ယခုလိုပြောပြခဲ့သည်။ *"ဒီလိုဖြစ်သွားတော့ ကျောင်းသားအားလုံးနီးပါးပဲ ငိုကြတယ်။ သူတို့သူငယ်ချင်းတွေ သေဆုံးသွားတာကို မြင်တွေ့တော့ သူတို့အရမ်းဝမ်းနည်းတယ်။ သူတို့သူငယ်ချင်းတွေကို ပြန်လိုချင်တယ်။ သူတို့တွေ ဝမ်းနည်းနေကြတယ်။ ကြောက်ရွံ့နေကြတယ်။"* ဤဖြစ်စဉ်နှင့်ပတ်သက်၍ စောဘမ--- သည် ၎င်း၏ခံစားချက်ကိုလည်း ယခုလိုရင်ဖွင့်ပြောပြခဲ့သည်။ *"ဘော် ဒါဆောင်မှာနေတဲ့ကျောင်းသားနှစ်ဦးကိုထိမှန်ပြီး သေသွားတော့ ကျွန်တော်အရမ်းခံစားရတယ်။ ဝမ်းနည်းတယ်။ ကြောက်လန့်မိတယ်။ ဒါပေမယ့်ကျွန်တော်ဘာမှ မတတ်နိုင်ဘူး။ ကျွန်တော်ရဲ့တူလေးတစ်ယောက်ကလည်း အိမ်ထဲမှာ သူ့အဖေနဲ့အတူတူရှိနေတုန်း သူ့ကိုထိမှန်ပြီး သေသွားတယ်။ သူတို့တွေဟာ ကျွန်တော်ရဲ့ဆွေမျိုးတွေပါဘဲ။ အဲဒါကြောင့် ကျွန်တော်ပိုပြီးဝမ်းနည်းမိတယ်။ မျက်ရည်မကျအောင် ကိုယ့်ကိုကိုယ်ထိန်းထားတယ်။ ဒါပေမယ့် မျက်ရည်ကအလိုလိုကျလာတယ်။ အဲဒီအကြောင်းကို ကျွန်တော်နေ့တိုင်းတွေးမိတယ်။"* ဤဖြစ်စဉ်နှင့်ပတ်သက်၍ အသက် (၂၃)နှစ်အရွယ်ရှိသော နော်ခ--- ကလည်း သူမ၏ခံစားချက်ကို ယခုလိုပြောပြခဲ့သည်။ *"ရွာထဲက လူတွေအားလုံး ဝမ်းနည်းကြေကွဲနေကြတယ်။ သူတို့တွေ အရမ်းခံစားရတယ်။ ကျွန်မရဲ့အဖေနဲ့မောင်လေး နှစ်ယောက်အပါအဝင် အခြားကျောင်းသားနှစ်ဦးလည်း သေဆုံးသွားတယ်။ အဲဒါအပြင် ကျောင်းသားတစ် ယောက်လား၊ နှစ်ယောက်လားမသိဘူး။ သူတို့လည်း ဒဏ်ရာရသွားတယ်။ (...) ကျွန်မရဲ့အဖေက ကျောင်းမှာ အလုပ်လုပ်တယ်။ သူက ကျောင်းကော်မတီအဖွဲ့ဝင်တစ်ဦးပဲ။ ရွာထဲမှာရှိတဲ့ကလေးတွေ၊ လူကြီးတွေ၊ ရွာသား တွေက သူ့ကိုအရမ်းချစ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက တစ်ခြားသူအတွက်လည်း ကူညီလုပ်ကိုင်ပေးတယ်။ သူအသက်ရှင်နေတုန်းမှာ ရပ်ရွာတိုးတက်ရေးအတွက် သူအကောင်းဆုံးလုပ်ပေးခဲ့တယ်။"*

SAC လေကြောင်းတိုက်ခိုက်မှုကြောင့် အိုးအိမ်ပစ္စည်းများပျက်စီးဆုံးရှုံးသွားသည့်အတွက် ဝမ်းနည်းနေရကြောင်း ရွာသားအများစုမှ တင်ပြခဲ့သည်။ ရွာသားတစ်ဦးဖြစ်သူ ဘဟ--- မှ ထက--- ကျေးရွာတွင် ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုကြောင့် ရပ်ရွာပျက်စီးသွားသည့်အခြေအနေကို ပြန်တွေး၍ ရင်နာသည့်အထိ ခံ စားရကြောင်း ရင်ဖွင့်ခဲ့သည်။ ထိုသို့ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ မျှော်လင့်ချက်မရှိတော့ကြောင်း ရွာသားများက မကြာခဏ တင်ပြကြသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ပရာရောကျေးရွာအုပ်စုရှိ ထခ--- ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦးဖြစ်သူ စောဘက--- က စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအား ထိခိုက်စေသောအခြေအနေကို ဤကဲ့သို့ ရှင်းပြခဲ့သည်။ *"လေကြောင်းတိုက်ခိုက်မှုကြောင့် သူတို့(ရွာသားများ) ရဲ့ နေအိမ်တွေ မီးလောင်ပျက်စီးသွားတော့ သူတို့စိတ်တွေလည်း အရင်လိုပုံမှန်မဟုတ်တော့ဘူး (စိတ်ကျန်းမာရေးပြဿနာနဲ့ ကြုံတွေ့နေရတယ်)။ (...) မီးလောင်ပျက်စီးသွားတဲ့အိမ်တွေရဲ့ပိုင်ရှင်တွေက သူတို့ရဲ့စိတ်တွေ အခုထိပုံမှန်ပြန်မဖြစ်သေးဘူး (စိတ်ကျန်းမာရေးပြဿနာကိုခံစားနေဆဲဖြစ်တယ်)။ သူတို့အိမ်တွေ ပျက်စီးသွားတော့ စိတ်ဒဏ်ရာရသွားတယ်ထင်တယ်။ (...) ဥပမာဆိုရင် သူတို့နဲ့စကားသွားပြောရင် သူတို့က အကြာကြီးနေမှ ပြန်ပြောတယ်။"* ၂၀၂၄ ခုနှစ်၊ မတ်လ ၉ ရက်နေ့၌ ဘားအံခရိုင်၊ တနေးဆါးမြို့နယ်၊ ထီးဝါ့ဘလောကျေးရွာအုပ်စုရှိ ဈအ---ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး ရွာသားတစ်ဦးဖြစ်သူ နော်အ---၏နေအိမ်တစ်လုံး မီးလောင်ပျက်စီးသွားရသည့် အခြေအနေနှင့်

ပတ်သက်၍ သူမမှ ယခုလိုပြောပြခဲ့သည်။ *“ကျွန်မ စိတ်ဒဏ်ရာရသွားတယ်။ အခြားလူတွေရဲ့အိမ်မှာ ကျွန်မသွားရှောင်နေရတဲ့အချိန်မှာ အိမ်ပိုင်ရှင်က ကျွန်မကို ခွေးခွေးထွေးထွေးနဲ့ကြိုဆိုတယ်။ ဒါပေမယ့်လည်း ကိုယ့်အိမ်လိုမျိုးတော့ သက်တောင့်သက်သာမရှိဘူးလေ။ ကျွန်မအရမ်းပဲရင်နာတယ်။ ဝမ်းလည်းနည်းတယ်။ တစ်ခါတစ်လေဆိုရင် ကျွန်မရဲ့အပြုအမူက အရူးတစ်ယောက်လိုပဲ။”*

SAC လေကြောင်းတိုက်ခိုက်မှုများသည် အထူးသဖြင့် အပြစ်မဲ့ရွာသားများသေဆုံးရခြင်းနှင့် ရပ်ရွာများပျက်စီးခဲ့ရသည့်အခြေအနေနှင့်ပတ်သက်၍ တရားမျှတမှုမရှိကြောင်း ရွာသားများက ဝမ်းနည်းကြေကွဲစွာဖြင့် မကြာခဏတင်ပြကြသည်။ စျမ--- ကျေးရွာမှ ကျောင်းအုပ်ကြီး စောဘမ--- က လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးရသည့်အခြေအနေကို လက်မခံနိုင်ဘဲ တရားမျှတမှုမရှိကြောင်း ရှင်းပြသည်။ *“ဒီလိုမျိုးအကြမ်းဖက်မှုကြောင့် ကျွန်တော်တို့ရပ်ရွာပျက်စီးဆုံးရှုံးသွားတာကို မလိုချင်ဘူး။ ဒီလိုအခြေအနေကို လက်မခံချင်ဘူး။ ဒါပေမယ့် ကြောက်နေရတယ်လေ။”* ဟု တင်ပြပါသည်။ ထို့အပြင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးမှုများဖြစ်ပွားရခြင်းအပေါ် ဂုဏ်သိက္ခာမရှိဘဲ သေဆုံးသွားရသည့်အကြောင်းကို ရွာသားတစ်ချို့က ၎င်းတို့၏ခံစားချက်ကို တင်ပြခဲ့သည်။ အထူးသဖြင့် လေကြောင်းတိုက်ခိုက်မှုတွင် သေဆုံးသွားသည့်ရွာသားများကို ၎င်းတို့မိသားစုဝင်များက အလောင်းပြန်မရခြင်း သို့မဟုတ် ကောင်းမွန်စွာ သင်္ဂြိုလ်မပေးနိုင်ခြင်းတို့ကို တွေ့ရှိရသည်။

## (ခ) အကူအညီမဲ့နေသည်ဟု ခံစားရခြင်း

SAC မှ လေကြောင်းတိုက်ခိုက်မှုကို မည်သူ့ကိုမှ မခွဲခြားပဲ ရုတ်တရက်ပြုလုပ်သောကြောင့် လေကြောင်းတိုက်ခိုက်မှု၏အန္တရာယ်ကို မမှန်းဆနိုင်ခြင်း သို့မဟုတ် အကာအကွယ်များမရရှိခြင်းတို့ကြောင့် ရွာသားများအနေဖြင့် အကူအညီမဲ့နေသည်ဟု ခံစားရစေသည်။ ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ တကောဘိုးကျေးရွာအုပ်စုရှိ ဖဖ---ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦးဖြစ်သူ စောဆရ---က *“ကျွန်တော်တို့တွေ အရမ်းခံစားတယ်။ ဒါပေမယ့် ဘာမှမတတ်နိုင်ဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ အန္တရာယ်က ကောင်းကင်ကနေလာတယ်လေ။”* ယခုလိုရှင်းပြသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလက်ကျေးရွာအုပ်စုရှိ ထဝ---ကျေးရွာတွင်နေထိုင်သော နော်ဘဇ---ကလည်း *“ကျွန်မတို့တစ်ခုခုဖြစ်သွားရင် အဲဒါက ကျွန်မတို့ရဲ့ကံကြမ္မာပဲ။ သတင်းတွေမှာ ကြားနေရတယ်။ သူတို့က လေကြောင်းနဲ့တိုက်ခိုက်လို့ တောထဲမှာရွာသားတွေသေကြတယ်။ အဲဒါကြောင့် ဘယ်နေရာမှာမှ လုံခြုံမှုမရှိဘူး။ ကျွန်မတို့ရဲ့ကံကြမ္မာပေါ်မှာပဲ မူတည်တယ်။”* ဟုရှင်းပြသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့၌ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ နားကိုခီးကျေးရွာအုပ်စု၊ စျမ---ကျေးရွာတွင် ဖြစ်ပွားခဲ့သောလေကြောင်းတိုက်ခိုက်မှုတွင် နားကိုခီးကျေးရွာအုပ်စု၊ ဖလ---ကျေးရွာမှ စောဘဃ---၏သားဖြစ်သူသေဆုံးသွား၍ အကူအညီမဲ့နေသည်ဟုခံစားရကြောင်း စောဘဃ---က သူ၏ခံစားချက်ကို ယခုလိုပြောသည်။ *“လေကြောင်းတိုက်ခိုက်မှုမှာ ကျွန်တော်ရဲ့သားဆုံးသွားတော့ သူတို့က(မြန်မာစစ်တပ်) ကျွန်တော်တို့အပေါ်မှာ ဒီလိုမလုပ်သင့်ဘူးလို့ဆိုပြီး ကျွန်တော်တို့ရဲ့မိသားစုဝင်တွေ အချင်းချင်းပြောနေကြတယ်။ ကျွန်တော်တို့ဟာ အရပ်သားပြည်သူတွေပဲ။ ဒါပေမယ့် သူတို့က ကျွန်တော်တို့ကိုလာပြီး တိုက်ခိုက်သွားတယ်။ ကျွန်တော်တို့အရမ်းဝမ်းနည်းပါတယ်။ ဒါပေမယ့် ဘာမှမတတ်နိုင်ဘူးလေ။ ကျွန်တော်ရဲ့သားလည်း သေသွားပြီးလေ။ ဘာမှလုပ်လို့မရတော့ဘူး။ တစ်ခါတစ်လေ သူ့အမေပြောတာက သားသေသွားရတယ်ဆိုတာ ကျွန်တော်တို့ကြောင့်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က သားကို ကျောင်းတက်ခွင့်ပြုခဲ့လို့တဲ့။ ကျွန်တော်က သူ့ကိုပြောတယ်။ အခုချိန်မှာ ဘယ်နေရာမှာမှ မလုံခြုံဘူး။ သူတို့က (မြန်မာစစ်တပ်) စျထ---ကျောင်းမှာပဲဖြစ်ဖြစ်၊ တထ---ကျောင်းပဲဖြစ်ဖြစ် ဒါမှ မဟုတ် စျမ--- ကျောင်းပဲဖြစ်ဖြစ် နေရာတိုင်းမှာ လေကြောင်းတိုက်ခိုက်မှုတွေပြုလုပ်နိုင်တယ်။ ကျွန်တော်တို့သားက သေသွားပြီး။ အဲဒါကြောင့်ဘာမှလုပ်လို့မရတော့တဲ့အကြောင်းကို သူ့ကိုပြောပြတယ်။ အကောင်းဖက်ကနေတွေးပြီး ကြိုးစားနေရတယ်။”*

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ တောအူးခရိုင်၊ ထောတထူမြို့နယ်၊ တည---ကျေးရွာအုပ်စု၊ ထယ---ကျေးရွာတွင် ဖြစ်ပွားခဲ့သောလေကြောင်းတိုက်ခိုက်မှုကို ကြုံတွေ့ခဲ့ရသည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး စောဘယ--- က လေကြောင်းတိုက်ခိုက်မှုအန္တရာယ်မှ ကာကွယ်နိုင်ခြင်းမရှိသည့်အခြေအနေကို ဤသို့ရှင်းပြသည်။ *“ကျွန်တော်တို့တွေ ကြောက်ကြတယ်။ ဘာမှပြန်တုန့်ပြန်လို့မရဘူး။ နာကျင်မှုတွေကိုခံစားနေရတယ်။ (...) ကျွန်တော်တို့ထွက်ပြေးပုန်းရှောင်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘာလုပ်ရမှန်းမသိဘူးလေ။ ကျွန်တော်တို့ဆီမှာ လက်နက်*

*လည်းမရှိဘူး။ (…) ကျွန်တော်တို့ပြန်ခုခံလို့မရဲဘူးလေ။ ရွာကနေထွက်ပြေးပုန်းရှောင်နေရတယ်။ ကျွန်တော်တို့မှာ လက်နက်မရှိဘူး။ ဘာမှလည်းမရှိဘူး။"* ထိုအခြေအနေကြောင့် တစ်ချို့ရွာသားများသည် သေသေရှင်ရှင်မထူးဘူးဆို၍ ဘာမှမတတ်နိုင်သည့်အကြောင်းကို တင်ပြကြသည်။ ခလယ်လွိထူခရိုင်၊ မူးမြို့နယ်၊ နတ်သံကွင်းကျေးရွာအုပ်စု၊ ဖထ---ကျေးရွာတွင်နေထိုင်သော ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သည့် စောဆစ---က ယခုလိုပြောပြသည်။ *"ကျွန်တော်သေလည်းသေပေါ့။ မသေလည်း မသေဘူးပေါ့။ ဘာမှမတတ်နိုင်ဘူးလေ။"*

## ၂.၃.၃. အခြားသော စိတ်ခံစားမှုဆိုင်ရာတုံ့ပြန်မှုများ

တွေ့ဆုံမေးမြန်းမှုများထဲတွင် ရွာသားများက ကြောက်ရွံ့ထိတ်လန့်မှုနှင့်ဝမ်းနည်းကြေကွဲခြင်းများအား တင်ပြကြသည့်အပြင် ၎င်းတို့၏အခြားသောခံစားချက်များကို နည်းလမ်းအမျိုးမျိုးဖြင့် တင်ပြကြသည်လည်းရှိသည်။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ နားကိုခီးကျေးရွာအုပ်စုရှိ ဈမ--- ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦးဖြစ်သူ နော်ဘဆ--- က လေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ တရားမျှတမှုမရှိဟုဆို၍ ဒေါသဖြစ်ခဲ့ရသည့်အကြောင်းကို ယခုလိုပြောပြသည်။ *"ကျွန်မတို့ရွာဖျက်ဆီးခံရတော့ ဒေါသတအားထွက်တယ်။ အဲဒါက ကျွန်မတို့အားလုံးကို ဒေါသထွက်စေတယ်လေ။ (…) ပြီးတော့ ကျွန်မအရမ်းစိတ်ပျက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွာကိုပြန်တည်ဆောက်ဖို့ ကျွန်မတို့မှာ အခက်အခဲတွေရှိတယ်။"* ထိုနည်းတူစွာ ဈမ---ရွာတွင်နေထိုင်သည့် အခြားရွာသားတစ်ဦးက ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုကြောင့် ညီအကိုတစ်ဦး၊ တူလေးတစ်ဦး၊ သမီးနှစ်ဦးနှင့်တူမလေးတစ်ဦးတို့မှာ သေဆုံး၊ ဒဏ်ရာရရှိခဲ့သည့်အတွက်ကြောင့် ၎င်း၏ခံစားချက်ကို ဤသို့ပြောပြသည်။ *"မင်းအောင်လှိုင်ကို ကျွန်တော်အရမ်းဒေါသထွက်တယ်။ သူတို့ (SAC) အကြောင်းကိုမကြားချင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ရဲ့သားအခြေအနေကိုမြင်တွေ့ပြီးနောက်မှာ ဝမ်းနည်းပြီး စိတ်အရမ်းထိခိုက်တယ်။"*

လေကြောင်းတိုက်ခိုက်မှုများ၏သဘောသဘာဝနှင့်ထိတ်လန့်မှုများကြောင့် တစ်ချို့ရွာသားများသည် ၎င်းတို့၏စိတ်ခံစားမှုကိုဖော်ပြရန် အခက်အခဲများရှိသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့၌ ဈမ--- ကျေးရွာတွင်ဖြစ်ပွားခဲ့သောလေကြောင်းတိုက်ခိုက်မှုကြောင့် ဖခင်သေဆုံးသွားရသည့် နော်ခ--- က ယခုလိုပြောသည်။ *"ဘယ်လိုခံစားရလဲ ကျွန်မမပြောတတ်တော့ဘူး။ အဲဒီခံစားချက်တွေကို ဘယ်လိုပြောရမလဲဆိုတာ မသိတော့ဘူး။ ကျွန်မစိတ်တွေမွန်းကြပ်နေတယ်။ ကျွန်မမပြောနိုင်ဘူး။ အခုအချိန်မှာ ကျွန်မအရမ်းဝမ်းနည်းပြီး စိုးရိမ်နေတယ်။"* ထို့နောက် နော်ခ--- က ဆက်လက်ပြောသည်။ *"ကျွန်မရဲ့စိတ်ထဲမှာ အတွေးတွေအများကြီးပဲ။ (…) ဒီတစ်ခုထက်ပိုပြီးကျွန်မမပြောတတ်တော့ဘူး။ စိတ်တွေမွန်းကြပ်ပြီး ဝမ်းနည်းမိတယ်လို့ခံစားရတယ်။"* ဒူးပလာယာခရိုင်မှ CIDKP အတွင်းရေးမှူးတာဝန်ယူရသော စောဃ--- ကလည်း ယခုလိုရှင်းပြသည်။ *"ကရင်လူမျိုးတွေက စကားအ များကြီးမပြောကြဘူး (သူတို့ဘာတွေကြုံတွေ့ခဲ့ရသည့်အကြောင်းကို ပြောပြလေ့မရှိပါ)။ ကျွန်တော်တို့တောင်မှ (ဝန်ထမ်း) (ကျွန်တော်တို့ကြုံတွေ့ခံစားရသည့်အကြောင်းကို) ပြောပြလေ့မရှိဘူး။ ကျွန်တော်တို့တွေ အဲဒါနေရာကိုရောက်တော့ (စစ်ပြေးရှောင်များကိုသွားရောက်ကူညီခြင်း) သူတို့တွေ (အမိုးအကာမရှိဘဲ) သစ်ပင်အောက်မှာ ထိုင်နေကြတယ်။ သူတို့မှာ ကွမ်းယာရှိရင် မင်းကိုတောင် ကွမ်းယာပြန်ကျွေးသေးတယ်။ သူတို့မှာ ညစာအတွက် ထမင်းတစ်နပ်စာပဲရှိခဲ့ရင်တောင်မှ ကျွန်တော်တို့နဲ့လာစကားပြောပြီး စနောက်ကြတယ်။ (သူတို့စိတ်ထဲမှာတော့ ဘယ်လောက်ထိ ခံစားရလဲဆိုတာ) ကျွန်တော်တို့သိနိုင်တယ်။ သူတို့က ကျွန်တော်တို့နဲ့လာစကားပြောတဲ့အချိန်မှာ စကြတယ်။ နောက်ကြတယ်။ ဒါပေမယ့် စကားတွေစနောက်ပြောနေရင်း သူတို့မျက်ရည်ကျနေတယ်ဆိုတာ တွေ့ရတယ်။"*

# အခန်း ၂.၄ ။ နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်း

မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ရွာသားအများအပြားသည် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် နေရပ်ရွှေ့ပြောင်းနေထိုင်ရလျက်ရှိပြီး ဆက်လက်၍လည်း ရွှေ့ပြောင်းနေရမည်ဖြစ်သည်။ အချို့ရွာသားများက အခြားသူများ၏ သတိပေးမှုကြောင့်လည်းကောင်း၊ အချို့က စစ်ရေးလှုပ်ရှားမှုများကို ကြားသည့်အခါတွင်လည်းကောင်း၊ အချို့မှာ လေကြောင်းတိုက်ခိုက်မှုကို ကြုံတွေ့နေစဉ်တွင် အန္တရာယ်များသော်လည်း အရေးပေါ်ထွက်ပြေးကြရသည်။ ရွာသားများအနေနှင့် နေရပ်ရွှေ့ပေါင်းနေထိုင်ရသည့် အဓိကအကြောင်းရင်းမှာ လေကြောင်း

တိုက်ခိုက်မှုရန်မှ လုံခြုံမှုရှာဖွေရန်ဖြစ်ကြောင်းနှင့် ထိုရှောင်တိမ်းနေထိုင်သည့် နေရာများအပေါ်သို့ လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်တည်ရှိနိုင်သည့်အပြင် အခြားသော စိန်ခေါ်မှုများကိုလည်း ရင်ဆိုင် ကြုံတွေ့ရကြောင်း တသမတ်တည်း တင်ပြခဲ့ကြသည်။ နေရပ်ရွှေ့ပြောင်းနေထိုင်မှုကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုပုံစံမျိုးစုံအား ရွာသားများ ခံစားကြရချိန်တွင် ၎င်းတို့အနေနှင့် ညတွင်းချင်း ပြေးရသည်ဖြစ်စေ၊ ကာလတို သို့မဟုတ် ကာလရှည်တိမ်းရှောင်ရသည်ဖြစ်စေ ရွှေ့ပြောင်းနေထိုင်ရသည့် ကြာမြင့်ချိန်အပေါ်မူတည်၍ ကြုံတွေ့ရသော စိန်ခေါ်မှုများမှာ ကွဲပြားပါသည်။

စစ်ကောင်စီ၏ အဆက်မပြတ် လေကြောင်းတိုက်ခိုက်မှု အန္တရာယ်များကြောင့် ရွာသားများအနေနှင့် မိမိကိုယ်ကို ကာကွယ်ရန် လိုအပ်လာသည်။ ဤအခန်းတွင် နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းအား အဓမ္မတွန်းအားပေးမှုကြောင့် လုပ်ဆောင်ရသော အရာဖြစ်သကဲ့သို့ အကာအကွယ်ရရှိရန်အတွက်သုံးသည့် နည်းဗျူဟာတစ်ခုအဖြစ်လည်း နားလည်နိုင်သည်။ ဤအခန်းတွင် ပထမဦးဆုံးအနေနှင့် ရွှေ့ပြောင်းနေထိုင်ရသည့် အချိန်ကာလ အပေါ်မူတည်၍ ကြုံတွေ့ရသော စိန်ခေါ်မှုနှင့် ခြိမ်းခြောက်မှုများအားဖော်ပြထားပြီး ထွက်ပြေးလွတ်မြောက်ချိန်တွင် ရင်ဆိုင်ရသည့် အခက်အခဲများဖြစ်သော ကျန်းမာရေးနှင့် ပညာရေးလက်လှမ်းမီနိုင်မှုများအပြင် နေရာထိုင်ခင်းနှင့် မရှိမဖြစ် လိုအပ်သည့်ပံ့ပိုးမှုများ မရှိခြင်းများကို ဆက်လက်ဖော်ပြထားသည်။

## ၂.၄.၁။ နေရပ်ရွှေ့ပြောင်းနေထိုင်ရသည့် အချိန်ကာလ

အချို့ရွာသားများသည် ညအချိန်တွင် ၎င်းတို့၏ ကျေးရွာများအပေါ် လေကြောင်းပစ်ခတ်မည်ကို ကြောက်ရွံ့သဖြင့် နေ့စဉ် ညအချိန်မှသာ ၎င်းတို့၏ ကျေးရွာများမှ ထွက်ကာ လယ်မြေများ သို့မဟုတ် သစ်တောများတွင် သွားရောက်အိပ်စက်ကြသည်။ အခြားသူများက မကြာခဏ ဗုံးကျဲတိုက်ခိုက်ခြင်း သို့မဟုတ် လေကြောင်းတိုက်ခိုက်မှု အန္တရာယ်များရှိသည့်အခါများတွင် ကာလတိုရွှေ့ပြောင်းနေထိုင်ခြင်းများ ပြုလုပ်ကြသည်။ ဒေသအတွင်း လေကြောင်းတိုက်ခိုက်မှုများ၊ စစ်ကောင်စီတပ်သားများ ကျေးရွာအတွင်း သို့မဟုတ် ကျေးရွာအနီးအနားတွင် တည်ရှိနေခြင်း၊ ရွာသားများ၏ နေအိမ်များ ဖျက်ဆီးခံရခြင်းအပါအဝင် အခြားသောစစ်ရေးလှုပ်ရှားမှုများ တိုးမြင့်လာသည့် အခါမှသာလျှင် ရေရှည်ထွက်ပြေးခြင်းများကို ပြုလုပ်ကြသည်။ ဖြစ်ရပ်အများစုတွင် ရွာသားများအနေနှင့် ၎င်းတို့၏လုံခြုံရေးအတွက် အစဉ်မပြတ်ပုန်းခိုနေရခြင်းက နေရပ်ရွှေ့ပြောင်းမှုကို ပိုမိုရှည်ကြာစေသည်ဟု ရွာသားများက တင်ပြခဲ့သည်။

### (က) ညပိုင်း ရွှေ့ပြောင်းနေထိုင်ခြင်း

မေးခွန်းဖြေကြားသူ ၁၂ ဦးက ၎င်းတို့အနေနှင့် ၎င်းတို့ကိုယ်ကို လေကြောင်းရန်မှကာကွယ်ရန်အတွက် ကျေးရွာအပြင်ဖက်ရှိ အနီးအနားမှ လယ်တဲများ သို့မဟုတ် တောထဲတွင် သွားရောက်အိပ်စက်ကြကြောင်း ဖော်ပြခဲ့သည်။ ဤသို့ပြုလုပ်ခြင်းက ရွာသားများအား ၎င်းတို့၏ ဥယျာဉ်ခြံများနှင့် အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား လုပ်ကိုင်ခွင့်ရရှိစေသော်လည်း ညပိုင်းတွင် ရှောင်တိမ်းနေထိုင်သည့် ရွာသားများအနေနှင့် ၎င်းတို့၏ရွာဆီသို့ သို့မဟုတ် လယ်ကွင်းသို့ ပြန်လာသည့်အချိန်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရခြင်း သို့မဟုတ် စစ်ကောင်စီ မြေပြင်တပ်ဖွဲ့များ၏ ဖမ်းဆီးထိန်းသိမ်းမှုခံရခြင်း စသည့်အန္တရာယ်များကို ကြုံတွေ့ခံစားကြရသည်။ ညပိုင်းရှောင်တိမ်းနေထိုင်သော ရွာသားများအနေနှင့် ၎င်းတို့ရှောင်တိမ်းနေသည့်နေရာနှင့် ကျေးရွာ၏ အကွာအဝေး အနီးအဝေးအပေါ် မူတည်၍လည်း အန္တရာယ်များ ရင်ဆိုင်ကြုံတွေ့ကြရသည်။ ဥပမာအားဖြင့် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလယ် ကျေးရွာအုပ်စု၊ ထဝ--- ကျေးရွာမှ ရွာသားတစ်ဦးသည် သူ၏တဲတွင်အိပ်နေစဉ် လေကြောင်း တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည်။

ရွာသားများအနေနှင့် ၎င်းတို့ပုန်းရှောင်နေသည့်နေရာများမှ ကျေးရွာသို့ပြန်လာနေစဉ် အချိန်အတွင်း သေဆုံးခြင်း သို့မဟုတ် ဒဏ်ရာရသည့်ဖြစ်ရပ်များ သုံးခုထက်မနည်း တွေ့ရှိရသည်။ ဥပမာအားဖြင့် တောထဲတွင်သာ သွားရောက်အိပ်စက်ခဲ့သော ရွာသားသုံးဦး (မိခင်တစ်ဦးနှင့် သုံးနှစ်သားကလေးတဦး)သည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ နေ့ခင်းအချိန်၌ ၎င်းတို့၏ ပိုင်ဆိုင်မှုများနှင့် တိရစ္ဆာန်များအား ပြန်ကြည့်ရန် လေးဝါးကျေးရွာသို့ ပြန်လာသည့်အချိန်တွင် ပြင်းထန်စွာထိမှန်ပြီး ဒဏ်ရာရခဲ့သည်။ အခြားသောဖြစ်ရပ်တစ်ခုတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ သေဂေကျေးရွာအုပ်စု၊ ကလိုဘောထကျေးရွာမှ ရွာသားတစ်ဦးက ၎င်း၏ကျေးရွာတွင် ပြန်လည်အိပ်စက်

ရန်လုံခြုံနိုင်သည်ဟု ယုံကြည်ခဲ့သဖြင့် ၂၀၂၁ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ နံနက် ၁ နာရီ အချိန်တွင် ၎င်း၏ ကျေးရွာအပေါ်သို့ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်၍ အဆက်မပြတ် ရှိနေသော်လည်း လုံခြုံရေးထက် စားနပ်ရိက္ခာဖူလုံရန်နှင့် စီးပွားလည်ပတ်နိုင်ရန်အတွက် လိုအပ်ချက်မှာ ဦးစားပေးဖြစ်နေသည်။ လေကြောင်းတိုက်ခိုက်မှုအား ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ကြုံတွေ့ခဲ့ရသော ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလယ် ကျေးရွာအုပ်စု၊ ထက--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော နော်ဘဒ--- က *"ကျွန်မတို့ လွတ်လွတ်လပ်လပ် အလုပ်လုပ်လို့မရဘူး။ ကျွန်မတို့ ထွက်ပြေးရတယ်။ ပြီးတော့ အိမ်မှာလည်းမနေရဲဘူး။ ကျွန်မတို့က မထင်မှတ်တာတွေ ဖြစ်လာနိုင်တဲ့ အခြေအနေတွေမှာ အလုပ်လုပ်ရတယ်။"* ဤအခြေအနေသည် ကျေးရွာအတွင်းသို့ ပြန်လာကာ တိရစ္ဆာန်များအား အစာကျွေးခြင်း သို့မဟုတ် အစားအသောက် ပြန်လည်ယူဆောင်သည့် အမျိုးသားများအပေါ် အထူးသဖြင့် သက်ရောက်မှုရှိသည်။ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဈယ--- ကျေးရွာအုပ်စုမှ အုပ်စုမှူး စောအဆ--- က ဤသို့ ရှင်းပြခဲ့သည်။ *"အထူးသဖြင့် အားကောင်းမောင်းသန် အမျိုးသားတွေက ကျွန်တော်တို့ ရွာတွေဖက်မှာ အစားအသောက်တွေ ပြန်ယူရပြီး ကလေးတွေ [နဲ့ အမျိုးသမီးတွေ]က ရွာအပြင် [ပုန်းခိုတဲ့နေရာ] တွေမှာ ကျန်ရစ်ခဲ့ရတယ်။ [...] သူတို့က ဂျက်လေယာဉ်သံကြားတာနဲ့ ဒါမှမဟုတ် လေကြောင်းတိုက်ခိုက်မှုလုပ်ပြီဆိုတာနဲ့ ဖုံးခိုကျင်း ဒါမှမဟုတ် လျှိုတွေထဲမှာ ပြေးပုန်းကြတယ်။ ဂျက်လေယာဉ်က ရွာနဲ့အဝေးကို ရောက်သွားတာနဲ့ သူတို့က ရွာပြင်ကို ထွက်ပြေးကြတယ်။"*

## (ခ) ကာလတို နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်း။

လေကြောင်းတိုက်ခိုက်မှုများအား နေ့စဉ်ရက်ဆက် ပြုလုပ်သည့်အခါ သို့မဟုတ် အခြားသောစစ်ရေးလှုပ်ရှားမှုများ ဆက်လက်ဖြစ်ပွားသည့်အခါများတွင် ရွာသားများသည် ရွှေ့ပြောင်းနေထိုင်ရာနေရာများတွင် အချိန်အတိုင်းအတာတစ်ခုအထိ နေထိုင်ရလေ့ရှိသည်။ ကာလတို နေရပ်ရွှေ့ပြောင်းနေထိုင်မှုနှင့် ပတ်သက်၍ ကြုံတွေ့ရသည့် စိန်ခေါ်မှုများတွင် မသေချာမရေရာမှုများ တိုးမြင့်လာခြင်း၊ လေကြောင်းအန္တရာယ်များ ဆက်လက်ခံစားရခြင်း အပြင် နေရာထိုင်ခင်းဆင်းရဲခြင်းနှင့် အစားအသောက် မလုံလောက်မှုတို့ ပါဝင်သည်။

ရေတို နေရပ်ရွှေ့ပြောင်းနေထိုင်ရာတွင် ရွာသားများသည် အဆက်မပြတ် နိုးနိုးကြားကြား သတိဝီရိယဖြင့် နေထိုင်ရပြီး လေကြောင်းတိုက်ခိုက်မှုအန္တရာယ် ဆက်လက်ကြုံတွေ့ရနိုင်ချေနှင့် ၎င်းတို့နေရပ်ပြန်နိုင်စွမ်းကို ချင့်ချိန်ကြရသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ ဖယ---ကျေးရွာ မှ ရွာသူတစ်ဦးဖြစ်သော နော်ဆတ--- က ရှင်းပြခဲ့သည်မှာ *"မိုးမလင်းခင် [၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်တွင်] လေယာဉ်လာပြီး [ဖယ--- ရွာကို ဗုံး]ကျဲသွားတယ်။ [...] အခုတော့ အခြေအနေက ပိုကောင်းလာပြီ။ လေယာဉ်က ရွာထဲမှာ အမြဲလာပြီးတော့ ရန်သူအခြေအနေကို ကင်းလာထောက်တယ်။ [...] ကျွန်မတို့တွေ ဘယ်အချိန် အိမ်ပြန်နိုင်မလဲဆိုတာမသိဘူး။ ဒီအခြေအနေမှာတော့ ကျွန်မတို့တွေ မပြန်ရဲဘူး။ ဒါကြောင့် ကျွန်မတို့တွေ သတင်းအချက်အလက်တွေကိုပဲ ဆက်ပြီးနားထောင်နေတယ်။"* ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ပယာ့ရောကျေးရွာအုပ်စု၊ ထခ--- ကျေးရွာမှ နေရပ်ရွှေ့ပြောင်းနေထိုင်သူ ရွာသားတစ်ဦးဖြစ်သော စောဘခ--- က ရွှေ့ပြောင်းနေထိုင်ရာနေရာများတွင် လေကြောင်းအန္တရာယ် ဆက်လက်ကြုံတွေ့နေရခြင်းနှင့်ပတ်သက်၍ ဖော်ပြခဲ့သည်။ *"အခုဆို ကျွန်တော်တို့ ရွှေ့ပြောင်းနေထိုင်နေကြပေမယ့် လေကြောင်းအန္တရာယ်ကို ကြောက်နေရသေးတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလိုအချိန်ဆို လေကြောင်းတိုက်ခိုက်မှု ဖြစ်လေ့ရှိတယ်။ ကျွန်တော်တို့ တောထဲမှာ နေနေပေမယ့် ကျွန်တော်တို့အပေါ် [လေယာဉ်] ဗုံးကျဲမလားမသိနိုင်ဘူး။ ကျွန်တော်တို့ အိပ်နေရင်တောင်မှ ကျွန်တော်တို့ အကြောက်တရားနဲ့ တုန်လှုပ်မှုတွေ၊ စိတ်ပူပန်မှုတွေနဲ့ အိပ်ရတယ်။"* ဘီးလင်းမြို့နယ်၊ ခေါဖိုးပလယ်ကျေးရွာအုပ်စု၊ ထဝ--- ကျေးရွာမှ နော်ဘဇ--- က လူအစုအဝေးနှင့် နေထိုင်ရခြင်း၊ ကျောင်းများနှင့် ဘုန်းကြီးကျောင်းများတွင် နေရာထိုင်ခင်းရှာဖွေနေထိုင်ရသည့်အခါများတွင် ထိုနေရာများကိုလည်း တိုက်ခိုက်ခံခြင်းရှိသည့်အတွက် သူမ၏စိုးရိမ်မှုကို ဖော်ပြခဲ့သည်။ *"ကျွန်မတို့ တောထဲမှာနေနေ ရွာထဲမှာနေနေ ကျွန်မတို့အတွက် လုံခြုံတဲ့နေရာမရှိဘူး။"* ဟုလည်း ထပ်လောင်းဖော်ပြခဲ့သည်။

နေရပ်ရွှေ့ပြောင်းနေထိုင်ရမည့် အချိန်ကာလမှာ မသေချာမရေရာသည့်အတွက် ရွာသားများအနေနှင့် ၎င်းတို့၏ ကျေးရွာများသို့ ပြန်နိုင်မည့်အချိန်ကို စောင့်ဆိုင်းနေစဉ်တွင် ကောင်းမွန်စွာဆောက်လုပ်ထားခြင်းမရှိသော နေရာ

ထိုင်ခင်းများတွင် နေထိုင်ရခြင်း သို့မဟုတ် ဂူများနှင့် သစ်တောများတွင် ပုန်းအောင်းနေထိုင်ကြရသည်။ ဘူးသို မြို့နယ်၊ ဈယ--- ကျေးရွာအုပ်စု၊ ဖဒ--- ကျေးရွာမှ စောအဆ--- က ရှင်းပြခဲ့သည်မှာ *“အရင် [လွန်ခဲ့သောရက် သတ္တပတ်များက] ရာသီဥတုက ကျွန်တော်တို့အတွက် အရမ်းကိုခက်ခဲစေတယ်။ ဘာကြောင့်လဲဆိုရင် မိုးရွာပြီး မုန်တိုင်းလည်းထန်တော့ မိုးရေက ကျွန်တော်တို့ရဲ့ တာလပတ်တဲထဲကို ဝင်လာတယ်။ ဒါကြောင့် ကျွန်တော်တို့ တွေ တညလုံးမအိပ်နိုင်ပဲ ခြောက်တဲ့နေရာလေးမှာ အတူတူထိုင်ကြည့်နေကြရတယ်။ [...] အစကတော့ ဒီလိုရွှေ့ ပြောင်း နေရတာ ရက်အနည်းငယ်လောက်ပဲလို့ ထင်ခဲ့တာ။ ဒါပေမယ့် အခုရက်သတ္တပတ်ပေါင်း မနည်းတော့ဘူး။ ဒါကြောင့် ကျွန်တော်တို့လည်း [စားဝတ်နေရေး] အခက်အခဲတွေ ကြုံနေရပြီ။”*

ရတ်တရက် တိုက်ခိုက်ခြင်းနှင့် ကြိုတင်အသိပေးမှုမရှိခြင်းများကြောင့် ရွာသားများအနေနှင့် မကြာခဏဆိုသလို အစားအသောက်၊ ပိုင်ဆိုင်မှု၊ အဝတ်အစား၊ နေရာထိုင်ခင်း၊ ဆေးဝါးနှင့် အသုံးအဆောင်များမပါပဲ သို့မဟုတ် အနည်းငယ်ဖြင့် ထွက်ပြေးကြရသည်။ တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ထီးဒေးဒေသ၊ ဖဈ--- ကျေးရွာမှ ရွာသား တစ်ဦးက ဤသို့ရှင်းပြခဲ့သည်။ *“လေကြောင်းတိုက်ခိုက်မှုပြီးတော့ ကျွန်တော်တို့ တောထဲကို ပြေးခဲ့ကြတယ်။ ကျွန်တော်တို့ တောထဲရောက်တော့ ကျွန်တော်တို့ အစားစားတယ်။ တချို့ရွာသားတွေက အစားအသောက် မယူ လာနိုင်တော့ ကျွန်တော်တို့ စားစရာတွေ ဝေမျှစားကြတယ်။ ကျွန်တော်တို့တွေ ပြေးတဲ့အခါ လိုအပ်တာတွေ ဘာ မှ မယူလာနိုင်တော့ တော်တော်ဒုက္ခရောက်တယ်။ စျေးရောင်းတဲ့သူတွေလည်း ရွာကနေထွက်ပြေးကြတော့ ကျွန် တော်တို့ရွာကို ပြန်လာတဲ့အခါကျတော့လည်း ဘာမှဝယ်လို့မရဘူး။”* ရက်သတ္တပတ်ပေါင်းများစွာ စားနပ်ရိက္ခာ မလောက်မငနှင့် ထွက်ပြေးကြရသည့်အတွက် ရွာသားများအနေနှင့် စားစရာပြန်လည်ရယူရန်နှင့် နေအိမ်များ အား စစ်ဆေးရန်အတွက် ကျေးရွာသို့ ပြန်လာကြသည့်အခါတွင် ညပိုင်း ရွှေ့ပြောင်းနေထိုင်သူများကဲ့သို့ပင် လေ ကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးဒဏ်ရာရခြင်းများ ကြုံတွေ့ကြရသည်။

စစ်ကောင်စီ စစ်သားများရှိနေခြင်း၊ လက်နက်ကြီးပစ်ခတ်ခြင်း၊ မြေမြှုပ်မိုင်းနှင့် ခရီးသွားလာမှု ကန့်သတ်ခြင်း အပါအဝင် အခြားစစ်ရေးလှုပ်ရှားမှုများကြောင့် ထိခိုက်ခံစားရခြင်းများကိုလည်း ရွာသားများမှ တင်ပြခဲ့ကြသည်။ ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေရှိ အချို့ရွာသားများက ၎င်းတို့အနေနှင့် ၎င်းတို့၏ ရွာသို့ပြန်လာ ရန်အတွက် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် အာဏာပိုင်များထံတွင် ခွင့်တောင်းရကြောင်းနှင့် လူ နှစ်ဦး သို့မဟုတ် သုံးဦးတဖွဲ့ဖြင့်သာ ပြန်ခွင့်ပြုကြောင်း တင်ပြခဲ့သည်။



ဤပုံကို ၂၀၂၁ ခုနှစ်၊ ဧပြီလတွင်လက်ခံရရှိခဲ့ပါသည်။ ဤပုံသည် ၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဒေဘူးနိုနယ်မြေအတွင်းသို့ SAC ၏ ပထမဆုံးအကြိမ် လေကြောင်း တိုက်ခိုက်မှုပြီးနောက် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဒေဘူးနို့နယ်မြေ၊ ပေးကေး ကျေးရွာအုပ်စု အတွင်းရှိ ရွာသူ၊ ရွာသားများ တောတောင်ထဲသို့ ထွက်ပြေး တိမ်းရှောင် ကြရပုံကို ဖော်ပြထားပါသည်။ ထွက်ပြေး တိမ်း ရှောင်နေကြ သော ရွာသူ၊ရွာသားများသည် မူတြော်ခရိုင်၊ လူသောမြို့ နယ်၊ ဒေဘူးနိုနယ်မြေအတွင်းရှိ ယဘ---၊ ယဆ---၊ ယဒ---၊ ယဃ---၊ ယဂ---၊ ယဟ---၊ ယဇ---၊ ယသ---၊ ယက---နှင့် ယလ--- ကျေးရွာမှ ရွာသူ၊ ရွာသားများဖြစ်ကြသည်။ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ မှစ၍ SAC ၏လေကြောင်း တိုက်ခိုက်မှု ကြောင့် မူတြော် ခရိုင်နှင့် ခလယ်လွိုထူခရိုင် အတွင်းရှိ ရွာသူ၊ ရွာသားဦးရေ အနည်းဆုံး ၁၅,၀၀၀ မှာ ထွက်ပြေးတိမ်းရှောင်နေ ကြရ သည်။ *(ဓာတ်ပုံ - KHRG)*

## (ဂ) ကာလရှည် ရွှေ့ပြောင်းနေထိုင်ရခြင်း

အချို့ရွာသားများမှာ ဆက်လက်ဖြစ်ပွားနေသော သို့မဟုတ် မကြာခဏဖြစ်ပွားလေ့ရှိသော လေကြောင်း တိုက်ခိုက်မှုများနှင့် အခြားသော စစ်ဘက်ဆိုင်ရာ လှုပ်ရှားမှုများဖြစ်သည့် စစ်ကောင်စီ တပ်သားများ၏ တည်ရှိနေမှု သို့မဟုတ် ၎င်းတို့၏ကျေးရွာအတွင်း မပေါက်ကွဲသေးသော လက်နက်ခဲယမ်းများကျန်ရှိနေခြင်း၊ ဆက်တိုက်ဖြစ်ပွားလျက်ရှိသော မခန့်မှန်းနိုင်သည့် လေကြောင်းတိုက်ခိုက်မှု အန္တရာယ်၊ သို့မဟုတ် နေအိမ်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖျက်ဆီးခံရခြင်း စသည်ဖြင့် အကြောင်းပြချက် အမျိုးမျိုးကြောင့် ကာလရှည် နေရပ်ရွှေ့ပြောင်းနေထိုင်ကြရသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများ၏ လွတ်လပ်ခွင့်နှင့် လုံခြုံရေးကို အချိန်ကြာမြင့်စွာ ထိခိုက်စေကြောင်း လူပေါင်းများစွာကာလရှည်နေရပ်ရွှေ့ပြောင်း နေထိုင်နေရခြင်းက ပြသလျက် ရှိသည်။

အဆက်မပြတ် ဖြစ်ပေါ်နိုင်သော မခန့်မှန်းနိုင်သည့် လေကြောင်းတိုက်ခိုက်မှု အန္တရာယ်ကြောင့် ရွာသားအချို့မှာ ၎င်းတို့၏ ကျေးရွာဆီသို့ ကာလအတော်ကြာ မပြန်နိုင်ပဲ ရှိသည်။ ၂၀၂၁ ခုနှစ်၊ မတ်လမှ စတင်၍ တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပေါ်နေသည့်အတွက် ယခုအချိန်ထိ ရွှေ့ပြောင်းနေထိုင်ရလျက်ရှိသော ဒေဘူးနိုဒေသရှိ ရွာသားအများစုက ဤသို့သောအခြေအနေအား ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပြီး ၎င်းတို့အနေနှင့် ၎င်းတို့၏ ကျေးရွာကို ပြန်လည်တည်ဆောက်ရန် ကြောက်ရွံ့နေကြောင်း ဖော်ပြခဲ့ကြသည်။ အလားတူပင် ၂၀၂၁ ခုနှစ် ခရစ္စမတ် အချိန်ကာလအတွင်း ဒူးပလာယာခရိုင်တွင် ဗုံးကျဲတိုက်ခိုက်မှုများကြောင့် ထောင်ပေါင်းများစွာသော ရွာသားများသည် ထိုင်းနယ်စပ်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီး စစ်ကောင်စီမှ ကောတရီးမြို့နယ်၊ ကော့ကရိတ်မြို့ အနီး၊ လေးကေ့ကော်မြို့နှင့် ထိုင်းမြန်မာနယ်စပ်တလျှောက်အား လေကြောင်းတိုက်ခိုက်မှုများ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီမှ မေလအထိ ပြုလုပ်ခဲ့သဖြင့် ဆက်လက်၍ ရွှေ့ပြောင်းနေထိုင်ခဲ့ကြရသည်။ ဆက်လက်ဖြစ်ပွားလျက် ရှိသော တိုက်ပွဲများ၊ ဒေသအတွင်း မြေပြင်နှင့်လေကြောင်းထိုးစစ်များအပြင် စစ်ကောင်စီတပ်သားများမှ ကျေးရွာများအား သိမ်းပိုက်နေထိုင်ခြင်းများကြောင့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ရွာသားအများအပြား ရွှေ့ပြောင်း နေထိုင်ခဲ့ကြရသည်။ ဤဒေသမှ အချို့ရွာသားများသည် ထိုင်းနိုင်ငံတွင် ခိုလှုံရာ ရှာခဲ့ကြသော်လည်း မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း ခံခဲ့ရသည်။[58]



ဤပုံများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့တွင် မူတြော် ခရိုင်၊ လူသောမြို့နယ်၌ ရိုက်ယူခဲ့ပါ သည်။ ဤပုံများသည် ၂၀၂၁ ခုနှစ်၊ မတ်လတွင် ဒေဘူးနို့နယ်မြေ အတွင်း၌ ဖြစ်ပွား ခဲ့သော လေကြောင်း တိုက်ခိုက်မှုကြောင့် ထွက်ပြေး တိမ်းရှောင်နေကြရသော မူတြော်ခရိုင်၊ လူသော မြို့နယ်၊ တေမုဒဲ ကျေးရွာအုပ်စု၊ ဆဖ--- ကျေးရွာမှ ရွာသူ၊ရွာသားများကို ဖော်ပြထားပါ သည်။ ဒေဘူးနိုနယ်မြေအနီးတွင် တည်ရှိသော တာမုဒဲ ကျေးရွာအုပ်စုအတွင်းသို့ SAC ၏ လေ ကြောင်း တိုက်ခိုက်မှု အန္တရာယ်ကြောင့် ဆဖ--- ကျေးရွာမှ ရွာသူ၊ရွာသားများ ထွက်ပြေးတိမ်းရှောင်ကြရ သည်မှာ အကြိမ်မနည်းတော့ပါ။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

[58] အထက်တွင်ဖော်ပြထားသော KHRG မှ ထုတ်ဝေသော *"ဗုံးနှင့်ကျည်ဆံမိုးများ ရွာသွန်းခြင်"* တွင် ကြည့်ပါ။

လေကြောင်းတိုက်ခိုက်မှုရန်အား ခံရနိုင်ချေမှာ လပေါင်းများစွာ ရှိနေနိုင်ပြီး ရွာသားများအား အန္တရာယ်များသော အခြေအနေတွင် အချိန်ကြာမြင့်စွာ ကျန်ရှိစေနိုင်သည်။ တောအူးခရိုင်၊ ထောတထူမြို့နယ်၊ တည--- ကျေးရွာအုပ်စု၊ ထယ--- ကျေးရွာမှ ရွှေ့ပြောင်းနေထိုင်သူ ကျေးရွာအုပ်ချုပ်ရေးမှူး စောဘယ--- (အသက် ၄၁ နှစ်) က ပြောခဲ့သည်မှာ *“ကျွန်တော်တို့ အသံ[ပေါက်ကွဲသံ]တွေကို ၁၂ လ ကြာအောင် ကြားရတယ်။”* အချို့သော အခြေအနေများတွင် ရွာသားများအနေနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် ၎င်းတို့၏နေအိမ်များနှင့် လူမှုအသိုက်အဝန်းများ ဖျက်ဆီးခံရသဖြင့် ၎င်းတို့၏ကျေးရွာအတွင်း ပြန်လည်နေထိုင်နိုင်ခြင်း မရှိတော့ပေ။

ရွှေ့ပြောင်းနေထိုင်ကြသည့် နေရာများအား ဦးတည်တိုက်ခိုက်ခံရနိုင်ချေမှာ မြင့်မားပြီး ထိုသို့တိုက်ခိုက်လာမည်ကို ကြောက်ရွံ့သည့်အတွက် ရွာသားများသည် နေရာတစ်ခုမှ အခြားတနေရာသို့ မကြာခဏဆိုသလို ပြောင်းရွှေ့နေထိုင်ကြရကြောင်း ဒူးပလာခရိုင်၊ နို့တကောမြို့နယ်၊ ယော့ကဒေါကျေးရွာအုပ်စု၊ တအ--- ကျေးရွာမှ ဆထ--- က ဤသို့ရှင်းပြခဲ့သည်။ *“ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ယောကဒေါကျေးရွာအုပ်စုက ရွာပေါင်း ၁၁ ရွာက ရွာသားတွေဟာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့ ကစပြီးတော့ [ယောကဒေါကျေးရွာအုပ်စုအား] လေကြောင်းတိုက်ခိုက်မှုတွေ တစ်ခုပြီးတစ်ခု ရှောင်တိမ်းရင်းနဲ့ လအတော်ကြာ ပြေးလိုက် အိပ်လိုက် ပြေးလိုက် [လုံခြုံရေးအတွက် အဆက်မပြတ် ထွက်ပြေးတိမ်းရှောင်ရသည်] လုပ်ခဲ့ရတယ်။”* မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ယဘ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောဆက--- မှလည်း ဤသို့ပြောခဲ့သည်။ *“ကျွန်တော်တို့ တောထဲမှာနေလာတာ အချိန်ကြာလာတော့ သူတို့တွေများ ကျွန်တော်တို့နေရာကို သိသွားပြီလား ဆိုပြီး စိုးရိမ်လာတယ်။ ဒါကြောင့် ရွာသားတွေက နှစ်ရက်သုံးရက်တစ်ခါ တစ်နေရာကနေ တစ်ခြားတနေရာကို ရွှေ့ပြောင်းနေရတယ်။”* ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလယ်ကျေးရွာအုပ်စု၊ ထက--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောဘဟ--- မှ ဤကဲ့သို့ရှင်းပြခဲ့သည်။ *“တချို့ရွာသားတွေက ဆိုင်ကယ်နဲ့ပြေးပြီး တချို့က ကားနဲ့ပြေးတယ်။ တစ်နေ့ပြီးတစ်နေ့ ပိုပိုဝေးတဲ့နေရာကို ရွှေ့သွားကြတယ်။ ဒါကြောင့် ရွာသားတွေအနေနဲ့ သူတို့ကိုယ်သူတို့ ကာကွယ်ဖို့အတွက် ထွက်ပြေးဖို့ကလွဲပြီး တခြားနည်းလမ်းမရှိဘူး။ […] ဒီနှစ်အတွင်းမှာ သူတို့ [စစ်ကောင်စီ] က လေကြောင်းတိုက်ခိုက်မှု အကြိမ်ကြိမ်လုပ်ခဲ့တယ်။ ရွာသားတွေက ကြောက်တာပေါ့။ ရွာသားအများစုက [ထိုင်းမှာရှိတဲ့] ဒုက္ခသည်စခန်းကို ပြေးသွားကြရတယ်။”*

အလားတူပင် ဒူးပလာယာခရိုင်၏ CIDKP အတွင်းရေးမှူး စောဃ--- မှ ဤသို့ ထပ်လောင်းပြောကြားခဲ့သည်။ *“ကျွန်တော်တို့ [ပြည်သူတွေအတွက်] စစ်ရှောင်စခန်းတွေလုပ်မယ်ဆိုရင် [နေရပ်ရွှေ့ပြောင်းနေရသူတွေအတွက်] လုံခြုံရေးအန္တရာယ် ရှိတယ်။ တဲတွေက မြင်သာနေမယ်ဆိုရင် လေကြောင်းတိုက်ခိုက်မှုဖြစ်မှာ ဖြစ်တဲ့အတွက် သူတို့ စခန်းမဆောက်ရဲဘူး။ […] ဒါကြောင့် သူတို့ [ဒေသခံ ကရင်အမျိုးသားအစည်းအရုံးခေါင်းဆောင်များ] က တစ်နေရာမှာ အိမ်ခြေ လေး၊ ငါး၊ဆယ်အိမ်စီပဲထားတယ်။”* နယ်စပ်ဒေသတွင် တရားဝင်တည်ဆောက်ထားသည့် စစ်ရှောင်စခန်းများအပါအဝင် ရွာသားများရွှေ့ပြောင်းနေထိုင်သည့် နေရာများအပေါ်သို့ လေကြောင်းတိုက်ခိုက်မှု အန္တရာယ်နှင့်ပတ်သက်၍ ဘူးသိုမြို့နယ်၊ ပါဟဲကျေးရွာအုပ်စုရှိ ဖမ--- ပြည်တွင်းစစ်ရှောင်စခန်းအနီးတွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့က ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုအား ကြုံတွေ့ခဲ့ရသည့် နော်ဆလ--- က ဤကဲ့သို့ ရှင်းပြခဲ့သည်။ *“ကျွန်မတို့နေတဲ့ [ဖမ--- စစ်ရှောင်စခန်း] နေရာနဲ့ သိပ်မဝေးတဲ့ နေရာမှာ ဗုံးကကျတယ်။ ဒါနဲ့ ကျွန်မတို့လည်း အရမ်းကြောက်တော့ သံလွင်မြစ်ကို ကြိုးစားကူးပြီး ထိုင်းဖက်မှာ လုံခြုံတဲ့နေရာရှာရတယ်။”*

မြန်မာပြည် အရှေ့တောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုရန် ကင်းလွတ်သည့် နေရာမရှိသဖြင့် ကာလတို၊ ကာလရှည် ရွှေ့ပြောင်းနေထိုင်ရသည့်အခါများတွင် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ ထွက်ပြေးခြင်း သို့မဟုတ် ကလေးများအား တာခ့်ခရိုင်နှင့် မဲဟောင်ဆောင်ခရိုင်များမှ တယ--- မြို့နှင့် တစျ--- [ဒုက္ခသည်စခန်း] ကဲ့သို့သော ထိုင်းနိုင်ငံနယ်စပ်ဒေသရှိ ရွှေ့ပြောင်းနေထိုင်သူများအတွက်ဖွင့်လှစ်ထားသည့် ကျောင်းများတွင် ကလေးများအား ကျောင်းထားခြင်းက တခါတရံ တစ်ခုတည်းသော ရွေးချယ်စရာဖြစ်ခဲ့သည်။ သို့သော် ထိုင်းနိုင်ငံတွင် ကြုံတွေ့ရသော ခွဲခြားဆက်ဆံခြင်းများ၊ ငြင်းပယ်ခံရခြင်းများနှင့် ပတ်သက်၍ စိန်ခေါ်မှုများကိုလည်း ရွာသားများက တင်ပြခဲ့ကြသည်။ စောဆက--- က ၎င်း၏ အတွေ့အကြုံကို ဤသို့ဖော်ပြခဲ့သည်။ *“ကျွန်တော်တို့ မြစ်ဟိုဖက်ကမ်းကို ရောက်တော့ ထိုင်းအာဏာပိုင်တွေက ကျွန်တော်တို့ကို လက်မခံပဲ ကိုယ့်နေရပ်ကိုယ်ပြန်ဖို့ ပြောတယ်။ ဖမ--- [စစ်ရှောင်] စခန်းကို လေယာဉ်တိုက်ခိုက်မှုမလုပ်သရွေ့ ကျွန်တော်တို့တွေအနေနဲ့ မြစ်ကိုမကူးသင့်ကြောင်းနဲ့ ထိုင်းနိုင်ငံမှာမခိုလှုံဖို့ သူတို့ [ထိုင်းအာဏာပိုင်]တွေက ပြောတယ်။ ကျွန်တော်တို့တွေက မြန်မာနိုင်ငံမှာကော ထိုင်း*

*နိုင်ငံမှာပါ ဖိနှိပ်တာခံရတယ်။ ဘာကြောင့် ကျွန်တော်တို့အတွက် အေးအေးချမ်းချမ်းနေနိုင်မယ့်နေရာမရှိတာလဲ။ ဘယ်နေရာသွားသွား အခက်အခဲတွေ ကြုံတွေ့ရတယ်။"*

အချို့အခြေအနေများတွင် လေကြောင်းတိုက်ခိုက်မှုနောက်ပိုင်းတွင် စစ်ကောင်စီတပ်သားများသည် ကျေးရွာများအတွင်းသို့ ဝင်ရောက်ပြီး ရွာသားများအား နေရပ်စွန့်ခွါထွက်ပြေးစေပြီး ၎င်းတို့၏ နေအိမ်များအား ဝင်ရောက်နေထိုင်ခြင်း၊ ဖျက်ဆီးခြင်းနှင့် မီးရှို့ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ကျေးရွာများအတွင်း မြေမြှုပ်မိုင်းထောင်ခြင်း၊[59] နေအိမ်များအားဖျက်ဆီးခြင်း သို့မဟုတ် မပေါက်ကွဲသေးသော လက်နက်ခဲယမ်းများကို ကြောက်ရွံ့ရခြင်းသည်လည်း ရွာသားများ နေရပ်စွန့်ခွာစေရသည့် အကြောင်းရင်းများဖြစ်သည်ဟု တင်ပြခဲ့ကြသည်။ စစ်ကောင်စီ၏ ကျေးရွာများအပေါ်တိုက်ခိုက်ခြင်းသည် ရွာသားများ ၎င်းတို့၏နေအိမ်များသို့ ပြန်လည်အခြေချနေထိုင်ခြင်းကို ဟန့်တားလျက်ရှိပြီး ထိုအခြေအနေက သမိုင်းကြောင်းတလျှောက် စစ်တပ်မှ ကရင်လူမျိုးများအား နေရပ်စွန့်ခွာစေပြီး ၎င်းတို့၏ ထိန်းချုပ်နယ်မြေအတွင်း နေထိုင်စေခဲ့သော အခြေအနေကဲ့သို့ ပြောင်းလဲမှုမရှိဘဲ ထပ်တူကျလျက်ရှိသည်။[60] လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဒေဘူးနိုဒေသမှ နေရပ်ရွှေ့ပြောင်း နေထိုင်ခဲ့ရသော အသက် ၁၀၀ နှစ်အရွယ်ရှိ အဖွားအိုတစ်ဦးက ပြောခဲ့သည်မှာ *"ကျွန်မအနေနဲ့ ဘယ်နှစ်ကြိမ်တောင် နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီလဲ မသိတော့ဘူး။ ဂျပန်ခေတ် ကျွန်မသိတတ်စ [ကလေးဘဝ] အရွယ်ကတည်းက ထွက်ပြေးခဲ့ရပြီး အခုထိထွက်ပြေးနေရတာ အကြိမ်နှစ်ရာလောက်ရှိပြီပေါ့။"*

## (ဃ) ကျေးရွာအတွင်း ကျန်ရစ်ခဲ့သော ရွာသားများ

အချို့ရွာသားများသည် လေကြောင်းတိုက်ခိုက်မှုအန္တရာယ် ကြုံတွေ့ရသော်လည်း ၎င်းတို့၏ပိုင်ဆိုင်မှုများအား ခိုးယူမည်ကို စိုးရိမ်ခြင်း၊ တိရစ္ဆာန်များအားကျွေးမွေးရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန် သို့မဟုတ် ၎င်းတို့အနေနှင့် ထွက်ပြေးနိုင်စွမ်းမရှိသည့်အခါများတွင် ကျေးရွာအတွင်း ကျန်နေရစ်ကြရသည်။ ဥပမာအားဖြင့် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလယ် ကျေးရွာအုပ်စု၊ ထက--- ကျေးရွာမှ ရွာသားအားလုံး နီးပါးထွက်ပြေးကြသော်လည်း အချို့ရွာသားများမှာ ၎င်းတို့၏ ပိုင်ဆိုင်မှုများအား စောင့်ရှောက်နိုင်ရန်အတွက် နေအိမ်တွင် နေရစ်ခဲ့ကြရသည်။ ထောတထူမြို့နယ်၊ မိုးကောင်းကျေးရွာအုပ်စု၊ တဘ--- ကျေးရွာမှ ရွာသားတစ်ဦးကတင်ပြခဲ့သည်မှာ ၎င်းတို့၏ ပစ္စည်းများအား ပြန်လည်စစ်ဆေးနိုင်ရန်အတွက် တစ်အိမ်ထောင်လျှင် တစ်ဦးခန့် ရွာပြင်ရှိ လယ်ကွင်းများတွင် နေခဲ့လေ့ရှိကြသည်။ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ကွီးဒူးခေါ် ကျေးရွာအုပ်စု၊ ဈဖ--- ကျေးရွာမှ အသက်ကြီးသူတစ်ဦးဖြစ်သော စောအဘ--- က တင်ပြခဲ့သည်မှာ *"ကျွန်တော့်ကလေးအများစု [ရွာသားများအား ရည်ညွှန်းသည်]က တောထဲကို ပြေးကြတယ်။ ကျွန်တော်ကတော့ များသောအားဖြင့် ရွာထဲမှာ နေခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်မှာ အသက်မွေးဝမ်းကျောင်းဆိုလို့ [ရောင်းကုန်တွေ] သယ်ယူပို့ဆောင်တာပဲရှိတယ်။ ဒါကြောင့် ကျွန်တော် [ဒီဒုက္ခတွေကို ရင်ဆိုင်ဖို့] အားတင်းထားပြီး ကျွန်တော်သာ လေကြောင်းတိုက်ခိုက်မှုခံရရင် သွားပြီး [ဘာမှအတတ်နိုင်တော့ဘူး]လို့ ကိုယ့်ကိုယ်ကို ပြောတယ်။ ကျွန်တော်က အမြဲတမ်း သတိနဲ့ အကြောက်တရားနဲ့ နေနေရတယ်။"* ထိုသို့ပိုင်ဆိုင်မှုများအား ကာကွယ်စောင့်ရှောက်ရန် သို့မဟုတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ကျေးရွာအတွင်းကျန်ရစ်သူ အများစုမှာ အမျိုးသားများဖြစ်ကြသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ခန္ဓာမသန်စွမ်းသူများအနေနှင့်လည်း ထွက်ပြေးရန်အခက်အခဲရှိသည့်အတွက် ရုံဖန်ရံခါ နေရစ်ခဲ့ကြကြောင်း အချို့ရွာသားများက တင်ပြခဲ့သည်။

## ၂.၄.၂။ နေရပ်ရွှေ့ပြောင်းနေထိုင်စဉ် ကြုံတွေ့ရသော ထိခိုက်နာကျင်မှုများနှင့် စိန်ခေါ်မှုများ

နေရပ်ပြောင်းရွှေ့နေထိုင်စဉ်တွင် ရွာသားများသည် လုံလောက်သော နေရာထိုင်ခင်းနှင့် ၎င်းတို့အတွက် မရှိမဖြစ်

---

59 ဥပမာအားဖြင့် KHRG မှ ၂၀၂၂ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Southeast Burma Field Report: Intensification of armed conflict, air and ground attacks, and widespread human rights violations, July to December 2021," ၏ စာမျက်နှာ ၄၆ တွင် ကြည့်ပါ။

60 KHRG မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော *"ငြင်းဆို၍မရနိုင်တော့သော မြန်မာပြည်အရှေ့တောင်ပိုင်းရှိကျေးလက်ဒေသများတွင် ဖြစ်ပွားခဲ့သောစစ်ရာဇဝတ်မှု၊လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုနှင့်ဆယ်စုနှစ်သုံးခုအတွင်းဒေသခံပြည်သူတို့၏သက်သေ ခံချက်များ"* တွင် ကြည့်ပါ။

လိုအပ်သော ပစ္စည်းများမရှိခြင်း၊ ကျန်းမာရေးအန္တရာယ်များ ပိုမိုတိုးမြင့်လာခြင်း၊ ၎င်းတို့အား တွေ့မြင်နိုင်မည့် အခြေအနေများနှင့် လှုပ်ရှားမှုများကို လျှော့ချရပြီး အစဉ်မပြတ် နိုးနိုးကြားကြားနေရခြင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အခက်အခဲများ၊ စားနပ်ရိက္ခာနှင့် စီးပွားရေးဆိုင်ရာ အကျပ်အတည်းများ၊ ပညာရေးဆိုင်ရာ စိန်ခေါ်မှုများအပြင် လူမှုဘဝတွင် နှောင့်ယှက်ဖျက်ဆီးမှုများကြုံတွေ့ရခြင်း စသည်ဖြင့် ၎င်းတို့ ရင်ဆိုင်နေရသည့် အဓိကစိန်ခေါ်မှုများကို ဖော်ပြခဲ့သည်။ ဤအခန်းတွင် နေရပ်ရွှေ့ပြောင်းနေထိုင်စဉ်ကာလ အတွင်း ကြုံတွေ့ရသည့် (က) မရှိမဖြစ် လိုအပ်သော ပံ့ပိုးမှုများနှင့် နေရာထိုင်ခင်းများ မရှိခြင်း၊ (ခ) ကျန်းမာရေး ထိခိုက်မှုများ (ဂ) ပညာရေးဆိုင်ရာ ထိခိုက်နစ်နာမှုများကို အဓိကဖော်ပြထားသည်။

## (က) မရှိမဖြစ်လိုအပ်သော ပံ့ပိုးမှုများနှင့် နေရာထိုင်ခင်းများ မရှိခြင်း

လေကြောင်းတိုက်ခိုက်မှုများ၏ အရေးပေါ်အခြေအနေများကြောင့် ရွာသားများအနေနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများ သို့မဟုတ် ၎င်းတို့အတွက် မရှိမဖြစ် လိုအပ်သော ပစ္စည်းများအား ယူဆောင်နိုင်ခြင်းမရှိပဲ ထွက်ပြေးကြရကြောင်း ရွာသားများက တင်ပြကြသည်။ ဘူးသိုမြို့နယ်၊ ဘူးအားဒဲ ကျေးရွာအုပ်စု၊ တဆ--- ကျေးရွာမှ ရွာသားတစ်ဦးက ဤသို့ ရှင်းပြခဲ့သည်။ *"ကျွန်တော်တို့ အဝတ်အစားနှစ်စုံလောက်နဲ့ ဆန်နည်းနည်းပဲ ယူလာနိုင်တယ်။ ကျွန်တော် တို့တွေ ဆန်တွေ၊ အဝတ်အစားတွေ၊ ကြက်၊ နွား၊ ကျွဲတို့လို တိရစ္ဆာန်တွေအပါအဝင် အားလုံးကို ချန်ထားရတယ်။"* ဖြစ်ရပ်တစ်ခုတွင် ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်တွင် တည်ရှိသော ယရ--- ကျေးရွာနှင့် ယစ--- ကျေးရွာ တို့မှ ထွက်ပြေးလာခဲ့ကြသည့် ကလေးများသည် အသက်ရှင်သန်နိုင်ရန် ငှက်ပျောအူကို သုံးရက်ခန့် စားသုံးခဲ့ရ သည်။

နေရပ်ရွှေ့ပြောင်းနေထိုင်ရာတွင် စားနပ်ရိက္ခာမဖူလုံခြင်းနှင့် ငတ်ပြတ်ခြင်းများကို ကြုံတွေ့ရသည့်အခါ အချို့ ရွာ သားများသည် အခြားရွာသားများထံမှ စားစရာများ ချေးငှါးစားသောက်ခဲ့ရသည်။ ၎င်းအပြင် စိုက်ခင်းများ၊ လယ်ကွင်းများနှင့် ကျေးရွာများအပေါ်သို့ လေကြောင်းဖြင့်တိုက်ခိုက်သဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်ခက်ခဲလာကြောင်းကိုလည်း ထပ်လောင်းတင်ပြခဲ့ကြသည်။[61] မကြာခဏဆိုသလို ရွာသားများ အနေ နှင့် ထွက်ပြေးကြရသည့်အခါတွင် ၎င်းတို့၏ လယ်ယာမြေများနှင့် စိုက်ခင်းများသို့ သွားရောက်နိုင်ခြင်း မရှိ သည့်အတွက် အစားအသောက်နှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ မလုံခြုံမှုများကို တိုးမြင့်ခံစားကြရသည်။ ခလယ် လွိထူခရိုင်၊ မူးမြို့နယ်၊ ကြီးဒူးခေါ်ကျေးရွာအုပ်စု၊ ဈဖ--- ကျေးရွာမှ စောအဘ--- က ဤကဲ့သို့ အကျဉ်းချုပ်ပြော ပြခဲ့သည်။ *"ရွာသားတွေရဲ့ နေ့တစ်ဝလှုပ်ရှားမှုနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေမှာ အပြောင်းအလဲတွေ ရှိ လာတယ်။ သူတို့တွေအနေနဲ့က အလုပ်မလုပ်ရင် စားစရာမရှိဘူး။ သူတို့ရဲ့ စားဝတ်နေရေးအတွက် အလုပ်လုပ် ဖို့ကလည်း လုံခြုံမှုမရှိတော့ဘူး။"* ဘူးသိုမြို့နယ်၊ ဘူးအားဒဲကျေးရွာအုပ်စု၊ ဖဒ--- ကျေးရွာမှ နေရပ်ရွှေ့ပြောင်း နေထိုင်သူ ရွာသားတစ်ဦးက ၂၀၂၂ ခုနှစ်တွင် ဤသို့ ရှင်းပြခဲ့သည်။ *"ကျွန်တော်တို့တွေ လယ်တွေထဲ မဆင်းနိုင် ပဲနဲ့ တောထဲမှာပဲနေရမယ်ဆိုရင်တော့ လာမယ့် ၂၀၂၂ ခုနှစ်မှာ အခက်အခဲတွေ ရိက္ခာပြတ်လပ်မှုတွေနဲ့ ရင်ဆိုင် ရလိမ့်မယ်။ [...] ကျွန်တော်ထင်တယ်၊ ကျွန်တော်တို့ နောက်ထပ် နှစ်လ သုံးလလောက်တော့ နေလို့ရဦးမယ်။ ဒါ ပေမယ့် တကယ်လို့ ကျွန်တော်တို့ လယ်လုပ်လို့ မရဘူးဆိုရင်တော့ ၂၀၂၂ ခုနှစ်မှာ ကျွန်တော်တို့တွေ အရမ်းခက်ခဲ လိမ့်မယ်။"* လေကြောင်းတိုက်ခိုက်မှုများကြောင့် ရှောင်တိမ်းနေထိုင်ရာနေရာမှ အခြားသို့ခရီးသွားလာရန် ခက်ခဲ သည့်အတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရာတွင်လည်း အခက်အခဲကြုံတွေ့ရသည်။ ဤအခြေအနေကို ကြို တင်ခန့်မှန်းခဲ့သော အချို့ရွာသားများသည် ၎င်းတို့နယ်မြေတွင် စစ်ကောင်စီတပ်၏ လှုပ်ရှားမှုများနှင့် ပတ်သက်၍ ကြားသိရသည့်အခါ ၎င်းတို့၏ပိုင်ဆိုင်မှုများအား တောထဲတွင် သွားရောက်ဝှက်ထားခဲ့ကြသည်။

---

[61] KHRG မှ ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော *"ခလယ်လွိထူးခရိုင်နောက်ဆုံးရဒေသတွင်းသတင်းတို - လယ်ဒိုနှင့်ဆောထီး မြို့နယ် များတွင် SAC မှ လေကြောင်းတိုက်ခိုက်မှုကြောင့် ပြည်သူအိမ်နှစ်လုံး ထိခိုက်ပျက်စီးပြီး ရွာသားများ ထွက်ပြေးတိမ်းရှောင်နေရ (၂၀၂၂ခု နှစ်၊ မတ်လမှ ဧပြီလအတွင်း) "*၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော *"ခလယ်လွိထူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်း တို - တိုက်ပွဲ၊ နေရပ်ရွှေ့ပြောင်းရမှု၊ လေကြောင်းတိုက်ခိုက်မှုနှင့် SAC မှ လက်နက်ကြီးရမ်း သန်းပစ်ခတ်မှု (၂၀၂၂ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအထိ)"*နှင့် ၂၀၂၃ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော *"ခလယ်လွိထူခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - တိုက်ပွဲ၊ လက်နက် ကြီးရမ်းသန်းပစ်ခတ်မှု၊ နေရပ်ရွှေ့ပြောင်းနေထိုင်မှု၊ လေကြောင်းတိုက်ခိုက် မှုနှင့် ပညာရေးသင်ကြားခွင့် မရရှိခြင်း (၂၀၂၂ ခုနှစ်၊ သြဂုတ်လမှ စက်တင်ဘာလအထိ) "* တွင်ကြည့်ပါ။

ရွာသားများသည် ၎င်းတို့ရွှေ့ပြောင်းနေထိုင်သည့် နေရာများတွင် နေရာထိုင်ခင်းနှင့် ပတ်သက်၍ အခက်အခဲများ ကြုံတွေ့ရကြောင်းကိုလည်း တင်ပြခဲ့ကြသည်။ အချို့ဒေသများတွင် တာလပတ်များ၊ ဝါးများနှင့် အခြားအခြေခံ လိုအပ်သောပစ္စည်းများကို ရွာသားများမှ ယူဆောင်လာခြင်း သို့မဟုတ် ဒေသတွင်းခေါင်းဆောင်များ သို့မဟုတ် ဒေသတွင်း အဖွဲ့အစည်းများမှ ပေးအပ်ခြင်းရှိကြသော်လည်း များသောအားဖြင့် ပစ္စည်းမလုံလောက်ခြင်း သို့မဟုတ် မိုးတွင်းတွင် လုံလောက်သော အကာအကွယ်မပေးနိုင်ခြင်းများကို ကြုံတွေ့ကြရသည်။ မူတြော်ခရိုင်၊ လူသော မြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဒေဘူးနိုဒေသမှ နေရပ်ရွှေ့ပြောင်းနေထိုင်သူ ရွာသား စောဆက--- က ဤသို့ ရှင်းပြခဲ့သည်။ *"ရွာသားတွေအနေနဲ့ မိုးရာသီမှာ အခက်အခဲတွေ ကြုံကြရတယ်။ တချို့ရွာသားတွေက ပုခက်တွေ ထဲမှာအိပ်ရပြီး တချို့က ဂူထဲမှာ၊ တချို့က ဖုံးခိုကျင်းထဲက ယာယီအိပ်ယာတွေမှာ ဖျာတွေစောင်တွေခင်းပြီး အိပ် ရတယ်။ ကိုယ်ဝန်ဆောင်တွေနဲ့ မီးနေသည်တွေအနေနဲ့ ရွှေ့ပြောင်းနေထိုင်တဲ့နေရာကနေ ရွာကို သွားလိုက်ပြန် လိုက်လုပ်ဖို့ ခက်ခဲတယ်။ သူတို့တွေ တောထဲမှာနေဖို့က အိမ်လိုမဟုတ်တော့ အရမ်းခက်ခဲတယ်။"*



ဤပုံကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် လက်ခံရရှိ ခဲ့ပါသည်။ ဤပုံသည် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ သေ့ဘောဘိုးကျေးရွာအုပ်စု၊ ထဖ--- ကျေးရွာမှ ရွာသူ၊ ရွာသားများ သည် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် SAC မှ ၎င်းတို့၏ ကျေးရွာအတွင်းသို့ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ပြီးနောက် ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးခိုလှုံနေပုံကို ဖော်ပြထားပါသည်။ ထွက်ပြေးခိုလှုံကြသော ရွာသူ၊ ရွာသားများသည် ၎င်းတို့၏ကျေး ရွာအတွင်း လေကြောင်းတိုက်ခိုက်မှုကို ရှောင်ရှားရန်အတွက် ထိုင်းနိုင်ငံရှိ ပြောင်းခြံထဲတွင် ဝါးနှင့် တာလပတ်များဖြင့် ယာယီ တည်းခိုစရာများကို တည်ဆောက်ကြသည်။
*(ဓာတ်ပုံ- ဒေသခံရွာသား)*

## ခ) နေရပ်ရွှေ့ပြောင်းနေထိုင်စဉ် ကြုံတွေ့ခံစားရသော ကျန်းမာရေး ထိခိုက်မှုများ

ရွာသားများအနေနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ရွှေ့ပြောင်းနေထိုင်ရစဉ် အချိန်အတွင်း နေရာထိုင်ခင်း၊ အခြေခံလိုအပ်ချက်များနှင့် ကျန်းမာရေး စောင့်ရှောက်မှုများမရှိသည့်အတွက် ကျန်းမာရေးဆိုင်ရာအခက်အခဲများ ကြုံတွေ့ရကြောင်းကို စဉ်ဆက်မပြတ် တင်ပြခဲ့ကြသည်။ အချို့ရွာသားများအနေနှင့် ပြေးလွှားနေစဉ် ရောဂါကူး စက်ခံရခြင်းနှင့် အဖျားရောဂါများခံစားရကြောင်း မီးမောင်းထိုး တင်ပြခဲ့သည့် ဘီးလင်းမြို့နယ်၊ ခေါဖိုးပလယ် ကျေးရွာအုပ်စုတွင် တာဝန်ကျနေသော ဒူးသထူခရိုင်မှ KDHW ဝန်ထမ်းတစ်ဦးဖြစ်သူ နော်ဘဇ--- က ကျန်းမာရေး ဆိုင်ရာအခက်အခဲများကြုံတွေ့ရနိုင်သဖြင့် သူမအနေနှင့် ရွာသားများအား ထွက်ပြေးရန်အတွက် အကြံပေးရန် တုံ့ဆိုင်းလျက်ရှိခဲ့သည်။ နေရပ်စွန့်ခွာနေရသည့်အခါတွင် ချောင်းဆိုးခြင်း၊ အရေပြားယားယံခြင်း၊ နှာစေးခြင်း၊ ဝမ်းသွားခြင်းနှင့် အဖျားတက်ခြင်းများကို ရွာသားအများစုခံစားရပြီး အချို့မှာ အခြားသူများခံစားရသည်ကို မျက်မြင်ကြုံတွေ့ခဲ့ကြရသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေး ရွာအုပ်စု၊ စျဟ--- ကျေးရွာမှ ရွာသား တစ်ဦးဖြစ်သော စောဆယ--- မှ ဤကဲ့သို့ ရှင်းပြခဲ့သည်။ *"အခုက ဆောင်းတွင်းဖြစ်တယ်။ ကျွန်တော်တို့မှာ အဝတ်အစား လုံလုံလောက်လောက်မရှိဘူး။ ခြင်ကိုက်တာလည်း ခံရတယ်။ အထူးသဖြင့် ကလေးတွေက အရေ ပြားယားနာတွေ ဖြစ်ကြတယ်။ တချို့လူတွေက ရာသီဥတုအေးတော့ ချောင်းဆိုးကြတယ်။"* ဒူးသထူခရိုင်၊ ဘီး လင်းမြို့နယ်၊ ခေါဖိုးပလယ်ကျေးရွာအုပ်စု၊ ထက--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောဘဟ--- မှ ဤကဲ့သို့

မှတ်ချက်ပြုခဲ့သည်။ *"ဒီလအတွင်း လေကြောင်းတိုက် ခိုက်မှုကြောင့် တောထဲထွက်ပြေးရတဲ့ ကလေးတွေ ဖျားကြတယ်။ ကျွန်တော်တို့မှာလည်း ဆေးဝါး လုံလုံလောက်လောက်မရှိဘူး။ ဒီရာသီမှာ ကလေးအများစု ဖျားကြပြီး ခြင်ကိုက်တာခံရတယ်။ ရလာဒ်အနေနဲ့ သူတို့တွေ ဝမ်းသွားတာ၊ ခေါင်းကိုက်တာ ဖျားနာတာတွေ ဖြစ်ကြတယ်။"*

နေရပ်ရွှေ့ပြောင်းနေထိုင်သည့်နေရာများတွင် အထူးသဖြင့် မိုးရွာသီအတွင်း ရွှေ့ပြောင်းနေထိုင်သည့် ရွာသားများမှာ ဂူများထဲတွင် သို့မဟုတ် တောထဲတွင် အကာအကွယ်မရှိပဲ အိပ်စက်ကြရသည့်အတွက် ငှက်ဖျားရောဂါများ ဖြစ်ရကြောင်းကို ခရိုင်အတော်များများက တင်ပြခဲ့ကြသည်။ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ယဘ---ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောဆက--- က ဤသို့ရှင်းပြခဲ့သည်။ *"ခြင်ထောင်တွေ လုံလုံလောက်လောက် မရှိတာနဲ့ ပုခက်ထဲမှာ အိပ်ကြရတဲ့အတွက် ငှက်ဖျားရောဂါခံစားရတဲ့ လူတွေအများကြီးပဲ။"* လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဈဆ--- ကျေးရွာမှ ကျန်းမာရေးလုပ်သား နော်ဆ--- က ရောဂါခံစားရသည့် ရွာသားများသည် လေကြောင်းအန္တရာယ်ကြောင့် ကျေးရွာများသို့ပြန်လာ၍ ရောဂါကုသမှုခံယူရန်အတွက် ကြောက်ရွံ့ကြကြောင်း တင်ပြခဲ့သည်။

ရွှေ့ပြောင်းနေထိုင်ရသည့် နေရာများတွင် လူထူထပ်ခြင်းနှင့် သန့်ရှင်းမှုမရှိခြင်းက ကျန်းမာရေးပြဿနာများကို ဖြစ်ပွားစေပြီး ပိုမိုဆိုးရွားစေကြောင်းကို ရွာသားများမှ ဖော်ပြခဲ့ကြသည်။ ယဘ--- ကျေးရွာမှ စောဆက--- ၏ ပြောပြချက်အရ *"နေရပ်စွန့်ခွာနေရတဲ့ ရွာသားတွေက အနေအစားဆင်းရဲတော့ သူတို့တွေအနေနဲ့ ဖျားနာတာ နာစေးတာတွေ လွယ်လွယ်ကူကူ ဖြစ်နိုင်တယ်။ [...] တကယ်လို့ ရွာသားတွေအနေနဲ့ သန့်ရှင်းတဲ့နေရာမှာ သီးသန့်နေကြရမယ်ဆိုရင် အဖျားဝင်မှာမဟုတ်ဘူး။ လူတွေစုပြီး အတူတူနေကြတဲ့အခါ ရောဂါကူးစက်မှုနှုန်း အရမ်းမြန်တယ်။ တပတ်အတွင်း ကျောင်းသား ၁၀၀ ကျော် ၂၀၀ လောက် ရောဂါကူးစက်ပြီး ဖျားကြတယ်။ လူတွေ ဒီလို အဖွဲ့လိုက် စုနေတဲ့အခါ ရောဂါကူးစက်နိုင်တယ်။"* ထို့အပြင် ၎င်းမှ *"လူအများကြီးက ချောင်းတစ်ခုတည်းမှာရှိတဲ့ ရေကို အတူတူသုံးကြတော့ ရေညစ်ညူးတာတွေလည်းရှိတယ်။ [...] ရေမသန့်ဘူးဆိုရင် ဝမ်းရောဂါက လိုက်လာမှာပဲ။"* ဟု ထပ်လောင်းပြောခဲ့သည်။ အထူးသဖြင့် မူတြော်ခရိုင်တွင်ဖြစ်ပွားသည့် နာမကျန်းမှုများသည် အဓိကအားဖြင့် ရေညစ်ညူးမှုကြောင့် ဖြစ်သည်။ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဒွေဘူးနိုဒေသ၊ ယဘ--- ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုခံခဲ့ရသော နော်အန--- မှ ဤကဲ့သို့ရှင်းပြခဲ့သည်။ *"မြစ်ဖျားကနေပြီး မြစ်ကမ်းတလျှောက် လူအများကြီးစုပုံပြီး နေကြတယ်။ ကျွန်မတို့က ဒီမြစ်ရေကိုသောက်သုံးဖို့နဲ့ ရေချိုးဖို့သုံးတယ်။ တချို့လူတွေက အဲ့ဒီမြစ်ကရေကိုသောက်ပြီး အဲ့ဒီမြစ်ထဲမှာပဲ အညစ်အကြေးစွန့်ကျတယ်။ ကျွန်မတို့က ဘယ်မှသွားလို့မရတော့ ဒီမှာပဲသောက်ပြီး ဒီမှာပဲမစင်စွန့်ရတယ်။ [...] ဒီမသန့်ရှင်းတဲ့ရေကို သောက်ခြင်းက ကျွန်မတို့ရဲ့ ကျန်းမာရေးကို ထိခိုက်စေပြီး ဝမ်းရောဂါကိုလည်း ဖြစ်စေနိုင်တယ်။ သောက်သုံးရေနဲ့ ရေချိုးဖို့အတွက် ဒီမြစ်ကို အမှီပြုပြီး နေရတဲ့လူပေါင်း ၃၀၀ ကနေ ၄၀၀ လောက်ထိရှိတယ်။"*

နေရပ်စွန့်ခွာနေထိုင်ရချိန်တွင် အစားအသောက်၊ ဆေးဝါးနှင့် ပါရာစီတမောကဲ့သို့သော အခြေခံဆေးဝါးများ အပါအဝင် ကျန်းမာရေး စောင့်ရှောက်မှု မရှိခြင်းက ကျန်းမာရေးအခြေအနေကို ပိုမိုဆိုးရွားစေသည်။ ကျန်းမာရေး စောင့်ရှောက်မှု ရရှိနိုင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန်အတွက် ခရီးသွားလာရန် ခက်ခဲမှုများနှင့်ပတ်သက်၍ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလယ် ကျေးရွာအုပ်စု၊ ထဝ--- ကျေးရွာမှ နော်ဘဇ--- မှ ဤကဲ့သို့ ပြောခဲ့သည်။ *"ကျွန်မတို့ ထွက်ပြေးရတဲ့အခါမှာ ကလေးတွေက မသန့်ရှင်းတဲ့ရေကိုသောက်ရပြီး ကြံ့ရာနေရာမှာ အိပ်ရတယ်။ သူတို့ မကျန်းမာတဲ့အခါ၊ ဝမ်းသွားတဲ့အခါ ကျွန်မတို့က သူတို့ကို တောထဲမှာရှိတဲ့ တဒ--- ဆေးခန်းကိုပို့ရတယ်။ ဒါပေမယ့် ကလေးမွေးတာတို့လိုမျိုး အခြေအနေဆိုးမယ်ဆိုရင်တော့ တဒ--- ဆေးရုံကို ကျွန်မတို့ သွားရတယ်။ လမ်းမှာ စစ်ဆေးရေးဂိတ်တွေ ဖြတ်ရတဲ့အခါ ကျွန်မတို့ ဒုက္ခရောက်တယ်။ ပြီးတော့ ဆေးရုံမှာ ဆရာဝန် ရှိမရှိမေးရတယ်။"* ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန်အတွက် ခရီးသွားလာရသည့်အခါတွင် (လေကြောင်းတိုက်ခိုက်မှု၊ စစ်ကောင်စီ၏ စစ်ဆေးရေးဂိတ်များ သို့မဟုတ် တိုက်ပွဲဖြစ်ပွားခြင်းကဲ့သို့) လုံခြုံရေးအန္တရာယ်များအပြင် ရာသီဥတုဘေးဒဏ်များကြောင့် အခက်အခဲများစွာရင်ဆိုင်ရပါသည်။

ရွာသားများနှင့်အတူ ကျန်းမာရေးလုပ်သားများပါ နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းက ကူညီထောက်ပံ့မှုရယူရန်နှင့် အကူအညီပေးရန်အတွက် ပိုမိုခက်ခဲစေသည်ဟု BPHWT၊ CIDKP နှင့် KDHW မှ ဝန်ထမ်းများမှ KHRG သို့ တင်ပြခဲ့ကြသည်။ ထို့အပြင် အထူးဝန်ဆောင်မှုပေးခြင်းများနှင့် အရင်းအမြစ် လုံလောက်မှုမရှိခြင်းများလည်း

ကြုံတွေ့ရလေ့ရှိသည်။ ကျန်းမာရေး ဝန်ထမ်းများအနေနှင့်လည်း ၎င်းတို့၏ တာဝန်များများ ထိရောက်စွာ ထမ်းဆောင်ရာတွင် လေကြောင်း တိုက်ခိုက်မှုကြောင့် အခက်အခဲများစွာ ရုန်းကန်ကြရသည်။ ကလေးသူငယ်များ၊ မွေးကင်းစများ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ နေရပ်ရွှေ့ပြောင်းနေထိုင်ကြသည့်အခါ ၎င်းတို့၏ အထူးလိုအပ်ချက်များကြောင့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကြရသည်။ လေကြောင်းကြောင့် နေရပ်ရွှေ့ပြောင်းနေထိုင်ကြစဉ် အမျိုးသမီးအများအပြားသည် တောထဲ၌ပင် ကလေးမွေးဖွား ခဲ့ကြရသည်။[62]




ဤပုံကို ၂၀၂၄ ခုနှစ်၊ မတ်လ၌ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စုတွင် ရိုက်ယူခဲ့ ပါသည်။ ဤပုံသည် တဃ--- ကျေးရွာမှ ထွက်ပြေးတိမ်း ရှောင်နေကြသော ရွာသူ၊ ရွာသားများသည် မူတြော် ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု အတွင်းရှိ ဂူတစ်ခုထဲတွင် ခိုလှုံနေကြပုံကို ဖော်ပြထားပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် SAC သည် လေယာဉ်နှင့် ဒရုန်းများကိုအသုံးပြု၍ တဃ--- ကျေးရွာ အတွင်းသို့ လေကြောင်းတိုက်ခိုက်မှုတစ်ကြိမ် ပြုလုပ်ခဲ့ သည်။ *(ဓာတ်ပုံ- KHRG)*

## ဂ) နေရပ်စွန့်ခွာနေထိုင်ရစဉ် ပညာရေးအပေါ် ထိခိုက်မှုများ

နေရပ်ရွှေ့ပြောင်းနေထိုင်စဉ်တွင် ကလေးသူငယ်များနှင့် ကျောင်းသားများမှာ ကျောင်းတက်လိုသော်လည်း ပညာရေးကို လက်လှမ်းမီနိုင်ရန် အခက်အခဲများစွာ ကြုံတွေ့ရင်ဆိုင်ရသည်။ ထိုစိန်ခေါ်မှုများတွင် မလုံခြုံမှုများ၊ ကျောင်းများအား ထိခိုက်စေမှုများ၊ သင်ထောက်ကူပစ္စည်းများမရှိခြင်း၊ အကြောက်တရားနှင့် အခြားသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ၊ နေရပ်ရွှေ့ပြောင်းနေထိုင်သည့် နေရာများတွင် စာသင်ယူရန်ခက်ခဲခြင်းနှင့် မိသားစုနှင့် ဝေးကွာခြင်းများပါဝင်သည်။

ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများ၊ ကျောင်းများနှင့် ကျေးရွာများကို တိုက်ခိုက်မှုများ၊ နေရပ်ရွှေ့ပြောင်းနေထိုင်သည့်နေရာများအား လေကြောင်းတိုက်ခိုက်မှုအန္တရာယ်များ ဆက်လက်တည်ရှိနေခြင်းကြောင့် စာသင်ယူရန်အတွက် လုံခြုံသည့်နေရာရှာဖွေရန် အခက်အခဲများဖြစ်စေသည်။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ နားကိုခီးကျေးရွာအုပ်စု၊ ဖလ--- ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ကျောင်းများပျက်စီး၍ ကျောင်းသားများ သေဆုံးပြီး နောက်ပိုင်းကြုံတွေ့ရသည့် အခက်အခဲများကို ကျောင်းကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်သော စောဘဃ--- မှ ဤကဲ့သို့ ရှင်းပြခဲ့သည်။ *"ကျွန်တော်တို့ ဒေသမှာ ကျောင်းသားတွေက စာကောင်းကောင်းမသင်ရဘူး။ ဖလ--- က ကျောင်းကော်မတီတဦးအနေနဲ့ တစ်ခုခုဆို [တိုက်ခိုက်ခံရတဲ့အခါ] ကျောင်းသားတွေကို ထိခိုက်မှုကနေ ကာကွယ်ပေးနိုင်မယ့် နေရာတစ်ခုကို [တောထဲမှာ] ကျွန်တော်တို့တွေ ရှာကြတယ်။ မနက်ဖြန်က တနင်္ဂနွေနေ့ ဖြစ်တယ်။ ဒါကြောင့် တနင်္လာနေ့ကျရင်တော့ ကျွန်တော်တို့တွေ ကလေးတွေကို ကာကွယ်ပေးနိုင်ပြီး သူတို့ စာသင်ယူနိုင်မယ့် နေရာတစ်ခု သွားဆောက်ပေးရမယ်။ ကျွန်တော်တို့တွေ ဗမာစစ်တပ်ရဲ့ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုကနေ ကျောင်းသားတွေကို ကာကွယ်ပေးနိုင်ဖို့ ဒါကိုလုပ်ရခြင်းဖြစ်တယ်။ ကျွန်တော်တို့ [ကျောင်းကော်မတီဝင်] လေးယောက် ခုပဲ [ကျောင်းဆောင်ဆောက်မယ့်] နေရာကို စစ်ပြီးပြန်လာတာ။ ဒီညနေ ကျွန်တော်တို့ အစည်းအဝေးလုပ်ပြီး တနင်္လာနေ့ကျရင်တော့ စဆောက်မယ်။ သူတို့တွေကို ထိခိုက်သေဆုံးခြင်းက ကာကွယ်ဖို့အတွက် ကျွန်တော်တို့ ဆရာတွေအတွက်ကော ကျောင်းသားတွေအတွက်ပါ နေရာတွေ ဆောက်ပေးမယ်။"* ဆရာများနှင့် ဒေသခံလူမှုအဖွဲ့အစည်း၏ ကြိုးစားမှုများရှိသော်လည်း လက်ရှိအချိန်အထိ

62 KHRG မှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသော *"တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါ်ဖားခိုမြို့နယ်တွင်ဖြစ်ပွားခဲ့သည့် လေကြောင်းပစ်ခတ်မှု၊ နေရပ်ရွှေ့ပြောင်းခံရမှုနှင့် အရပ်သားအိုးအိမ်ပိုင်ဆိုင်မှုများပျက်စီးခြင်း (၂၀၂၃ခုနှစ်၊ ဇူလိုင်လ)"* တွင် ကြည့်ပါ။

လေကြောင်းအန္တရာယ်မှာ ရှိနေဆဲဖြစ်သည်။ မူတြော်ခရိုင်၊ ပေးကေးကျေးရွာအုပ်စု၊ ဈဆ--- ကျေးရွာမှ ကျန်းမာရေးလုပ်သားတစ်ဦးဖြစ်သော နော်ဆ--- ၏ ပြောပြချက်အရ *"ကျောင်းသားတွေက နေရပ်ရွှေ့ပြောင်းနေထိုင်ရတာ တောင်မှ ပညာသင်ယူကြရတယ်။ ဒါပေမယ့် စစ်ကောင်စီရဲ့ ဗုံးက အနီးအနားက ယာယီဆောက်ထားတဲ့ ကျောင်းဆောင်ပေါ်ကို ကျသွားတယ်။ ဒါနဲ့ ကျောင်းသားတွေလည်း တောထဲမှာ ပညာဆက်သင်ဖို့ ကြောက်သွားတယ်။"*

ရွှေ့ပြောင်းနေထိုင်သည့် နေရာများတွင် ယာယီကျောင်းဆောင်များဆောက်ရန် ပစ္စည်းများနှင့် စာသင်ရန် သင်ထောက်ကူပစ္စည်းများ မရှိကြောင်း ရွာသားအများစုက တင်ပြခဲ့ကြသည်။ ဒွယ်လိုးမြို့နယ်၊ နားကိုခီးကျေးရွာအုပ်စု၊ ဈမ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောဘမ--- က ဤသို့ဖော်ပြခဲ့သည်။ *"ကျွန်တော်တို့အနေနဲ့ စိန်ခေါ်မှုတွေ အများကြီး ကြုံတွေ့ကြရတယ်။ ကျွန်တော်တို့ လုံခြုံရေးနဲ့ ယာယီအဆောက်အဦးတွေအတွက် စီစဉ်ရတယ်။ ဒါပေမယ့် အဲ့ဒါတွေဆောက်ဖို့ ကျွန်တော်တို့မှာ ပစ္စည်းတွေမရှိဘူး။"* ကလေးများအနေနှင့် မကြာခဏဆိုသလိုပင် ၎င်းတို့၏ စာအုပ်များနှင့် အခြားပညာရေးသင်ထောက်ကူပစ္စည်းများမပါပဲ အရေးပေါ်ထွက်ပြေးကြရကြောင်းနှင့် တခါတရံ ၎င်းတို့၏မိဘများ၊ ဆရာများနှင့် ကွဲကွာခဲ့ရကြောင်း ရွာသားများက ဖော်ပြခဲ့သည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဈဟ--- ကျေးရွာမှ ရွာသူတစ်ဦးဖြစ်သော နော်ဇ--- မှ ဤကဲ့သို့ ရှင်းပြခဲ့သည်။ *"ကျွန်မတို့တွေ တခြားနေရာတွေကို ထွက်ပြေးရတော့ ကျောင်းတွေပိတ်ထားရတယ်။ ကျောင်းဆရာမတွေက တနေရာပြေးပြီး ကျောင်းသားတွေက တခြားနေရာကို ထွက်ပြေးကြတယ်။"* ခလယ်လွိထူခရိုင်မှ လူမှုရေးဝန်ထမ်းတစ်ဦးမှလည်း ကလေးများစာသင်ကြားနိုင်ရန် တောထဲတွင် ယာယီအဆောက်အဦးများဆောက်ခြင်းသည် ကလေးများအတွက် ငှက်ဖျားနှင့် ကိုယ်ပူတက်ခြင်းကဲ့သို့ ရောဂါများ ဖြစ်ပွားမှုကို ပိုမိုတိုးမြှင့်စေနိုင်သည်ဟု ဆိုပါသည်။

ကလေးများအနေနှင့် ရွှေ့ပြောင်းနေထိုင်သည့် နေရာများတွင် နေထိုင်ကြသည့်အခါ ကြောက်ရွံ့ခြင်းနှင့် မလုံခြုံမှုများ ခံစားကြရသည့်အတွက် ၎င်းတို့၏ ပညာရေးကို ထိခိုက်စေသည်ဟု ရွာသားများမှ တင်ပြခဲ့သည်။ ဒေဘူးနိုဒေသမှ ကျောင်းဆရာတစ်ဦးဖြစ်သည့် စောဆက--- က ညအချိန်တွင် စာသင်ရန်ကြိုးစားသည့်အခါတွင် စစ်ကောင်စီ၏ ကင်းထောက်ခံရမည်ကို ကြောက်ရွံ့ခြင်းနှင့် ကျောင်းသားများကြုံတွေ့ရသော အခက်အခဲများကို ဖော်ပြခဲ့သည်။ ထိုအခက်အခဲအတွက် ကျောင်းသားများက မိမိကိုယ်ကိုကာကွယ်သည့် နည်းလမ်းများဖြစ်သည့် မီးအလင်းရောင်အား စောင်ဖြင့်ဖုံးအုပ်ခြင်း၊ ဝါးပြောင်းထဲထည့်ခြင်း သို့မဟုတ် ယာယီဖုံးခိုကျင်းများထဲတွင် စာဖတ်ခြင်းစသည့် နည်းလမ်းများကို အသုံးပြုကြကြောင်း ဖော်ပြခဲ့သည်။ *"ဒီလိုနည်းလမ်းတွေက ကျောင်းသားတွေအတွက် အရေးပါလာတယ်။"* ဟု ၎င်းမှ ရှင်းပြခဲ့သည်။  အကြောက်တရားများရှိသော်လည်း ကျောင်းသားများနှင့် လူမှုအသိုက်အဝန်း၏ ခံနိုင်ရည်ကို စောဆက--- က မြင်တွေခဲ့ရသည်။ *"ကျွန်တော်တို့နဲ့ ကလေးတွေက လွယ်လွယ်ကူကူနဲ့ အရှုံးမပေးဘူး။ ကလေးတွေက အရမ်းကို စိတ်အားထက်သန်ကြတယ်။"*

အထက်တွင် ဖော်ပြထားသကဲ့သို့ သစ်တောများထဲတွင် မလုံခြုံမှုများကြောင့် အချို့မိဘများက ၎င်းတို့၏ ကလေးများကို ထိုင်းနိုင်ငံအပါအဝင် အခြားနေရာများသို့ ပို့ဆောင်ကြသည်။ ထိုနေရာများတွင် ရွာသားများ အနေနှင့် လေကြောင်းတိုက်ခိုက်မှုဒဏ်မခံရပဲ စာသင်ကြားနိုင်သော်လည်း ကျောင်းသားများအနေနှင့် ၎င်းတို့၏ မိခင်ဘာသာစကားနှင့် ပညာသင်ကြားခွင့်၊ ၎င်းတို့၏ တိုင်းရင်းသားယဉ်ကျေးမှုများအား သင်ယူခွင့်မရရှိပဲ ၎င်းတို့၏ လူမှုအသိုက်အဝန်းများ၊ မိတ်ဆွေများ၏ ဝေးကွာနေထိုင်ကြရသည်။ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကျော့ထကျေးရွာအုပ်စု၊ ယထ--- ကျေးရွာမှ အသက် ၁၇ နှစ်အရွယ် အစျ--- က ဤသို့ ပြောခဲ့သည်။ *"ကျွန်တော် ကျောင်းနေချင်တယ်။ အရင်ကဆို ကျွန်တော်ရဲ့ သူငယ်ချင်းတွေနဲ့ အတူတူ ပညာသင်ယူတယ်။ ကျွန်တော်အရင်ကလိုပဲ သူငယ်ချင်းတွေနဲ့ တွေ့ပြီး ကျောင်းအတူတူတက်ချင်တယ်။ တချို့သူငယ်ချင်းတွေက [တခြားနေရာကို ပြေးကြတော့] ကျောင်းဆက်မတက်နိုင်ကြဘူး။"*

# အခန်း ၃။ ရရှိနိုင်သော အထောက်အပံ့များ၊ အကာအကွယ်ပေးမှုလိုအပ်ချက်များ နှင့် ရွာသားများ၏လိုအပ်ချက်များ

ဒေသတွင်း သတ်မှတ်ထားသည့် ကရင်ပြည်နယ်မှ လေကြောင်းတိုက်ခိုက်မှုဒဏ် ခံနေရသော ရွာသားများအတွက် မတူကွဲပြားသော်လည်း အနည်းငယ်သော လမ်းကြောင်းများမှ ထောက်ပံ့နေမှုများ ရှိသည်။ ရွာသားများနှင့် ဒေသခံလူမှုအသိုက်အဝန်းအနေနှင့် ၎င်းတို့စွမ်းဆောင်နိုင်သည့် နည်းလမ်းများဖြင့် အချင်းချင်းအပြန်အလှန် ပံ့ပိုးပေးလျက်ရှိသည်။ အရပ်ဖက်အဖွဲ့အစည်းများနှင့် ဒေသတွင်း အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကလည်း လူသားချင်း စာနာထောက်ထားသည့် ကူညီပံ့ပိုးမှုများကို ဖြန့်ဝေပေးလျက်ရှိကာ ဒေသတွင်းခေါင်းဆောင်များနှင့် အာဏာပိုင်များသည်လည်း အကာအကွယ်ပေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ကြိုတင်သတိပေးခြင်းများနှင့် ရွာသားများအား သယ်ယူပို့ဆောင်ပေးခြင်းများကို ပြုလုပ်ပေးလျက်ရှိသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းအတွက် နိုင်ငံတကာအထောက်အပံ့များ ဝင်ရောက်နိုင်မှု အကန့်အသတ်ရှိသည်။

လေကြောင်းတိုက်ခိုက်မှုများသာမက ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခအခြေအနေနှင့်ဆက်စပ်၍ ရွာသားများ၏ အခြေခံလိုအပ်ချက်များမှာ ပြည့်မီခြင်းမရှိပေ။ လက်ရှိတွင် ရရှိနေသောအကူအညီများမှာ ဝေးလံသည့် ဒေသတွင် ရှောင်တိမ်းနေထိုင်ရသူများထံ မရောက်ရှိနိုင်သည့်အတွက် ကလေးသူငယ်များအား အကာအကွယ်ပေးရန် လိုအပ်ချက်များ၊ ကျား/မအလိုက် သီးသန့်လိုအပ်ချက်များနှင့် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် ကိုယ်ခန္ဓာမသန်စွမ်းသောသူများအပါအဝင် ထိခိုက်လွယ်သူများအတွက် အရေးကြီးသည့် အကာအကွယ်ပေးမှုဆိုင်ရာ လိုအပ်ချက်များရှိနေသည်။ ကရင်ပြည်နယ်အတွင်း စစ်ကောင်စီမှကျူးလွန်သည့် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ရွာသားများ၏ လိုအပ်ချက်များမှာ ပိုမိုတိုးမြင့်လာသည်။

## အခန်း ၃.၁။  လေကြောင်းတိုက်ခိုက်မှုများအတွင်း ရရှိနိုင်သော ပံ့ပိုးကူညီမှုများ

ရွာသားများသည် ၎င်းတို့၏ လိုအပ်ချက်များအား ကိုယ်တိုင်ကြိုးစားဖြည့်ဆည်းခြင်းဖြင့် ခုခံကာကွယ်နိုင်စွမ်းနှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်မှုကို ထိန်းသိမ်းထားသည်။ ဒေသအတွင်း ကွန်ယက်များနှင့် လူထုအခြေပြု အဖွဲ့အစည်းများမှ အရေးပေါ်လိုအပ်ချက်များအား ကူညီဖြေရှင်းနိုင်ရန်အတွက် အရေးပါသော ပံ့ပိုးကူညီမှုများကို စီစဉ်ဆောင်ရွက်ပေးသည်။ ဒေသတွင်း KNU အာဏာပိုင်များမှ အရေးပေါ်လိုအပ်သည့် နေရာထိုင်ခင်းများနှင့် အချို့သောလုံခြုံရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန် လိုအပ်သည်များကို စီစဉ်ဆောင်ရွက် ပေးခြင်းဖြင့် ကူညီပံ့ပိုးပေးကြသည်။ အချို့သောနိုင်ငံတကာအဖွဲ့အစည်းများသည် ဒေသအတွင်းလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိသော်လည်း တိုင်းရင်းသားဒေသများသို့ ၎င်းတို့၏ကူညီပံ့ပိုးမှုများနှင့် လက်လှမ်းမီနိုင်မှုများမှာ နည်းပါးသည်။ အချုပ်အားဖြင့် ဆိုသော် အကာအကွယ်ပေးမှုလုပ်ငန်းများ၏ ထိရောက်မှုနှင့် လုပ်ဆောင်နိုင်စွမ်းမှာ တသမတ်တည်း ရှိမနေပါ။ အချို့ဒေသများသည် အခြားသောဒေသများထက် ကူညီထောက်ပံ့မှုများ ပိုမိုရရှိကြသဖြင့် အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများအား ရရှိရာတွင် ကွာဟမှုများရှိနေသည်။

### ၃.၁.၁။ ကျေးလက်စွမ်းရည်နှင့် ဒေသခံအသိုက်အဝန်း၏ ပံ့ပိုးမှုများ

ဒေသတွင်းသတ်မှတ်ထားသော ကရင်ပြည်နယ်မှ ရွာသားများနှင့် ဒေသခံလူမှုအသိုက်အဝန်းများသည် လေကြောင်းတိုက်ခိုက်မှုကြောင့် ကြုံတွေ့ရနိုင်သည့် အခက်အခဲစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ၎င်းတို့ကိုယ်တိုင်လုပ်ဆောင်နိုင်မည့် နည်းလမ်းများစွာကို အသုံးပြုကြသည်။ ဒေသခံလူမှုအသိုက်အဝန်း၏ ကြိုးစားအားထုတ်မှုများတွင် ၎င်းတို့အချင်းချင်း အစားအသောက်၊ နေရာထိုင်ခင်း၊ ဆေးဝါးများအားဝေမျှခြင်း၊ ဒဏ်ရာရ ရွာသားများအား သယ်ယူပို့ဆောင်ပေးခြင်းနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်သည့် နေရာများတွင် ယာယီပညာသင်ကြားနိုင်ရန် ပံ့ပိုးမှုများ ပြုလုပ်ပေးခြင်းတို့ ပါဝင်သည်။

#### အစားအသောက် လိုအပ်ချက်များအား ဖြေရှင်းခြင်း

ရွာသားများအနေနှင့် လေကြောင်းတိုက်ခိုက်မှုအန္တရာယ်မှ ၎င်းတို့ကိုယ်ကို ကာကွယ်ရန်အတွက် လုပ်ဆောင်သည့် အဓိကနည်းလမ်းတစ်ခုမှာ ဖုံးခိုကျင်းများ၊ သစ်တောများ၊ ဂူများသို့မဟုတ် ဘာသာရေးအဆောက်အအုံများသို့

ကာလတိုဖြစ်စေ အချိန်ကာလအတိုင်းအတာ တစ်ခုအထိဖြစ်စေ ထွက်ပြေးတိမ်းရှောင်ခြင်းဖြစ်သည့်အတွက် စားနပ်ရိက္ခာ မလုံလောက်မှုမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလျက်ရှိသည်။ တွေ့မြင်ရသည့်အတိုင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ရန် ခက်ခဲခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်ခြင်း၊ ခရီးသွားလာမှု ကန့်သတ်ခြင်းနှင့် လက်နက်ကိုင်တိုက်ပွဲများ၏ အန္တရာယ်များကြောင့် စားနပ်ရိက္ခာ မလုံလောက်မှုမှာ ပိုမို ဆိုးရွားလာသည်။

ကာလကြာရှည် နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းသည် စားနပ်ရိက္ခာပြတ်လပ်မှုအခြေအနေကို ပိုမိုဆိုးရွားစေသည်။ မူတြော်ခရိုင်၊ ဒွေဘူးနိုဒေသမှ ဘာသာရေးခေါင်းဆောင်တစ်ဦးမှ ထိုအခြေအနေတွင် ဒေသအတွင်း ရွာသားအချင်းချင်း ကူညီပံ့ပိုးပေးခြင်းနှင့်ပတ်သက်၍ မီးမောင်းထိုးပြခဲ့သည်။ *"တချို့မိသားစုတွေပဲ စားနပ်ရိက္ခာတွေ ယူလာကြတယ်။ ဒါပေမယ့် ကျွန်တော်တို့လို အခြေအနေကြည့်ပြီး ရွာပြန် ရိက္ခာပြန်ယူရဲတဲ့သူတွေကတော့ ပြန်ယူကြတယ်။ မပြန်ရဲတဲ့သူတွေကျတော့ တခြားသူတွေဆီက ချေးငှါးပြီး စားကြတယ်။ သူတို့တွေအနေနဲ့ကလည်း [ထွက်ပြေးတဲ့အခါမှာ] ရိက္ခာအများကြီး မသယ်ရဲဘူး။"* တခါတရံ ဘာသာရေးခေါင်းဆောင်များမှ နေရပ်ရွှေ့ပြောင်းနေထိုင်ရသူများအား ဘုန်းကြီးကျောင်းများ၊ ဘုရားကျောင်းများတွင် ခိုလှုံရန်နေရာနှင့် အစားအသောက်များ ပံ့ပိုးပေးကြသည်။

ရွာသားများသည် ၎င်းတို့၏ မလုံလောက်သော အရင်းအမြစ်များအား လုံခြုံစွာထားနိုင်ရန်အတွက် ပစ္စည်းများအား ဖွက်ထားခြင်းနှင့် အကျဉ်းအကျပ်ထဲတွင် ၎င်းတို့အား သတိမပြုမိစေရန်အတွက် အစားအသောက်များအား လျှို့ဝှက်ပြင်ဆင်သည့် နည်းလမ်းသစ်များကို တီထွင်ကြံဆကြသည်။ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ နန့်သာကွင်းကျေးရွာအုပ်စု၊ ဖထ--- ကျေးရွာမှ ရွာသူကြီး စောဆစ--- ၎င်း၏ ဒေသတွင် စားနပ်ရိက္ခာ မလုံလောက်မှုအား ဖြေရှင်းရန်အတွက် ပူးပေါင်းဆောင်ရွက်ပုံကို ဤသို့ဖော်ပြခဲ့သည်။ *"သူတို့အနေနဲ့ ဘယ်လိုလုပ် အစားအသောက်တွေ ယူလာနိုင်မှာလဲ။ ကျွန်တော်တို့က သူတို့အတွက် အစားအသောက်တွေ ပြင်ပေးပြီးတော့ တောထဲကိုသွားပို့ပေးတယ်။ အခုဆို ကျွန်တော်တို့ ရိက္ခာသွားပို့လို့ရရင် ပို့ပေးတယ်။ ဒါပေမယ့် တချို့ကတော့ [ပိုဝေးတဲ့နေရာကို] ဆက်ပြီး ပြေးနေရတုန်းပဲ။ ဒီအတွက်ကိုတော့ ကျွန်တော်တို့ ဘာမှမတတ်နိုင်ဘူး။ ဒါပေမယ့် အနီးအနားမှာရှိတဲ့ သူတွေအတွက်တော့ အကူအညီရှာပေးတယ်။"*





ဤပုံများကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဖလူးကျေးရွာအုပ်စုမှ ရရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဖလူးကျေးရွာအုပ်စု၊ လေးကေ့ကော်နယ်မြေအတွင်း၌ SAC နှင့် နယ်ခြားစောင့်တပ် (BGF) ပူးပေါင်းတပ်ဖွဲ့နှင့် KNLA တပ်ဖွဲ့တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားပြီးနောက် SAC သည် ၎င်းတို့၏တပ်ဖွဲ့များကို အင်အားဖြည့်တင်း၍ နယ်မြေအတွင်းသို့ ပြင်းထန်သော စစ်ကြောင်းထိုးမှုနှင့် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ လေးကေ့ကော်နယ်မြေအပါအဝင် ဖလူးကျေးရွာအုပ်စုအတွင်းရှိ ရွာများမှ ရွာသူ၊ရွာသားထောင်ပေါင်းများစွာသည် တိုက်ပွဲများနှင့်လေကြောင်းတိုက်ခိုက်မှုများကြောင့် ထိုင်း-မြန်မာ နယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ဘယ်ဘက်ခြမ်းရှိပုံသည် ဖလူးကျေးရွာအုပ်စုမှ ထွက်ပြေးတိမ်းရှောင်နေကြ သောရွာသူ၊ရွာသားများမှ နေ့အချိန်တွင်စုဝေးနေကြပုံကို ဖော်ပြထားပါသည်။ ညာဘက်ခြမ်းရှိ ပုံသည် ထွက်ပြေးတိမ်းရှောင်နေကြသော ရွာသားအချို့မှ ညအချိန်တည်းခိုရာ ထိုင်း-မြန်မာနယ်စပ်နှင့် နီးစပ်သော သောင်ရင်းမြစ်အနီးရှိပုံကို ဖော်ပြထားပါသည်။ ၎င်းတို့အိပ်နေချိန်တွင် မိုးစတင်ရွာသွန်းပြီး ရေမျက်နှာပြင် လျင်မြန်စွာမြင့်တက်လာသော ကြောင့် ထိုနေရာ၌ ခိုလှုံကြသော ရွာသူ၊ရွာသားများ ထပ်မံရွှေ့ပြောင်းကြရသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ ဖယ--- ကျေးရွာမှ ခရစ်ယာန်အသင်းတော်တစ်ခု၏ အမျိုးသမီး ခေါင်းဆောင်တစ်ဦးဖြစ်သည့် နော်ဆတ--- က ထွက်ပြေးနေရစဉ်တွင် အချို့ရွာသားများ ခံစားရသည့် စိတ်မသက်သာမှုများနှင့် ကြွေးမြီတင်ခြင်းကို ဤသို့ရှင်းပြခဲ့သည်။ *“ဒီမှာက [အိမ်နဲ့] ဝေးတယ်။ ကျွန်မတို့တခြားသူတွေရဲ့ အိမ်မှာနေရတော့ အားနာရတယ်။ ရိက္ခာထောက်ပံ့မှုတွေ [ကျွန်မတို့လိုတယ်။] ကျွန်မတို့ ငွေကြေးအများကြီး မယူလာနိုင်ဘူး။ ဆန်ကိုတော့ ဒီကမိသားစုက ပေးတယ်။ ကျွန်မတို့ ယူလာတဲ့ငွေနဲ့ ဟင်းသီးဟင်းရွက်တွေ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငါးခြောက်၊ ဆီတွေ ဝယ်တယ်။ ဒါတွေကို ကျွန်မတို့က ဒီကမိသားစုတွေနဲ့ အတူတူစားဖို့ ဝယ်တယ်။ သူတို့ကတော့ အားနာဖို့မလိုဘူးလို့ပြောပေမယ့်လည်း ကျွန်မတို့ကို သူတို့တွေက ဆန်တွေပေးတော့ အားနာတယ်။ အခု ဒီလိုမျိုးသွားလာနေရတော့ ကျွန်မတို့ ဆန်ကိုအလိုအပ်ဆုံးပဲ။ ကျွန်မတို့မှာ ငါးပိနဲ့ဆားရှိရင် အားလုံးအဆင်ပြေပြီ။”*

လက်နက်ကိုင်တိုက်ပွဲများနှင့် ပြည်သူများအား တိုက်ခိုက်မှုများအပြင် ရာသီဥတုဘေးအန္တရာယ်ကြောင့် ရွာသားများရင်ဆိုင်ရသည့် အခက်အခဲများသည် ပိုမိုဆိုးရွာလာသည်ဟု မေးခွန်းဖြေကြားသူများက တင်ပြခဲ့သည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဈဟ--- ကျေးရွာမှ ရွာသားတစ်ဦးက တင်ပြခဲ့သည်မှာ *“ကျွန်တော်တို့အနေနဲ့ တိုက်ပွဲကြားမှာ အချိန်အကြာကြီး နေခဲ့ပြီးပြီ။ ကျွန်တော်တို့အနေနဲ့ [တိုက်ပွဲကြောင့် ဖြစ်လာမယ့်အန္တရာယ်တွေအတွက်] အမြဲသတိရှိရတယ်။ ကျွန်တော်တို့မှာ ရိက္ခာလုံလုံလောက်လောက်မရှိဘူး။ ရာသီဥတုဖောက်ပြန်လို့ ကျွန်တော်တို့ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်လည်း အဆင်မပြေဘူး။ ကျွန်တော်တို့ စိန်ခေါ်မှုနှစ်ခုကို ကြုံတွေ့ရတယ်။ ပထမတစ်ခုက ရာသီဥတုနဲ့ ဒုတိယတစ်ခုက လက်နက်ကိုင် တိုက်ပွဲတွေပဲ။ ကျွန်တော်တို့ လိုအပ်တာတွေ အများကြီးပဲ။ ကျွန်တော်တို့တွေ ရွာကိုပြန်ပြီး [အသက်ရှင်သန်ဖို့] ပြင်ဆင်ရမယ်။ ကျွန်တော်တို့ ရေရှည်ထွက်ပြေးနေရမယ်ဆိုရင် ငတ်ကုန်လိမ့်မယ်။”*

## လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် နည်းလမ်းများ

ရွာသားများသည် လေကြောင်းတိုက်ခိုက်မှုပြုလုပ်မည်ဟု ယုံကြည်သည့်အခါတွင် ကြိုတင်ရှောင်ရှားနိုင်ရန်အတွက် အချင်းချင်း သတင်းအချက်အလက် မျှဝေခြင်းနှင့် သတိပေးခြင်းများ ပြုလုပ်ကြသည်။ သို့သော်လည်း ထိရောက်သည့် ကြိုတင်သတိပေးခြင်းများ မရှိသည့်အခါတွင် အခက်အခဲများ ကြုံတွေ့ကြရသည်။ ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ဆောခေးကျေးရွာအုပ်စု၊ ယဖ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော အယ--- က ဤသို့ ရှင်းပြခဲ့သည်။ *“ဂျက်တိုက်လေယာဉ်တွေ ဘယ်ဖက်က လာလဲဆိုတာကို ခန့်မှန်းဖို့ ခက်တယ်။ အင်ဂျင်အသံက နားထဲမှာ အတူတူလိုပဲ။ […] ကျွန်တော်ပြောချင်တာကတော့ ရွာသားတွေအချင်းချင်းကြားမှာက အဆက်အသွယ်ကောင်းကောင်းရှိတယ်။ ထားဝယ်မြို့ကနေ ဂျက်တွေထွက်ပြီဆိုတာနဲ့ သူတို့က အချင်းချင်းသတင်းပေးကြတယ်။ အဲ့ဒီလိုအချိန်မှာဆို ရွာသားတွေက ဂျက်လေယာဉ်တွေ ထွက်ပြီဆိုတာကို သတင်းရတယ်။ [ဒါနဲ့ ထွက်ပြေးကြတယ်။]”* အလား တူပင် ခလယ်လွှီထူခရိုင်၊ မူးမြို့နယ်၊ ကွီးဒူးခေါ် ကျေးရွာအုပ်စု၊ ဈဖ--- ကျေးရွာမှ အကြီးအကဲတစ်ဦးက ဤသို့ ရှင်းပြခဲ့သည်။ *“ကျွန်တော်ကတော့ လေယာဉ်ပဲကြည့်ပြီး ကလေးတွေ [ရွာသားများအား ရည်ညွှန်းသည်]ကို သတိ ပေးတယ်။ အဲ့ဒါဆို သူတို့က လုံခြုံတဲ့နေရာတွေမှာ ရှောင်နေကြတော့ ဒီမှာဆိုရင် [၂၀၂၄ ခုနှစ်၊ မေလ၊ ကွီးဒူးခေါ် ကျေးရွာအုပ်စုတွင်] ဒဏ်ရာရတာတွေဘာတွေ မရှိဘူး။”* ထိုသို့ သတိပေးမှုများပြုလုပ်ကြသော်လည်း ညအချိန် ဒေသတွင်းသို့ လာရောက်တိုက်ခိုက်မှုများတွင် ထိခိုက်သေဆုံးမှုများ ဖြစ်စေခဲ့သည်။ ၂၀၂၄ ခုနှစ်၊ မေလတွင် ပစ် ခတ်တိုက်ခိုက်မှုကြောင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရပြီး အခြားရွာသားတဦးလည်း သေဆုံးခဲ့ရသည်။

ရွာသားများအနေနှင့် ဖုန်းများ၊ လူမှုကွန်ယက်များနှင့် အခြားသော စက်ကိရိယာများအသုံးပြု၍ သတင်း အချက်အလက် မျှဝေခြင်းများအား ကြိုးစားပြုလုပ်ကြသော်လည်း ထိုသတိပေးမှုများမှာ ရွာသားအားလုံးထံသို့ အထူးသဖြင့် ဆက်သွယ်ရေးလိုင်းမကောင်းသည့်ဒေသများတွင် နေထိုင်သူများထံ အမြဲတစေ မရောက်ရှိနိုင်ပေ။ အချို့ရွာသားများမှာ ဖုန်းလိုင်း သို့မဟုတ် အင်တာနက်လိုင်း ကောင်းမွန်သောနေရာများတွင် နေထိုင်ကြသော်လည်း အချို့ရွာသားများမှာ လူဖြင့်ဆက်သွယ်ခြင်း သို့မဟုတ် ရေဒီယိုစက်များအား အားထားနေကြရသည်။ အချို့မှာ ဖုန်းလိုင်းနှင့် သတင်းအချက်အလက်ရရှိနိုင်ရန် ဝေးလံသည့်နေရာဒေသများသို့ သွားရောက်သုံးစွဲကြရသည်။ အချို့ရွာသားများမှာ ဒေသအခြေအနေနှင့်ပတ်သက်သည့် အချက်အလက်များ ရရှိနိုင်ရန် တော်လှန်ရေးတပ်ဖွဲ့များနှင့်

ချိတ်ဆက်ကြရသည်။

ထိုသို့သော သတိပေးမှုများအပြင် ဒေသခံများသည် ၎င်းတို့ယာယီခိုလှုံသည့် နေရာများတွင် သူခိုးရန်မှကာကွယ်ရန်နှင့် လုံခြုံရေးအတွက် ညအချိန် ကင်းလှည့်ခြင်းကဲ့သို့သော စည်းကမ်းများကို ကျင့်သုံးခြင်းဖြင့် ၎င်းတို့၏ လုံခြုံရေးအတွက် အတူတကွ လုပ်ဆောင်ကြသည်။

## ပညာရေး လိုအပ်ချက်များအား ဖြေရှင်းဆောင်ရွက်ခြင်း

ကလေးများနှင့် ကျောင်းသူကျောင်းသားများ ပညာဆက်လက်သင်ကြားခွင့် ရရှိရန်အတွက် တိုက်ပွဲကာလအတွင်း ပညာရေးလိုအပ်ချက်များကို ဖြေရှင်းရန် စနစ်များကို ဖန်တီးအသုံးပြုခဲ့ကြသည်။[63] မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ နားကိုခီးကျေးရွာအုပ်စု၊ ဈမ--- ကျေးရွာမှ ရွာသူတစ်ဦးဖြစ်သော နောဆ--- က ဤသို့ ရှင်းပြခဲ့သည်။ *"ကျောင်းမှာ ကလေးတွေအတွက် ပံ့ပိုးမှု လုံလုံလောက်လောက် မရှိဘူး။ တချို့မိဘတွေက ကြိုးစားပြီးတော့ သင်ထောက်ကူပစ္စည်းတွေ ဝယ်ပေးတယ်။ [...]တနေ့ကျရင် သူတို့ကလေးတွေ ပညာတတ်တွေဖြစ်လာပြီး ခေါင်းဆောင်တွေဖြစ်လာမယ်လို့ သူတို့က မျှော်လင့်ကြတယ်။"*

ကျောင်းသားများ ပညာသင်ကြားနေစဉ်အချိန်တွင် ဆိုးရွားသည့် အန္တရာယ်များ မကြုံတွေ့ရစေရန်အတွက် မိဘများ၊ ကျေးရွာခေါင်းဆောင်များနှင့် ဒေသတွင်းအုပ်ချုပ်ရေးမှူးများမှ ကျောင်းသားများ ကျောင်းဆက်တက်နိုင်ရန်အတွက် ပိုမိုလုံခြုံသောနေရာများပြင်ဆင်နိုင်ရန် ကော်မတီများ ဖွဲ့စည်းခဲ့သည်။ ကျေးရွာခေါင်းဆောင်များသည်လည်း ဒေသတွင်း KNU တာဝန်ရှိသူများနှင့်ပူးပေါင်းကာ မြို့နယ်အဆင့်နှင့် ကျေးရွာအုပ်စုအဆင့်များတွင် ကျောင်းသားများ ပိုမိုလုံခြုံစွာ ပညာသင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

## ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များအား ဖြေရှင်းဆောင်ရွက်ခြင်း

ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများတွင် ဒေသခံရွာသားများ ကြုံတွေ့ရသည့် အဓိကစိန်ခေါ်မှုတစ်ရပ်မှာ ကျန်းမာရေးကုသမှုအား လက်လှမ်းမမီနိုင်ခြင်းဖြစ်သည်။ လုံခြုံရေးအန္တရာယ်ရှိသော်လည်း အထူးသဖြင့် ညအချိန်များတွင် လူနာများအား ဆေးခန်းသို့ ပို့ဆောင်ပေးခြင်းဖြင့် ရွာသားများမှ အချင်းချင်းကူညီကြသည်။ ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်မည့်နေရာများမှာ အလှမ်းဝေးကွာနေခြင်းနှင့် ကျေးလက်ဒေသများတွင် ဆေးဝါးအထောက်အပံ့များ လုံလောက်မှု မရှိခြင်းများက အခက်အခဲများကို ပိုမိုဆိုးရွားစေသည်။ ဤသို့သော စိန်ခေါ်မှုများကြောင့် ရွာသားအများအပြားမှာ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နေရာသို့ မရောက်မီ သို့မဟုတ် ရောက်ပြီးနောက်တွင် ၎င်းတို့၏ အသက်များအား ဆုံးရှုံးခဲ့ရသည်။ အချို့မှာ ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ရန်အတွက် အခက်အခဲများကြားမှ အင်မတန်ဝေးလံသည့် နေရာများသို့ ခရီးသွားကြရသည်။ ၂၀၂၁ ခုနှစ်၊ မတ်လအတွင်း ယဘ--- တွင် လေကြောင်းတိုက်ခိုက်မှု ခံခဲ့ရသည့် ရွာသူတစ်ဦးဖြစ်သော နော်အဝ--- က ဤကဲ့သို့ ရှင်းပြခဲ့သည်။ *"ကျွန်မသူငယ်ချင်း ကျန်းမာရေးဝန်ထမ်းတွေက တိုက်ပွဲဖြစ်တဲ့ နေရာမှာ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဆေးဝါးပစ္စည်းတွေ ပြတ်လပ်နေတဲ့အကြောင်းကို ဒီလိုပြောပြတယ်။ 'ငါတို့အခု အရမ်းခက်ခဲတဲ့ အခြေအနေမှာ ရောက်နေတယ်။ ငါတို့ဆီကို လူနာတွေလာပေမယ့် ငါတို့မှာ လုံလောက်တဲ့ဆေးဝါးပစ္စည်းတွေမရှိဘူး။' [...] ဒီလို ဆေးဝါးပစ္စည်းတွေ မလုံလောက်တာနဲ့ စစ်ရှောင်ရတာနဲ့ ရွာသားတွေလည်း ဆေးဝါးကုသမှု ကောင်းကောင်းမခံရဘူး။ ဒါကြောင့် ဒဏ်ရာပြင်းထန်တဲ့ ရွာသားတွေဆိုရင် [ထိုင်းနယ်စပ်နှင့် နီး၍ ဆေးဝါးကုသမှု ရရှိနိုင်သည့်] တဂ--- ရွာကိုပဲ အမြဲသွားရတယ်။"*

လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသော အဖွဲ့အစည်းများက တခါတရံတောထဲတွင် မိုဘိုင်းဆေးခန်းများအား စီစဉ်ပေးသော်လည်း အချို့ရွာသားများမှာ ထိုဆေးခန်းများအား လက်လှမ်းမီနိုင်ရန် အခက်အခဲရှိနေဆဲဖြစ်ပြီး ၎င်းတို့၏ ကျန်းမာရေးအတွက် ကိုယ်တိုင်စီစဉ်ကြရသည်။ တောအူးခရိုင်၊ ထောတထူမြို့နယ်၊ တည--- ကျေးရွာအုပ်စုမှ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်သော စောဘယ--- က ဤကဲ့သို့ ပြောခဲ့သည်။ *"လေယာဉ်နဲ့ လာတိုက်ပြီးတဲ့နောက် ကျွန်တော်တို့တွေ [ထယ---] ရွာထဲမှာ မနေရဲကြတော့ဘူး။ ကျွန်တော်တို့တွေ အသက်ရှင်ကျန်ဖို့နဲ့ ကျန်းမာရေးကို ကိုယ့်ဟာကိုယ်ပဲ တာဝန်ယူရတယ်။"* အချို့ရွာသားများမှာ ရိုးရိုးအဖျားနှင့်

[63] အထက်တွင်ဖော်ပြထားသော KHRG မှ ထုတ်ဝေသော *"အကြမ်းဖက်တိုက်ခိုက်ခံရသော စာသင်ကျောင်းများ"* တွင် ကြည့်ပါ။

ရောဂါများကို ကုသနိုင်ရန်အတွက် ရွှေ့ပြောင်းနေထိုင်သည့်နေရာများသို့ တိုင်းရင်းဆေးဝါးများအား ၎င်းတို့နှင့် အတူ ယူဆောင်လာခဲ့ကြသော်လည်း ပြင်းထန်သည့် ရောဂါပိုးဝင်ခြင်းနှင့် ငှက်ဖျားကဲ့သို့သော ရောဂါများ အတွက် ထိရောက်မှု မရှိပေ။ အထက်တွင် ဆွေးနွေးထားသကဲ့သို့ နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းသည် ရွာသားများအတွက် မရှိမဖြစ်လိုအပ်သော ပစ္စည်းများနှင့်ဝန်ဆောင်မှုများ၊ သင့်လျော်သည့် လူနေမှုအဆင့်အတန်း၊ အခြေခံကျန်းမာရေး နှင့် ကျန်းမာရေးအထူးစောင့်ရှောက်မှု လိုအပ်ချက်များအား ရရှိနိုင်ခြင်းကို ဟန့်တားထားသော အဓိကအကြောင်း ရင်းတစ်ခုဖြစ်သည်။

## ၃.၁.၂။ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဒေသတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပံ့ပိုး ကူညီ မှုများ

အရပ်ဖက်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ၊ ဒေသတွင်းအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ နှင့် တိုင်းရင်းသားလူမှုဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းများသည် လေကြောင်းတိုက်ခိုက်မှုဒဏ်ခံရသော ရွာ သားများအတွက် လိုအပ်ချက်များအား ပံ့ပိုးပေးပို့နိုင်ရန် ကြိုးစားဆောင်ရွက်ကြသည်။ ကူညီပံ့ပိုးမှုများတွင် ငွေ ကြေးပိုင်းဆိုင်ရာပံ့ပိုးမှု၊ အစားအသောက်၊ ဆေးဝါး၊ ကုသရေးပစ္စည်းများနှင့် မိုဘိုင်းဆေးခန်းများ ဆောက်လုပ် ပေးခြင်းများအပါအဝင် ကျန်းမာရေးဆိုင်ရာ ထောက်ပံ့မှုများပါဝင်သည်။ စားနပ်ရိက္ခာပံ့ပိုးရာတွင် အခြေခံစား သောက်ကုန်များအား တစ်ပတ်ဖြစ်စေ တစ်လဖြစ်စေ အချိန်အတိုင်းအတာတစ်ခုအထိ ထောက်ပံ့ပေးခြင်းဖြစ် သည်။ ပညာရေးအတွက် ပံ့ပိုးရာတွင် KECD မှ ဆရာများ၏ လစာအတွက် ငွေကြေးပံ့ပိုးပေးခြင်းနှင့် ဖျက်ဆီးခံ ရသောကျောင်းများ ပြန်လည်တည်ဆောက်ခြင်း သို့မဟုတ် လုံခြုံသည့်နေရာများတွင် ယာယီကျောင်းဆောင်များ တည်ဆောက်ပေးခြင်းတို့ ပါဝင်သည်။ ဤသို့ထောက်ပံ့မှုများအား ပြုလုပ်ရာတွင် မတူညီသောဒေသများအား လွှမ်းခြုံနိုင်ရန်နှင့် မတူကွဲပြားသည့် အဓိကလိုအပ်ချက်များအား ဖြေရှင်းပေးနိုင်ရန်အတွက် ဒေသတွင်းအဖွဲ့အ စည်းများနှင့် အတူတကွ လက်တွဲလုပ်ဆောင်ကြရသည်။

လက်နက်ကိုင်တိုက်ပွဲများမှ ဖြစ်ပေါ်စေသော အခက်အခဲများကြောင့် ဝေးလံသည့် အရပ်ဒေသများသို့ ထောက်ပံ့ ပစ္စည်းများ မရောက်ရှိနိုင်ခြင်း၊ ရွာသားအားလုံး၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မှုမရှိခြင်းများ ရှိသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ယဟ--- ကျေးရွာမှ ကျေးရွာအကြံပေး စောအတ--- က ဤကဲ့သို့ ရှင်းပြခဲ့သည်။ *"ရပ်ရွာလူမှုအသိုက်အဝန်းအတွင်းမှာ ဖြစ်ပေါ်နေတဲ့ လူမှုရေးပြဿနာတွေကို ဖြေရှင်း ပေးဖို့ အလုပ်လုပ်နေကြတဲ့ အဖွဲ့အစည်းတချို့ဆီကနေ အကူအညီတွေကို ရွာသားတွေ ရကြတယ်။ […] ကျွန်တော် တို့က ဒီအဖွဲ့အစည်းတွေကနေ အထောက်အပံ့နဲ့ အကူအညီတွေရကြပေမယ့် လူတွေက အများကြီးဆိုတော့ အား လုံးအတွက် ဒီထောက်ပံ့မှုတွေက မလုံလောက်ဘူး။"* ဒူးပလာယာခရိုင်မှ CIDKP အတွင်းရေးမှူးဖြစ်သော စော ဃ--- က ဤသို့ရှင်းပြခဲ့သည်။ *"အရင်ကဆိုရင် ကျွန်တော်တို့က အခြေခံစားသောက်ကုန် ပံ့ပိုးမှုကို အဓိကဦးစား ပေးတယ်။ နောက်ပိုင်းကျတော့ ပို့ဆောင်ဆက်သွယ်ရေး အခက်အခဲရှိတာနဲ့ ကျွန်တော်တို့ ငွေကြေးပဲ ပံ့ပိုးဖြစ် တော့တယ်။ […] အစားအသောက်နဲ့ ကျန်းမာရေးဆိုင်ရာ ထောက်ပံ့မှုတွေကိုတော့ မြို့နယ်အသီးသီးမှာ [ကူညီ ထောက်ပံ့မှုတွေလုပ်ဖို့] 'အရေးပေါ် ကူညီထောက်ပံ့ရေး ကော်မတီတွေ' ရှိကြတယ်။ အရင်က ရွာသူကြီးက ဆန် နဲ့ အခြေခံ စားသောက်ကုန်တွေ သိုလှောင်ထားတယ်။ […] ဒါပေမယ့် ကျွန်တော်တို့တွေ အခြေခံလိုအပ်ချက်တွေ ကိုပဲ ပံ့ပိုးပေးနိုင်ပေမယ့် ပေးနိုင်တဲ့ ပံ့ပိုးမှုကလည်း မလုံလောက်ဘူး။ ကျွန်တော်တို့မှာ စိန်ခေါ်မှုတွေ အများကြီး ရှိတယ်။ ရွာသားတွေအနေနဲ့ ရွာထဲမှာ ပြန်နေဖို့အတွက်ကို လေကြောင်းတိုက်ခိုက်မှုကြောင့် မပေါက်ကွဲသေးတဲ့ လက်နက်ခဲယမ်းတွေ ရှိမရှိနဲ့ ပျက်စီးမှု အခြေအနေတွေကို ကျွန်တော်တို့တွေက စစ်ဆေးပေးတယ်။ ကျွန်တော် တို့တွေ အသေးစိတ် စစ်ဆေးရတယ်။ […] ရွာအခြေအနေက ရွာသားတွေ ပြန်နေဖို့အတွက် လုံခြုံမှုရှိမရှိ စစ်ဆေး ပေးရတယ်။"*

ရွာသားများအနေဖြင့် ကာလကြာရှည် အလုပ်လက်မဲ့ဖြစ်နေခြင်းနှင့်/သို့မဟုတ် နေရပ်ရွှေ့ပြောင်းနေထိုင်ကြရ သည့်အတွက် ဒေသတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ငွေကြေး နှင့် စားနပ်ရိက္ခာ ထောက်ပံ့မှုများသည် ရေရှည်ကြုံတွေ့ရမည့် စားဝတ်နေရေး အခက်အခဲကို သက်သာစေရန် ဖြေရှင်းနိုင်ခြင်း မရှိပါ။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ တဇ--- ကျေးရွာမှ စောဆဈ--- က ဤသို့ တင်ပြခဲ့သည်။ *"[ဒေသတွင်း လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းတွေက] တပတ်စာ သို့မဟုတ်*

*တလစာ ငွေကြေးပံ့ပိုးမှုပေးတယ်။ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့တွေက စားနပ်ရိက္ခာမလုံလောက်မှု ပြဿနာကို ကြုံနေရတာဖြစ်တယ်။ [လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းတွေဆီက] ကူညီပံ့ပိုးမှုတွေ က မလုံလောက်ဘူး။ ကျွန်တော်တို့ကို တပတ်စာ သို့မဟုတ် တလစာလေးအတွက်ပဲ မထောက်ပံ့ပေးပါနဲ့။"*

ဒေသတွင်း အဖွဲ့အစည်းများမှ ကျန်းမာရေးဝန်ထမ်းများက နေရပ်ရွှေ့ပြောင်းနေထိုင်သည့် နေရာများတွင် မိုဘိုင်း ဆေးခန်းများနှင့် အဝေးရောက်နေသူများထံသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အစီအစဉ်များပြုလုပ်ကာ လိုအပ်နေသောလူများထံသို့ အထူးပံ့ပိုးမှုများပြုလုပ်ရန် ကြိုးပမ်းကြသည်။ သို့သော်လည်း နယ်မြေအနေအထား အလွန်ကျယ်ဝန်းပြီး စိန်ခေါ်မှုများစွာရှိသည့်အတွက် လိုအပ်နေသူအားလုံးထံသို့ ထိုအကူအညီများရောက်ရှိရန် ခက်ခဲလျက်ရှိသည်။ ဆေးဝါးမလုံလောက်မှုကြောင့် လူနာအားလုံးကို ကုသရန်မှာ အခက်အခဲရှိကြောင်း ဒေသ တွင်း ကျန်းမာရေးဝန်ထမ်းများမှ တင်ပြကြသည်။ ရှိနေသော ကူညီပံ့ပိုးမှုမှာ လွန်စွာနည်းပါးသော်လည်း ဒေသ တွင်း အဖွဲ့အစည်းများက ဒေသခံလူမှုအသိုက်အဝန်းများ၏ စိတ်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်း ရန် ကြိုးပမ်းကြသည်။ မူတြော်ခရိုင် KDHW ဥက္ကဋ္ဌဖြစ်သော စောဘဖ--- မှ ဤသို့ ရှင်းပြခဲ့သည်။ *"စိတ်ကစဉ့်က လျားဖြစ်နေတဲ့ လူနာတွေကို နှစ်လတစ်ကြိမ် ဒါမှမဟုတ် သုံးလတစ်ကြိမ်သွားပြီး လည်ပတ်ပေးတာမျိုးတော့ ကျွန်တော်တို့မှာ မရှိသေးဘူး။ ဒါပေမယ့် အဖွဲ့လိုက် အားပေးကူညီတာမျိုးတွေတော့ လုပ်ပေးတယ်။ [...] ကျွန် တော်တို့အဖွဲ့အစည်း၊ အမျိုးသမီးအဖွဲ့အစည်းတွေနဲ့ လူငယ်တွေဦးဆောင်တဲ့ အဖွဲ့အစည်းတွေက ဒါတွေလုပ် တယ်။"*

လက်ရှိဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်တိုက်ပွဲများ၊ စစ်ကောင်စီ၏ တိုက်ခိုက်မှုများကြောင့် ကြုံတွေ့ရသည့် အခက်အခဲများအပြင် ၎င်းတို့အနေနှင့် ဖမ်းဆီးထိန်းသိမ်းခံရခြင်း သို့မဟုတ် ပစ္စည်းများသိမ်းဆည်းခံရလေ့ရှိသော စစ်ကောင်စီ စစ်ဆေးရေးဂိတ်များအား ဖြတ်ကျော်ရခြင်း စသည့် အခက်အခဲများကြောင့် ဒေသတွင်း ကျန်းမာရေး ဝန်ထမ်းများအနေနှင့် KNU အုပ်ချုပ်သည့် ဒေသများတွင် လုပ်ငန်းများ ဆောင်ရွက်ရန် ကန့်သတ်မှုများ ရှိနေသည်။ ခလယ်လွိထူခရိုင်မှ BPHWT ဥက္ကဋ္ဌဖြစ်သည့် နော်ဘထ--- က လေကြောင်းတိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးလုပ်သားများ ခံစားရသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုအချို့ကို ရှင်းပြခဲ့သည်။ *"စိတ်ပိုင်းဆိုင်ရာ ကျန်း မာရေးနဲ့ ပတ်သက်ပြီး လူတိုင်းကတော့ ကြောက်ကြတာပဲ။ [...] ဒီကြောက်ရွံ့မှုက ကျွန်မတို့ကိုလည်း သက်ရောက် တယ်။ [...] သူတို့ [လေယာဉ်တွေ] ကျွန်မတို့အပေါ်ကနေပျံသွားပြီးဆို ကျွန်မတို့လည်း နှလုံးခုန်မြန်လာတယ်။ ကျွန်မတို့လည်း ကြောက်တယ်။ ဒီလိုအခြေအနေမှာ ကျွန်မတို့ရဲ့ ဝန်ထမ်းတွေကြားက အကြောက်တရားကို မ လျှော့ချပေးနိုင်ဘူး။ သူတို့က လေကြောင်းတိုက်ခိုက်မှုကို နှစ်ကြိမ်တောင် လုပ်ခဲ့တယ်။ ဒါကြောင့် သူတို့နောက် တခါတော့ ထပ်မလုပ်ဘူးလို့ ကျွန်မတို့ မပြောနိုင်ဘူး။ [...] ဒါက မလုံခြုံမှုနဲ့ ကြောက်ရွံ့မှုကို ဖြစ်စေတဲ့အတွက် ကျွန်မတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ဖြစ်စေတယ်။ လေယာဉ်အသံကြားတာနဲ့ ကျွန်မတို့တွေ ထွက်ပြေးချင် တယ်။ ကျွန်မတို့ [စိတ်လှုပ်ရှားမှုမရှိပဲ] အေးအေးဆေးဆေး နေလို့မရဘူး။ ကျွန်မတို့ရဲ့ ဝန်ထမ်းတွေအနေနဲ့လည်း ပြည်သူတွေကို ကုသမှုပေးတဲ့အခါမှာလည်း ကြောက်ရတယ်။ ကျွန်မတို့ လူနာတွေကို ဆေးကုပေးတဲ့အခါမှာ လည်း ဆက်ပြီးကြောက်ရတယ်။"* ယခင်က ဗမာစစ်သားများမှ လူသားချင်းစာနာမှုအထောက်အပံ့များအား



ဤပုံကို ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် KNLA ဆေးတပ်သား တစ်ဦးထံမှ လက်ခံရရှိခဲ့ပါသည်။ ဤပုံသည် ၂၀၂၃ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဒေဘူးနိုနယ်မြေအတွင်း၌ ဖြစ်ပွားခဲ့သော ဗုံးကြဲတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသောရွာသူ၊ ရွာသားများကို KDHW ဝန်ထမ်းများမှ တောထဲရှိ တူးမြောင်းတစ်ခုထဲတွင် ဆေးကုသပေးနေပုံကို ဖော်ပြထားပါသည်။
*(ဓာတ်ပုံ- KNLA ဆေးတပ်သား)*

တိုက်ခိုက်ဖျက်ဆီးမှုများနှင့် ပတ်သက်၍ KHRG မှ သတင်းအချက်အလက်များ ရရှိခဲ့သည်။[64]

## ၃.၁.၃။ ဒေသတွင်း အာဏာပိုင်များထံမှရရှိသော ကူညီပံ့ပိုးမှုများ

KNU သည် ဒေသတွင်း အာဏာပိုင်များဖြစ်သည့် ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးများ၊ ရွာသူကြီးများနှင့် အတူ လက်တွဲကာ ညွှန်ကြားချက်များပေးခြင်း၊ အရင်းအမြစ်များအား စီမံခန့်ခွဲခြင်း နှင့် ခရီးသွားလာရေးအတွက် အကြံပြုချက်ပေးခြင်းများအပါအဝင် ရွာသားများအတွက် ပံ့ပိုးသည့်ပစ္စည်းများအား သယ်ယူပို့ဆောင်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။

KNU အဖွဲ့ဝင်များသည် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု ခံရနိုင်ခြေရှိ သည့်အခါ များတွင် ဒေသတွင်း ခေါင်းဆောင်များနှင့် ရွာသားများအား သတင်းပေးသည်။ ရွာသားများနှင့် တွေ့ဆုံမေးမြန်းခြင်း ၈၃ ခုအနက် ၂၅ ခုတွင် ထွက်ပြေးတိမ်းရှောင်ရန်အတွက် KNU ခေါင်းဆောင်များထံမှ ကြိုတင်အသိပေးချက် ရရှိကြောင်း တင်ပြထားသည်။ သတိပေးချက်များ မမှန်ကန်ခြင်း သို့မဟုတ် ဆက်သွယ်ရေး အခက်အခဲများကြောင့် သတင်းအချက်အလက်များ ထိရောက်စွာ မမျှဝေနိုင်ခြင်းများ ရှိသော်လည်း လေကြောင်း တိုက်ခိုက်မှု ဖြစ်နိုင်ခြေအတွက် ကြိုတင်သတိပေးချက်များရရှိခြင်းသည် ရွာသားများအတွက် အထိရောက်ဆုံး အကာအကွယ်ပေးမှု နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ပယရောကျေးရွာအုပ်စု၊ ထခ--- ကျေးရွာမှ ရွာသားတစ်ဦး၏ ရှင်းပြချက်အရ *"ထခ--- နဲ့ တသ--- ရွာတွေမှာ တိုက်ပွဲဖြစ်တော့ ရွာသားတွေအနေနဲ့ ထိခိုက်မှုတွေကနေ ရှောင်ရှားဖို့ ကြိုတင်ပြီး ထွက်ပြေးနိုင်ခဲ့တယ်။ သူတို့ [လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့တွေ] က [စစ်ကောင်စီတပ်စခန်းကို] ဝိုင်းထားပြီလို့ ပြည်သူတွေကို သတင်းပေးခဲ့တော့ ပြည်သူတွေက ရွာထဲကနေ ထွက်ပြေးခဲ့တယ်။ တက--- ရွာကကျတော့ ကျွန်တော်တို့ [KNU က] ဒေသတွင်း ခေါင်းဆောင်တွေက [လေကြောင်းတိုက်ခိုက်မှုလာမယ်ဆိုတာ] သတင်းပေးထားတော့ [တက--- ရွာက] တချို့ရွာသားတွေက ထိခိုက်မှုကနေ ရှောင်ရှားနိုင်ဖို့ ထွက်ပြေးခဲ့တယ်။ ဒါပေမယ့် သူတို့က အားလုံးကို သတင်းမပေးနိုင်ခဲ့တော့ တချို့ရွာသားတွေတော့ ရွာထဲမှာ ကျန်ခဲ့တယ်။"*

အချို့ဒေသများတွင် KNU အာဏာပိုင်များမှ ရွာသားများအား လုံခြုံရေးဆိုင်ရာ အကြံပြုချက်နှင့် လမ်းညွှန်ချက်များ ပေးခဲ့သည်။ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဈယ--- ကျေးရွာအုပ်စု၊ ဖဒ--- ကျေးရွာမှ စောအဆ--- က ဤသို့ ရှင်းပြခဲ့သည်။ *"ရွာသားတွေရဲ့ လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ ရွာသူကြီးတွေကပဲ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေနဲ့ ဆက်သွယ်ပြီး သူတို့တွေက KNLA ကို ပြန်ဆက်သွယ်ကြတယ်။ KNLA က ကျွန်တော်တို့ကို [ထိုင်း-မြန်မာ] နယ်စပ်နဲ့ [စစ်ကောင်စီ] တပ်စခန်းနဲ့နီးတဲ့ နေရာတွေမှာ ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ယူပေးတယ်။ ကျွန်တော်တို့ရဲ့ သွားလာရေးနဲ့ လုံခြုံရေးအတွက် [KNU ရဲ့] ညွှန်ကြားချက်ကို လိုက်နာရတယ်။ ဥပမာအားဖြင့် ဘယ်အချိန်မှာ ခါတ်မီးထိုးလို့ ရမရနဲ့ ခရီးသွားလို့ ရမရတွေပေါ့။"*

## ၃.၁.၄။ နိုင်ငံတကာ ပံ့ပိုးကူညီမှုများ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တိုင်းရင်းသားဒေသများနှင့် ကျေးလက်ဒေသများတွင် လက်လှမ်းမီနိုင်မှု အခက်အခဲများနှင့် လုံခြုံရေး အခက်အခဲများကြောင့် နိုင်ငံတကာပံ့ပိုးကူညီမှုများအား အကန့်အသတ်နှင့်သာ ရရှိနိုင်ပြီး တသမတ်တည်း ပံ့ပိုးပေးနိုင်ခြင်းမရှိပါ။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့များအပါအဝင် ပိုမိုကြီးမားသည့် INGO များသည် ကရင်ရွာသားအများအပြားကို အကာအကွယ် ပေးနိုင်ခြင်းမရှိပဲ စစ်ကောင်စီအာဏာပိုင်များနှင့် သဘောတူညီမှုစာချုပ်များ ချုပ်ဆိုကာ စစ်ကောင်စီထိန်းချုပ်သောမြို့များတွင် လုပ်ငန်းများ အဓိကလုပ်ဆောင်ကြသည်။ အချို့သော INGO များမှ ဤပြဿနာကို လျှော့ချနိုင်ရန် ဒေသတွင်းအရပ်ဖက်လူမှုအဖွဲ့အစည်းများအား ငွေကြေးပံ့ပိုးပေးခြင်းနှင့် ထိုအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ခြင်းဖြင့် ကျေးလက်ဒေသများသို့ လက်လှမ်း မီရန် လုပ်ဆောင်

---

64 KHRG မှ ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော *"ငြင်းပယ်ခံပြည်သူများ၏ဘဝများ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံလူမှုအသိုက် အဝန်းများရင်ဆိုင်ရသောအကာအကွယ်ပေးမှုဆိုင်ရာစိန်ခေါ်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြပ်အတည်းများ"*၊ နှင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင်ထုတ်ဝေသော *"ခံနိုင်ရည်ရှိခြင်းနှင့်ခုခံတွန်းလှန်ခြင်း - ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုမှစ၍ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ (HRDs) များ ကြုံတွေ့ရသော စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများ"* တွင် ကြည့်ပါ။

ကြသည်။ မူတြော်ခရိုင်မှ KDHW ဥက္ကဋ္ဌက ဤသို့ ရှင်းပြခဲ့သည်။ *"နိုင်ငံတကာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ အနေနဲ့က လုံခြုံရေးကြောင့် [ကရင်ပြည်နယ်ထဲကို] သူတို့ကိုယ်တိုင် မဝင်ကြဘူး။ သူတို့က ကျွန်တော်တို့ကို ကူညီတဲ့ CBO/CSO တွေနဲ့ ပူးပေါင်းဆောင်ရွက်ကြတယ်။"*

တွေ့ဆုံမေးမြန်းမှုများတွင် မေးခွန်းဖြေကြားသူများဖော်ပြခဲ့သည့် ကျေးလက်တိုင်းရင်းသားဒေသများတွင် လုပ်ငန်းဆောင်ရွက်နေသော အခြားသောအဖွဲ့အစည်းများတွင် Free Burma Rangers (FBR)၊ ထိုင်းနိုင်ငံရှိ တခ--- ဘာသာရေးအဖွဲ့အစည်း၊ တရ--- ပံ့ပိုးရေးအဖွဲ့တို့ ပါဝင်သည်။ ဤအဖွဲ့အစည်းများသည် ကျန်းမာရေး၊ အစားအသောက်နှင့် ငွေကြေးပံ့ပိုးမှုများအား အဓိကပံ့ပိုးပေးကြသည်။ မူတြော်ခရိုင်မှ KDHW ဥက္ကဋ္ဌ စောဘဇ--- မှ ဤသို့ မှတ်ချက်ပြုခဲ့သည်။ *"FBR ကတော့ [နေရာထိုင်ခင်းအတွက်] အမိုး၊ လိုအပ်တဲ့အစားအသောက်နဲ့ ကျန်းမာရေးပိုင်းကို တာဝန်ယူကြတယ်။ သူတို့က နေရာဒေသတိုင်းမှာ ကူညီပံ့ပိုးမှု လုပ်ပေးတယ်။ [...] သူတို့က ဖြစ်ရပ်ဖြစ်ပွားတဲ့ နေရာတွေကိုလည်း သွားပြီး ပြည်သူတွေကို အားပေးတာ ဆုတောင်းပေးတာတွေ လုပ်ကြတယ်။ သူတို့က [လိုအပ်တဲ့] ကျန်းမာရေးစောင့်ရှောက်မှုတွေပေးပြီး သူတို့ရောက်တဲ့ နေရာတိုင်းမှာ ပြည်သူတွေကို ပျော်ရွှင်အောင် လုပ်ပေးကြတယ်။ သူတို့က ပြည်သူတွေအတွက် ဆုတောင်းပေးတယ်။ ကူညီထောက်ပံ့မှုတွေ ပေးတယ်။ အားပေးတယ်။ အဝတ်အစားတွေလည်း ပေးတယ်။ FBR က ဒါကိုပုံမှန်လုပ်တယ်။ သူတို့က ဒါမျိုးတွေကို ဟိုးအရင်ကတည်းက လုပ်ကြတယ်။ ထိခိုက်မှုတွေ ဖြစ်လေလေ သူတို့တွေ [ကူညီဖို့] သွားလေလေပဲ။"*

အချို့သော ကျေးလက်ဒေသများတွင် သွားလာနိုင်သည့်လမ်းများ မရှိခြင်း၊ ရွှေ့ပြောင်းနေထိုင်သည့် နေရာများမှာ ဝေးလံခေါင်ဖျားခြင်း သို့မဟုတ် စစ်ကောင်စီ စစ်ဆေးရေးဂိတ်များကြောင့် ပစ္စည်းအကူအညီများပေးရန် အလွန်ပင် ခက်ခဲသည်။ အသွားအလာကန့်သတ်မှုများ၊ ဈေးဆိုင်များ၊ ဈေးများနှင့် ကုန်ပစ္စည်းမလုံလောက်မှုများကြောင့် ငွေကြေးပံ့ပိုးမှုသည်လည်း တခါတရံတွင် ထိရောက်မှုမရှိဖြစ်တတ်သည်။ အချို့နိုင်ငံတကာ အဖွဲ့အစည်းများသည် ဒေသတွင်းအဖွဲ့အစည်းများအား အရေးပေါ် ဆေးဝါးကုသရန် အမြန်လိုအပ်သူများကိုသာ ဦးစားပေး ကူညီပံ့ပိုးစေသည့်အတွက် ရွာသားအားလုံးမှာ ထိုအကူအညီများကိုမရရှိသည့်အပြင် အခြားအကာအကွယ်ပေးရန် လိုအပ်ချက်များကိုလည်း ဖြေရှင်းပေးနိုင်ခြင်း မရှိပါ။

## အခန်း ၃.၂။ အခြားသော အကာအကွယ်ပေးမှုဆိုင်ရာ လိုအပ်ချက်များနှင့် ရွာသားများ၏ လိုအပ်ချက်များ

ရွာသားများသည် အခြေခံလိုအပ်သည့် ပစ္စည်းများဖြစ်သော အိပ်ယာများ၊ စောင်များ၊ နေရာထိုင်ခင်းအတွက် ဆောက်လုပ်ရေးပစ္စည်းများ၊ အခြေခံစားသောက်ကုန်များ၊ တကိုယ်ရေသန့်ရှင်းရေးပစ္စည်းများနှင့် ဆေးဝါးများ စသည့် မရှိမဖြစ်လိုအပ်သည့် အရင်းအမြစ်များအား လက်လှမ်းမီနိုင်ရန်အတွက် အလွန်ပင်ခက်ခဲလျက်ရှိသည်။ ရွာသားအများစုအတွက် အရေးပေါ်ဦးစားပေး လိုအပ်ချက်များသည် ရေရှည်လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန် မဟုတ်ပဲ လတ်တလောအသက်ရှင်သန်နိုင်ရန် အတွက်သာဖြစ်သည်။ ရွာသားများအားလုံး လေကြောင်းတိုက်ခိုက်မှုများနှင့် စစ်ဘက်ဆိုင်ရာ တိုက်ခိုက်မှုများအား ကြုံတွေ့နေရစဉ်တွင် အထူးသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် မသန်စွမ်းသူများအတွက် ထပ်လောင်းလိုအပ်ချက်များ ရှိနေသည်။ တိုက်ပွဲများကြားတွင် အမျိုးသမီးများနှင့် အမျိုးသားများသည် ၎င်းတို့၏ လိင်ကွဲပြားမှုအရ မတူညီသည့် လိုအပ်ချက်များ ရှိနေတတ်သည်။

### ၃.၂.၁။ ကလေးသူငယ်များ၏ လိုအပ်ချက်များနှင့် ကလေးသူငယ်အခွင့်အရေး ချိုးဖောက်မှုများ

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများသည် ကလေးသူငယ်များ၏ ဘဝများအပေါ် ဆိုးဆိုးရွားရွား သက်ရောက်လျက်ရှိသည်။ လေကြောင်းတိုက်ခိုက်မှုများနှင့် အကြမ်းဖက်မှုများမှ မိသားစုဘဝ၊ ပညာရေး၊ စိတ်ကျန်းမာရေးနှင့် ကလေးသူငယ်များ၏ လုံခြုံရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိပြီး အလွန်ဆိုးရွားသည့် အခက်အခဲစိန်ခေါ်မှုများနှင့် မရေရာမသေချာသော အနာဂတ်များအား တွေ့ကြုံနေရသည့် မျိုးဆက်တစ်ခုကို ဖန်တီးလျက်ရှိသည်။ လေကြောင်းတိုက်ခိုက်မှုများသည် ကလေးသူငယ်များအား သေစေခြင်း၊ ခြေလက်ဆုံးရှုံးမှုများကို စိုးရိမ်ရသည့် အတိုင်းအတာတစ်ခုအထိ ဖြစ်ပွားစေလျက်ရှိသည်။ ကျန်းမာရေးဝန်ထမ်းများမှ

ကြုံတွေ့ရသည့် အခက်အခဲများဖြစ်သော အချို့သောနေရာများသို့ မရောက်ရှိနိုင်ခြင်း၊ အရင်းအမြစ်နှင့် အထောက်အကူပစ္စည်း မလုံလောက်ခြင်း၊ ဗမာစစ်တပ်မှ လူသားချင်းစာနာမှု ကူညီပံ့ပိုးမှုများအား တားမြစ်ပိတ်ဆို့ခြင်းတို့ကြောင့် ထိခိုက်သေဆုံးမှုနှုန်း ပိုမိုတိုးမြင့်လာစေသည်။

တိုက်ခိုက်မှုများ၏ ဖျက်အားပြင်းထန်ခြင်း၊ နေအိမ်များနှင့် လုံခြုံသောနေရာများအား ဖျက်ဆီးခြင်းနှင့် ၎င်းတို့အား မိသားစုနှင့် ခွဲခွာစေခြင်းသည် ကလေးသူငယ်များအား စိတ်ဒဏ်ရာပိုမိုရရှိစေပြီး စိတ်မတည်ငြိမ်မှုနှင့် ထိတ်လန့်မှု ပိုမိုခံစားရစေသည်။ ပညာရေး အဆောက်အအုံများအား ဦးတည်ပစ်မှတ်ထား တိုက်ခိုက်ခြင်း၊ လေကြောင်းတိုက်ခိုက်မှုဖြင့် အမြဲတစေခြိမ်းခြောက်ခြင်းများသည် ကလေးသူငယ်များ၏ ပညာသင်ကြားခွင့်အပေါ် သက်ရောက်မှုရှိစေသည်။ ဤတိုက်ခိုက်မှုများသည် ကလေးများအတွက် လုံခြုံပြီး အရည်အသွေးပြည့်မီသည့် ပညာရေးအခွင့်အလမ်းများ၊ အတူတကွစုဝေးခြင်းများ၊ ပင်ကိုယ်အရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြေးခုန်ကစားခြင်းများကို ဟန့်တားလျက်ရှိသည်။ ထိုအခြေအနေများသည် ကလေးများ ကျောင်းတက်ရောက်နိုင်မှုနှုန်း လျော့ကျစေခြင်းအပြင် ကျောင်းများပိတ်သိမ်းရသည်အထိ ဖြစ်စေပါသည်။

လေကြောင်းတိုက်ခိုက်မှုများသည် ကလေးများအား ၎င်းတို့၏ မိသားစုများ၊ လူမှုအသိုက်အဝန်းများနှင့် ဝေးကွာစေပြီး ကလေးများအနေနှင့် ၎င်းတို့၏ မိသားစုများ၊ လူမှုအသိုက်အဝန်းများနှင့် လုံခြုံသည့် နေရာများတွင် ပြန်လည်ဆုံဆည်းနိုင်ရန် အခက်အခဲရှိသည်။ ကျောင်းသားအများစုမှာ တဦးတည်းထွက်ပြေးရပြီး ၎င်းတို့နှင့်အတူ ပစ္စည်းအနည်းငယ်သာ သယ်ဆောင်ခွင့်ပေးထားသည့်အတွက် ၎င်းတို့အနေနှင့် ပညာဆက်လက် သင်ကြားနိုင်ရန် အခက်အခဲများ ရင်ဆိုင်ရသည်။ ဤအခြေအနေများကြားတွင် လူမှုအသိုက်အဝန်းများမှ ယာယီစာသင်ဆောင်များ ဆောက်လုပ်ခြင်း၊ စာသင်ချိန်အား မတင်းကြပ်ခြင်းတို့ဖြင့် ကလေးများ ဆက်လက်ပညာသင်ကြားနိုင်ရန်အတွက် ကြိုးစားကြသည်။ အချို့ကလေးများသည် ပညာဆက်လက်သင်ယူနိုင်ရန် တတိယနိုင်ငံများသို့ တဦးတည်းထွက်ခွာကြရသည်။ ထိုသို့ပညာရေးအစီအစဉ်များတွင် ကရင်ဘာသာစကားနှင့် ယဉ်ကျေးမှုများ မပါဝင်သကဲ့သို့ အချို့မှာ အိမ်နီးချင်းနိုင်ငံများတွင် ခွဲခြားဆက်ဆံမှုများ ရင်ဆိုင်ကြုံတွေ့ရသည်။



ဤပုံကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ရိုက်ယူခဲ့ပါသည်။ ပုံတွင် ထိုင်း-မြန်မာနယ်စပ်အနီးရှိ ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ ဖလူးကျေးရွာအုပ်စုရှိ တမ--- ထွက်ပြေးတိမ်းရှောင်စခန်းတွင် နေထိုင်ကြသော တလ--- ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်လာသူများကို ဖော်ပြ ထားပါသည်။ လေးကေ့ကော်နယ်မြေတွင် SAC နှင့် BGF ပူးပေါင်းတပ်ဖွဲ့နှင့် KNLA တပ်ဖွဲ့တို့ကြား တိုက်ပွဲဖြစ် ပွားပြီးနောက်ဆက်တွဲအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် SAC သည် ထိုဒေသ အတွင်းသို့ စစ်ကြောင်းထိုးမှုနှင့် လေကြောင်း တိုက်ခိုက် မှုများ ပြုလုပ်ပြီးနောက် ခန့်မှန်းခြေအားဖြင့် လေးကေ့ကော် နယ်မြေ အပါအဝင် ဖလူးကျေးရွာအုပ်စုမှ ရွာသား ၁,၀၀၀ ခန့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ *(ဓာတ်ပုံ- KHRG)*

## ၃.၂.၂။ ရွာသားများ၏ ကျားမအလိုက် လိုအပ်ချက်များ

ကရင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများနှင့် လေကြောင်းတိုက်ခိုက်မှုများက အမျိုးသမီးများနှင့် အမျိုးသားများအပေါ် ထိခိုက်မှုရှိပြီး ရှိနှင့်ပြီးသော လိုအပ်ချက်များအပြင် ကျားမဖြစ်တည်မှုအပေါ် မူတည်၍ စိန်ခေါ်မှုအခက်အခဲအသစ်များအား ဖြစ်စေပါရှိသည်။

### ဝန်ထုပ်ဝန်ပိုးများ နှစ်ဆတိုးမြင့်လာခြင်း။ ။ပြုစုစောင့်ရှောက်ရခြင်းနှင့် လုပ်ကိုင်ကျွေးမွေးရခြင်း

ကရင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများ၏ သက်ရောက်မှုတစ်ခုမှာ ဆွေမျိုးသားချင်းများ ဆုံးပါးသွားသောကြောင့် ကျန်ရစ်သူမိသားစုဝင်များအတွက် ပြုစုစောင့်ရှောက်ရန် တာဝန်များပိုလာခြင်းဖြစ်သည်။ အမျိုးသမီးများသည် ကလေးများနှင့် သက်ကြီးရွယ်အိုများအား အဓိကပြုစုစောင့်ရှောက်ကြရသူများ ဖြစ်သည်။ သို့သော်လည်း အမျိုးသမီးများသည် မုဆိုးမဖြစ်သွားသည့်အခါ၊ ပံ့ပိုးကူညီမည့်သူများ ဆုံးရှုံးရသည့်အခါနှင့် တကိုယ်တော်

မိခင်ဖြစ်လာသည့် အခါများတွင် အိမ်ထောင်၏ အဓိကလုပ်ကိုင်ကျွေးမွေးသူလည်း ဖြစ်လာကြသည်။ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဝဲလေကျေးရွာအုပ်စုတွင် အလုပ်လုပ်ကိုင်နေသော တကိုယ်တော် မိခင်တဦးဖြစ်သည့် ဆသ--- သည် လေကြောင်းတိုက်ခိုက်မှုကြောင့် စိုက်ခင်းများတွင် အလုပ်လုပ်ကိုင်ရလျက်ရှိပြီး သူမ၏ ရုန်းကန်ရမှုများကို ဤသို့ဖော်ပြခဲ့သည်။ *“ကျွန်မက ယောက်ျားနဲ့ ကွဲထားတယ်။ ကျွန်မမှာ ကလေးတယောက်ရှိတယ်။ အခု ကျွန်မက ကျွန်မရဲ့ ကလေးကို ရှာကျွေးရတာပေါ့။ ကျွန်မ [ဖက---] ရွာကို တလ ၁ သိန်း [၄၇.၅၉ အမေရိကန်ဒေါ်လာ] ပို့ပေးတယ်။ သူတို့တွေ အဲ့ဒါကိုရဖို့ သုံးလလောက် စောင့်ရတယ်။ အခုပြဿနာကတော့ [လခရဖို့] သူ့ငွေကို မတွေ့ရသေးတော့ ရွာကိုပိုက်ဆံမလွှဲနိုင်ဘူး။ အခုဆို လကုန်ပြီဆိုပေမယ့် ကျွန်မလခမရသေးတော့ ကျွန်မမှာ ပိုက်ဆံမရှိသေးဘူး။ အဲ့ဒီတော့ ရွာကို ပိုက်ဆံမလွှဲနိုင်သေးဘူး။”*

လူမှုအသိုက်အဝန်းမှ ကြည့်ရှုစောင့်ရှောက်ပေးထားသည့် အမျိုးသမီးများအပါအဝင် အခြားသော လုပ်ငန်းများလုပ်ကိုင်နေသည့် အမျိုးသမီးများမှာလည်း စီးပွားရေးလုပ်ငန်းဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်ကြရသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဈဟ--- ကျေးရွာမှ ရွာသူကြီးတစ်ဦးဖြစ်သော စောဘရ--- က အမျိုးသမီးများ ကြုံတွေ့ရသည့် အခက်အခဲများနှင့် အပိုကုန်ကျစရိတ်များကို ရှင်းပြခဲ့သည်။ *“ကျောင်းဆရာအများစုက အမျိုးသမီးတွေဖြစ်တယ်။ တချို့အမျိုးသမီးတွေက တောင်ပေါ်ဒေသမှာနေပြီး ကလေးအများကြီး ရှိတယ်။ ဒါကြောင့် နှစ်စဉ်ထောက်ပံ့ငွေက သူတို့ရဲ့ စားဝတ်နေရေးဖူလုံဖို့အတွက် မလုံလောက်ဘူး။ […] သူတို့က သူတို့ရဲ့ တောင်ပေါ်စိုက်ခင်းတွေနဲ့ လယ်ကွင်းတွေမှာလည်း အလုပ်လုပ်ကြရတယ်။ သူတို့ တစ်ယောက်အပေါ် တစ်ယောက် မှီခိုကြတယ်။ […] သူတို့မှာ အခက်အခဲ အများကြီးရှိတယ်။ သူတို့က ကျောင်းမှာစာသင်ပြီး ညနေကျတော့ စိုက်ခင်းထဲ လယ်ထဲမှာ အလုပ်လုပ်ကြရတယ်။”*

လူနာများကို ပြုစုစောင့်ရှောက်ရပြီး တဖက်တွင် မိမိကလေး၏ လုံခြုံရေးအတွက်လည်း တာဝန်ယူနေရသော ကျန်းမာရေးလုပ်သားများကလည်း ဤအခက်အခဲများကို ထပ်လောင်းဖော်ပြထားကြသည်။ ခလယ်လွီထူခရိုင်မှ BPHWT ဥက္ကဋ္ဌဖြစ်သော နော်ဘထ--- က ဤသို့ရှင်းပြထားသည်။ *“ကျွန်မအမြင်မှာတော့ အမျိုးသားနဲ့ အမျိုးသမီးကို ယှဉ်လိုက်မယ်ဆိုရင် အမျိုးသမီးတွေက အခက်အခဲတွေ ပိုပြီးကြုံရတယ်။ တခါတလေ ကျွန်မတို့တွေက အလုပ်လုပ်တဲ့အခါ ကလေးကိုလည်း ချီထားရတယ်။ ကျွန်မတို့ တစ်ယောက်ထဲ ခရီးထွက်ရတဲ့အခါဆိုရင်လည်း ကျွန်မတို့အတွက် ခက်ခဲတယ်။ အမျိုးသားဝန်ထမ်းတွေကျတော့ သူတို့က ကလေးချီစရာမလိုဘူး။ ဒါကြောင့် တကယ်လို့ ရုတ်တရက် တိုက်ခိုက်မှုတခုခုဖြစ်လာရင် ကျွန်မတို့က ကျွန်မတို့ရဲ့ အသက်နဲ့ ကလေးတွေရဲ့ အသက်ကို ကာကွယ်ရတယ်။ ဒါက ကွာခြားမှုပဲ။ ဒါပေမယ့် တချို့အမျိုးသမီးဝန်ထမ်းတွေက အလုပ်သွား လုပ်ရတဲ့အခါ မိသားစုကိုထားပြီး သွားလုပ်ရတာလည်း ကျွန်မတို့ တွေ့ဖူးတယ်။ […] သူတို့ ခရီးသွားရင် သူတို့မိသားစုတွေ ဘယ်လို စားသောက်နေထိုင်ကြမလဲဆိုတာကို စိုးရိမ်ကြတယ်။”* မူတြော်ခရိုင်၏ KDHW ဥက္ကဋ္ဌဖြစ်သော စောဘဗ --- က *“ကလေးမရှိတဲ့ အမျိုးသမီးကျန်းမာရေးဝန်ထမ်းတွေက အလုပ်ပိုလုပ်ရတယ်။ ဘာကြောင့်လဲဆိုတော့ ကလေးရှိတဲ့ဝန်ထမ်းတွေက ကလေးတွေကို စောင့်ရှောက်ရတယ်။ ကျောင်းထားရတယ်။ အိမ်မှုကိစ္စလည်း လုပ်ရတယ်။ ဒါကြောင့် တချို့နေ့တွေမှာ သူတို့က နေ့တစ်ပိုင်းပဲ အလုပ်လုပ်ပြီး ကလေးတွေနဲ့အိမ်ကို နေ့လည်ဆို ပြန်ကြည့်ရတယ်။”*

## နေရပ်ရွှေ့ပြောင်းနေထိုင်စဉ် ကြုံတွေ့ရသည့် အခက်အခဲများ

အမျိုးသမီးများသည် လေကြောင်းတိုက်ခိုက်မှု ကြုံလာသည့်အခါတွင် ၎င်းတို့၏ ကလေးများနှင့်အတူ ဦးစွာထွက်ပြေးရသူများဖြစ်သည့်အတွက် နေရပ်ရွှေ့ပြောင်းနေထိုင်သည့်အခါများတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများကို ရှေ့ထွက်ရင်ဆိုင် ဖြေရှင်းရလေ့ရှိသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ ဖယ--- ကျေးရွာမှ အသင်းတော် အမျိုးသမီးခေါင်းဆောင်တစ်ဦးဖြစ်သော နော်ဆတ--- က *“ကျွန်မရဲ့ မိသားစုဝင်က လေးယောက်ပါလာတယ်။ ကျွန်မရယ်၊ ကျွန်မအဒေါ်ရယ်၊ ကျွန်မကလေးနှစ်ယောက်ရယ်။ ကျွန်မအမျိုးသား ကိုတော့ အိမ်မှာ ချန်ရစ်ခဲ့တယ်။ တကယ်လို့ ကျွန်မတို့အားလုံး ပြောင်းရွှေ့လာမယ်ဆိုရင် ကျွန်မတို့ ဘာသတင်းမှ ရတော့မှာမဟုတ်ဘူး။ ဒီအခြေအနေမှာ စစ်တပ်တစ်ဖွဲ့ [စစ်ကောင်စီ စစ်သားများ] က [နေရာအနှံ့] ဖြန့်ကျက်နေတော့ ကျွန်မတို့ရဲ့ အိမ်ထဲကို သူတို့ ဝင်လာမှာစိုးတယ်။ ကျွန်မတို့မှာ ပိုင်ဆိုင်မှုလေးတွေ ရှိတယ်။ ဝက်တကောင်ရှိတယ်။ ဒါကြောင့် ကျွန်မတို့အားလုံး ရွှေ့ပြောင်းတော့ ယောက်ျားတွေကို ထားခဲ့တယ်။ သူတို့က ပြေးနိုင်တယ်။ ကျွန်မ*

*တို့က ကလေးတွေပါတော့ အရင်ဆုံး ရွှေ့ကြတယ်။”* ခလယ်လွီထူခရိုင်မှ BPHWT တာဝန်ခံဖြစ်သူ နော်ဘထ--- က ဤသို့ ထပ်လောင်းပြောခဲ့သည်။ *“မွေးကင်းစ ကလေးအမေတွေနဲ့ ကိုယ်ဝန်သည်တွေက ဘယ်လို ကြောက်စရာကောင်းတဲ့ အခြေအနေမျိုးမှာမဆို သူတို့ကလေးတွေကို စောင့်ရှောက်ကာကွယ်ပေးတာ တွေ့ရတယ်။ […] သူတို့က မိသားစုအရေး၊ ပတ်ဝန်းကျင်နဲ့ အခုသူတို့ ရင်ဆိုင်နေရတဲ့ အခြေအနေတွေထဲမှာ ရုန်းကန်နေကြရတယ်။ အပျိုလူပျိုတွေနဲ့ မတူဘူး။ […] ဥပမာ တကယ်လို့ တခုခုဖြစ်ခဲ့မယ်ဆိုရင် သူတို့က [ကလေးမရှိသူများက] သူတို့ကိုယ်သူတို့ပဲ ကြည့်ရမယ်။ ကိုယ်ဝန်သည်နဲ့ သက်ကြီး အမျိုးသမီးတွေကျတော့ တကယ်လို့ တခုခု ရုတ်တရက်ဖြစ်လာရင် [ကလေးတွေနဲ့ အတူ] ချက်ချင်း ရွှေ့ကြဖို့ ခက်တယ်။”*

မူတြော်ခရိုင်၊ ဒွေဘူးနိုဒေသမှ ဘာသာရေး ခေါင်းဆောင်တဦးက နေရပ်ရွှေ့ပြောင်းနေထိုင်ရသည့် ကိုယ်ဝန်သည် အမျိုးသမီးများနှင့်မိခင်များ ကြုံတွေ့ရသည့် အခြေအနေကို ဤသို့ ဖော်ပြခဲ့သည်။ *“ရွာသားတွေအနေနဲ့ တာလပတ်ကို တဲလုပ်ပြီးတော့ တောထဲမှာ နေကြမယ်ဆိုရင် လေကြောင်းပစ်ခတ်မှု ထပ်ဖြစ်တာနဲ့ သူတို့တွေ ပြဿနာ အကြီးကြီး ကြုံရလိမ့်မယ်။ စိုစွတ်တဲ့နေရာတွေမှာ တာလပတ်နဲ့နေရတာက အရမ်းခက်ခဲတယ်။ ဘာကြောင့်လဲဆိုတော့ မိုးကြီးရင် အဲ့ဒီနေရာတွေက မခြောက်တော့ဘူး။ ဒုတိယအနေနဲ့ မွေးကင်းစကလေး မိခင်တွေအတွက် အဲ့ဒီလို [တာလပတ်တဲထဲမှာ] နေဖို့က အရမ်းခက်ခဲမယ်။ သူတို့တွေ ဆက်ပြီးထွက်ပြေးနေရမယ်ဆိုရင် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေအတွက် ကလေးမီးဖွားဖို့ တော်တော်ခက်ခဲမယ်။”*

အမျိုးသမီးများ၏ လိုအပ်ချက်များသည် ကူညီပံ့ပိုးသည့် ဝန်ဆောင်မှုများ မရှိသည့်အတွက် ပိုမိုကြီးမားလာရသည်။ ဥပမာအားဖြင့် မမွေးဖွားမီနှင့် မွေးဖွားပြီး အချိန်များအတွက် စောင့်ရှောက်ပေးမှုများ လုံးဝမရှိပါ။ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ တန--- ကျေးရွာမှ ရွာသားတဦးဖြစ်သော စောဒအ--- က ဤသို့ ရှင်းပြခဲ့သည်။ *“သူတို့အတွက် ဘာအကူအညီမှ မရှိဘူး။ ဆေးဝါး ဒါမှမဟုတ် ဆေးပစ္စည်းလည်း ဘာမှမရှိဘူး။ ရွာထဲမှာဆို ငှက်ဖျားစစ်တဲ့ ပစ္စည်းပဲရှိပြီး ရွာသားတွေ ရောဂါကူးရင် ငှက်ဖျားဆေးပေးတယ်။ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေနဲ့ မွေးကင်းစ ကလေးမိခင်တွေအတွက် အထူးတလည် ဆေးဝါးအကူအညီမရှိဘူး။”* KDHW တာဝန်ခံတစ်ဦးဖြစ်သော စောဘဖ--- က လစဉ်သုံးပစ္စည်းများ မရှိခြင်းနှင့်ပတ်သက်၍လည်း တင်ပြခဲ့သည်။ *“အမျိုးသမီး ကျန်းမာရေးဝန်ထမ်းတွေအတွက် သူတို့ရဲ့ လိုအပ်ချက်က အမျိုးသားတွေထက် နည်းနည်းကွာခြားတယ်။ သူတို့က အမျိုးသမီးတွေဆိုတော့ […] သူတို့က [ရာသီသွေးပေါ်တဲ့] လတိုင်းလိုအပ်တယ်။ တချို့က အဲ့ဒါ [အမျိုးသမီး လစဉ်သုံး]ကို မဝယ်နိုင်ဘူး။ အရင်နှစ်တွေတုန်းက တချို့အဖွဲ့တွေဖြစ်တဲ့ KWO ၊ KDHW နဲ့ တရ--- အဖွဲ့တွေက အမျိုးသမီးတွေကို လစဉ်သုံးပစ္စည်းတွေ ပေးဝေခဲ့ဖူးတယ်။ နောက်ပိုင်းတော့ ကျွန်တော်တို့လည်း အဲ့လိုမျိုးတွေ မတွေ့ရတော့ဘူး။ […] ကျွန်တော်သိသလောက်တော့ KWO က ကိုယ်ဝန်ဆောင်အမျိုးသမီးတွေကို ကူညီပေးဖို့ အကောင်းဆုံး ကြိုးစားကြတယ်။ သူတို့က ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ၊ ကလေးတွေအတွက် အကောင်းဆုံး လုပ်ဆောင်ကြပြီး အမျိုးသမီးတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးကြတယ်။”*

ပဋိပက္ခနှင့် လေကြောင်းတိုက်ခိုက်မှုများအခြေအနေတွင် ရွာသားများအနေဖြင့်ကျားမ ဖြစ်တည်မှုအရ အမျိုးသားများအား ပိုမိုအားကိုးအားထားလေ့ရှိသည်။ မေးခွန်းဖြေကြားသူများက အမျိုးသားများအား ၎င်းတို့၏ ကျေးရွာများသို့ပြန်ရန် သို့မဟုတ် စိုက်ခင်းများတွင် အလုပ်လုပ်ကိုင်ရန်၊ မွေးမြူရေးတိရစ္ဆာန်များအား အစာပြန်ကျွေးရန်၊ ပိုင်ဆိုင်မှုများအား စီမံရန်၊ စားနပ်ရိက္ခာ ပို့ဆောင်ပေးရန် သို့မဟုတ် သတင်းအချက်အလက်များ ရယူခြင်းများကို ပြုလုပ်စေလိုပြီး ထိုအရာများက ၎င်းတို့အား ပို၍အန္တရာယ်ရှိစေသည်။ အမျိုးသားများအနေနှင့် လေကြောင်းတိုက်ခိုက်မှု ခံရသည့်အခါတွင် ၎င်းတို့တွင်ရှိသောခွန်အားနှင့် လုံခြုံသည့်နေရာသို့ ထွက်ပြေးနိုင်ကြသည်ဟု ရွာသားများက တင်ပြကြသည်။

## ၃.၂.၃။ အခြားသော အထူးအကူအညီလိုအပ်သည့်သူများ၏ လိုအပ်ချက်များ

ကရင်ပြည်နယ်ရှိ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် ကိုယ်ခန္ဓာမသန်စွမ်းသူများသည်လည်း လေကြောင်းတိုက်ခိုက်မှုအပါအဝင် လက်နက်ကိုင်တိုက်ပွဲများကြောင့် စိန်ခေါ်မှုများကို ကြုံတွေ့ခံစားကြရသည်။ ၎င်းတို့အနေဖြင့် ကိုယ်လက်လှုပ်ရှားမှုများ အကန့်အသတ်ရှိခြင်းနှင့် ကျန်းမာရေးပြဿနာများကြောင့် ထွက်ပြေးလွတ်မြောက်ရန်နှင့် လုံခြုံသည့် နေရာများသို့ ရောက်ရှိနိုင်ရန်အတွက် အလွန်ခက်ခဲစေသည်။ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား ဖျက်ဆီးခံရခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုပေးခြင်းများအား နှောင့်ယှက်ဖျက်ဆီးခံရ

ခြင်းများက ၎င်းတို့အတွက် ကျန်းမာရေး စောင့်ရှောက်မှုများအား လက်လှမ်းမီနိုင်မှုကို ဟန့်တားလျက်ရှိပြီး ၎င်းတို့အနေဖြင့်  အထူးကူညီထောက်ပံ့မှုများ ရရှိရန်ပိုမိုခက်ခဲစေသည်။ နေရပ်ရွှေ့ပြောင်းနေထိုင်သည့် နေရာများတွင် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် ကိုယ်ခန္ဓာမသန်စွမ်းသူများအတွက် အထူးလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ခြင်း မရှိပဲ ၎င်းတို့အား သီးခြားဖြစ်စေကာ လျစ်လျူရှုခြင်းခံရကြသည်။

ဥပမာအားဖြင့် လေကြောင်းတိုက်ခိုက်ခြင်းကြောင့် သက်ကြီးအမျိုးသမီးတစ်ဦးခံစားရသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကို ရွာသားတဦးက တင်ပြခဲ့သည်။ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ကွီးဒူးခေါ်ကျေးရွာအုပ်စု၊ စျဖ--- ကျေးရွာမှ စောအဘ--- က ဤသို့ ပြန်လည် ပြောပြခဲ့သည်။ *“လေကြောင်းတိုက်ခိုက်မှုလာတိုင်း နင့်အဒေါ် [သူ၏ အမျိုးသမီးကို ရည်ညွှန်းခေါ်သည်။] moriamin [သက်ကြီးသူများအတွက် ဆေးဝါး] တလုံးထိုးရတယ်။ ဘာကြောင့်လဲဆိုတော့ သူမက တချိန်လုံး [ကျန်းမာရေးပြဿနာ] ရောဂါဖြစ်နေတာ။ သူမရဲ့နှလုံးက မငြိမ်ဘူး [စိတ်ပိုင်းဆိုင်ရာ ပြဿနာရှိသည်ကို ဆိုလိုသည်။]။ ဒါကြောင့် လေကြောင်းတိုက်ခိုက်မှုလာတိုင်း သူမကို moriamin တလုံးထိုးပေးရတယ်။”*

နေရပ်ရွှေ့ပြောင်းနေထိုင်မှုသည် ရွာသားအားလုံးကြုံတွေ့ရသည့် အခက်အခဲများအား ပိုမိုဆိုးရွာလာစေပြီး အထူးသဖြင့် နာတာရှည်ရောဂါရှိသူများနှင့် အခြား အထူးလိုအပ်ချက်ရှိသူများအပါအဝင် အထူးအကူအညီလိုအပ်သူများအတွက် ပိုမိုဆိုးရွားစေသည်။ နေရပ်ရွှေ့ပြောင်းနေထိုင်စဉ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် သင့်လျော်သော ရင်းမြစ်များအား လက်လှမ်းမီနိုင်မှု မရှိခြင်းက ၎င်းတို့၏ ကျန်းမာရေးနှင့် လုံခြုံရေး အခြေအနေများအပေါ် သက်ရောက်မှု ရှိစေသည်။ နေရပ်စွန့်ခွာကြသူများအတွက် အထူးလိုအပ်သည့် အကူအညီများနှင့် ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဆောင်ရွက်ရန် အထူးလိုသည်။




ဤပုံကို ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်ရှိ ဂူတစ်ခုတွင် ရိုက်ယူခဲ့ပါသည်။ ဤနေရာသည် ၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် SAC ဗုံးကြဲတိုက်ခိုက်မှုပြီးနောက် လူသောမြို့နယ်၊ ပေးကေး ကျေးရွာအုပ်စု၊ ဒေဘူးနိုနယ်မြေရှိ ရွာသူ၊ရွာသားများ ထွက်ပြေးတိမ်းရှောင်ရာနေရာဖြစ်ပါသည်။ ပုံတွင် အသက် ၁၀၀ ကျော်ခန့်ရှိသော အဖွားအိုသည် ထွက်ပြေးတိမ်းရှောင်နေချိန်အတွင်း ဂူထဲတွင်ခိုလှုံနေပုံကို ဖော်ပြထားပါသည်။
*(ဓာတ်ပုံ- KHRG)*

## ၃.၂.၄။ ရွာသားများ၏ လိုအပ်ချက်များအား ပိုမိုဆိုးရွားစေသည့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများ

ရွာသားများသည် လက်နက်ကိုင်တိုက်ပွဲများအတွင်း လေကြောင်းတိုက်ခိုက်မှုများအပြင် အဓမ္မတပ်သားသစ်စုဆောင်းမှုများ၊ တရားလက်လွတ် ဖမ်းဆီးထိန်းသိမ်းခံရခြင်း၊ အဓမ္မနေရပ်ရွှေ့ပြောင်းနေထိုင်ခြင်း၊  ညှဉ်းပမ်းနှိပ်စက်မှုများ၊ မြေမြှုပ်မိုင်းနှင့် အပေါက်ကွဲသေးသော လက်နက်ခဲယမ်းများကျန်ရှိနေခြင်း စသည့် မရေတွက်နိုင်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကိုလည်း ရင်ဆိုင်ကြရသည်။[65] မူတြော်ခရိုင်၏ KDHW  တာဝန်ခံတစ်ဦးဖြစ်သော စောဘဖ--- က ရွာသားများ ကြုံတွေ့ခံစားရသည့် အချို့သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဤသို့ ရှင်းပြခဲ့သည်။ *“အလုပ်သွားတဲ့အခါ တကယ်လို့ ကျွန်တော်တို့ ရန်သူတွေ၊ ဗမာစစ်အာဏာရှင် [ဗမာစစ်တပ်]တွေက ကျွန်တော်တို့ကို စိုက်ခင်းထဲ၊ လယ်ထဲမှာတွေ့ရင် သူတို့က ကျွန်တော်တို့ကို ခေါ်ပြီး ကြိုးနဲ့တုတ်တယ်။ ခိုင်းတယ်။ ရိုက်တယ်။ နောင်ကျရင် ကျွန်တော့အနေနဲ့ ဒီလိုမျိုး ဖြစ်ရပ်တွေထပ်ဖြစ်မှာကို မလိုလားဘူး။ […] အရင်က သူတို့ [ဗမာစစ်တပ်တွေ] ရွာထဲကို လာပြီဆိုရင် သူတို့က ကျွန်တော်တို့ အရပ်သားတွေဆီကနေ လုယက်တာ၊*

---

65 အထက်တွင်ဖော်ပြထားသော KHRG မှ ထုတ်ဝေသော *“ငြင်းဆို၍မရနိုင်တော့သော”* တွင် ကြည့်ပါ။

*အခမ့်မဖမ်းဆီးတာ၊ ရွာသားတွေဆီကနေ ပစ္စည်းတွေတောင်းတာကို ကျွန်တော်တို့ တွေ့ဖူးတယ်။ တိရစ္ဆာန် [မွေးမြူရေးတိရစ္ဆာန်]တွေတောင် တောင်းတယ်။ [...] သူတို့ လုပ်ချင်တာလုပ်ကြတယ်။ သူတို့က အဲ့ဒါတွေကို [မွေးမြူရေးတိရစ္ဆာန်] သေနတ်နဲ့ပစ်သတ်ပြီးတော့ စားလို့မကုန်ရင် လွှင့်ပစ်လိုက်တယ်။"*

ရွာသားများသည် စစ်ကောင်စီတပ်များမှ ၎င်းတို့၏တပ်စခန်းမှနေ၍ အနီးအနားကျေးရွာများသို့ လက်နက်ကြီးပစ်ခတ်မှုများကိုလည်း ကြုံတွေ့ကြရသည်။ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ နန့်သာကွင်းကျေးရွာအုပ်စု၊ ဖထ--- ကျေးရွာမှ ရွာသားတဦးဖြစ်သော စောဆစ--- က ၎င်း၏ကျေးရွာအခြေအနေကို ဤသို့ရှင်းပြခဲ့သည်။ *"သူတို့စခန်းက အဲ့ဒီမှာ အခြေစိုက်ပြီးတော့ သူတို့က အညာစု[ကျေးရွာ]က ရွာသားတယောက်ကိုတောင် [ဒရုန်းသုံးပြီး] သတ်ပြီးပြီ။ သူတို့က လက်နက်ကြီးတွေပစ်ချတတ်တော့ ကျွန်တော်တို့တွေ ဒရုန်းတွေ့ရင် သတိထားရတယ်။ ကျွန်တော်တို့ 'ဆွီး...' ဆိုတဲ့ အသံကြားတာနဲ့ [ဖုံးခိုကျင်း] အထဲကို ချက်ချင်းပြေးရတယ်။"* ရွာသားများ၏ မြေယာများပေါ်တွင်ရှိနေသည့် မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသော လက်နက်များသည်လည်း အန္တရာယ်နှင့် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေသည်။ တောအူးခရိုင်၊ ထန်းတပင်မြို့နယ်၊ မဲပလကျေးရွာအုပ်စု၊ တပ--- ကျေးရွာမှ ဦးဒဘ--- က ဤသို့ရှင်းပြခဲ့သည်။ *"သူတို့ [စစ်ကောင်စီ] က [မြေမြှုပ်မိုင်း] တွေထောင်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ နွားတွေ ဖုံးထိပြီး သေကြတယ်။ ပြီးတော့ ကျွန်တော်တို့တွေ မိုင်းရှင်းလင်းရေးလုပ်တာ မပြီးသေးဘူး။ ကျွန်တော်တို့ မြေမြှုပ်မိုင်း [တော်တော်များများ]တော့ ရှင်းပြီးပြီ။ ဒါပေမယ့် တချို့ကျန်သေးတယ်။ အရင်နေ့က နွားတွေမိုင်းနင်းမိလို့ မိုင်းသုံးလုံးပေါက်ကွဲခဲ့တယ်။"*

## အခန်း ၄။ ။ရွာသားများ၏ အမြင်များနှင့် တောင်းဆိုချက်များ

ဤအစီရင်ခံစာအတွက် မေးခွန်းများဖြေကြားခဲ့သည့် ရွာသားများက စစ်ကောင်စီမှ ပြည်သူများ နေထိုင်သည့် အရပ်ဒေသတွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေခြင်းက မှားယွင်းပြီး ဥပဒေနှင့် မညီညွတ်ဟု ယုံကြည်ကြသည်။ လက်နက်ကိုင်ပဋိပက္ခများအတွင်း စစ်ရေးပစ်မှတ်များအား ခွဲခြားရန်နှင့် ၎င်းတို့၏ကျေးရွာများ၊ ပြည်သူပိုင် အဆောက်အအုံများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းမပြုလုပ်ရန် ရွာသားများက တောင်းဆိုကြသည်။ ရွာသားများအနေနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်း သို့မဟုတ် ဒုက္ခသည်အဖြစ် ခံယူခြင်းများ မပြုလုပ်လိုကြပေ။ ၎င်းတို့အနေနှင့် ပြင်ပကူညီထောက်ပံ့မှုများအပေါ် မှီခို၍ မနေချင်ပေ။ သို့သော်လည်း နိုင်ငံတကာ အသိုင်းအဝိုင်း၏ အကာအကွယ်ပေးမှုများကို အရေးပေါ် လိုအပ်နေကြောင်း တသမတ်တည်း အသိအမှတ်ပြုကြသည်။ စစ်ကောင်စီ၏ ဝန်ထမ်းများအပါအဝင် စစ်ကောင်စီ၏ ခေါင်းဆောင်များအား ၎င်းတို့ကျူးလွန်သည့် ပြစ်မှုများအတွက် အရေးယူရန် လိုအပ်ကြောင်း ရွာသားအများစုက ဖော်ပြခဲ့ကြသည်။ စစ်အာဏာရှင်စနစ်အား အဆုံးသတ်ရန်၊ ၎င်းတို့၏ ဒေသများမှ စစ်ကောင်စီတပ်များ နုတ်ထွက်ရန်နှင့် လေကြောင်းတိုက်ခိုက်မှုများအား ရပ်တန့်ရန်အတွက် ရွာသားများက မျှော်လင့်နေကြသည်။ ၎င်းတို့အနေနှင့် ၎င်းတို့၏ ကျေးရွာများတွင် ပြန်လည်နေထိုင်ပြီး ၎င်းတို့၏ မိသားစုများနှင့် အတူတကွ ပြန်လည်နေထိုင်ကာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်လုပ်ကိုင်ပြီး ငြိမ်းချမ်းစွာနှင့် လွတ်လပ်စွာ နေထိုင်လိုကြသည်။

### အရပ်သားများအပေါ် တိုက်ရိုက်တိုက်ခိုက်မှုများ

ဒေသတွင်း သတ်မှတ်ထားသည့် ကရင်ပြည်နယ်တွင် နေထိုင်သောရွာသားများက စစ်ကောင်စီ၏တိုက်ခိုက်မှုများသည် အရပ်သားများ၊ ၎င်းတို့၏ ကျေးရွာများနှင့် စိုက်ခင်းများအပေါ် တိုက်ရိုက်ပစ်မှတ်ထားလျက်ရှိပြီး ကြောက်လန့်ထိတ်လန့်ခြင်းများ၊ ထိခိုက်သေဆုံးမှုများနှင့် ဖျက်ဆီးမှုများဖြစ်စေသည်ဟု ယုံကြည်ကြသည်။ အထူးသဖြင့် စစ်သားများ၊ တိုက်ပွဲများ သို့မဟုတ် အနီးအနားတွင် အခြားသော စစ်ဖက်ဆိုင်ရာပစ်မှတ်များမရှိပဲ ကျေးရွာများအား တိုက်ခိုက်ခြင်းများက ၎င်းတို့အား အကြမ်းဖက်ရန်၊ နေရပ်ရွှေ့ပြောင်းနေစေရန်နှင့် ဖိနှိပ်ရန်ပြုလုပ်ခြင်းဖြစ်သည်ဟု ရွာသားများက ယုံကြည်ကြသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဈဟ--- ကျေးရွာ ရွာသူကြီးဖြစ်သော စောဘရ--- က ဤသို့ ပြောခဲ့သည်။ *"ဒါက မှန်တဲ့လုပ်ရပ်မဟုတ်ဘူး။ သူတို့တွေ တပ်စခန်းထဲကို လေကြောင်းတိုက်ခိုက်မှုလုပ်ရင် ကျွန်တော်ဘာမှ မပြောလိုဘူး။ ပြည်သူတွေနေတဲ့နေရာကို လေကြောင်းတိုက်ခိုက်မှု လုပ်တာကတော့ မှန်တဲ့လုပ်ရပ်မဟုတ်ဘူး။"*

၂၀၂၁ ခုနှစ်မှ စတင်၍ လေကြောင်းတိုက်ခိုက်မှု အသုံးပြုခြင်းက ယခင်ဖြစ်ခဲ့သည့်တိုက်ပွဲများ၊ ဖိနှိပ်မှုများမှ ခံစားရသော နာကျင်ခံစားမှုများကို ပိုမိုဆိုးရွားစေကြောင်း ရွာသားအများအပြားက ဖော်ပြခဲ့ကြသည်။ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဒေဘူးနိုဒေသ ယဟ--- ကျေးရွာမှ စောအတ--- က ဤသို့ ဖော်ပြခဲ့သည်။ *"ကျွန်တော်တို့ကြုံတွေ့နေရတဲ့ အခက်အခဲတွေကဘာကြောင့်လဲဆိုတော့ ဗမာစစ်တပ်က အာဏာကို အပြည့်အဝလိုချင်ပြီး ပြည်သူတွေနဲ့ တိုင်းရင်းသားတွေကို ဘာအခွင့်အရေးမှ မပေးချင်လို့ပဲ။ ဒါကြောင့် ဗမာစစ်တပ်ခေါင်းဆောင်တွေအနေနဲ့ အာဏာရှင်စနစ်ကို ဆက်ပြီး ကျင့်သုံးနေမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံထဲမှာ ဘယ်လိုမှ ငြိမ်းချမ်းရေး တည်ဆောက်နိုင်မှာ မဟုတ်ဘူး။"* အချို့ရွာသားများက ကရင်လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်လိုချင်ပြီး စစ်ကောင်စီ၏ ကြားဝင်စွက်ဖက်မှုများကို မလိုအပ်ကြောင်း ၎င်းတို့၏ ဆန္ဒများကို ဖော်ပြခဲ့ကြသည်။ ယခင်က လက်နက်ကိုင်ပဋိပက္ခများအားကိုယ်တိုင်ကြုံတွေ့ဖူးခြင်းမရှိသော လူငယ်မျိုးဆက်သစ်များအနေနှင့် ယခုအချိန်တွင် ၎င်းတို့၏ ကျောင်းများနှင့် လူမှုအသိုက်အဝန်းများအား တိုက်ခိုက်နေခြင်းကို မျက်မြင် ကြုံတွေ့နေရခြင်းနှင့် ၎င်းတို့၏ မရေရာသော အနာဂတ်များအတွက် စိုးရိမ်ကြောင်း ရွာသားများက အလေးအနက်ထား ပြောဆိုကြသည်။

ပဋိပက္ခအား အဆုံးသတ်ရန်အတွက် တစ်ခုတည်းသော နည်းလမ်းမှာ စစ်ကောင်စီအား အာဏာရှင်အဖြစ်မှ ဖယ်ရှားခြင်းဖြစ်သည်ဟု ရွာသားများက ယုံကြည်ကြသည်။ ရွာသားများသည် ငြိမ်းချမ်းရေးနှင့် ယခင်ကဲ့သို့ အကြောက်တရား၊ အတားအဆီးများမရှိပဲ ပြန်လည်နေထိုင်ရန်၊ အလုပ်လုပ်ကိုင်နိုင်ရန်အတွက် တသမတ်တည်း တောင်းဆိုကြသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလယ်ကျေးရွာအုပ်စု၊ ထခ--- ကျေးရွာမှ နော်ဘဒ--- က ဤသို့

ပြောခဲ့သည်။ *“ကျွန်မတို့ လွတ်လွတ်လပ်လပ် နေချင်တယ်။ လွတ်လပ်လပ်လပ် အလုပ်လုပ်ချင်တယ်။ လွတ်လွတ်လပ်လပ် သွားလာချင်တယ်။”*

## အရေးယူဆောင်ရွက်ရန်နှင့် အကာအကွယ်ပေးရန် တောင်းဆိုခြင်း

၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်အချိန်မှစ၍ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ၊ အလွန်ဆိုးရွားသည့် အကြမ်းဖက်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်း၏ အာရုံစိုက်ခြင်း၊ အကာအကွယ်ပေးခြင်းနှင့် ကူညီပံ့ပိုးမှုများ မရှိကြောင်း မကြာခဏဆိုသလို မီးမောင်းထိုးတင်ပြခဲ့ကြသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလယ် ကျေးရွာအုပ်စု၊ ထဝ--- ကျေးရွာမှ ရွာသူတဦးဖြစ်သော နော်ဘဇ--- က ဤသို့မေးခွန်းထုတ်ခဲ့သည်။ *“ဗမာအစိုးရကို သူတို့ရဲ့ လုပ်ရပ်တွေနဲ့ပတ်သက်ပြီး အရေးယူဆောင်ရွက်ပေးမယ့်သူ တယောက်လောက်ရှိလား။ တယောက်မှ မရှိတော့ဘူးလား။ နိုင်ငံတကာက ခေါင်းဆောင်တွေက မကူညီချင်ကြတော့ဘူးလား။ မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတာတွေကို နိုင်ငံတကာက ခေါင်းဆောင်တွေက ဒီလိုပဲကြည့်နေတော့မှာလား။ မြန်မာနိုင်ငံမှာဖြစ်နေတာတွေအတွက် ဘာမှမကူညီနိုင်တော့ဘူးလား။ ဒီပဋိပက္ခက မြန်မာနိုင်ငံမှာဖြစ်နေတာဆိုတော့ သူတို့နဲ့ မဆိုင်ဘူးလို့ တွေးနေကြတာလား။ သူတို့တွေ ဒီလိုတွေးတယ်ဆိုရင်တော့ ကျွန်မတို့တွေ သူတို့တွေရဲ့ အကူအညီကို လိုတယ်။”*

ရွာသားများက ကမ္ဘာ့ကုလသမဂ္ဂ၏ အဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းအား စစ်အာဏာရှင်စနစ်ကို အဆုံးသတ်ပေးရန်အတွက် တောင်းဆိုကြသည်။ နိုင်ငံတကာအစိုးရများအနေနှင့် စစ်အာဏာရှင်အား စစ်လက်နက်ပစ္စည်းနှင့် ကူညီပံ့ပိုးပေးနေခြင်းများကို ရပ်တန့်ရန်နှင့် ၎င်းတို့နှင့် ပူးပေါင်းခြင်းမပြုရန်အတွက် တောင်းဆိုကြသည်။ မူတြော်ခရိုင်တွင် လေကြောင်းတိုက်ခိုက်မှုဒဏ်ကို ကြုံတွေ့ခံစားကြရသည့် ရွာသားတစ်ဦးဖြစ်သော စောဘဂ--- က ဤသို့ ပြောခဲ့သည်။ *“ကျွန်တော့်အနေနဲ့ နိုင်ငံတကာ အစိုးရတွေကို ဗမာစစ်တပ်နဲ့ မပူးပေါင်းဖို့ အကြံပြုတောင်းဆိုချင်တယ်။ သူတို့တွေအနေနဲ့ စစ်ကောင်စီရဲ့ လေကြောင်းတိုက်ခိုက်မှုတွေကို ရပ်တန့်ပေးပြီး လက်နက်ခဲယမ်းနဲ့လေယာဉ်ဆီ ပံ့ပိုးမှုကို ရပ်တန့်ပေးမယ်လို့ မျှော်လင့်တယ်။”* ကမ္ဘာ့ခေါင်းဆောင်များအနေနှင့် အတူတကွလက်တွဲပြီး ဗမာစစ်တပ်ခေါင်းဆောင်များအား လေကြောင်းတိုက်ခိုက်မှုများနှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများလုပ်ဆောင်နေမှုအား ရပ်တန့်စေရန်အတွက် ဖိအားပေးရန်နှင့် အရေးယူဆောင်ရွက်ရန် ရွာသားများက တောင်းဆိုကြသည်။ အလျင်မြန်ဆုံး အရေးယူဆောင်ရွက်ခြင်းမရှိပါက စစ်ကောင်စီအနေနှင့် ၎င်းတို့၏ ဥပဒေမဲ့လုပ်ရပ်များအား ဆက်လက်ကျူးလွန်နေမည်ဟု ရွာသားအများစုက ယုံကြည်ကြသည်။

အာဏာသိမ်းပြီးနောက်တွင် ကုလသမဂ္ဂအနေနှင့် ကြားဝင်ဆောင်ရွက်ပြီး စစ်ကောင်စီအား လူ့အခွင့်အရေးချိုးဖောက်မှုများမပြုရန် ဖိအားပေးလိမ့်မည်ဟု အချို့ရွာသားများက မျှော်လင့်ခဲ့ကြောင်း ဖော်ပြကြသည်။ အချို့ရွာသားများမှာ နိုင်ငံတကာအသိုင်းအဝိုင်းထံမှ အရေးယူဆောင်ရွက်မှုကို ဆက်လက်မျှော်လင့်နေသည့် အချိန်တွင် ဘိတ်-ထားဝယ်မှ ဆရာမတစ်ဦးဖြစ်သော အယ--- က လေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးများသေဆုံးဒဏ်ရာရမှုများကို မျက်မြင်တွေ့ပြီးနောက်တွင် သူမအနေနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအပေါ် ယုံကြည်မှုပျောက်ဆုံးခဲ့ကြောင်း ဖော်ပြခဲ့သည်။ *“တော်လှန်ရေးစကတည်းက ကျွန်မတို့တွေ UN၊ R2P နဲ့ အာဆီယံတို့ဆီက အကူအညီကို မျှော်လင့်တောင့်တခဲ့ကြတယ်။ […] အမှန်အတိုင်းပြောရရင် သူတို့အပေါ် ဘာမျှော်လင့်ချက်မှ မထားတော့ဘူး။ […] အနာဂတ်အတွက် ကျွန်မဘာလိုချင်လဲ။ ကျွန်မအရမ်းပင်ပန်းနေပြီ။ ဒါက ချက်ချင်းကြီး တန်းဖြစ်နိုင်တဲ့လုပ်ငန်းစဉ်တော့ မဟုတ်ပေမယ့် ဒီဟာကြီး အမြန်ဆုံးပြီးဆုံးဖို့ မျှော်လင့်တယ်။”*

## လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ် အကူအညီများ

ရွာသားအများစုက ၎င်းတို့အနေနှင့် စစ်ကောင်စီ၏ တိုက်ခိုက်မှုမှ ကာကွယ်ပေးရန် ကရင်အမျိုးသားအစည်းအရုံးအား မှီခိုအားကိုးရကြောင်း တင်ပြကြသည်။ ရွာသားများအနေနှင့် လုံခြုံသည့်နေရာရှာရန်အတွက် အချိန်ရရန်၊ ၎င်းတို့အတွက် လိုအပ်သည်များကို ပြင်ဆင်နိုင်ရန်နှင့် လေကြောင်းတိုက်ခိုက်မှုမှ ၎င်းတို့အား ကာကွယ်ပေးနိုင်ရန်အတွက် စစ်ကောင်စီတပ်များမှ တိုက်ခိုက်လာနိုင်ချေရှိသည့်အခါ ကြိုတင်အသိပေးရန်နှင့် ထိရောက်သည့် ဗုံးခိုကျင်းတည်ဆောက်ပုံများအပါအဝင် လုံခြုံရေးအတွက် လိုအပ်သည့်အသိပညာပေးမှုများကို ရွာသားများက ကရင်အမျိုးသားအစည်းအရုံးမှ ခေါင်းဆောင်များအား မေးမြန်းကြသည်။ ထို့အပြင် ရွာသားများသည် ကရင်

အမျိုးသားအစည်းအရုံးမှ ခေါင်းဆောင်များအား လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်း တောင်းခံကြသည်။ ကရင်ပြည်နယ်ရှိ ရွာသားအများအပြားက စစ်အာဏာရှင်အား အတူတကွ တိုက်ထုတ်နိုင်ရန် ကရင်လူမျိုးများနှင့် ကရင်အမျိုးသားအစည်းအရုံးမှ ခေါင်းဆောင်များအကြား ညီညွတ်မှုရှိရန် တောင်းဆိုကြသည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ပတ်သက်၍ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု အကူအညီအများစုမှာ စစ်ကောင်စီထိန်းချုပ်သော မြို့များသို့သာ ရောက်ရှိသဖြင့် ရွာသားများက နိုင်ငံတကာနှင့် ဒေသတွင်း လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများအား ကျေးလက်ဒေသနှင့် တိုက်ပွဲများဖြစ်ပွားလျက်ရှိသော ဒေသများတွင်ရှိသည့် ပြည်သူများအား ဦးစားပေးရန် ရွာသားများက တောင်းဆိုကြသည်။ အဖွဲ့အစည်းများ အနေနှင့် အကူအညီပေးရာတွင် အလွန်လိုအပ်လျက်ရှိသူများအား အဓိကထားကူညီပေးရန်နှင့် လက်ရှိကူညီထောက်ပံ့မှုများမှာ ကရင်ပြည်နယ်အတွင်းရှိ တိုက်ပွဲဒဏ်ခံရသော ရွာသားများအားလုံးအတွက် လုံလောက်မှုမရှိကြောင်း အဓိကထားပြောခဲ့သည်။ ထို့အပြင် ရွာသားများက စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဖျက်ဆီးခြင်းခံရသော ၎င်းတို့၏ လူမှုအသိုက်အဝန်းအား ပြန်လည်တည်ဆောက်ပေးရန် တောင်းဆိုကြသည်။ ဒူးပလာယာခရိုင်မှ CIDKP အတွင်းရေးမှူးဖြစ်သော စောဃ--- အပါအဝင် အချို့ရွာသားများက အိမ်နီးချင်းနိုင်ငံများတွင် ခိုလှုံမှုတောင်းခံကြသည်။ ၎င်းက *"ကျွန်တော့်ရဲ့ ပြည်သူတွေ [ရွာသားတွေ]က သူတို့ရဲ့ နေရပ်နဲ့ နိုင်ငံ [ကရင်ပြည်နယ်] ကို ပြန်ချင်ကြတယ်။ သူတို့က အရင်ကလို ဌာနေတိုင်းရင်းသားတွေလိုပဲ နေချင်ကြတယ်။ [...] ကျွန်တော်တို့ အခုနေနေတဲ့ [ထိုင်းနိုင်ငံ] နေရာက တခြားသူတွေရဲ့နိုင်ငံလေ။ ကျွန်တော်တို့က ယာယီခိုလှုံတာပဲ။ ကျွန်တော်တို့က အကြောက်တရားနဲ့နေရတယ်။ ကျွန်တော်တို့တွေ ညဖက်ဆိုရင် ကြောက်လို့ ခါတ်မီးမထွန်းရဲဘူး။ ကျွန်တော်တို့ကို ထိုင်းတွေ [အာဏာပိုင်တွေ] တွေ့ရင် ပြန်ပို့မှာ [နေရပ်ပြန်လည်ပို့ဆောင်ခြင်း] စိုးတယ်။ ဒါကြောင့် ကျွန်တော်တို့ ကြောက်တယ်။ ထိုင်း [အာဏာပိုင်]တွေအနေနဲ့ ကရင်လူမျိုးတွေအတွက် စဉ်းစားပြီးတော့ ဗမာ [စစ်တပ်]ကို ဒီလိုလုပ်ရပ်တွေကို ရပ်တန့်ဖို့ ဖိအားပေးစေချင်တယ်။"*

ရွာသားများက ၎င်းတို့အနေနှင့် နေရပ်ရွှေ့ပြောင်း၍သာ နေထိုင်နေခြင်း သို့မဟုတ် ပြင်ပထောက်ပံ့မှုများပေါ်တွင် မှီခိုနေသူများ မဖြစ်လိုကြောင်းနှင့် အသက်ရှင်သန်ရန်အတွက် ၎င်းတို့၏ ကိုယ်ပိုင်နည်းလမ်းများအား ထိန်းသိမ်းရန် အရေးကြီးကြောင်း အလေးထားပြောခဲ့သည်။ ဒူးပလာယာခရိုင်၊ ဝေါ်ရေမြို့နယ်၊ ထီးဖထောကျေးရွာအုပ်စု၊ ယခ--- ကျေးရွာမှ ရွာသူတစ်ဦးဖြစ်သော နော်အထ--- က ဤသို့ပြောခဲ့သည်။ *"ကျွန်မတို့ ဒီလိုပဲ ဆက်သွားမယ်ဆိုရင် ကျွန်မတို့ မသန်စွမ်းတဲ့သူတွေလို ဖြစ်သွားလိမ့်မယ်။ [...] အသက်ရှင်သန်ဖို့ တခြားသူတွေကျွေးတာနဲ့ တခြားသူတွေ စောင့်ရှောက်ပေးတာကိုပဲ မျှော်လင့်ပြီး နေနေကြတာ။ ကျွန်မတို့ ဒီလိုသာ နှစ်ပေါင်းများစွာ နေရမယ်ဆိုရင် ကျွန်မတို့ လွတ်မြောက်နိုင်မှာ မဟုတ်ဘူး။ [...] ကူညီမှုတွေအပေါ်မှီခိုတာ အကျင့်ပါသွားရင် တခြားလူတွေထက် နောက်ကောက်ကျတဲ့ အသိုက်အဝန်းတခု ဖြစ်လာလိမ့်မယ်။ တခြားသူတွေရဲ့ နှာခေါင်းနဲ့ အသက်ရှူရလိမ့်မယ်။"* ကာလကြာရှည်စွာ နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့သည့် သမိုင်းကြောင်းကို ပြန်လည်သုံးသပ်၍ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဘောသေထကျေးရွာအုပ်စု၊ ဖန--- ကျေးရွာ၊ ဒေဘူးနိုဒေသမှ ရွာသူတဦးဖြစ်သည့် နော်အဝ--- က *"ကျွန်မအနေနဲ့ ကျွန်မရဲ့လူမျိုး၊ နိုင်ငံနဲ့တိုင်းရင်းသားအဖွဲ့ကို နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းကနေ လွတ်မြောက်စေချင်တယ်။"*

## တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု

နိုင်ငံတကာ၏ အရေးယူဆောင်ရွက်မှုမရှိခြင်းနှင့် ပတ်သက်၍ စိုးရိမ်သဖြင့် အရပ်သားများအား အကာအကွယ်ပေးရန်အတွက် တိကျသေချာသည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အခြေအနေများအား မှတ်တမ်းရယူရန်နှင့် တင်ပြပေးရန်အတွက် ရွာသားများက တောင်းဆိုကြသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများအား ရွာသားများမှတင်ပြရန် အဟန့်အတားများရှိသည့်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများက ကရင်ပြည်နယ်အတွင်းရှိ ရွာသားများ၏ အတွေ့အကြုံများကို မျှဝေပေးရန်၊ ၎င်းတို့၏အခွင့်အရေးအတွက် စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ပေးရန်နှင့် ရှေ့ဆက်ပြီး အခွင့်အရေး ချိုးဖောက်မှုများမှ ကာကွယ်ပေးနိုင်ရန်အတွက် လုပ်ဆောင်ကြရန် ဖော်ပြကြသည်။ ဒေဘူးနိုဒေသ၊ ယဟ--- ကျေးရွာမှ ရွာသားတဦးဖြစ်သော စောအတ--- က ဤသို့ဖော်ပြခဲ့သည်။ *"ဒီလို လေကြောင်းတိုက်ခိုက်မှုတွေ၊ လက်နက်ကြီးပစ်ခတ်မှုတွေနဲ့ စစ်ကောင်စီရဲ့ လှုပ်ရှားမှုတွေဆက်ရှိနေမယ်ဆိုရင် ရွာသားတွေရဲ့ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းတွေ*

*အတွက် အခက်အခဲနဲ့ စိန်ခေါ်မှုတွေ ပိုပြီးများလာနိုင်တယ်။ [...] ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ လူ့အခွင့်အရေး အဖွဲ့အစည်းတွေကို ကျွန်တော်တို့ရဲ့ အခြေအနေတွေကို တင်ပြစေချင်တယ်။ ကျွန်တော်တို့ကို စာနာသနားပြီး ဒုက္ခရောက်နေချိန်မှာ အကူအညီပေးစေချင်တယ်။ ဒီလိုမှမဟုတ်ရင် ဒေသခံရွာသားတွေရဲ့ဘဝက အလွန်ကိုခက်ခဲလိမ့်မယ်။"*

တိုက်ပွဲများနှင့် တရားလက်လွတ်တိုက်ခိုက်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိခြင်းများနှင့် ပတ်သက်၍ ရွာသားများအနေနှင့် အလွန်အမင်းစိုးရိမ်လျက်ရှိသည်။ အချို့ရွာသားများက ဤသို့သော တိုက်ခိုက်မှုများအား တားမြစ်ထားသည်ကိုသိရှိကြပြီး စစ်အာဏာရှင်အား ၎င်းတို့ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ယူရန် နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် ဆောင်ရွက်ပေးရန် တောင်းဆိုကြသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့၌ ထဝ--- ကျေးရွာတွင် ဖြစ်ပွားခဲ့သည့် လေကြောင်းတိုက်ခိုက်မှုအား မျက်မြင်ကြုံတွေ့ခဲ့ရသည့် နော်ဘဇ--- က *"[အရပ်သားတွေကို ပစ်မှတ်ထားတိုက်ခိုက်တာနဲ့ပတ်သက်ပြီး] ဥပဒေရှိတာ ကျွန်မတို့သိတယ်။ ပြီးတော့ သက်ဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့ ဗမာစစ်တပ်ကို အပြစ်ပေး၊ အရေးယူပေးဖို့ တောင်းဆိုချင်တယ်။ အခုကျွန်မတို့ရွာကိုကြည့်မယ်ဆိုရင် သူတို့အကြောက်ဆုံးက လေယာဉ်က ပစ်ချလိုက်တဲ့ လက်နက်ကြီးတွေပဲ။ ဒါက အန္တရာယ်အရှိဆုံးပဲ။ ဒါကြောင့် ဖြစ်နိုင်မယ်ဆိုရင် ကျွန်မအဲ့ဒါတွေကို မကြုံတွေ့ချင်တော့ဘူး။ ဒါကြောင့် အဖွဲ့အစည်းတွေနဲ့ အာဏာပိုင်တွေက ကျွန်မတို့ကို ဒီလိုနည်းနဲ့ ကူညီပံ့ပိုးပေးနိုင်မယ်ဆိုရင် လေကြောင်းတိုက်ခိုက်မှု ရပ်တန့်သွားလိမ့်မယ်။"*

ရွာသားများက ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် လွတ်လပ်မှုအတွက် မျှော်လင့်ကြောင်း တညီတညွတ်တည်း ဖော်ပြကြသည်။ ရွာသားများ မြင်တွေ့လိုသည့်ငြိမ်းချမ်းရေးမှာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်း၍ ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်နေထိုင်ကာ လုပ်ကိုင်စားသောက်ကြပြီး ၎င်းတို့၏ မိသားစုများ လူမှုအသိုက်အဝန်းများနှင့် အတူတကွ ပြန်လည်ပေါင်းစည်း နေထိုင်ကြခြင်းဖြစ်သည်။ ဒေဘူးနိုဒေသမှ ဘာသာရေးခေါင်းဆောင်တစ်ဦးက ဤသို့ဖော်ပြခဲ့သည်။ *"ကရင်လူမျိုးတွေအနေနဲ့ နှစ်ပေါင်းများစွာ ရင်ဆိုင်ဖြတ်သန်းလာရတဲ့ အကြမ်းဖက်မှုနဲ့ ဖိနှိပ်မှုတွေက ကင်းဝေးဖို့ ကျွန်တော်တို့က မျှော်လင့်တယ်။"*

# နိဂုံးချုပ်နှင့် ဆွေးနွေးချက်များ

၂၀၂၁ ခုနှစ် အာဏာသိမ်းသည့် အချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (စစ်ကောင်စီ)မှ ဒေသတွင်း သတ်မှတ်ထားသည့် ကရင်ပြည်နယ်တလျှောက်လုံးတွင် လေကြောင်းတိုက်ခိုက်မှုများအသုံးပြု၍ အကြမ်းဖက်မှုများနှင့် ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။ ထိုသို့ကြီးမားသည့် တိုက်ခိုက်မှုများရှိသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသည့် ဤတိုက်ခိုက်ဖျက်ဆီးမှုများနှင့် လူမှုအသိုက်အဝန်းအပေါ် သက်ရောက်သည့် ထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်သော သတင်းအချက်အလက်မှာ အနည်းငယ်သာရှိသည်။ ဤအစီရင်ခံစာတွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အရပ်သားများစွာ သေဆုံး၊ ဒဏ်ရာရခြင်းများအပါအဝင် ထိခိုက်ပျက်စီးမှုများ၊ နေအိမ်များ၊ ကျောင်းများ၊ ဆေးခန်းများနှင့် ဘာသာရေးအဆောက်အအုံများအပါအဝင် ကျေးရွာများ ဖျက်ဆီးခံရခြင်းများ၊ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ဓါတ်ရေးရာ ထိခိုက်ပျက်စီးမှုများ၊ လူပေါင်းများစွာ နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝများအပေါ် ကြီးမားသည့် ထိခိုက်စေမှုများကို ဖော်ထုတ်တင်ပြထားသည်။ ဤအစီရင်ခံစာတွင် ရွာသားများအသုံးပြုသည့် နည်းဗျူဟာများနှင့် လက်လှမ်းမီနိုင်သည့် အထောက်အပံ့များကိုလည်း ဆက်စပ်ဖော်ပြထားသည်။ ဤအစီရင်ခံစာတွင်တွေ့ရှိချက်များအရ စစ်ကောင်စီ၏ဥပဒေမဲ့တိုက်ခိုက်နေမှုများအား အဆုံးသတ်ရန်နှင့် ကရင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းများအပေါ် ပြင်းထန်စွာထိခိုက်စေမှုများအား လျှော့ချနိုင်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် ခိုင်မာသည့် အရေးယူဆောင်ရွက်မှုများကို ချက်ချင်းဆောင်ရွက်ရန် လိုအပ်သည်။

## စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ထိခိုက်မှုများ

ဤအစီရင်ခံစာအတွက် စုဆောင်းထားသော သက်သေများအရ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် စစ်ကောင်စီမှ ကျူးလွန်သည့် လေကြောင်းတိုက်ခိုက်မှုများက ရွာသားများ၊ ၎င်းတို့၏ အဆောက်အဦးများနှင့် ပြည်သူပိုင်အဆောက်အဦးများအား ဦးတည်ပစ်မှတ်ထားသည်ကို ပြသနေသည်။ စစ်ကောင်စီသည် လေကြောင်းတိုက်ခိုက်မှုအား နည်းလမ်းမျိုးစုံဖြင့် ပုံမှန်မဟုတ်သောနည်းလမ်းများနှင့် လုပ်ဆောင်ကြသည်။ အချို့အခြေအနေများတွင် ရွာသားများနှင့် ၎င်းတို့၏ ဒေသတွင်းအဆောက်အဦးများတွင် ဗုံးအနည်းငယ်ဖြင့် တိုက်ရိုက်ပစ်ခတ်ခဲ့ပြီး အချို့အခြေအနေများတွင် ကျေးရွာများစွာနှင့် စိုက်ခင်းများစွာပါဝင်သော ကျယ်ပြန့်သည့် နေရာဒေသများအား ဗုံးကျဲ၍ အပြင်းအထန်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ အချို့သောတိုက်ခိုက်မှုများအား တိုက်ပွဲဖြစ်နေစဉ် ကာလအတွင်း ပြုလုပ်ခဲ့ပြီး အချို့တိုက်ခိုက်မှုများအား တိုက်ပွဲများ၊ တော်လှန်ရေးတပ်သားများ အနီးဝန်းကျင်တွင်ရှိမနေပဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ရွာသားများနှင့် ၎င်းတို့လူမှုအသိုက်အဝန်းအပေါ် တိုက်ခိုက်ခြင်းများကြောင့် ရွာသားများအနေနှင့် ထွက်ပြေးခြင်း၊ အချိန်ကာလတစ်ခုအထိ ကြာမြင့်စွာ ရွှေ့ပြောင်းနေထိုင်ခြင်း စသဖြင့် အရေးပေါ်လုံခြုံရေးနည်းလမ်းများကို အသုံးပြုကြရသည်။ ကရင်ပြည်နယ်တခုလုံးတွင် တသမတ်တည်း ရှိနေသောအရာမှာ တိုက်ခိုက်မှု ပမာဏနှင့် အကြိမ်ရေ ဖြစ်ပြီး အရပ်သားများနှင့် အရပ်သားများ၏ ပိုင်ဆိုင်မှု ပစ္စည်းများအား ဖျက်ဆီးခြင်းကို လျှော့ချနိုင်ရန်အတွက် စစ်ကောင်စီမှ ကြိုတင်သတိပေးခြင်း၊ သို့မဟုတ် ကြိုတင်စီစဉ်ဆောင်ရွက်ခြင်းများ မရှိခြင်းတို့လည်း ပါဝင်သည်။

ဤလေကြောင်းတိုက်ခိုက်မှုများသည် ထိခိုက်ပျက်စီးမှုများစွာရှိပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ကာ ကရင်ပြည်နယ်အတွင်း နေ့စဉ်ဘဝရှင်သန်မှုများအပေါ်တွင်လည်း သက်ရောက်မှုရှိစေသည်။ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုသည် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအပါအဝင် ရွာသားအများအပြားကို သတ်ဖြတ်ခဲ့ပြီး ၎င်းတို့ဘဝကို ပြောင်းလဲစေသည့် နာကျင်ခံစားရသော ဒဏ်ရာများပေးကာ ရွာသားများအား အလုံးအရင်းနှင့် ထွက်ပြေးစေသည်။ လေကြောင်းဖြင့် ရုတ်တရက်တိုက်ခိုက်မှုများမှ ကာကွယ်ရန် နည်းလမ်းမှာ အလွန်နည်းပါးပြီး ရွာသားများအနေနှင့် လိုအပ်သည့်ပစ္စည်းများ ယူဆောင်နိုင်ခြင်း သို့မဟုတ် ၎င်းတို့ချစ်ရသော သူများအား ကောင်းမွန်စွာသင်္ဂြိုလ်နိုင်ခြင်းမရှိပဲ ထွက်ပြေးရသည့်အတွက် မိသားစုများနှင့် လူမှုအသိုက်အဝန်းအား ကွဲကွာစေပြီး အကြောက်တရားမှာ နေရာအနှံ့စိမ့်ဝင်ပျံ့နှံ့ကာ သတိကြီးစွာ နေထိုင်ရစေသည်။ ဆေးခန်းများ တိုက်ခိုက်ခံရသည့်အတွက် ဒဏ်ရာရသူများမှာ အရေးပေါ်ဆေးကုသမှုခံယူနိုင်ရန် အခက်အခဲကြုံတွေ့ရပြီး ကျန်းမာရေးလုပ်သားများအနေနှင့် စိန်ခေါ်မှုကြီးမားသည့် အခြေအနေတွင် ဆေးဝါးပစ္စည်းလုံလောက်မှုမရှိပဲ လုပ်ငန်းများလုပ်ဆောင်ကြရသည်။ နေအိမ်များ၊ ကျောင်းများ၊ ဆေးခန်းများနှင့် ဘာသာရေး အဆောက်အဦးများ ဖျက်ဆီးခံ

ရခြင်းက လူမှုဘဝကို ပရမ်းပတာဖြစ်စေပြီး ရွာသားများနှင့် ကလေးများအတွက် နေအိမ်၊ စာသင်ကျောင်း သို့မဟုတ် ဝတ်ပြုရန်နေရာနှင့် စုဝေးရန်နေရာများ မရှိတော့ပေ။ နေရပ်ရွှေ့ပြောင်းနေထိုင်စဉ်တွင် များသောအားဖြင့် တောထဲရှိ နေထိုင်ရန် မကောင်းသော နေရာထိုင်ခင်းများနှင့် ဂူများထဲတွင် ပုန်းခိုနေထိုင်ရကာ ရွာသားများအနေနှင့် ငှက်ဖျားရောဂါ ကူးစက်မှု၊ ရေမှုဖြစ်သော ရောဂါများနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်ဆိုင်ရာ စိုးရိမ်ပူပန်မှုများ မြင့်တက်လာပြီး အမျိုးသမီးများမှာ ဆေးဝါးပစ္စည်း စုံစုံလင်လင်မရှိပဲ ကလေးမွေးဖွားကြရသည်။ နေရပ်ရွှေ့ပြောင်းနေထိုင်ရသော ရွာသားများအနေနှင့် တိုက်ခိုက်မှုအန္တရာယ်ကြုံတွေ့ရနိုင်သည့် အခြေအနေတွင် ရှိသည့်အတွက် ညအချိန်တွင် မီးမထွန်းခြင်း၊ မီးမမွေးခြင်း၊ အဝတ်အစားများချိတ်လှမ်းမှု မပြုလုပ်ခြင်းနှင့် လူနည်းစုဖြင့်သာ နေထိုင်ခြင်းဖြင့် ကာကွယ်မှုပြုလုပ်ကြသည်။ ကျေးရွာတွင်းရှိ အဆောက်အအုံများမှာ ဖျက်ဆီးခြင်းခံရပြီး ဟောင်းလောင်းသာ ကျန်သည်။

၎င်းအခြေအနေများ ကြုံတွေ့ရသော်လည်း ရွာသားများနှင့် ဒေသခံအရပ်ဖက်အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများမှ အကန့်အသတ်ဖြင့်ရှိသော အရင်းအမြစ်များအား မျှဝေပေးခြင်း၊ ဒဏ်ရာရသူများအား ကျန်းမာရေးဌာနများသို့ ပို့ဆောင်ခြင်း၊ ကလေးများ ယာယီခိုလှုံရာ နေရာများတွင် ပညာသင်ကြားခွင့် ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ တိုက်ခိုက်မှုများခံရပြီးနောက်ပိုင်းတွင် တဦးနှင့်တဦးဂရုစိုက်ပေးခြင်း စသည့်ဖြင့် လုံခြုံမှုရှိစေရန် အချင်းချင်းကူညီဆောင်ရွက်ခြင်းဖြင့် အလွန်ကြီးမားသည့် ခုခံနိုင်စွမ်းကို ပြသခဲ့ကြသည်။ သို့သော်လည်း ၎င်းတို့သည် မလုံခြုံသည့် ပတ်ဝန်းကျင်တွင် လုံလောက်သော ထောက်ပံ့မှုများမရှိပဲ နိုင်ငံတကာအသိုင်းအဝိုင်း၏ လျစ်လျူရှုခံရသည့် အခြေအနေတွင် ထိုကဲ့သို့ ဆက်လက်နေထိုင်ကြလျက်ရှိသည်။ ရွာသားများ အားလုံးနီးပါးသည် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် လွတ်လပ်မှုကို မျှော်လင့်လျက်ကြောင်း ဖော်ပြကြသည်။ ရွာသားများက ၎င်းငြိမ်းချမ်းရေးတွင် စစ်ကောင်စီအား ဖယ်ရှင်းပြီး လက်နက်ကိုင်တိုက်ပွဲများအား အဆုံးသတ်စေလိုကြသည်။

## ရှာဖွေတွေ့ရှိချက်များနှင့်ပတ်သက်၍ ဥပဒေရေးရာလေ့လာသုံးသပ်မှု

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေအရ ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များသည် အရပ်သားများ၊ အရပ်သားများ၏ ပစ္စည်းများနှင့် တိုက်ပွဲဝင်စစ်သည်များ၊ စစ်ဘက်ဆိုင်ရာပစ္စည်းများအကြား အမြဲတစေခွဲခြားရမည်။[66] အရပ်သားများအား ပဋိပက္ခ၏ အန္တရာယ်များမှ အချိန်တိုင်း အကာအကွယ်ပေးရမည်ဖြစ်ပြီး တိုက်ပွဲဝင်စစ်သည်များနှင့် စစ်ဘက်ဆိုင်ရာ အသုံးအဆောင်များကိုသာ ပစ်မှတ်ထားတိုက်ခိုက်ရမည်။[67] အရပ်သားသို့မဟုတ် အရပ်သားပိုင်ပစ္စည်းများအား တိုက်ခိုက်ခြင်းကို တားမြစ်ပြီး ထိုသို့ပြုလုပ်ခြင်းက စစ်ရာဇဝတ်မှုမြောက်ကာ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုလည်းဖြစ်သည်။[68] လက်လွတ်စပယ် မဆင်မခြင် တိုက်ခိုက်ခြင်းများ (ဖုံးကျဲတိုက်ခိုက်ခြင်း)၊ မမျှတသော တိုက်ခိုက်မှုများနှင့် စုပေါင်းပြစ်ဒဏ်ပေးခြင်း များကိုလည်း တားမြစ်ထားသည်။[69]

အရပ်သားများအား လွတ်မြောက်ခွင့်ပေးနိုင်မည့် ဖြစ်နိုင်ချေရှိသော ကြိုတင်ကာကွယ်ပေးခြင်းများ လုပ်ဆောင်ရန် ပျက်ကွက်ခြင်း၊[70] အရပ်သားများနှင့် တိုက်ပွဲဝင်စစ်သားများအား ခွဲခြားသတ်မှတ်ခြင်းမရှိပဲ ဖုံးကျဲခြင်းအပါအဝင် မဆင်မခြင် တိုက်ခိုက်မှုများ ပြုလုပ်ခြင်း၊ အရပ်သားများအား ဦးတည်ပစ်မှတ်ထား တိုက်ခိုက်မှုများ ပြုလုပ်ခြင်းတို့ကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေကို ချိုးဖောက်လျက်ရှိပြီး ဆက်လက်လည်း ချိုးဖောက်နေမည်ဖြစ်သည်။ ၎င်းအစီရင်ခံစာတွင် စစ်ကောင်စီအနေနှင့် မဆင်မခြင် တိုက်ရိုက်ပစ်မှတ်ထား တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိပြီး ထိုတိုက်ခိုက်မှုများကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးစေခြင်းနှင့် နေအိမ်များ၊ ကျောင်းများ၊ ဘုရား

[66] ဓလေ့ထုံးတမ်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ စည်းမျဉ်း အမှတ် ၁။

[67] ဓလေ့ထုံးတမ်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ စည်းမျဉ်း အမှတ် ၆၊ ၇၊ ၉၊ ၁၀။

[68] Rome Statute သဘောတူစာချုပ် အပိုဒ် ၈ (၂) (င)နှင့် အပိုဒ် (၇)

[69] ဓလေ့ထုံးတမ်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ စည်းမျဉ်း အမှတ် ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၀၃။

[70] အရပ်သားများအား ကြိုတင်အသိပေးရန် ပျက်ကွက်ခြင်း (CIHL စည်းမျဉ်း အမှတ် ၂၀)၊ အရာဝတ္ထုပစ္စည်းများသည် အရပ်သားများပိုင်သော အရာများ ဟုတ်မဟုတ် ဆန်းစစ်မှုမရှိခြင်း (CIHL စည်းမျဉ်း အမှတ် ၉)၊ သို့မဟုတ် အရပ်သားများသေဆုံးခြင်းကို ရှောင်ရှားနိုင်မည့် သို့မဟုတ် လျှော့ချနိုင်မည့် နည်းလမ်းများအား ရွေးချယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်ရန် ပျက်ကွက်ခြင်း။

ကျောင်းများ၊ ဆေးခန်းများနှင့် ဘုန်းကြီးကျောင်းများ အပါအဝင် လူမှုအဖွဲ့အစည်းတစ်ခုလုံးအား ဖျက်ဆီးလျက် ရှိကြောင်းကို သက်သေများ တင်ပြထားသည်။ ထို့အပြင် စစ်ကောင်စီမှ ကလေးများအပေါ် ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား ကျူးလွန်လျက်ရှိပြီး[71] ထိုအထဲတွင် သတ်ဖြတ်ခြင်း၊ ကိုယ်လက်အင်္ဂါ ထိခိုက်ကျိုးပဲ့စေခြင်း၊ ကျောင်းများနှင့် ဆေးရုံများအား တိုက်ခိုက်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုအား ငြင်းပယ်ခြင်း[72] တို့ပါဝင်သည်။ ဤတိုက်ခိုက်မှုများသည် စစ်ရာဇဝတ်မှုမြောက်ပြီး ကရင်ပြည်နယ်တလျှောက်တွင် ၎င်းတို့၏ ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျကျူးလွန်ခဲ့သည့် တိုက်ခိုက်မှုများသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုမြောက်ကြောင်းအဆိုကို KHRG ၏ သတင်းအချက်အလက်များက အလေးအနက် ထောက်ခံလျက်ရှိသည်။ မြန်မာပြည်အရှေ့တောင်ပိုင်း၏ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်သည့်အခါ[73] တိုက်ခိုက်မှုများ၏ သဘောသဘာဝနှင့် အချိန်ကာလအရ ကရင်ပြည်နယ်အတွင်း တိုက်ရိုက်ပစ်မှတ်ထား၍ မဆင်မခြင် လက်လွတ်စပယ် တိုက်ခိုက်မှုများအား စုပေါင်းပြစ်ဒဏ်ပေးသည့် ပုံစံဖြင့် လုပ်ဆောင်နေသည်ဟု ယူဆနိုင်သည်။

ဤအစီရင်ခံစာတွင် စစ်ကောင်စီသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေအရ ဥပဒေနှင့် မညီသော တိုက်ခိုက်မှုများအား ပြုလုပ်လျက်ရှိသည့်အပြင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူမှုအသိုက်အဝန်းအပေါ် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံခွင့် (အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း[74] အပိုဒ် ၃)၊ လူတဦးချင်းစီ သို့မဟုတ် မိသားစုတစုချင်းစီ၏ အစားအသောက်၊ နေအိမ်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လိုအပ်သည့် လူမှုဝန်ဆောင်မှုများရရှိသော ကျန်းမာသည့် လူနေမှုအဆင့်အတန်းတစ်ခုရရှိခွင့် (အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၅)၊ ပညာသင်ကြားခွင့် (အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၆)၊ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် (အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၁၃)၊ လူမှုအသိုက်အဝန်းအတွင်း ယဥ်ကျေးမှု၊ ဓလေ့ထုံးတမ်းများတွင် လွတ်လပ်စွာပါဝင်နိုင်ခွင့် (အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၇) အပါအဝင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေအရ အကာအကွယ်ပေးထားသော အခွင့်အရေးများအား ဆိုးရွားစွာ ထပ်ခါတလဲလဲ ချိုးဖောက်လျက်ရှိကြောင်း ဖော်ပြနေသည်။ စစ်ကောင်စီသည် တိုက်ပွဲများအတွင်း ပြည်သူများအား အကာအကွယ်ပေးသည့် အခြားသော အပြည်ပြည်ဆိုင်ရာ ဥပဒေများဖြစ်သည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊[75] ဓာတုလက်နက်များ တားမြစ်ခြင်းဆိုင်ရာသဘောတူစာချုပ်၊[76] စစ်ပွဲများတွင်အသုံးပြုရသည့် လက်နက်ပစ္စည်းများဆိုင်ရာ သဘောတူညီစာချုပ်[77]နှင့် ၂၀၀၈ ခုနှစ် အတွဲလိုက်ပေါက်ကွဲစေတတ်သော လက်နက်ခဲယမ်းများ အသုံးပြုခြင်းဆိုင်ရာ သဘောတူညီစာချုပ်[78]များကိုလည်း လုံးဝအလေးမထားကြောင်း တွေ့ရှိရသည်။

---

71 CIHL စည်းမျဉ်း အမှတ် ၁၃၅ အား ချိုးဖောက်ခြင်း။

72 လက်နက်ကိုင်တိုက်ပွဲများအတွင်း ကလေးများအပေါ် ကျူးလွန်သည့် ဆိုးရွားသော ချိုးဖောက်မှု ခြောက်ခုအား ၁၉၉၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်၏ လက်နက်ကိုင်တိုက်ပွဲများအတွင်း ကလေးငယ်များနှင့် ပတ်သက်၍ လိုက်နာရမည့် အချက်များတွင် သတ်မှတ်ဖော်ပြထားသည်။

73 အထက်တွင်ဖော်ပြထားသော KHRG မှ ထုတ်ဝေသော "*ကျွန်တော်တို့ကိုဘာကြောင့်ပစ်မှတ်ထားရတာလဲ။*" နှင့် "*ငြင်းဆို၍မရနိုင်တော့သော*" တွင် ကြည့်ပါ။

74 ၁၉၄၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း။

75 ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်။

76 ဂျီနီဗာမြို့၊ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့၊ ဓာတုလက်နက် ထုတ်လုပ်၊ စုဆောင်း၊ အသုံးပြုမှုနှင့် ၎င်းတို့အား အသုံးပြုဖျက်စီးခြင်းအား တားမြစ်သည့် သဘောတူညီစာချုပ်။

77 ဂျနီဗာမြို့ (Geneva)၊ ၁၉၈၀ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့၊ ဆိုးရွားစွာ ထိခိုက်ဒဏ်ရာရစေသော သို့မဟုတ် အကန့်အသတ်မရှိ ထိခိုက်စေနိုင်သော စစ်လက်နက်ပစ္စည်း အသုံးပြုခြင်းအား တားမြစ် ကန့်သတ်သော သဘောတူညီစာချုပ်။

78 ၂၀၀၈ ခုနှစ်၊ မေလ ၃၀ ရက်နေ့၊ ဒပ်ဘလင်မြို့၊ ထပ်ဆင့်ပေါက်ကွဲတတ်သောလက်နက်များအား အသုံးပြုခြင်းကို တားမြစ်သည့် သဘောတူညီချက်။ မြန်မာနိုင်ငံအနေနှင့် တားမြစ်လက်နက်များ အသုံးပြုခြင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေတတ်သော လက်နက်ခဲယမ်းများအသုံးပြုခြင်းကို တားမြစ်ထားသည့် သဘောတူညီချက်စာချုပ်အား လက်မှတ်ရေးထိုးထားခြင်း မရှိသော်လည်း ထိုသို့သော ဆိုးရွားသည့် ထိခိုက်ဒဏ်ရာ ရရှိခြင်းနှင့် မလိုအပ်သော နာကျင်ခံစားမှုများကို ဖြစ်ပေါ်စေသည့် လက်နက်များ အသုံးပြုခြင်းကို CIHL တွင် တားမြစ်ထားသည်။ (CIHL စည်းမျဉ်း အမှတ် ၇၀)။

## ရှာဖွေတွေ့ရှိချက်များအား ချမှတ်ထားသော မူဝါဒများနှင့် ချိတ်ဆက်ခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ရည်ရွယ်ချက်ရှိရှိကျူးလွန်သော ရာဇဝတ်မှုများသည် ကရင်ပြည်နယ်ရှိ ဒေသခံအသိုင်းဝိုင်းများအပေါ် ဆိုးရွားသည့် ဆိုးကျိုးသက်ရောက်မှုများ ရှိကြောင်းကို နိုင်ငံတကာ အသိုင်းအဝိုင်းအနေနှင့် အသိအမှတ်ပြုပြီး အကြမ်းဖက်မှုများနှင့် အရပ်သားများအား လက်နက်ကိုင်တိုက်ခိုက်နေခြင်းများမှ ရပ်တန့်ရန်အတွက် ခိုင်မာသည့် လုပ်ဆောင်မှုများကို အရေးတကြီး လုပ်ဆောင်ရန်လိုသည်။ ထိုအထဲတွင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ မြန်မာနိုင်ငံသို့ လေယာဉ်ဆီများ ထောက်ပံ့၊ ရောင်းချ၊ သယ်ဆောင်နေမှုများကို ချက်ချင်းရပ်တန့်နိုင်ရန်အတွက် လိုအပ်သည့်လုပ်ဆောင်ချက်များ ပါဝင်သည်။ နိုင်ငံအတွင်းသို့ လက်နက်တင်ပို့မှုအား ပိတ်ဆို့ခြင်းလည်း လိုအပ်သည်။

တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေသည့်အတွက် နိုင်ငံတကာမှ သက်ဆိုင်သူများအနေနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးအပ်ခြင်းအပါအဝင် အရပ်သားများအား လေကြောင်းတိုက်ခိုက်မှုရန်မှ အကာအကွယ်ပေးနိုင်ရန် လိုအပ်သောခြေလှမ်းလှမ်းရန် လိုအပ်သည်။ ဒေသ၏ လိုအပ်ချက်နှင့်အညီ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပေးအပ်နိုင်ရန်အတွက် ရွာသားများ၏အသံများကို အသိအမှတ်ပြုရန်နှင့် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ အထူးသဖြင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသော လေကြောင်းတိုက်ခိုက်မှုများသည် ကျန်းမာရေး၊ ပညာရေး၊ စိတ်ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ အပါအဝင် ရွာသားများ၏ဘဝများအပေါ် ကြီးစွာသော သက်ရောက်မှုရှိသည်ကို နားလည်သဘောပေါက်ပြီး ထိုလေကြောင်းတိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသည့် အလွန်များပြားသည့် သေဆုံးပျက်စီးမှုနှုန်းထက် ပိုများသည့် များစွာသော ဆိုးကျိုးသက်ရောက်မှုများအား ညှိနှိုင်းအဖြေရှာသင့်သည်။ ထို့အပြင် သက်ဆိုင်ရာအဖွဲ့အစည်းများအနေနှင့် ဒေသတွင်း အသုံးပြုလျက်ရှိသည့် ကူညီပံ့ပိုးမှုနှင့် ထောက်ပံ့မှုမျှဝေသော နည်းလမ်းများကို နားလည်သဘောပေါက်ပြီး ၎င်းတို့အား ငွေကြေးပံ့ပိုးပေးခြင်းဖြင့် ထောက်ပံ့ကူညီမှုများသည် ဝေးလံခေါင်ဖျားသည့်ဒေသများနှင့် အလွတ်သဘောချမှတ်ထားသည့် နေရပ်ရွှေ့ပြောင်းနေထိုင်ရာ နေရာများအထိ ရောက်ရှိနိုင်မည်ဖြစ်သည်။ ဤနည်းလမ်းသည် ကူညီပံ့ပိုးမှုများအပေါ် ထိရောက်မှု ရှိစေနိုင်သည့်အပြင် ဒေသခံအသိုက်အဝန်း၏ လုပ်ပိုင်ခွင့်၊ အရည်အသွေးမြှင့်တင်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မာမှုအား မြှင့်တင်ရာရောက်သည်။

ထို့အပြင် ကရင်ပြည်နယ်အတွင်းရှိ ရွာသားများအား စစ်ကောင်စီမှ သမိုင်းအစဉ်အလာအရ ဖိနှိပ်ခဲ့ခြင်းများနှင့် လေကြောင်းတိုက်ခိုက်မှု အသုံးပြုခြင်းကို ဆက်စပ်စဉ်းစားရန် အရေးကြီးသည်။ ဤသို့ အရပ်သားများအပေါ် တိုက်ခိုက်ခြင်းတွင် စစ်ကောင်စီမှ ဆယ်စုနှစ်ပေါင်းများစွာ သမိုင်းကြောင်းနှင့်ချီ၍ ကျူးလွန်လျက်ရှိသည့် တိုက်ခိုက်နေမှုများအား ပိုမိုရှည်ကြာစေခြင်း၊ စနစ်တကျအကြမ်းဖက်ခြင်းနှင့် အဓမ္မနေရပ်ရွှေ့ပြောင်း နေထိုင်စေခြင်းများ ပါဝင်သည်ဟု ရွာသားများက ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့ကြသည်။ ဗမာစစ်တပ် ခေါင်းဆောင်များအား ပြစ်ဒဏ်ကင်းလွတ်ခွင့် ပေးနေခြင်းကို ရပ်တန့်ရန်နှင့် ၎င်းတို့ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ယူတာဝန်ခံစေရန် အရေးယူဆောင်ရွက်ရမည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် ၎င်းတို့၏လုပ်ပိုင်ခွင့်အတွင်း တတ်စွမ်းနိုင်သမျှ နည်းလမ်းအားလုံးကို အသုံးပြုကာ ထိုသို့သော အကြမ်းဖက်မှုများနှင့် ရှေ့ဆက်လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားခြင်း မရှိစေရန်အတွက် အကာအကွယ်ပေးရန် လုပ်ဆောင်ရမည်။ ဤတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီစာချုပ်နှင့် ဓာတုလက်နက်အသုံးပြုမှုအား တားမြစ်သည့် သဘောတူညီချက်စာချုပ်အား သဘောတူထားသည့် နိုင်ငံများအနေနှင့် မြန်မာပြည်မှ လိုက်နာကျင့်သုံးမှု ရှိမရှိ သေချာစေရန် သင့်လျော်သည့် တုန့်ပြန်ဆောင်ရွက်မှုများကို လုပ်ဆောင်ရန်ဖြစ်သည်။

စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နေ့စဉ်နှင့်အမျှ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ များစွာသော တိုက်ခိုက်မှုများမှ ဖြစ်စေသော အသက်ဆုံးရှုံးမှုများနှင့် တန်ဖိုးထားခြင်း မခံရသည့် ပြည်သူများ၏ အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးခြင်းများနှင့် နှိုင်းယှဉ်လျှင် ဤအစီရင်ခံစာသည် သတင်းအချက်အလက်စုဆောင်းသူများနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်ရသည့် ရွာသားများ ရင်ဆိုင်ကြုံတွေ့ရသည့် လုံခြုံရေး အခြေအနေနှင့် စိန်ခေါ်မှုများကြောင့် ဆိုးရွားသည့် ထိခိုက်ပျက်စီးမှုများ၏ အပေါ်ယံအခြေအနေကိုသာ ဖော်ပြပေးနိုင်သည်။ ဤအစီရင်ခံစာတွင် အရေးကြီးသည့် စမှတ်များကို ဖော်ပြထားသဖြင့် စုံစမ်းစစ်ဆေး

ရေး ယန္တယားများနှင့် ကျွမ်းကျင်ပညာရှင်များအနေဖြင့် ဒေသတွင်း လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့်အတူ လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ပြီး စစ်ကောင်စီမှ အသုံးပြုသည့် လက်နက်ခဲယမ်းများနှင့်ပတ်သက်၍ သုတေသနပြုခြင်းအပါအဝင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အရပ်သားများတိုက်ခိုက်ခံရမှုများနှင့် ပတ်သက်သည့် သက်သေများကို အချက်အလက် ပြုစုထားရမည်။ ဤအစီရင်ခံစာဖြင့် မြန်မာပြည် အရှေ့တောင်ပိုင်းတွင် ဖြစ်ပျက်နေသည့် အခြေအနေများ၊ လေကြောင်း တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာသည့် ဆိုးရွားသော ထိခိုက်မှုများအပေါ် စိုးရိမ်ပူပန်မှုများနှင့် ဤဥပဒေမဲ့ တိုက်ခိုက်မှုများအား အဆုံးသတ်ရန်အတွက် ချက်ခြင်း လုပ်ဆောင်ရမည့် နိုင်ငံတကာ၏အရေးယူဆောင်ရွက်မှုများအား ပိုမိုနားလည်နိုင်စေမည်ဟု ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ မျှော်လင့်သည်။

# ဓာတ်ပုံ - အရှေ့မျက်နှာဖုံးနှင့် အနောက်မျက်နှာဖုံး

## အရှေ့မျက်နှာဖုံးပုံ

ဤပုံကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဟတ္တလိုက်ကျေးရွာအုပ်စု၊ တစ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့၊ ညနေ ၄ နာရီ ၁၀ မိနစ်တွင် SAC လေယာဉ်သည် တပ်ဆင်ထားသော အော်တိုအမြောက်ကျည်ဆံများဖြင့် တစ--- ကျေးရွာအတွင်းသို့ ပစ်ခတ်ခဲ့သောကြောင့် အိမ်နှစ်လုံး၏ခေါင်မိုးကိုပျက်စီးစေပြီး တစ--- ကျေးရွာမှ ရွာသားများလည်း နီးစပ်ရာတောထဲသို့ထွက်ပြေး တိမ်းရှောင်ကြရသည်။ ပုံတွင် ကလေးတစ်စုသည် လေကြောင်းတိုက်ခိုက်မှုမှရှောင်ရှားရန် သစ်ပင်အမြစ်အောက်တွင် ပုန်းနေပုံကိုဖော်ပြထားပါသည်။ ဤလေကြောင်းတိုက်ခိုက်မှုတွင် ရွာသားများ သေဆုံး၊ ဒဏ်ရာရရှိသည့်အကြောင်းကို မသိရှိရပါ။ *(ဓာတ်ပုံ- KHRG)*

## အနောက်မျက်နှာဖုံး

## အထက်အတန်း လက်ဝဲမှလက်ယာသို့

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် SAC ၏တိုက်လေယာဉ်သည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ထီးသာစောကျေးရွာအုပ်စု၊ တခ--- ကျေးရွာနှင့် တဖ--- ကျေးရွာကြားရှိ တတ--- နေရာတွင် ပျက်ကျခဲ့သည်။ SAC ၏တိုက်လေယာဉ်သည် ကရင်နီပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုဆောင်ရွက်နေစဉ် ပစ်ချခြင်းခံရပြီး ကရင်နီပြည်နယ်နှင့် KNU အုပ်ချုပ်နယ်မြေ၏နယ်စပ်ဖြစ်သော တောအူးခရိုင်တွင် ပြုတ်ကျခဲ့သည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် SAC သည် ယင်းနယ်မြေအတွင်းသို့ လေကြောင်းတိုက်ခိုက်မှုထပ်မံပြုလုပ်ခဲ့သည်။ သို့သော် ဤလေကြောင်းတိုက်ခိုက်မှုတွင် ရွာသားများ သေဆုံး၊ ဒဏ်ရာရရှိသည့်အကြောင်းကို မသိရှိရပါ။ *(ဓာတ်ပုံ- KHRG)*

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် SAC တိုက်လေယာဉ်လေးစင်းသည် ဈဟ--- ကျေးရွာအတွင်းသို့ လေကြောင်းတိုက်ခိုက်မှုတစ်ကြိမ်ပြုလုပ်ခဲ့သည်။ တိုက်လေယာဉ်မှ ဗုံး ၈ လုံးကြဲချခဲ့ပြီး ဈဟ--- ကျေးရွာအတွင်းသို့ ဗုံး ၆ လုံးကျရောက်ခဲ့သည်။ အခြားဗုံး ၂ လုံးမှာ ကျေးရွာဘေးတွင် ကျရောက်ခဲ့သည်။ ရွာသား ၅ ဦးသေဆုံးခဲ့သည်။ သေဆုံးသူ ၅ ဦးတွင် အသက် ၃ နှစ်အရွယ်ကလေးတစ်ဦးပါဝင်သည်။ ထို့အပြင် ရွာသား ၂ ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဤပုံသည် သေဆုံးသွားသော အသက် ၃ နှစ်အရွယ်ကလေးနှင့် သူ၏မိခင်ကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*

## အောက်အတန်း လက်ဝဲမှလက်ယာသို့

၂၀၂၁ ခုနှစ်၊ အာဏာသိမ်းပြီးသည့်အချိန်မှစ၍ SAC သည် မြန်မာပြည်အရှေ့တောင်ပိုင်း၊ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဒေဘူးနိုနယ်မြေအတွင်းသို့ ပထမဆုံးအကြိမ် လေကြောင်းတိုက်ခိုက်မှုကို ၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင်ပြုလုပ်ခဲ့သည်။ ပုံတွင် SAC ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ဒေဘူးနိုနယ်မြေအတွင်းရှိ KECD စီမံအုပ်ချုပ်သော အထက်တန်းကျောင်းတစ်လုံးကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*


ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ လေးကေ့ကော်နယ်မြေတွင် SACနှင့် BGF ပူးပေါင်းတပ်ဖွဲ့နှင့်  KNLA တပ်ဖွဲ့တို့ကြား တိုက်ပွဲဖြစ်ပွားပြီးသည့် နောက်ဆက်တွဲအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် SAC သည် ထိုဒေသအတွင်းသို့ စစ်ကြောင်းနှင့် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ပုံတွင် ထိုင်း-မြန်မာနယ်စပ်အနီး၊ ဖလူးကျေးရွာအုပ်စုရှိ တမ--- ထွက်ပြေးတိမ်းရှောင်စခန်းတွင်နေထိုင်ကြသော တလ--- ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်လာသူများကို ဖော်ပြထားပါသည်။ တိုက်ခိုက်မှုများကြောင့် ခန့်မှန်းခြေအားဖြင့် လေးကေ့ကော်နယ်မြေအပါအဝင် ဖလူးကျေးရွာအုပ်စုမှ ရွာသား ၁,၀၀၀ ခန့် ထွက်ပြေးတိမ်းရှောင်ကြရသည်။ *(ဓာတ်ပုံ- KHRG)*

## အစီရင်ခံစာ၏ ခေါင်းစဉ်

*"လေယာဉ်ပျံလာပြီး - ကဘောယှုဟဲလီး"* ဆိုသည့်ခေါင်းစဉ်သည် ဤအစီရင်ခံစာအတွက်တွေ့ဆုံမေးမြန်းခဲ့သော ဒူးပလာယာခရိုင်မှ အသက် ၁၇ နှစ်အရွယ် ကျောင်းသူ အစျ--- ၏ဖြေဆိုချက်မှ ကောက်နုတ်ယူထားပြီး အနည်းငယ်ပြင်ဆင်ရေးသားထားခြင်းဖြစ်သည်။ ၎င်း၏ဖြေဆိုချက်တွင် ယခုကဲ့သို့ဖော်ပြထားသည်။

*"ကျွန်မဘယ်ဘက်လက်မောင်းရိုးကျိုးသွားတယ်။ ဗုံးအစက ကျွန်မ [ဘယ်]လက်မောင်း ကိုပေါက်ထွက်သွားပြီး ညာလက်မောင်းကို သွားထိတယ်။ […] ကုသိုလ်ယူဖို့ အကိုကြီးရဲ့ယောက္ခမကို သွားတွေ့ပြီး အိမ်ပြန်လာတော့မယ်။ […] ဆိုင်ကယ်ပေါ်တက်ပြီးပြန်လာမည့်အချိန်မှာ လေယာဉ်သံကြားတယ်။ ကျွန်မအမေက* ***'လေယာဉ်ပျံလာနေပြီ'****လို့ ပြောတော့ ကျွန်မတို့က ဆိုင်တစ်ဆိုင်ထဲကိုပြေးဝင်ဖို့ စဉ်းစားတယ်။ ဒါပေမယ့် ဆိုင်ကိုမရောက်ခင် လမ်းမှာ ကျွန်မဒဏ်ရာရခဲ့တယ်။ […] ထိပြီးတဲ့နောက်မှာ ဗုံးခိုကျင်းတစ်ခုထဲကို ပြေးဝင်ခဲ့တယ်။ အဲဒီနောက်မှာတော့ ဗုံးခိုကျင်းထဲကနေ မထွက်နိုင်တော့တဲ့အတွက် [KNLA] စစ်သားတွေက ကျွန်မကိုသယ်ပြီး အိမ်ပြန်ပို့ပေးတယ်။ […] [အောဲတိုအမြောက်များပစ်ခတ်ပြီး လေကြောင်းတိုက်ခိုက်မှုပြုလုပ်သည့်] ဒုတိယလေယဉ်ကတော့ ကျွန်မနဲ့ နည်းနည်းဝေးတယ်။ [မဟုတ်ရင်တော့] ကျွန်မထင်တာ ကျွန်မဒီညနေ (ယခု) အသက်ရှင်နေမှာမဟုတ်ဘူး။"*






၂၀၂၁ ခုနှစ်၊ အာဏာသိမ်းပြီးသည့်အချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)သည် အကြမ်းဖက်မှုနှင့်ကျယ်ပြန့်သောတိုက်ခိုက်မှုများကို မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ရွာသူရွာသားများအပေါ် ပြုလုပ်လာခဲ့ပါသည်။ အဆိုပါတိုက်ခိုက်မှုများကို လေကြောင်းမှ ပိုမိုလုပ်ဆောင်လာခြင်း၊ ကျေးရွာများ၊ စာသင်ကျောင်းများ၊ ဆေးခန်းများနှင့် ဘုရားကျောင်းများတွင် ယခင်က မကြုံဖူးသော အတိုင်းအတာနှင့် ပြင်းအားတို့ဖြင့် ပို၍လုပ်ဆောင်လာကြသည်။ လေကြောင်းတိုက်ခိုက်မှုများကို ရုတ်တရက်နှင့် မှန်းဆမရသောအချိန်မျိုးတွင် အရပ်သားများနှင့် အရပ်သားများ၏အရာဝတ္ထုပစ္စည်းများအပေါ် မခွဲခြားဘဲ တိုက်ရိုက်လုပ်ဆောင်လျက်ရှိသောကြောင့် ရွာသူ၊ရွာသားများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူ့အဖွဲ့အစည်းကို ဆိုးရွားစွာထိခိုက်နစ်နာစေသည်။ ကရင်ပြည်နယ်တွင် မည်သည့်နေရာမှ လုံခြုံမှုမရှိပါ။

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ SAC လေကြောင်းတိုက်ခိုက်မှုများ၏ ဆိုးရွားမှုနှင့် သက်ရောက်မှုများစွာကို စုံစမ်းဖော်ထုတ်ထားပြီး အရပ်သားသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများ၊ မိသားစုများ အစုလိုက်အပြုံလိုက် ထွက်ပြေးတိမ်းရှောင်မှုနှင့် လူမှုအသိုင်းအဝိုင်းများအတွက် အရေးကြီးသော ရပ်ရွာအခြေခံအဆောက်အအုံများ ပျက်စီးခြင်းကို မှတ်တမ်းတင်ထားသည်။ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးမှုများအပြင် ဤအစီရင်ခံစာတွင် စိတ်ပိုင်းဆိုင်ရာသက်ရောက်မှုများနှင့်အတူ ရွာသူ၊ရွာသားများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာနှင့် လူမှုအသိုင်းအဝိုင်းအပေါ် အကျိုးသက်ရောက်မှုများကို ဖော်ပြထားပါသည်။ ဤအစီရင်ခံစာသည် အဆိုပါစိန်ခေါ်မှုများလျော့နည်းလာစေရန် ရွာသူ၊ရွာသားများနှင့် ဒေသခံအရပ်ဘက်အဖွဲ့အစည်းများ၏ ကြိုးစားအားထုတ်မှုကို မှတ်တမ်းတင်ထားပြီး ကျန်ရှိနေသောသိသာထင်ရှားသည့် ကာကွယ်မှုကွာဟချက်များကို ဖော်ပြထားပါသည်။ ထို့အပြင် ဤအစီရင်ခံစာသည် ရွာသားများ၏ အတွေ့အကြုံများနှင့် အမြင်များမှ ရေးသားထားခြင်းဖြစ်ပြီး အရပ်သားများကိုကာကွယ်ရန်နှင့် SAC လေကြောင်းတိုက်ခိုက်မှုများ၏ ပြင်းထန်သော သက်ရောက်မှုများကို လျော့ကျလာစေရန် နိုင်ငံတကာအသိုက်အဝန်းထံ ၎င်းတို့တောင်းဆိုချက်များကို ချမှတ်ထားခြင်းဖြစ်သည်။

KHRG

**ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက် ဒေသများရှိရွာသားများနှင့် ဒေသခံလူထုများ၏အခြေအနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ ဓာတ်ပုံနှင့်အခြားအထောက်အထားများအားဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် သီးခြားလွတ်လပ်စွာလှုပ်ရှားဆောင်ရွက်သော အဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် ပတ်သက်ခြင်းမရှိပါ။**